The Asia Foundation

# စွမ်းအင်ဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း

## မြန်မာ့စွမ်းအင်ကဏ္ဍရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၏ အခန်းကဏ္ဍ

ဧပြီ ၂၀၁၉





# ကျေးဇူးတင်လွှာ

စာရေးသူနှင့် သုတေသနအဖွဲ့အနေဖြင့် အစိုးရ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်း၊ ရပ်ရွာအခြေပြုအဖွဲ့များ၊ အလှူရှင်များနှင့် အန်န်ဂျီအိုများမှ ဖြေကြားပေးသူများနှင့် ပြည်တွင်းနှင့်နိုင်ငံတကာကျွမ်းကျင်ပညာရှင်များအပါအဝင် ဤလေ့လာချက်တွင် ပါဝင်ခဲ့သည့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများအား အချိန်ယူတွေ့ဆုံပြီး အတွေ့အကြုံများကို ဝေမျှပေးခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိလိုပါသည်။

သုတေသနပြုလုပ်ခဲ့သူများအနေဖြင့် အဖိုးမဖြတ်နိုင်သည့် အကြံဉာဏ်များနှင့် ဝေဖန်အကြံပြုချက်များပေးခဲ့သည့် ထပ်လောင်းဖြည့်စွက်ပေးခဲ့သူများနှင့် ဖတ်ရှုသုံးသပ်ပေးခဲ့သူများကိုလည်း ကျေးဇူးတင်မှတ်တမ်းတင်လိုပါသည်။

နောက်ဆုံးအနေဖြင့် အထူးကျေးဇူးတင်ရှိလိုသူများမှာ သုတေသနပြုလုပ်ချိန်နှင့် အစီရင်ခံစာရေးသားချိန်တစ်လျှောက်လုံး ကူညီလမ်းညွှန်မှုများပေးခဲ့သည့် အာရှဖောင်ဒေးရှင်းမှ Matthew Arnold နှင့် Richard Batcheler တို့ဖြစ်ကြပါသည်။

အစီရင်ခံစာပါ အကြောင်းအရာများနှင့် စီစစ်လေ့လာမှုပိုင်းတွင် အမှားအယွင်းတစ်စုံတစ်ရာရှိခဲ့ပါက စာရေးသူ၏တာဝန်သာလျှင် ဖြစ်ပါသည်။

## ဦးဆောင်သုတေသနပြုလုပ်သူနှင့် ရေးသားသူ

Dr. Peter du Pont

## သုတေသနလုပ်ငန်းတွင် ပါဝင်လုပ်ဆောင်ပေးကြသူများ

Richard Batcheler
သက်လင်းဝေ
ထင်အောင်လင်း
စုဖြိုးဝင်း
Nicola Williams
စောဆာဂေးဒို
Chuenchom Sangarasri-Greacen

## ဂရပ်ဖစ်ဒီဇိုင်း

ရဲထွတ်ဦး

## ဖတ်ရှုဝေဖန်ပေးသူများ

Adriana Karpinska, PACT and Smart Power Myanmar
Chris Greacen, Consultant, The World Bank
Chuenchom Sangarasri-Greacen, Palang Thai
Guillaume de Langre, IGC
မင်းချမ်းဝင်း Myanmar Eco Solutions
Pariphan Uawithya, Rockefeller Foundation
Patrick Pawletko, GIZ
Richard Batcheler, The Asia Foundation
Richard Harrison, PACT and Smart Power Myanmar
ရွှန်းစိုဦး WWF Myanmar

## အယ်ဒီတာ

John H. Rieger

# အမှာစာ

မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသည် အရေးပါပြီး စတင်ဖွဲ့စည်းခဲ့သည့် အချိန်မှစ၍ ၎င်းတို့၏ အရေးပါမှုမှာ ပို၍သာ တိုးမြင့်လာနေသည်။ လုပ်ငန်းတာဝန်များ ပိုမိုများပြားလာပြီး အစိုးရ၏ အသုံးစရိတ်မှ ကြီးမားသည့်ပမာဏကို စီမံခန့်ခွဲလာရသည်နှင့်အမျှ သူတို့၏ စီရင်လုပ်ပိုင်ခွင့် အာဏာများအတွင်းမှ မြန်မာနိုင်ငံ၏ အခန်းကဏ္ဍနှင့် ပြည်သူလူထု၏ သဘောထားအမြင်များကို တိုးမြှင့်ပုံဖော်လာနေသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆက်လက်ဖြစ်ပေါ်နေသည်နှင့်အတူ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရများအား ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းသည် ဒေသန္တရအဆင့်တာဝန်ရှိသူများကို အုပ်ချုပ်မှုဆိုင်ရာ အတွေ့အကြုံနှင့် စွမ်းရည်များရရှိစေရန် အထောက်အကူဖြစ်စေနိုင်သည်။

၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် အာရှဖောင်ဒေးရှင်း၏ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ပထမဦးဆုံးသော အစီရင်ခံစာ ဖြစ်သည့် "မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အုပ်ချုပ်မှုစနစ်"ကို ထုတ်ဝေခဲ့သည်။ ယင်းအစီရင်ခံစာက အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်း၊ အလှူရှင်များနှင့် ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးစနစ်နှင့်ပတ်သက်၍ များစွာစိတ်ဝင်စားလာစေခဲ့သည်။ ထိုအချိန်မှစပြီး ဒေသဆိုင်ရာ အုပ်ချုပ်ရေး၊ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာ ကိစ္စရပ်များကို ပိုမိုအသေးစိတ်လေ့လာရန် အာရှဖောင်ဒေးရှင်းမှ အစီရင်ခံစာ ၃၉ စောင်ကို ထုတ်ဝေခဲ့သည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် အာရှဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများနှင့် ပတ်သက်၍ အသစ်ပြန်လည်တည်းဖြတ်၍ ထုတ်ဝေခဲ့သည်။ အသစ်တည်းဖြတ်ထုတ်ဝေရာတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကြောင့် အဓိကနိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးပိုင်းဆိုင်ရာ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို ဖော်ထုတ်၍ မြန်မာနိုင်ငံ၏ ဒေသန္တရအစိုးရများ၏ ဖွဲ့စည်းပုံများနှင့် လုပ်ကိုင်ဆောင်ရွက်ပုံများတွင် ပြောင်းလဲမှုများကို ပြင်ဆင်ရန် လိုအပ်သည်များအား ပြင်ဆင်တည်းဖြတ်ဖော်ပြထားသည်။ အစီရင်ခံစာတွင် အားလုံးအတွက် အရေးကြီးသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အပါအဝင် မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ပေါ်နေသည့် မူဝါဒနှင့်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အားကောင်းစေရန် အရေးကြီးသည့် ဒေသန္တရအုပ်ချုပ်စီမံမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ သတင်းအချက်အလက် ပိုမိုစုံလင်ပြီး ပညာရပ်ပိုင်းဆိုင်ရာအချက်အလက်များပိုမိုခိုင်မာသည့် ဆွေးနွေးမှုတစ်ခုကိုလည်း ဖြစ်ထွန်းစေသည်။

ဤအစီရင်ခံစာမှာ မြန်မာ့စွမ်းအင်ကဏ္ဍတွင် ဒေသန္တရဆိုင်ရာ ရှုထောင့်တစ်ခုကို ဖော်ပြထားပြီး အထက်ဖော်ပြပါ အစီရင်ခံစာနှင့်တွဲ၍ ဖတ်ရှုရမည့် အစီရင်ခံစာတစ်စောင်ဖြစ်သည်။ အစိုးရ၏ ပြုပြင်ပြောင်းလဲရေးပိုင်းဆိုင်ရာ လိုအပ်ချက်များကို ပိုမိုဆွေးနွေးနိုင်စေရန်နှင့် နည်းပညာပိုင်းဆိုင်ရာ စွမ်းရည်များ ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်များဖြင့် အာရှဖောင်ဒေးရှင်းသည် ပြည်နယ်နှင့်တိုင်းဒေသကြီး ၇ ခုကို ပံ့ပိုးကူညီမှုနှင့် နည်းပညာဆိုင်ရာ အထောက်အကူများ ပေးလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုလုံးတွင်လည်း သင်တန်းများပေးလျက်ရှိသည်။ ပြည်နယ်များနှင့် တိုင်းဒေသကြီးများသည် စွမ်းအင်(ကဏ္ဍ)ကို ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအတွင်း မူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဥပဒေ မူဘောင်များနှင့်ပတ်သက်ပြီး ရောထွေး ထပ်တူဖြစ်နေသည်များကို လမ်းညွှန်မှု၊ ပံ့ပိုးကူညီမှုနှင့် သေချာရှင်းရှင်းလင်း လင်းဖြစ်ရန်လိုအပ်နေသည့် ကိစ္စတစ်ခုအဖြစ်ဖြင့် နားလည်အသိအမှတ်ပြုလာသည်ကို ပို၍တွေ့ရှိလာရသည်။

စွမ်းအင်ကဏ္ဍတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ လုပ်ပိုင်ခွင့်များနှင့် အခန်းကဏ္ဍများရှင်းလင်းရန်နှင့် လျှပ်စစ်ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများကို မည်သို့အဆုံးအဖြတ်ပေးရမည်ကို နားလည်ရန်မှာ အထူးလိုအပ်ချက်တစ်ခုပင်ဖြစ်သည်။ တစ်နိုင်ငံလုံးမီးလင်းရေးစီမံချက်ဖြင့် ကမ္ဘာ့ဘဏ်၏ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ နှင့် နည်းပညာပံ့ပိုးကူညီမှု အားလုံးနီးပါးသည် ပြည်ထောင်စုအဆင့် အစိုးရနှင့် ပြည်ထောင်စုဝန်ကြီးဌာနများကိုသာ အာရုံစိုက်လျက်ရှိသော်လည်း မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုကို ပံ့ပိုးလိုသည့် နိုင်ငံရေးစိတ်ဆန္ဒ (နှင့် ပြည်ပရန်ပုံငွေ) များစွာရှိနေပြီး ယင်းအချက်က ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအတွက် ကြီးမားသည့်အခွင့်အလမ်းတစ်ခုကို ဖန်တီးပေးသည်။

မူအားဖြင့် အစိုးရသည် ၂၀၁၁ ခုနှစ်ကတည်းက ပြည်နယ်များနှင့် တိုင်းဒေသကြီးများအား အုပ်ချုပ်ရေးနှင့် ဥပဒေပိုင်းဆိုင်ရာ လုပ်ပိုင်ခွင့်များကို ဗဟိုချုပ်ကိုင်မှုလျှော့ချပေးခဲ့သည်။ သို့သော် လုပ်ငန်းစဉ်မှာ နှေးကွေးနေသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရဘတ်ဂျက်များကို သုံးဆပိုပေးပြီးနောက်တွင်ပင်လျှင် ၂၀၁၇ - ၁၈ ခုနှစ်တွင် အစိုးရအသုံးစရိတ် စုစုပေါင်း၏ ၁၂ ရာခိုင်နှုန်းမျှသာလျှင် ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေပြုမှုပိုင်းဆိုင်ရာ အပြောင်းအလဲများဖြင့် ပြည်နယ်/တိုင်းဒေသကြီးများ၏ လွတ်လပ်စွာလုပ်ပိုင်ခွင့်ပိုမိုများလာစေရန်အတွက်

အခွင့်အလမ်းများ ဖန်တီးပေးနေသော်လည်း ဗဟိုချုပ်ကိုင်မှုနှင့် အစိုးရ၏ အဆင့်ဆင့်လုပ်ဆောင်သည့် စနစ်ပောင်းမှာ ဆက်လက်ကျန်ရှိနေဆဲဖြစ်သည်။ စွမ်းအင်ကဏ္ဍအဆောက်အအုံရင်းနှီးမြှုပ်နှံမှုများနှင့် ခွင့်ပြုခြင်းများအပေါ် ပို၍ထိန်းချုပ်လုပ်ကိုင်ခွင့်ရစေရန် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် အခွင့်အလမ်းများစွာရှိသည်မှာ အသေအချာပင် ဖြစ်သည်။

သို့သော် ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးချုပ်များနှင့် စွမ်းအင်ဝန်ကြီးများအနေဖြင့် မည်သည့်နေရာမှ စသင့်သလဲ။ စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များရှိလာလျှင် သူတို့နှင့် သူတို့၏ဝန်ထမ်းများအနေဖြင့် နည်းပညာပိုင်းဆိုင်ရာ အသေးစိတ်ကိစ္စရပ်များနှင့် သက်ဆိုင်သည့် မူဝါဒချမှတ်မှုတို့ကို ကိုင်တွယ်ရန် အဆင်သင့်ဖြစ်နေပြီလား။ ပြည်နယ်များအနေဖြင့် မည်သည့်ကိစ္စများကို မိမိတို့ဘာသာ လုပ်ပိုင်ခွင့်ရှိပြီး မည်သည့်အချိန်တွင် ပြည်ထောင်စု၏ခွင့်ပြုချက် သို့မဟုတ် သဘောတူညီချက်လိုအပ်ပါသလဲ။ မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားပေးရေးစနစ်တွင် ကြီးမားလှသည့် စိန်ခေါ် မှုနှင့်ရင်ဆိုင်နေရချိန်တွင် ယင်းစိန်ခေါ် မှုများကို ဖြေရှင်းရန် စီမံကိန်းရေးဆွဲခြင်း၊ စီမံချက်အကဲဖြတ်သုံးသပ်ခြင်းနှင့် ညှိနှိုင်းခြင်း၊ စီမံချက်ကို စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်း၊ ပြည်သူလူထုနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် ဆက်သွယ်ခြင်းစသည့်နေရာများတွင် ပြည်နယ်/တိုင်းဒေသကြီးအဆင့် တွင် စွမ်းရည်များဖြည့်ဆည်းရန် အခွင့်အလမ်းကောင်းတစ်ခုပင်ဖြစ်သည်။

ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းစနစ်ကို နိုင်ငံတော်အဆင့် တိုးချဲ့ခြင်း၊ အသေးစားဓာတ်အားလိုင်းများ တည်ဆောက်ခြင်းနှင့် စွမ်းအင်စက်ရုံများ စီစဉ်ခြင်းနှင့် နေရာရွေးချယ်ခြင်းတို့ အတွက် ရပ်ရွာပြည်သူလူထုနှင့် တိုင်ပင်ဆွေးနွေးရာတွင် ပြည်နယ် /တိုင်းဒေသကြီး အစိုးရ များအား သေချာစွာ အသိပေးပြောကြားပြီး ယင်းတို့၏ သဘောထားအမြင်နှင့် ပံ့ပိုးကူညီမှုများ များစွာလိုအပ်သည်။ ဥပဒေပိုင်းအရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လျှပ်စစ်ဥပဒေတို့တွင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုတွင် ကြီးမားသည့် လုပ်ပိုင်ခွင့်အာဏာနှင့် တာဝန်များအပ်နှင်းထားသည်။ စွမ်းအင်ဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်မှုတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ပိုမိုလျှော့ချသည့် ချဉ်းကပ်မှုမျိုးဖြင့် မြန်မာနိုင်ငံအတွက် စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်နိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် နိုင်ငံတော်အဆင့် အားကောင်းသည့် စွမ်းအင်စနစ်တစ်ခုကို တည်ဆောက်နိုင်ပါလိမ့်မည်။

ကျွန်ုပ်တို့အနေဖြင့် "ပါဝါကို ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း - မြန်မာ့စွမ်းအင်ကဏ္ဍတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၏ အခန်းကဏ္ဍ" သည် အသုံးဝင်သည့် သတင်းအချက်အလက်များပေးနိုင်မည်ဖြစ်ပြီး မြန်မာ့စွမ်းအင်ကဏ္ဍတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချမှုကို ဒေသန္တရဆိုင်ရာ အုပ်ချုပ်စီမံမှု ပြုပြင်ပြောင်းလဲရေးတွင် ပတ်သက်ဆက်စပ်နေသူများအားလုံးက ပံ့ပိုးကူညီနိုင်ပါလိမ့်မည်ဟု မျှော်လင့်မိပါသည်။ နိုင်ငံတဝှမ်းလုံးရှိ ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကြီးထွားမှုကို အထောက်အကူဖြစ်စေမည့် စီးပွားရေး စွန့်ဦးတီထွင်လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ဖြစ်ထွန်းစေခြင်းအပါအဝင် ကြီးမားသည့်အကျိုးကျေးဇူးများလည်းရှိစေလိမ့်မည်။

**Dr. Matthew B. Arnold**
Country Representative
The Asia Foundation, Myanmar
Yangon, April 2019

# မာတိကာ


အတိုကောက်မှတ်စု i
အနှစ်ချုပ် ဖော်ပြချက် iii

## အခန်း (၁)။ မိတ်ဆက် ၁

၁.၁။ မြန်မာ့စွမ်းအင်ကဏ္ဍတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းသည် အဘယ့်ကြောင့် အရေးကြီးပါသနည်း ၁
၁.၂။ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို စွမ်းအင်ကဏ္ဍ၌ မည်သို့အကျုံးဝင်ပတ်သက်ပါသလဲ ၂
၁.၃။ နောက်ခံသမိုင်းနှင့် ရည်ရွယ်ချက်များ ၂
၁.၄။ သုတေသနပြုလုပ်ခဲ့သည့်နည်းလမ်းများ ၃
၁.၅။ အစီရင်ခံစာ ဖွဲ့စည်းတင်ပြပုံ ၃

## အခန်း (၂)။ မြန်မာ့စွမ်းအင်ကဏ္ဍကို သုံးသပ်တင်ပြချက် ၄

၂.၁။ စွမ်းအင်အရင်းအမြစ်များနှင့် ဖြည့်တင်းမှု ၄
၂.၂။ လျှပ်စစ်မီးလင်းရေးနှင့်ပတ်သက်သည့် စိန်ခေါ်မှု ၆
၂.၃။ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း ၈
၂.၄။ ရင်းနှီးမြှုပ်နှံမှု နယ်ပယ်တစ်ခုလုံးအတွင်းရှိ စွမ်းအင်ဖွံ့ဖြိုးမှု ၉
၂.၅။ ဓာတ်အားလိုင်းတိုးချဲ့ခြင်းစီမံကိန်း ၁၂
၂.၆။ စွမ်းအင်ကဏ္ဍတွင် အလှူရှင်များ၏ အခန်းကဏ္ဍ ၁၃
၂.၇။ စွမ်းအင်ထောက်ပံ့ငွေ ပြဿနာ ၁၄
၂.၈။ "အမှန်တကယ်ကျသင့်သည့် အခွန်အခ" က စီးပွားရေးနှင့် စက်မှုလုပ်ငန်းရှင် သုံးစွဲသူများအတွက် ပိုများသည် ၁၄

## အခန်း (၃)။ ပြည်နယ်များနှင့် တိုင်းဒေသကြီးများ-စွမ်းအင်ကဏ္ဍတွင် ယင်းတို့၏အခန်းကဏ္ဍ မူဘောင်နှင့်ဖွဲ့စည်းပုံ ၁၅

၃.၁။ စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုအတွက် မည်သို့သော ဥပဒေဆိုင်ရာ မူဘောင်မျိုးရှိသလဲ ၁၅
၃.၂။ စွမ်းအင်ကဏ္ဍတွင် ပြည်နယ်များနှင့် တိုင်းဒေသကြီးများနှင့် ဆက်ဆံလုပ်ကိုင်နေသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ ၂၀
၃.၃။ ဒေသန္တရစွမ်းအင်ဆိုင်ရာ အုပ်ချုပ်စီမံမှုပုံစံ စွမ်းအင်ကဏ္ဍတွင် ဝန်ကြီးများအနေဖြင့် နစ်နေရာကို အပြိုင်တာဝန်ခံနေရမှု ၂၄

## အခန်း (၄)။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ - စွမ်းအင်မူဝါဒနှင့် လက်တွေ့ အုပ်ချုပ်စီမံမှု ၂၆

၄.၁။ စွမ်းအင်ကဏ္ဍတွင် အဓိကဦးစားပေးလုပ်ငန်းများနှင့် စိုးရိမ်ပူပန်ချက်တွေက ဘာတွေလဲ ၂၆
၄.၂။ စွမ်းအင်ကဏ္ဍတွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ လက်ရှိအခန်းကဏ္ဍက ဘယ်လိုရှိလဲ ၂၈
၄.၃။ စွမ်းအင်ကဏ္ဍတွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများက မည်သည့်နေရာတွင် ပါဝင်နိုင်ပါသလဲ ၃၄

## အခန်း (၅)။ တွေ့ရှိချက်များနှင့် အကြံပြုချက်များ ၄၆

၅.၁။ အဓိကတွေ့ရှိချက်များ ၄၆
၅.၂။ အဓိကအကြံပြုချက်များ ၅၁

အချုပ်ပို ၅၅
အဆုံးသတ်မှတ်စုများ ၇၂
ကိုးကား ၇၆

# အတိုကောက်မှတ်စု

| | |
|---|---|
| ADB | Asian Development Bank အာရှဖွံ့ဖြိုးရေးဘဏ် |
| CSO | Civil society organization အရပ်ဘက်အဖွဲ့အစည်း |
| DDA | Dawei Development Association ထားဝယ်ဖွံ့ဖြိုးရေးအသင်း |
| DEPP | Department of Electric Power Planning (DEPP) (under MOEE) |
| | လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန (MOEE လက်အောက်ရှိ) |
| DPTSC | Department of Electric Power Transmission and System Control |
| | လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန |
| DRD | Department of Rural Development (of MOALI) ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန |
| | (စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ) |
| ECD | Environmental Conservation Department (of MONREC) |
| | (သဘာဝသံယဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနလက်အောက်ရှိ) |
| | သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန |
| EGAT | Electricity Generating Authority of Thailand |
| | ထိုင်းနိုင်ငံ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအာဏာပိုင်အဖွဲ့ |
| EIA | Environmental impact assessment |
| | သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျိုးဆက်များလေ့လာဆန်းစစ်ချက် |
| EMP | Environmental Management Plan သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် |
| EPGE | Electricity Power Generating Enterprise (under MOEE) |
| | လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း (MOEE လက်အောက်ရှိ) |
| ESCO | Energy service company စွမ်းအင်ဝန်ဆောင်မှုကုမ္ပဏီ |
| ESC | Electricity supply corporation စွမ်းအင်ဖြန့်ဖြူးရေး ကော်ပိုရေးရှင်း |
| ESE | Electricity Supply Enterprise (under MOEE) |
| | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (MOEE လက်အောက်ရှိ) |
| FDI | Foreign direct investment နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု |
| FY | Fiscal year ဘဏ္ဍာနှစ် |
| GAD | General Administration Department အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| GAO | General Administration Offices အထွေထွေအုပ်ချုပ်ရေးရုံးများ |
| GIZ | Gesellschaft für Internationale Zusammenarbeit, a German development agency |
| | ဂျာမန်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ |
| HyCEM | Hydro for Community Empowerment and Myanmar |
| | ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာအတွက် ရေအားလျှပ်စစ် |
| IEE | Initial environmental examination ကနဦးသဘာဝပတ်ဝန်းကျင်ဆိုင်ရာ စစ်ဆေးမှု |
| IGC | International Growth Center နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှု စင်တာ |
| IPP | Independent power producer ပုဂ္ဂလိကစွမ်းအင်ထုတ်လုပ်သူ |
| JICA | Japan International Cooperation Agency ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ |
| KOICA | Korea International Cooperation Agency ကိုရီးယားနိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ |
| MESC | Mandalay Electricity Supply Corporation မန္တလေးလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကော်ပိုရေးရှင်း |
| MIC | Myanmar Investment Commission မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင် |
| MIMU | Myanmar Information Management Unit မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲရေးဌာန |
| MMK | Myanmar kyat (national currency) မြန်မာကျပ်ငွေ (နိုင်ငံသုံးငွေကြေး) |

| | |
|---|---|
| MOALI | Ministry of Agriculture, Livestock, and Irrigation<br>စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| MOEE | Ministry of Electricity and Energy လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| MONREC | Ministry of Natural Resources and Environmental Conservation<br>သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန |
| MOPF | Ministry of Planning and Finance စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| MoU | Memorandum of Understanding နားလည်မှုစာချွန်လွှာ |
| MP | Member of parliament လွှတ်တော်ကိုယ်စားလှယ် |
| MW | Megawatts မဂ္ဂါဝပ် |
| NGO | Nongovernmental organization အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ |
| NEP | National Electrification Project တစ်နိုင်ငံလုံးမီးလင်းရေးစီမံချက် |
| NLD | National League for Democracy အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NPC | National Planning Commission အမျိုးသားစီမံကိန်းရေးဆွဲရေးကော်မရှင် |
| NVE | Norwegian Water Resources and Energy Directorate<br>နော်ဝေးနိုင်ငံ ရေအရင်းအမြစ်များနှင့် စွမ်းအင်ဌာန |
| PAP | Project-affected persons (with reference to an EIA)<br>စီမံချက်-အကျိုးသက်ရောက်သည့်သူများ (EIA တစ်ခုကို ရည်ညွှန်းလျက်) |
| PFM | Public financial management ပြည်သူ့ရေးရာ ဘဏ္ဍာငွေစာရင်းစီမံခန့်ခွဲမှု |
| PPA | Power purchase agreement စွမ်းအင်ဝယ်ယူမှုဆိုင်ရာ သဘောတူစာချုပ် |
| PTC | Pho Thee Cho Co., Ltd. ဖိုးသီးချိုကုမ္ပဏီလီမိတက် |
| REAM | Renewable Energy Association of Myanmar မြန်မာနိုင်ငံပြည့်မြဲစွမ်းအင်အသင်း |
| SAD | Self-administrated division ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း |
| SAZ | Self-administrated zone ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ |
| SCADA | Supervisory control and data acquisition (system for controlling the power grid)<br>ကြီးကြပ်ကွပ်ကဲ အုပ်ချုပ်မှုနှင့် သတင်းအချက်အလက်ရရှိမှု<br>(ဓာတ်အားလိုင်းထိန်းချုပ်သည့်စနစ်) |
| SEA | Strategic environmental assessment<br>ဗျူဟာကျသည့် သဘာဝပတ်ဝန်းကျင်ဆန်းစစ်လေ့လာချက် |
| SES | Socio-economic survey လူမှု-စီးပွားစစ်တမ်း |
| SHS | Solar home system နေစွမ်းအင်ဖြင့် အိမ်သုံးလျှပ်စစ်စနစ် |
| SPP | Small Power Producer Program အသေးစားစွမ်းအင်ထုတ်လုပ်မှုစီမံကိန်း |
| VSPP | Very Small Power Producer Program<br>အလွန်သေးငယ်သည့် အသေးစားစွမ်းအင်ထုတ်လုပ်မှုစီမံကိန်း |
| YESC | Yangon Electricity Supply Corporation<br>ရန်ကုန် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကော်ပိုရေးရှင်း |

# အနှစ်ချုပ် ဖော်ပြချက်

## နောက်ခံ အကြောင်းအရာ

မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးမှုအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၏ အခန်းကဏ္ဍ၊ နိုင်ငံ့စွမ်းအင် အနာဂတ်ကို ပုံဖော်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်တို့ကိုယ်တိုင်နှင့် ၎င်းတို့၏ ဌာနများပါဝင်မှု တိုးမြှင့်နိုင်မည့် နည်းလမ်းများကို ယခုအစီရင်ခံစာမှ စူးစမ်းလေ့လာထားပါသည်။ အာရှဖောင်ဒေးရှင်းမှ ၂၀၁၈ အောက်တိုဘာလတွင် ထုတ်ဝေခဲ့သည့် ပြည်နယ်/တိုင်း အုပ်ချုပ်ရေးစနစ်များအား သုံးသပ်လေ့လာထားပြီး လိုအပ်သော ပြုပြင်ပြောင်းလဲမှုများကို အကြံပြုထားသော မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အုပ်ချုပ်မှုစနစ် သုတေသနအစီရင်ခံစာနှင့်တွဲ၍ ယခုအစီရင်ခံစာကို လေ့လာနိုင်မည် ဖြစ်သည်။ အဆိုပါ အစီရင်ခံစာကဲ့သို့ပင် ယခုလေ့လာမှု အစီရင်ခံစာသည် ပြောင်းလဲတိုးတက်နေသော မြန်မာ့စွမ်းအင်ကဏ္ဍအတွင်းရှိ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများအပေါ် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ၏ သဘောထားအမြင်များကို ထည့်သွင်းနိုင်ရန် ကြိုးပမ်းထားပါသည်။

၂၀၁၁ မှစ၍ မြန်မာနိုင်ငံရှိ ပြည်ထောင်စုအဆင့် အစိုးရသည် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ အခွင့်အာဏာများကို ပြည်နယ်နှင့် တိုင်းဒေသကြီးတို့ထံသို့ တဖြည်းဖြည်းချင်း ခွဲဝေလွှဲပြောင်းလျက် ရှိနေသည်။ သို့သော်လည်း ထိုကဲ့သို့ ခွဲဝေလွှဲပြောင်းမှုတွင် ဗဟိုအစိုးရ၏ မူလရှိရင်းစွဲ အာဏာနှင့် လုပ်ပိုင်ခွင့်များဖြင့် မည်ကဲ့သို့ ဆက်သွယ်ချိတ်ဆက်ရမည်မှာ မရှင်းလင်းသေးသလို စမ်းသပ်ရခြင်းလည်း မရှိသေးသည့် အနေအထားပင် ဖြစ်သည်။ စွမ်းအင်ကဏ္ဍ တစ်ခုတည်းကို ကြည့်မည်ဆိုပါက ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသည် မူဝါဒနှင့် စီမံကိန်းရေးဆွဲခြင်း၊ ပြည်သူလူထုဖြင့် တိုင်ပင်ခြင်းနှင့် ခွင့်ပြုချက်ပေးခြင်း၊ ဒေသတွင်း (၁၁ ကေဗွီ) ဓာတ်အားလိုင်းများကို စီမံခန့်ခွဲခြင်း၊ မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားခြင်း မရှိသည့် ဓာတ်အားလိုင်းများကို စီမံခြင်း အထူးသဖြင့် ပြည့်ဖြိုးမြဲစွမ်းအင်သုံး ဓာတ်အားလိုင်းများနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုမြင့်တင်ခြင်းစသည့် လုပ်ငန်းကိစ္စရပ်များတွင် ပိုမိုအားထုတ်ရန် အခွင့်အလမ်းများစွာ ရှိနေပါသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရ များသည် ၎င်းတို့၏ စွမ်းအင်ကဏ္ဍဆိုင်ရာ တာဝန်များကို မည်ကဲ့သို့ ဆောင်ရွက်နေခြင်းနှင့် ဒေသတွင်း စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် လက်ရှိ မူဝါဒနှင့် လမ်းညွှန်ချက်များသည် ပြည်နယ်/တိုင်းဒေသကြီး အစိုးရအရာရှိများကို မည်မျှထောက်ပံ့ပေးနိုင်သည်ကို ယခုအစီရင်ခံစာတွင် ဖော်ပြထားပါသည်။

## ရည်ရွယ်ချက်

အဓိကအားဖြင့် သုတေသနမေးခွန်းလေးခုကို ယခုအစီရင်ခံစာမှ ဖြေဆိုသွားမည်။

- ပြည်နယ်/ တိုင်းဒေသကြီးများရှိ စွမ်းအင်ဆိုင်ရာ အုပ်ချုပ်သူများအတွက် အခြေခံဥပဒေ၊ ဥပဒေနှင့် ဖွဲ့စည်းအုပ်ချုပ်မှုဆိုင်ရာ မူဘောင်ဆိုသည်မှာ အဘယ်နည်း။ စွမ်းအင်ကဏ္ဍတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း အလားအလာ ရှိပါသလား။
- ပြည်နယ်နှင့် တိုင်းဒေသကြီးများသည် စွမ်းအင်ကဏ္ဍ၏ မည်သည့် အပိုင်းတွင် ကိုယ်ပိုင်ဆုံးဖြတ်ချက် ချမှတ်နိုင်သနည်း။
- ဒေသန္တရ စွမ်းအင်ဆိုင်ရာမူဝါဒ၊ စီမံခန့်ခွဲမှုနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များ ပိုမိုကောင်းမွန်လာစေရေးအတွက် မည်သည့်စိန်ခေါ်မှု၊ အခွင့်အလမ်းနှင့် နည်းလမ်းဗျူဟာများ ရှိနေသနည်း။
- စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိရန်

## သုတေသန နည်းလမ်းများ

ယခု အစီရင်ခံစာအတွက် စွမ်းအင်ကဏ္ဍကို ပုံဖော်နေသည့် အင်အားများကို နားလည်ရန် စာရွက်စာတမ်းများစွာမှ လေ့လာခြင်းနှင့် မြန်မာနိုင်ငံအနှံ့မှ ဆယ်နွှယ်ပါဝင်သူများစွာဖြင့် ခြောက်လကြာ တွေ့ဆုံမေးမြန်းမှုများ လုပ်ဆောင်ခဲ့ပါသည်။ ရှမ်းပြည်နယ်၊ ရန်ကုန်၊ တနင်္သာရီနှင့် ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်တို့တွင် ကွင်းဆင်းသုတေသနပြု လေ့လာခြင်းကို ၂၀၁၈ မေလမှ အောက်တိုဘာလအထိ ပြုလုပ်ခဲ့သည်။ ထိုသို့ပြုခြင်းဖြင့် ပဋိပက္ခသမိုင်းကြောင်း၊ အုပ်ချုပ်ရေး ပြဿနာများ၊ ပထဝီဝင်ရေးရာ၊ ဆင်းရဲမွဲတေမှုအဆင့်၊ လူဦးရေ စသည့်အချက်များတွင် ကွဲပြားမှုရှိသော ပြည်နယ်များနှင့် တိုင်းဒေသကြီးများကို နှိုင်းယှဉ်နိုင်သွားစေသည်။ အထက်ပါကာလအတွင်းမှာပင် ပြည်နယ်/တိုင်းဒေသကြီးအဆင့်၌ စွမ်းအင်အရေးကို လုပ်ဆောင်နေသည့် အရပ်ဘက်အဖွဲ့အစည်းများ၊ စွမ်းအင်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် အကြံပေးများ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လုပ်ငန်းရှင်များ၊ နိုင်ငံတကာ အလှူရှင်များ၊ ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ဒေသန္တရ စွမ်းအင် အုပ်ချုပ်ရေးနယ်ပယ်မှ ဆက်နွှယ်ပါဝင်သူ ၇၈ ဦးကို တွေ့ဆုံမေးမြန်းခြင်း ပြုလုပ်နိုင်ခဲ့ပါသည်။

> *အဆိုပါ အစီရင်ခံစာကဲ့သို့ပင် ယခု လေ့လာမှုအစီရင်ခံစာသည် ပြောင်းလဲ တိုးတက်နေသော မြန်မာ့စွမ်းအင်ကဏ္ဍ အတွင်းရှိ အခွင့်အလမ်းနှင့် စိန်ခေါ်မှု များအပေါ် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ၏ သဘောထားအမြင်များကို ထည့်သွင်းနိုင်ရန် ကြိုးပမ်းထားပါသည်။*

## မြန်မာ့စွမ်းအင်ကဏ္ဍ

မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေးအကြောင်း ပြောမည်ဆိုပါက တန်းတူညီမျှခြင်းမရှိမှုကို ပြောရမည် ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး တစ်ခုတည်းကပင် တစ်နိုင်ငံလုံး၏ လျှပ်စစ်မီးရရှိမှု ထက်ဝက်ကျော်ကို အသုံးပြုနေသည်။ ပြည်နယ်/တိုင်းဒေသကြီးများ လျှပ်စစ်မီးရရှိမှုမှာလည်း မညီမျှမှုများ ရှိနေကာ ပြည်နယ်/တိုင်းဒေသကြီး ၁၄ခုတွင် ၉ခု၏ လျှပ်စစ်မီးရရှိမှုနှုန်းမှာ ၄၀ ရာခိုင်နှုန်းသာ ရှိသည် (အောက်ပါပုံတွင် ကြည့်ပါ)။

အစိုးရသည် အဆိုပါ စိန်ခေါ်မှုများအား အမျိုးသားအဆင့် လျှပ်စစ်မီးရရှိရေး စီမံချက် (NEP) ရေးဆွဲ အကောင်အထည်ဖော်ခြင်းဖြင့် ဖြေရှင်းနိုင်ရန် ကြိုးပမ်းနေသည်။ ၎င်းစီမံချက်အရ ၂၀၃၀ တွင် တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုတိုင်း လျှပ်စစ်မီးရရှိမည် ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံအနှံ့ လျှပ်စစ်မီး ရရှိသည့် အိမ်ထောင်စုမှာ ၂.၃ သန်း ရှိသည်။ စီမံချက်အောင်မြင်ရေးအတွက် ၂၀၃၀ အမီ ထပ်မံ၍ အိမ်ထောင်စု ၇.၂ သန်းကျော် လျှပ်စစ်မီး ရရှိရန်လိုအပ်ပြီး ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၅.၈ ဘီလီယံ ရှိနိုင်ကာ အကြမ်းဖျင်းအားဖြင့် တစ်အိမ်ထောင်လျှင် ဒေါ်လာ ၈၀၀ ကုန်ကျလျက် ရှိသည် (ကမ္ဘာ့ဘဏ်၊ ၂၀၁၆)။

၁၉၈၈ မှ ၂၀၁၇ အတွင်း မြန်မာနိုင်ငံသို့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ ၅၈% မှာ စွမ်းအင်ကဏ္ဍမှ ဖြစ်သည်။ စွမ်းအင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ထက်ဝက်နီးပါးမှာ လျှပ်စစ်ကဏ္ဍတွင်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု ၁၄ခု အတွက် စုစုပေါင်း ကန်ဒေါ်လာ ၂၀.၁ ဘီလီယံရှိခဲ့ကာ အများစုမှာ ရေအားလျှပ်စစ် စီမံကိန်းများ ဖြစ်သည်။ ထိုလျှပ်စစ်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများ၏ ၆၀% ကျော်မှာ မြန်မာ့စီးပွားရေး ပြန်လည်ဖွင့်လှစ်ခဲ့ပြီး မကြာမီ ၂၀၁၀-၁၂ ခုနှစ်များ အတွင်းတွင် ရင်းနှီးမြှုပ်နှံခဲ့ခြင်း ဖြစ်သည်။ လျှပ်စစ်ပြီးနောက် အခြား စွမ်းအင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများမှာ ရေနံနှင့် ဓာတ်ငွေ့တွင်ဖြစ်သည်။ လျှပ်စစ်မီးအတွက် သဘာဝဓာတ်ငွေ့ကို အဓိကအသုံးချမည့် ပုံစံရှိနေပြီး စီမံကိန်းအားလုံး၏ ၈၀%မှာ သဘာဝဓာတ်ငွေ့ဖြစ်ပြီး ၁၅% မှာ ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်မှာ ၅% ဖြစ်သည် (MOEE 2018A)။

## စွမ်းအင်ကဏ္ဍတွင် အစိုးရမှ စိုက်ထုတ်ကုန်ကျခံခြင်း၏ အကျိုးဆက်ပြဿနာများ

လျှပ်စစ်ဓာတ်အားပေးခြင်းကို အစိုးရမှ ကြီးမားစွာ စိုက်ထုတ် ကုန်ကျခံထားပြီး ၂၀၃၀ တွင် ၁၀၀ ရာခိုင်နှုန်း မီးလင်းရမည်ဆိုသော အမျိုးသား

ပုံ (၁)။ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် လျှပ်စစ်မီးရရှိမှုအခြေအနေ




ရင်းမြစ်။ *MOEE web site: http://www.moee.gov.mm/en/ignite/page/80)*

ရည်မှန်းချက်က ပြည်ထောင်စု စွမ်းအင်နှင့် လျှပ်စစ်ဝန်ကြီးဌာနကို ခက်ခဲသော အခြေအနေတွင်း ကျရောက်စေခဲ့ပါသည်။ မြန်မာနိုင်ငံသည် အာဆီယံတွင်း လျှပ်စစ်ဓာတ်အားခ ကောက်ခံမှု အနည်းဆုံး နိုင်ငံလည်း ဖြစ်ပါသည်။ အိမ်သုံးဓာတ်အားခသည် ထုတ်လုပ်မှုကုန်ကျစရိတ်ဖြစ်သော တစ်ကီလိုဝပ် လျှင် ၁၀၉ ကျပ် (ကန်ဒေါ်လာ ၇.၂ ဆင့်) ထက် ထက်ဝက်ကျော်ပင် နည်းပါးနေပါသည်။ ထို့ကြောင့် အစိုးရသည် အိမ်တွင်သုံး လျှပ်စစ်ဓာတ်အားခ တွင် တစ်ယူနစ်ကို ၅၉-၇၄ ကျပ် (ကန်ဒေါ်လာ ၃.၉-၄.၉ ဆင့်) အရှုံး ပေါ်နေလျက်ရှိသည် (de Langre 2018)။ ယူနစ်အလိုက်ကို အရှုံးပေါ် နေသောကြောင့် လျှပ်စစ်မီးရရှိသည့် အိမ်ထောင်စုများလာသည်နှင့်အမျှ စွမ်းအင်နှင့် လျှပ်စစ်ဝန်ကြီးဌာန၏ လိုငွေသည်လည်း တိုးမြင့်လာမည် ဖြစ်သည်။

၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် လျှပ်စစ်မီးပေးခြင်းမှ အရှုံးပေါ်မှုသည် ကျပ် ၄၀၆.၅၂ ဘီလီယံ (ကန်ဒေါ်လာ သန်း ၃၀၀) ရှိခဲ့သည်။ ၎င်းကိန်းဂဏန်း သည် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ သန်း ၄၀၀ နှင့် ၅၀၀ ကြား အထိ ရောက်ရှိသွားမည်ဟု မျှော်မှန်းထားပြီး နောက်နှစ် အနည်းငယ် အတွင်း တစ်နိုင်ငံလုံး ထုတ်ကုန်တန်ဖိုး စုစုပေါင်း၏ ၁ ရာခိုင်နှုန်းဖြစ်သော ကန်ဒေါ်လာ ၁ ဘီလီယံအထိ ရောက်ရှိသွားမည် ဖြစ်သည် (Thant 2017, de Langre 2018; Thant 2018A)။ ထိုကဲ့သို့ အစိုးရမှ စိုက်ထုတ် ကုန်ကျခံခြင်းသည် ရေရှည်ခံမည် မဟုတ်ပေ။ ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက် အရ ၂၀၃၀တွင် တစ်ရာရာခိုင်နှုန်း လျှပ်စစ်မီးရရှိရန်အတွက် စုစုပေါင်း ကန်ဒေါ်လာ ဘီလီယံ ၃၀ ခန့် ရင်းနှီးမြှုပ်နှံမှု လိုအပ်မည် ဖြစ်သည်။ အကြမ်းဖျင်း ပုံဖော်တွက်ချက်ပါက မြန်မာနိုင်ငံ၏ ၂၀၁၇-၁၈ ခုနှစ် ဘဏ္ဍာငွေရရှိမှုသည် ကန်ဒေါ်လာ ၅ ဘီလီယံအောက် အနည်းငယ် လျော့နည်းပြီး အမျိုးသားအဆင့် မီးလင်းရေးအတွက် နိုင်ငံ၏ ၁၀ နှစ်စာ ဘဏ္ဍာငွေရရှိမှုကို အသုံးချရမည် ဖြစ်သည် (de Langre 2018)။

## ဥပဒေအရ လုပ်ပိုင်ခွင့်နှင့် ဒေသန္တရစွမ်းအင် အုပ်ချုပ်ရေးဖွဲ့စည်းပုံ

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်း ဒေသကြီး အစိုးရများအား စွမ်းအင်ဆိုင်ရာ လုပ်ပိုင်ခွင့် အာဏာအသီးသီး ပေးအပ်ထားပါသည်။ ပြည်ထောင်စု မဟာ ဓာတ်အားလိုင်းသို့ ဆက်သွယ် သည့် ဓာတ်အားထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုအားလုံးတို့ကို ပြည်ထောင်စု အစိုးရမှ ကိုင်တွယ်စီမံသည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများက မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ထားခြင်းမရှိသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်စနစ်များကို ကိုင်တွယ်ထိန်းချုပ်ပိုင်ခွင့်ရှိသည်။

၂၀၁၄ လျှပ်စစ် ဥပဒေအရ ပြည်နယ်/တိုင်းဒေသကြီးများ၏ ၃၀ မီဂါဝပ် ထက်နည်းပြီး မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားခြင်းမရှိသော စနစ်များကို လိုင်စင်ပေးပိုင်ခွင့်အား ကန့်သတ်ထားသည်။ အကယ်၍ ၎င်းစနစ်၏ပိုင်ရှင်သည် မဟာဓာတ်အားလိုင်းဖြင့် ချိတ်ဆက်လိုပါက ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးထံ လျှောက်လွှာတင်ရမည် ဖြစ်သည်။ သို့သော်လည်း စွမ်းအင်နှင့် လျှပ်စစ်ဝန်ကြီးဌာနသည် ခွင့်ပြုပိုင်ခွင့် သို့မဟုတ် ငြင်းဆန်ပိုင်ခွင့် ရှိသည်။ လိုင်စင်စည်းမျဉ်းစည်းကမ်းများကိုလည်း စွမ်းအင် နှင့် လျှပ်စစ်ဝန်ကြီးဌာနက သတ်မှတ်နိုင်သည်။ လက်ရှိအချိန်တွင် အသေးစား ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းများအနေဖြင့် မဟာဓာတ်အားလိုင်းကို ချိတ်ဆက်ရန် ဥပဒေပြုထားချက် မရှိသေးပေ။

အောက်ပါ ဇယားများသည် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/တိုင်းဒေသ ကြီး အစိုးရများအကြား တာဝန်ခွဲဝေထားမှုကို ဖော်ပြထားသည်။ ဇယား (၁) သည် ဓာတ်အားထုတ်လုပ်ရေးကို ဖော်ပြထားပြီး ဇယား (၂) သည် ဓာတ်အားဖြန့်ဖြူးရေးနှင့် ပို့လွှတ်ရေးတို့ကို ဖော်ပြထားသည်။

ဇယား (၁)။ လျှပ်စစ်ထုတ်လုပ်ရေးဆိုင်ရာ တာဝန်များ

| လုပ်ငန်း | တာဝန်ရှိသူ |
|---|---|
| မီဂါဝပ် ၃၀ ထက်များသော သို့မဟုတ် မဟာဓာတ်အားလိုင်းဖြင့် ချိတ်ဆက်ထားသော လျှပ်စစ်ထုတ်လုပ်ရေး | ပြည်ထောင်စုအဆင့် - လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ စွမ်းအင်နှင့် လျှပ်စစ်ဝန်ကြီးဌာန |
| မီဂါဝပ် ၃၀ ထက်နည်းသော သို့မဟုတ် မဟာဓာတ်အားလိုင်းဖြင့် ချိတ်ဆက်ထားခြင်းမရှိသော လျှပ်စစ်ထုတ်လုပ်ရေး | ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ |

ဇယား (၂)။ လျှပ်စစ်ဖြန့်ဖြူးရေးနှင့် ဓာတ်အားပို့လွှတ်ရေးဆိုင်ရာ တာဝန်များ

| လုပ်ငန်း | တာဝန်ရှိသူ |
|---|---|
| ၃၃ ကေဗွီ နှင့်အထက် ဓာတ်အားပို့လွှတ်ရေး | ပြည်ထောင်စုအဆင့် - လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ စွမ်းအင်နှင့် လျှပ်စစ်ဝန်ကြီးဌာန |
| ၁၁ ကေဗွီ လျှပ်စစ်ဖြန့်ဖြူးရေး | ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ (သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ ဦးစီးအဖွဲ့) |
| ၄၀၀ ဗို့ လျှပ်စစ်ဖြန့်ဖြူးရေး | ရပ်ရွာအုပ်ချုပ်ရေး (သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ ဦးစီးအဖွဲ့) |

*Note: SAD is a self-administrated division, SAZ is a self-administrated zone.*

ပြည်နယ်နှင့် တိုင်းဒေသကြီးတိုင်းတွင် ဝန်ကြီးချုပ်တစ်ဦးနှင့် စွမ်းအင်အရေးအတွက် ဝန်ကြီးတစ်ဦးစီ ရှိကြသည်။ ၎င်းမှာ မြန်မာအစိုးရ ဖွဲ့စည်းပုံတစ်ရပ် ဖြစ်သည်။ သို့သော်လည်း ပြည်နယ်/တိုင်းဒေသကြီး စွမ်းအင်ဝန်ကြီးများ ဦးဆောင်ရသည့် ဌာနအများစုမှာ အမှန်တကယ်တွင် ပြည်ထောင်စုဝန်ကြီးဌာန၏ အစိတ်အပိုင်းများ ဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးဌာန၏ ဌာနရုံးများသည် ပြည်နယ်နှင့် တိုင်းဒေသကြီးတိုင်းတွင် ရှိသည်။ ပြည်နယ်/တိုင်းဒေသကြီး၏ စွမ်းအင်ဆိုင်ရာ ဘတ်ဂျက်တွင် အကန့်အသတ်ရှိမှုကလည်း နည်းပညာမှအစ လုပ်ငန်းစီမံမှုအထိ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ပြည်ထောင်စုမှ ပုဂ္ဂိုလ်များကို မှီခိုရစေသည်။

ထိုကဲ့သို့ အတားအဆီးစိန်ခေါ်မှုများ ရှိနေသော်လည်း ပြည်နယ်/တိုင်းဒေသကြီး စွမ်းအင်ဝန်ကြီးများသည် ၎င်းတို့၏ ဌာနများအပေါ် လုပ်ပိုင်ခွင့်ပိုမို ရရှိလာကြပြီး မူဝါဒချမှတ်ခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့် ဘဏ္ဍာငွေလျာထားခြင်းတို့၌သာမက ဝန်ထမ်းစီမံခန့်ခွဲခြင်းတွင်ပင် တာဝန်များ တိုးမြှင့်ယူလာကြပါသည်။

## ပြည်နယ်/တိုင်းဒေသကြီးများ၏ စွမ်းအင်ဆိုင်ရာ ဦးစားပေးနှင့် အခွင့်အလမ်းများ

ပြည်နယ်/တိုင်းဒေသကြီး စွမ်းအင်ဝန်ကြီးများတွင် အဓိကရည်မှန်းချက် သုံးခုရှိသည်။ ၎င်းတို့မှာ လျှပ်စစ်မီးရရှိနိုင်မှု တိုးမြှင့်ရန်၊ လျှပ်စစ်မီးအတွက် ကုန်ကျစရိတ်ကို ပိုမိုတတ်နိုင်ရန်နှင့် လုံလောက်သော လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်ရန်တို့ ဖြစ်သည်။ ထိုဦးစားပေးမှုများသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လမ်းတည်ဆောက်ခြင်း၊ ရေရရှိရေး၊ လျှပ်စစ်နှင့် ပညာရေးစသည့် ဖွံ့ဖြိုးရေး ဦးစားပေးကဏ္ဍများနှင့်လည်း အကျုံးဝင်မှု ရှိနေသည်။ အထက်ပါ ရည်မှန်းချက်များကို ပြည့်မီနိုင်ရေးအတွက် စွမ်းအင်ဝန်ကြီးများသည် မြန်မာနိုင်ငံ၏ ဥပဒေ၊ ဖွဲ့စည်းပုံနှင့် ဘတ်ဂျက်မူဘောင်အတွင်းတွင် ကြိုးစားလုပ်ဆောင်ရမည်ဖြစ်သည်။ လူတွေ့မေးမြန်း၍ တွေ့ရှိလာသော လက်ရှိအခြေအနေအတွင်းမှ ပေါ်ထွက်လာသည့် စဉ်းစားစရာများနှင့် ဦးစားပေးရမည့် အရာများကို ယခု အစီရင်ခံစာတွင် အသားပေးဖော်ပြထားပါသည်။ ၎င်းတို့မှာ

- ထိရောက်ပြီး အားလုံးခြုံလွှမ်းနိုင်သည့် ဓာတ်အားဖြန့်ဖြူးရေးဖြစ်ရန်
- သင့်တော်သော ဓာတ်အားပမာဏ ထုတ်လုပ်နိုင်ရန်
- မလုံလောက်သော ဘတ်ဂျက်နှင့် ဓာတ်အားခ နည်းနေခြင်းကို ဖြေရှင်းရန်
- စီမံကိန်းခွင့်ပြုရာတွင် ပြည်နယ်/တိုင်းဒေသကြီးများ၏ အခန်းကဏ္ဍ
- ပြည်နယ်/တိုင်းဒေသကြီးများ၏ စွမ်းအင်ဆိုင်ရာ ဥပဒေအသစ်များ တို့ဖြစ်ကြသည်။

စွမ်းအင်ကဏ္ဍ အတွက် ပြည်နယ်/တိုင်းဒေသကြီးများ လုပ်ဆောင်နိုင်မည့် အခွင့်အလမ်းများကိုလည်း ယခုအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားပါသည်။

၁။ **အကြီးစားစွမ်းအင်ဖွံ့ဖြိုးမှု စီမံကိန်းများအတွက် ဦးဆောင်အဆိုပြုခြင်း။** ကရင်ပြည်နယ်သည် ၎င်း၏ နယ်နမိတ်အတွင်း ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံတစ်ခု တည်ဆောက်ရန် လုပ်ဆောင်ခဲ့သည်။ ၎င်းစီမံကိန်းကို ဒေသခံများက ဆန့်ကျင်ပယ်ချခဲ့သည်။ ထိုအဖြစ်အပျက်ကို ကြည့်ပါက ဥပဒေအရ ၃၀ မီဂါဝပ်ထက်ကြီးသော လျှပ်စစ် စီမံကိန်းများကို ပြည်ထောင်စုအစိုးရကသာ လုပ်ဆောင်နိုင်သော်လည်း ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် ဦးဆောင်အဆိုပြုခြင်း ကိုလည်း လုပ်ဆောင်နိုင်သည်ကို တွေ့ရသည်။

၂။ **ဒေသဆိုင်ရာ ဓာတ်အားလိုင်းများနှင့် စပ်လျဉ်း၍ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ပိုမိုရရှိခြင်း။** တနင်္သာရီတိုင်းဒေသကြီးသည် ပြည်ထောင်စု ဓာတ်အားလိုင်းဖြင့် ချိတ်ဆက်ထားခြင်း မရှိချေ။ ၎င်းတွင် မီးစက်ကြီးများဖြင့် ဓာတ်အားပေးသော ဒေသတွင်း ဓာတ်အားလိုင်းများသာရှိပြီး ဓာတ်အား ဖြန့်ဖြူးရေးအတွက် ပြည်ထောင်စုအစိုးရမှ ဆောက်လုပ်ပေးထားသော ဖြန့်ချိရေးလိုင်းများကို အသုံးပြုနေခြင်း ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးတွင် လျှပ်စစ်မီးရရှိရေး ကိုယ်ပိုင်လုပ်ဆောင်ခွင့်ပေးထားခြင်းကို ကြည့်ပါက ပြည်နယ်/တိုင်းဒေသကြီးတို့သည်လည်း တင်ဒါနှင့် လေလံစနစ်များကို အသုံးပြု၍ ၎င်း၏နယ်မြေအတွင်း လျှပ်စစ်မီး ရရှိရေး ထိရောက်စွာစီမံနိုင်ကြောင်း သိနိုင်သည်။ ၂၀၁၃ တွင် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်မှ အတည်ပြုလိုက်သည့် တိုင်းဒေသကြီး လျှပ်စစ်ဥပဒေမှာ ဒေသတွင်း ဓာတ်အားရရှိရေးနှင့် ဓာတ်အားလိုင်း တည်ဆောက်ခြင်း လုပ်ငန်းများအတွက် အခြေခံအုတ်မြစ်ပင် ဖြစ်သည်။

၃။ **အသေးစားရေအားလျှပ်စစ်များကို အားပေးမြှင့်တင်ခြင်း။** အကြမ်းဖျင်းအားဖြင့် မြန်မာ့ကျေးရွာ ၆၄,၀၀၀ ၏ လေးပုံတစ်ပုံတွင် ဒီဇယ်မီးစက်၊ အသေးစားရေအားလျှပ်စစ် သို့မဟုတ် ဇီဝဓာတ်ငွေ့လျှပ်စစ် စသည်တို့ ရှိကြသည်။ ကျေးရွာများ၏ ၆% သာ လျှပ်စစ်မီး ပြည့်ပြည့်ဝဝ ရရှိနေသည် (Greacen 2017)။ တစ်ချိန်တည်းမှာပင် အသေးစား ရေအားလျှပ်စစ်ထုတ်လုပ်ခြင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်မည့် အခွင့်အလမ်းများလည်း ရှိနေသည်။ ဥပမာ ရှမ်းပြည်နယ်သည် ၁ မီဂါဝပ်ထက် သေးသော ရေအားလျှပ်စစ်လုပ်ငန်း ၅၀၀ ကျော်ကို တည်ဆောက်ခဲ့ပြီး ဒေသတွင်း ဓာတ်အားလိုင်း ဖွံ့ဖြိုးစေရန် လုပ်ဆောင်ခဲ့သည် (Min 2018)။ အသေးစားရေအားလျှပ်စစ် လုပ်ငန်းများကို ပံ့ပိုးရန်အတွက် ပြည်နယ်၏ စည်းကမ်းများသည်လည်း အရေးကြီးပါသည်။

၄။ **ပြည်နယ်/တိုင်းဒေသကြီးများသည် စွမ်းအင်ကဏ္ဍ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း၌ပါဝင်ပြီး ၃၀ မီဂါဝပ် ထက်နည်းသော လုပ်ငန်းများကို ဦးဆောင်ခြင်း။** ပြည်နယ်နှင့် တိုင်းဒေသကြီး အတော်များများတွင် ကျေးရွာအဆင့် ဓာတ်အားလိုင်းများ တည်ဆောက်ထားပြီး ဖြစ်သည်။ သို့သော်လည်း ဗဟိုချုပ်ကိုင်မှုမရှိသော အတန်ငယ် အရွယ်အစားကြီးသည့် လျှပ်စစ်ထုတ်လုပ်ရေး လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံခြင်းမှာမူ နည်းပါးလှသည်။ မီဂါဝပ် ၁-၃၀ အကြား လျှပ်စစ်ထုတ်လုပ်ရေးမှာ စီးပွားရေးအရ တွက်ချေကိုက်နိုင်ပြီး ကုန်ကျစရိတ်အားဖြင့်လည်း ထိရောက် အကျိုးရှိနိုင်ပါသည်။ သို့ရာတွင် ပြည်တွင်းနှင့် ပြည်ပ ရင်းနှီးမြှုပ်နှံသူများမှာ ၎င်းစီမံကိန်းများကို "ဘဏ်ချေးငွေဖြင့် ပံ့ပိုးနိုင်ခြင်း မရှိသော" လုပ်ငန်းများအဖြစ် မှတ်ယူထားကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းလုပ်ငန်းများက ထုတ်လုပ်လာမည့် ဓာတ်အားကို ဝယ်ယူမှု သဘောတူစာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၌ ငွေကြေးအခွင့်အာဏာ မရှိသောကြောင့် ဖြစ်သည်။ ပြီးခဲ့သည့် နှစ်နှစ်ဆယ်အတွင်း အသေးစားဓာတ်အား ထုတ်လုပ်မှုအစီအစဉ်ဖြင့် ထိုင်းနိုင်ငံသည် လျှစ်စစ်ထုတ်လုပ်ရေးတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရန် ကြိုးပမ်းခဲ့ခြင်းကိုလည်း ယခုအစီရင်ခံမှ လေ့လာထားပါသည်။ ၂၀၁၉ မှစတင်၍ လျှပ်စစ်ထုတ်လုပ်မှု ၂၄,၇၅၀ မီဂါဝပ်တွင် ၂၀% မှာ မီဂါဝပ် ၅၀ ထက်သေးသော ဓာတ်အားပေး

စက်ရုံများမှ ထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။ ထိုဖြစ်ရပ်သည် မြန်မာနိုင်ငံအတွက်လည်း စိတ်ဝင်စားဖွယ် စံနမူနာယူစရာဖြစ်နိုင်သည် (Greacen and Greacen 2004, Tongsopit 2014)။

၅။ **ပြည်ထောင်စုဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော လျှပ်စစ်ထုတ်လုပ်မှုများနှင့် ကျေးရွာအဆင့် ဓာတ်အားလိုင်းများအတွက် လုပ်ဆောင်ခြင်း။** ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ လုပ်ပိုင်ခွင့်အတွင်းတွင် ရှင်းရှင်းလင်းလင်း ရှိနေသည်မှာ အသေးစားနှင့် ပြည်ထောင်စု ဓာတ်အားလိုင်းဖြင့် ဆက်သွယ်ခြင်းမရှိသော လျှပ်စစ်ထုတ်လုပ်ခြင်းများ ဖြစ်သည်။ အမျိုးသားအဆင့် လျှပ်စစ်မီးရရှိရေး စီမံချက်သည် အကြိုမီးရရှိရေး အစီအစဉ်အဖြစ် ကျေးရွာထောင်ပေါင်းများစွာတွင် ပြည်ထောင်စု ဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော လျှပ်စစ်ထုတ်လုပ်မှုများ လုပ်ဆောင်နေသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများအနေဖြင့် ၎င်းဓာတ်အားထုတ်လုပ်ခြင်းများကို ထိန်းကျောင်းရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်သည်။ ကျေးလက်ဖွံ့ဖြိုးရေးဌာနသည် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ စဉ်းစားသုံးသပ်နိုင်ရန်အတွက် လမ်းညွှန်ချက်များပါဝင်သော စည်းမျဉ်းစည်းကမ်း အကြမ်းကို ရေးဆွဲထားပြီးဖြစ်သည်။

## အဓိကတွေ့ရှိချက်များနှင့် အကြံပြုတင်ပြချက်များ

ဒေသတွင်းနှင့် နိုင်ငံတကာတွင် လုပ်ဆောင်နေကြသည့် လားရာအတိုင်း စွမ်းအင်ထုတ်လုပ်ခြင်းကိုပို၍ ဗဟိုချုပ်ကိုင်မှုလျှော့ချရန် လုပ်ဆောင်ပါက စွမ်းအင်ကဏ္ဍတွင် ပြည်နယ်/တိုင်းဒေသကြီးတို့၏ အခန်းကဏ္ဍသည် ပိုမို၍ကြီးထွားလာမည် ဖြစ်သည်။ ထို့ကြောင့် ယခုအစီရင်ခံစာက ပြည်နယ်နှင့် တိုင်းဒေသကြီးများသည် ၎င်းတို့၏ နယ်နမိတ်အတွင်း မည်သည့်နေရာတွင် လုပ်ပိုင်ခွင့်ရှိသည်၊ မည်သည့်နေရာတွင် စွမ်းရည်မြှင့်တင်ရန် လိုအပ်သည်၊ စွမ်းအင်ဆိုင်ရာ စီမံကိန်းရေးဆွဲခြင်းတွင် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းရှိသည် စသည်တို့ကို အသားပေးဖော်ပြထားပါသည်။ တွေ့ရှိချက်များနှင့် အကြံပြုတင်ပြချက်များကို အောက်ပါအတိုင်း နယ်ပယ်သုံးခု ခွဲခြားနိုင်ပါသည်။

- စွမ်းအင်ဆိုင်ရာ ဥပဒေပြုခြင်း၊ မူဝါဒနှင့် စီမံကိန်းရေးဆွဲခြင်း
- စွမ်းအင်စီမံကိန်းများကို သုံးသပ်လေ့လာခြင်းနှင့် ဓာတ်အားလိုင်း စီမံခန့်ခွဲမှု
- ဗဟိုဓာတ်အားလိုင်းနှင့် မချိတ်ဆက်ထားသော လျှပ်စစ်ထုတ်လုပ်မှု၊ စွမ်းအင်ကဏ္ဍ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း

### စွမ်းအင်ဆိုင်ရာ ဥပဒေပြုခြင်း၊ မူဝါဒနှင့် စီမံကိန်းရေးဆွဲခြင်းတို့အတွက် အကြံပြုချက်များ

၁။ စွမ်းအင်ဆိုင်ရာ ဥပဒေပြုခြင်းနှင့် စည်းမျဉ်းစည်းကမ်းရေးဆွဲရာတွင် ပြည်နယ်/တိုင်းဒေသကြီးများ၏ အခန်းကဏ္ဍကို တိုးမြှင့်ပေးရန်
၂။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ စွမ်းအင်ဆိုင်ရာ အချက်အလက်ကောက်ယူမှုနှင့် စီမံကိန်းရေးဆွဲမှု စွမ်းရည်များကို မြှင့်တင်ပေးရန်
၃။ ပြည်နယ်/တိုင်းဒေသကြီး စွမ်းအင်ဝန်ကြီးများအား စွမ်းရည်မြှင့်အောင် လေ့ကျင့်သင်ကြားပေးရန်
၄။ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးစေရန်အတွက် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များကို တဖြည်းဖြည်းတိုးမြှင့်ပေးရန်
၅။ အဆင်းရဲဆုံး အိမ်ထောင်စုများအား ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ရာတွင် ကုန်ကျစရိတ်ကူညီပေးရန်

### စွမ်းအင် စီမံကိန်းများကို သုံးသပ်လေ့လာခြင်းနှင့် ဓာတ်အားလိုင်း စီမံခန့်ခွဲခြင်းအတွက် အကြံပြုချက်များ

၁။ ပြည်ထောင်စု ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားသော စီမံကိန်းများကို ပြန်လည်သုံးသပ်ရာတွင် ပြည်နယ်/တိုင်းဒေသကြီးများအား တရားဝင်အခန်းကဏ္ဍ ပိုမိုပေးရန်
၂။ အကြီးစား စွမ်းအင်စီမံကိန်းများကို ရွေးချယ်ရာတွင် ပြည်နယ်/တိုင်းဒေသကြီးများအား တရားဝင်အခန်းကဏ္ဍ ပိုမိုပေးရန်
၃။ ၃၀ မီဂါဝပ်အောက် စီမံကိန်းများကို ပြည်နယ်/တိုင်းဒေသကြီးတို့၏ ခွင့်ပြုချက်သာခွင့်ပြုရန်
၄။ ဗဟိုချုပ်ကိုင်မှုလျှော့ချသော၊ ပြည်ထောင်စုဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားသော လျှပ်စစ်စီမံကိန်းများ မြှင့်တင်ရန်
၅။ စွမ်းအင်ဆိုင်ရာနည်းပညာနှင့် ဘဏ္ဍာရေးပညာရပ်များကို ဝန်ကြီးများနှင့် အကြီးတန်းများအား သင်တန်းပေးရန်
၆။ ပြည်နယ်/တိုင်းဒေသကြီး အင်ဂျင်နီယာများကို သင်တန်းပေးရန်

### ဗဟိုဓာတ်အားလိုင်းနှင့် မချိတ်ဆက်ထားသော လျှပ်စစ်ထုတ်လုပ်မှု၊ စွမ်းအင်ကဏ္ဍ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း

၁။ ပြည်ထောင်စု ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားခြင်းမရှိသော ဓာတ်အားထုတ်လုပ်မှုများကို ထိန်းကျောင်းစီမံရန် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးတို့အတွက် ဥပဒေများရေးဆွဲရန်
၂။ အသေးစား လျှပ်စစ်ထုတ်လုပ်သူများအား အကာအကွယ်ပေးရေး အစီအစဉ်ထားရှိရန်
၃။ ရှမ်းပြည်နယ်ရှိ အသေးစား ရေအားလျှပ်စစ်ထုတ်လုပ်မှုများကို ထောက်ပံ့ရန်၊ လိုအပ်သလို အခြားသော ပြည်နယ်/တိုင်းဒေသကြီးများကိုလည်း ပံ့ပိုးရန်
၄။ ကျေးရွာအဆင့် အသေးစား လျှပ်စစ်ထုတ်လုပ်ရေးများအတွက် မူဘောင်တစ်ရပ် ရေးဆွဲရန်
၅။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအတွက် အသေးစား လျှပ်စစ်ထုတ်လုပ်ရေးဆိုင်ရာ သင်တန်းများပေးရန်

## စွမ်းအင်ကဏ္ဍတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း အခွင့်အလမ်းများ

မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် စွမ်းအင်ကဏ္ဍသည် အလွန်ပင်အရေးပါလှပါသည်။ မြန်မာနိုင်ငံတွင် လျှပ်စစ်မီးရရှိသည့် အိမ်ထောင်စု ၄၂% သာ ရှိနေခြင်းမှာ အရှေ့တောင်အာရှတွင် အနိမ့်ဆုံးရာခိုင်နှုန်း ဖြစ်ပါသည်။ အထက်တွင် ဖော်ပြခဲ့သလိုပင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခု အနက် ၈ ခုတွင် လျှပ်စစ်မီးရရှိမှု ရာခိုင်နှုန်းမှာ လေးဆယ်ရာခိုင်နှုန်းအောက်သာ ရှိနေပါသည်။ နိုင်ငံတစ်ဝှမ်းရှိ အဆိုပါနေရာများကို လျှပ်စစ်မီး ပေးနိုင်ရန်အတွက် ကြီးမားသော ရင်းနှီးမြှုပ်နှံမှု လိုအပ်နေပါသည်။ ၎င်းကြီးမားသော ရင်းနှီးမြှုပ်နှံမှုသည် တိုင်းပြည်၏ စီးပွားရေးအတွက်လည်း အကျိုးရှိစေမည် ဖြစ်သည်။ သို့သော်လည်း စွမ်းအင်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးကို ပြည်ထောင်စုအစိုးရတစ်ခုတည်းကသာ ထိန်းချုပ်လုပ်ဆောင်နိုင်လိမ့်မည် မဟုတ်ပေ။ ဗဟိုမှမထိန်းချုပ်သော၊ အသေးစား စွမ်းအင်အရင်းအမြစ်များမှာ အကျိုးအမြတ်များစွာ ပေးစွမ်းနိုင်ပါသည်။ အလွန်ကြီးမားသော စီမံကိန်းများထက် ၎င်းတို့ကို လျင်မြန်စွာ တည်ဆောက်နိုင်သည်။ ထို့ပြင် ၎င်းတို့သည် ဓာတ်အားလိုင်းများ၏ ခံနိုင်ရည်နှင့် စိတ်ချရမှုကို တိုးမြှင့်ပေးနိုင်သည်။ စွမ်းအင်ကုမ္ပဏီကြီးများစွာပင် ဗဟိုမှ မထိန်းချုပ်သော၊ ကာဗွန်ထုတ်လွှတ်မှုနည်းသော စီမံကိန်းများကို ပြောင်းလဲလုပ်ဆောင်လာကြပြီး ထင်ရှားသော ဥပမာအဖြစ် စွမ်းအင်ကုမ္ပဏီကြီး Engie ကို တွေ့နိုင်သည်။ ဆုံးဖြတ်ချက် ချမှတ်ခြင်းများတွင် ဗဟိုမှချုပ်ကိုင်မှု လျှော့ချခြင်းအားဖြင့် ပြည်နယ်/တိုင်းဒေသကြီးတို့သည် စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အဦတွင် ရင်းနှီးမြှုပ်နှံမှုများကို ပိုမို၍ ဆွဲဆောင်လာနိုင်မည် ဖြစ်သည်။ ထိုရင်းနှီးမြှုပ်နှံခြင်းများသည် မြန်မာနိုင်ငံရှိ လူသန်းပေါင်းများစွာအတွက် လျှပ်စစ်မီးကို ယူဆောင်လာပေးရုံသာမက အလုပ်အကိုင်နှင့် စီးပွားရေး အခွင့်အလမ်းသစ်များပါ ယူဆောင်လာပေးနိုင်မည် ဖြစ်သည်။

# အခန်း ၁

# မိတ်ဆက်

## ၁.၁။ မြန်မာ့စွမ်းအင်ကဏ္ဍတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းသည် အဘယ့်ကြောင့် အရေးကြီးပါသနည်း

ဒေသန္တရအုပ်ချုပ်စီမံမှုသည် မြန်မာ၏အနာဂတ်အတွက် အရေးကြီးလှပြီး နိုင်ငံတွင်းရှိ အခြေအနေများစွာကဲ့သို့ပင် ကြီးမားလျင်မြန်သည့်အပြောင်းအလဲနှင့် ကြုံတွေ့နေရသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဇာတ်ကောင်အသစ်များနှင့် အဖွဲ့အစည်းအသစ်များကို မိတ်ဆက်ပေးခဲ့ပြီး အထူးသဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများကိုဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ပြည်သူလူထုအားလုံး၏ ဘဝများကို ကြီးမားထင်ရှားစွာ ပြောင်းလဲစေနိုင်သော ဗဟိုချုပ်ကိုင်မှုကို လျှော့ချသည့် လုပ်ငန်းစဉ်ကို စတင်ခဲ့သည်။

ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အားကောင်းစေ၍ အုပ်ချုပ်စီမံမှုကို ကောင်းမွန်စေပြီး ထိရောက်သည့် လူနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကိုပံ့ပိုးပေးနိုင်သည့် အလားအလာများရှိသည်။ (Batcheler ၂၀၁၈) တာဝန်ခံမှုရှိပြီး ပါဝင်ခွင့်ပေး၍ ပွင့်လင်းမြင်သာမှုရှိသော ဒေသန္တရအဆင့် အစိုးရများက ဥပဒေများနှင့် မူဝါဒများကို ရေးဆွဲအကောင်အထည်ဖော်ရာတွင် ပြည်သူလူထုအား အာဏာနှင့်လွှမ်းမိုးမှုပို၍ ပေးနိုင်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယင်း၏အကျိုးသက်ရောက်မှုကို ကျော်လွန်၍ ဒေသန္တရအုပ်ချုပ်စီမံမှုက မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိပ္ပာယ်ပြည့်ဝသည့် ပံ့ပိုးကူညီမှုပေးပြီး လူနေမှုဘဝအဆင့်အတန်းများကိုလည်း တိုးတက်မြင့်မားစေနိုင်သည်။ မြန်မာနိုင်ငံကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နေးကွေးကာ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ၏ အရည်အသွေးမှာ အားနည်းနေသည့် နိုင်ငံမျိုးတွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ပို၍ကောင်းမွန်ထိရောက်စွာ တုံ့ပြန်ဖြည့်ဆည်းပေးနိုင်သော ပြည်သူ့ဝန်ဆောင်မှုများပေးခြင်းတွင် ပါဝင်နိုင်မည့် အခွင့်အလမ်းများ ရှိနေပါသည်။

စွမ်းအင်ကဏ္ဍသည် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့် ဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၏ လျှပ်စစ်ပေးဝေနိုင်မှုနှုန်းမှာ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုအနက် ၉ ခုတွင် ၄၀ ရာခိုင်နှုန်းအောက်၊ တစ်နိုင်ငံလုံးအနေဖြင့် အိမ်ထောင်စု စုစုပေါင်း၏ ၄၂ ရာခိုင်နှုန်းသာ လျှပ်စစ်မီးရရှိကြပြီး အရှေ့တောင်အာရှနိုင်ငံများအားလုံးတွင် အနည်းပါးဆုံးဖြစ်သည်။ နိုင်ငံ၏ ယင်းဒေသများ၌ လျှပ်စစ်မီးရရှိစေရန် ရင်းနှီးမြှုပ်နှံမှုများစွာ လိုအပ်မည်ဖြစ်ပြီး အကောင်အထည်ဖော်နိုင်ခဲ့ပါက စီးပွားရေးအကျိုးအမြတ်များစွာရရှိနိုင်မည်။ သို့သော် ပြည်ထောင်စု အစိုးရတစ်ခုတည်းကသာ ဗဟိုမှလမ်းညွှန်၊ ချုပ်ကိုင်၍ မဖြစ်နိုင်သည့် အကြောင်းရင်းများစွာ ရှိသည်။ ပထမဦးစွာ ဒေသအတွက် ဦးစားပေးများကို ဖော်ထုတ်ပြီး စီစဉ်လုပ်ကိုင်နိုင်ရန် ဒေသအစိုးရ၏ ပါဝင်ပတ်သက်မှု လိုအပ်သည်။ ဒုတိယအနေဖြင့် အများစုမှာ ပြည့်မြဲစွမ်းအင် အမျိုးအစားဖြစ်သော အသေးစားစွမ်းအင် အရင်းအမြစ်များမှ ထုတ်လုပ်မှု စရိတ်မှာ အလွန်အမင်းကျဆင်းနေပြီး[1] အထူးသဖြင့် အကြီးစားစွမ်းအင်ကုမ္ပဏီကြီးများစွာသည် ယင်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို ဗဟိုချုပ်ကိုင်မှုလျော့နည်းသော ကာဗွန်ထုတ်လုပ်မှုနည်းသည့် အရင်းအမြစ်များတွင် ရင်းနှီးမြှုပ်နှံသည့်ဘက်သို့ ရွှေ့လာကြကာ အထင်ရှားဆုံးမှာ စွမ်းအင်ကုမ္ပဏီကြီး အန်န်ဂျီ(Engie)[2] ဖြစ်သည်။ ဗဟိုချုပ်ကိုင်မှုနည်းသည့် အသေးစား စွမ်းအင်ထုတ်လုပ်မှုများအရင်းအမြစ်များသည် ပမာဏကြီးမားသည့် မဟာစီမံကိန်းများထက် များစွာ ပို၍လျင်မြန်စွာလည်း စီစဉ်လုပ်ဆောင်နိုင်ပြီး ချဲ့ထွင်နိုင်သည်။ လျှပ်စစ်ဓာတ်အားလိုင်းများ၏ ခံနိုင်ရည်အားနှင့် ယုံကြည်စိတ်ချရမှုလည်း တိုးတက်ကောင်းမွန်စေနိုင်သည်။

အကျဉ်းချုပ်ဆိုရလျှင် စွမ်းအင်အရင်းအမြစ်များနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းက ပြည်နယ်/တိုင်းဒေသကြီးအဆင့်ရှိ စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံမှုများ ရရှိလာစေရန် ဆွဲဆောင်နိုင်သည်။ (ACORE ၂၀၁၈) ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် မြန်မာပြည်သူလူထု သန်းပေါင်းများစွာကို လျှပ်စစ်ရရှိစေနိုင်ရုံသာမက အလုပ်အကိုင်အခွင့်အလမ်းများ၊ အသက်မွေးကျောင်းလုပ်ငန်းများနှင့် စီးပွားရေး အခွင့်အလမ်းများစွာကိုလည်း ဖန်တီးပေးနိုင်ပါသည်။ (Jarvis et al. ၂၀၁၁)

## ၁.၂။ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို စွမ်းအင်ကဏ္ဍ၌ မည်သို့အကျုံးဝင်ပတ်သက်ပါသလဲ

ယခုအစီရင်ခံစာနှင့် အတူပူးတွဲဖတ်ရှုရမည့် အာရှဖောင်ဒေးရှင်းမှ ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ထုတ်ဝေခဲ့သည့် **မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ အစီရင်ခံစာ-** နိုင်ငံရေး၊ အုပ်ချုပ်စီမံရေးနှင့် ဘဏ္ဍာရေးတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း၏ အဓိကပြဿနာများနှင့် စိန်ခေါ်မှုများကို အသေးစိတ်ဖော်ပြထားသည်။

ဤအစီရင်ခံစာသည်

လက်ရှိအနေဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ထက်ဝက်ကျော် (၅၈ ရာခိုင်နှုန်း) (Eurocham 2017) ရှိပြီး ဖွံ့ဖြိုးတိုးတက်ရန် အဓိကလိုအပ်နေသည့် စွမ်းအင်ကဏ္ဍအတွက်လည်း အလားတူဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းဆိုင်ရာ သဘောတရားများကို အသုံးပြုထားပါသည်။ ဤအစီရင်ခံစာတွင် စွမ်းအင်ဆိုင်ရာ မေးခွန်းများနှင့် ကိစ္စရပ်များကို ကိုင်တွယ်ဆွေးနွေးထားပြီး ယင်းတို့မှာ -

- စွမ်းအင်စနစ် အထူးသဖြင့် လျှပ်စစ်စနစ်နှင့် ပတ်သက်၍ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ အနေဖြင့် မည်သည့်လုပ်ငန်းတာဝန်များကို လုပ်ဆောင်ရမည်နည်း။
- ပြည်ထောင်စုအစိုးရ၏ လုပ်ငန်းဆောင်တာများနှင့် ယင်းတို့၏ လုပ်ပိုင်ခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များ မည်သို့ဆက်စပ်မှုရှိသနည်း။
- စွမ်းအင်ကဏ္ဍတွင် နိုင်ငံရေး၊ အုပ်ချုပ်စီမံမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း အတိုင်းအတာ မည်မျှရှိသနည်း။
- ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအနေဖြင့် မည်သည့်နေရာတွင် ပြုမူလုပ်ဆောင်နိုင်ပြီး မည်သည့် အခွင့်အလမ်းများတွင် အကန့်အသတ်များသနည်း။
- ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးတွင် စွမ်းအင်ကဏ္ဍရင်းနှီးမြှုပ်နှံမှုများ ရွေးချယ်ရာ၌ သူတို့အနေဖြင့် မည်သည့်အခန်းကဏ္ဍမှ ပါဝင်ခွင့်ရှိသနည်း။
- နေစွမ်းအင်သုံး အိမ်တပ်ဆင်စနစ်များနှင့် အသေးစားဓာတ်အားလိုင်းများကဲ့သို့သော မဟာဓာတ်အားလိုင်းကို ဆက်သွယ်ထားခြင်းမရှိသော လိုင်းများအတွက် စည်းမျဉ်းစည်းကမ်းများ ချမှတ်ရာတွင် သူတို့အနေဖြင့် မည်သည့်အခန်းကဏ္ဍမှ ပါဝင်ခွင့်ရှိသနည်း။[3]

## ၁.၃။ နောက်ခံသမိုင်းနှင့် ရည်ရွယ်ချက်များ

စွမ်းအင်ကဏ္ဍကို ပုံဖော်သည့် တွန်းအားများကို နားလည်သဘောပေါက်ရန် ရှိပြီးသား အချက်အလက်၊ အကြောင်းအရာ၊ အစီရင်ခံစာများအား လေ့လာခြင်း (desk research) နှင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ကဏ္ဍအတွင်း ပတ်သက်ဆက်နွယ်သူများစွာနှင့် ခြောက်လကြာ တွေ့ဆုံမေးမြန်းခဲ့သည်များအပေါ် အခြေခံ၍ ယခု အစီရင်ခံစာကို ရေးသားထားပါသည်။ ယင်းတွန်းအားများက ဒေသခံရပ်ရွာအဖွဲ့အစည်းများနှင့် အုပ်စုများကို မည်သို့ အကျိုးသက်ရောက်သည်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများက စွမ်းအင်ကဏ္ဍတွင် ဆုံးဖြတ်ချက်ချမှတ်သည့် တာဝန်များကို မည်သို့ကိုင်တွယ်လုပ်ကိုင်နေကြသည်နှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအနေဖြင့် ယင်းတို့ဒေသ၏ စွမ်းအင်ဆိုင်ရာ အနာဂတ် တိုးတက်ကောင်းမွန်စေရန် လုပ်ဆောင်နိုင်သည့် အာဏာတို့ကို ဖော်ပြထားသည်။

အုပ်ချုပ်စီမံမှုတွင် မြန်မာနိုင်ငံ၏ လက်ရှိစနစ်တွင် သိသာထင်ရှားစွာ တမူထူးခြားသည့်အချက်မှာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများနှင့် အလုပ်လုပ်နေကြသည့် ပြည်နယ်/တိုင်းဒေသကြီးများမှ အစိုးရဝန်ထမ်းများသည် အမှန်တွင် ပြည်ထောင်စုအဆင့် အစိုးရဝန်ထမ်းများဖြစ်ကြပြီး ပြည်ထောင်စုဝန်ကြီးဌာနများသို့ တာဝန်ခံကြရသည်။ ဤနိုင်ငံရေး အခင်းအကျင်းအတွင်း တွေ့ရသည့် လက္ခဏာတစ်ရပ်မှာ မည်သည့်ကြီးမားသည့် စီမံချက်များ၊ စီမံကိန်းများ၊ လုပ်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများကိုမဆို ပြည်ထောင်စုအစိုးရ၏ ကိစ္စရပ်များအဖြစ်သာ သဘောထား သတ်မှတ်လေ့ရှိကြခြင်း ဖြစ်သည်။

ဤသုတေသနသည် ပြည်နယ်များနှင့် တိုင်းဒေသကြီးများအား ထိရောက်သည့် မူဝါဒအကြံဉာဏ်ပေးခြင်းဖြင့် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးကူညီလိုကြသည့် မူဝါဒချမှတ်သူများ၊ အစိုးရအရာရှိများ၊ ကျွမ်းကျင်ပညာရှင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများစသည့် ကျယ်ပြန့်လှသည့် ပရိသတ်များအတွက် ရည်ညွှန်းရေးသားပါသည်။

**ဖော်ပြချက် (၁)။ အဓိကသုတေသနတွင် မေးမြန်းခဲ့သည့် မေးခွန်းများ**

- ပြည်နယ်/တိုင်းဒေသကြီး စွမ်းအင်အာဏာပိုင်အဖွဲ့၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ၊ဥပဒေကြောင်းအရနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်က ဘာလဲ။ စွမ်းအင်ကဏ္ဍတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချလာမည့်ပုံရှိပါသလား။
- ပြည်နယ်/တိုင်းဒေသကြီးများသည် စွမ်းအင်ကဏ္ဍတွင် မည်သည့်နေရာ၌ လွတ်လပ်စွာလုပ်ကိုင်နိုင်ပါသလဲ။
- ဒေသန္တရအဆင့် စွမ်းအင်မူဝါဒ၊ စီမံအုပ်ချုပ်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှုတို့ တိုးတက်ကောင်းမွန်လာစေရေးနှင့်ပတ်သက်၍ မည်သည့် စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့် နည်းဗျူဟာများရှိသလဲ။
- စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် ပုဂ္ဂလိကကဏ္ဍ စွမ်းအင်ရင်းနှီးမြှုပ်နှံမှုကို ပြည်နယ်/တိုင်းဒေသကြီးများက မည်သို့ ဆွဲဆောင်နိုင်မည်နည်း။

## ၁.၄။ သုတေသနပြုလုပ်ခဲ့သည့်နည်းလမ်းများ

သုတေသနအဖွဲ့သည် ရှမ်းပြည်နယ်၊ ရန်ကုန်၊ တနင်္သာရီနှင့် ပဲခူးတိုင်းဒေသကြီးများနှင့် နေပြည်တော်တို့တွင် ခြောက်လကျော်ကြာ (၂၀၁၈ ခုနှစ် မေလမှ အောက်တိုဘာလအထိ) ကွင်းဆင်း သုတေသန ပြုလုပ်ခဲ့ပါသည်။ ဤဒေသများကို ရွေးချယ်ရခြင်းမှာ ပြည်နယ်များနှင့် တိုင်းဒေသကြီးများကို နှိုင်းယှဉ်နိုင်ရန်နှင့် အုပ်ချုပ်စီမံမှုဆိုင်ရာကိစ္စရပ်များ၊ လူဦးရေများ၊ ဆင်းရဲနွမ်းပါးမှု အခြေအနေအမျိုးမျိုး၊ ပထဝီအနေအထားများနှင့် ပဋိပက္ခသမိုင်းများကိုလည်း နားလည်နိုင်စေရန် ဖြစ်သည်။

စာရေးသူသည် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်များတွင် စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ လုပ်ကိုင်နေသော ပြည်နယ်/တိုင်းဒေသကြီးအဆင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပြည်ထောင်စုအဆင့်နှင့်ဌာနခွဲများမှ စွမ်းအင်ဆိုင်ရာ အရာရှိများနှင့် နှစ်နိုင်ငံ အစိုးရများနှင့် နိုင်ငံတကာ အလှူရှင်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံသူများနှင့် စီမံချက်များလုပ်ဆောင်နေသူများ၊ စွမ်းအင်ဆိုင်ရာ အကြံပေးများနှင့် ကျွမ်းကျင်သူများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၇၈ ဦးတို့နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။ တွေ့ဆုံမေးမြန်းခဲ့ရာတွင် စွမ်းအင်ကဏ္ဍ ဆုံးဖြတ်ချက်ချမှတ်မှုတွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ လုပ်ပိုင်ခွင့်အာဏာ၊ အခန်းကဏ္ဍနှင့် လက်တွေ့တွင် မည်သို့လုပ်ကိုင် ဆောင်ရွက်နေသည်ကို အဓိကဦးစားပေး မေးမြန်းခဲ့သည်။ အချပ်ပို (က) တွင် တွေ့ဆုံမေးမြန်းခဲ့သူများ၏ စာရင်းကို တင်ပြထားပါသည်။

အဓိကသုတေသန မေးခွန်းများနှင့် ဆက်စပ်သည့် သတင်းစာဆောင်းပါးများနှင့် မှတ်တမ်းများ၊ စွမ်းအင်ကဏ္ဍမှ အဓိကအစီရင်ခံစာများ ပါဝင်သည့် ရှိပြီးသား အချက်အလက်များကို သုတေသနပြုခြင်း (desk research) က တွေ့ဆုံမေးမြန်းချက်များကို အားဖြည့်ထားသည်။

(ဤအစီရင်ခံစာအတွက်) တွေ့ဆုံမေးမြန်းချက်များသည် စွမ်းအင်ကဏ္ဍ ဆုံးဖြတ်ချက်ချမှတ်မှုတွင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၏ လုပ်ပိုင်ခွင့်အာဏာနှင့် အခန်းကဏ္ဍကို ဗဟိုထား၍ လက်တွေ့တွင် မည်သို့ လုပ်ကိုင်ဆောင်ရွက်နေသည်ကို အဓိကမေးမြန်းခဲ့သည်။

## ၁.၅။ အစီရင်ခံစာ ဖွဲ့စည်းတင်ပြပုံ

ဤမိတ်ဆက်အခန်း အပြီး အခန်း (၂) တွင် စွမ်းအင်ကဏ္ဍ၌ စွမ်းအင်အရင်းအမြစ်များနှင့် ဖြန့်ဖြူးရေး၊ ပြည်နယ်/တိုင်းဒေသကြီး လျှပ်စစ်မီးရရှိမှု၊ တစ်နိုင်ငံလုံး မီးလင်းရေးစီမံချက်၊ နိုင်ငံတော်အဆင့် လျှပ်စစ် တိုးချဲ့ရေးစီမံကိန်းများ၊ စွမ်းအင်ကဏ္ဍတွင် ထောက်ပံ့ငွေပြဿနာနှင့် အလှူရှင်များ၏ အခန်းကဏ္ဍတို့ အပါအဝင် မြန်မာ့စွမ်းအင်ကဏ္ဍကို ခြုံငုံသုံးသပ်တင်ပြထားသည်။ အခန်း (၃) တွင် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ ဥပဒေပိုင်းဆိုင်ရာ မူဘောင်နှင့် လုပ်ပိုင်ခွင့်အာဏာနှင့် ၂၀၁၄ ခုနှစ် လျှပ်စစ်ဥပဒေတို့ကို ဖော်ပြထားသည်။ စွမ်းအင်ကဏ္ဍတွင် ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် လုပ်ဆောင်နေသည့် ပြည်ထောင်စုအဆင့် ဌာနအချို့အကြောင်းကို ရှင်းလင်းဖော်ပြပြီး ဒေသန္တရအဆင့် စွမ်းအင်အုပ်ချုပ်စီမံမှု ဖွဲ့စည်းပုံကိုလည်း ရှင်းပြထားသည်။ အခန်း (၄) တွင် ဤကဏ္ဍ၌ အဖွဲ့အစည်းအတွက် ပြည်နယ်/တိုင်းဒေသကြီးဆိုင်ရာ ဦးစားပေးလုပ်ငန်းများနှင့် အခွင့်အလမ်းများကို ဖော်ပြ၍ တွေ့ဆုံမေးမြန်းချက်များနှင့် မှတ်တမ်းမှတ်ရာများကို သုတေသနပြုထားချက် (desk research) အပေါ်အခြေခံ၍ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ စွမ်းအင်ကဏ္ဍတွင် လက်တွေ့ပါဝင်ရသည့် အခန်းကဏ္ဍများကို သုံးသပ်တင်ပြထားသည်။ နောက်ဆုံး အခန်း (၅) ၌ အဓိကတွေ့ရှိချက်များကို တင်ပြပြီး ပြည်နယ်/တိုင်း ဒေသကြီးအစိုးရများ ကို အကျိုးသက်ရောက်စေသည့် စွမ်းအင်ကိစ္စရပ်များကို စီမံခန့်ခွဲရန် သူတို့၏စွမ်းရည်များ တိုးတက်လာစေရန်အတွက် အကြံပြုချက်များဖြင့် အဆုံးသတ်ထားသည်။

*(ဤအစီရင်ခံစာအတွက်) တွေ့ဆုံမေးမြန်းချက်များသည် စွမ်းအင်ကဏ္ဍ ဆုံးဖြတ်ချက်ချမှတ်မှုတွင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၏ လုပ်ပိုင်ခွင့်အာဏာနှင့် အခန်းကဏ္ဍကို ဗဟိုထား၍ လက်တွေ့တွင် မည်သို့ လုပ်ကိုင်ဆောင်ရွက်နေသည်ကို အဓိကမေးမြန်းခဲ့သည်။*

# အခန်း ၂

# မြန်မာ့စွမ်းအင်ကဏ္ဍကို သုံးသပ်တင်ပြချက်

## ၂.၁။ စွမ်းအင်အရင်းအမြစ်များနှင့် ဖြည့်တင်းမှု

စွမ်းအင်သည် တိုက်ရိုက်ဝန်ဆောင်မှုလုပ်ငန်းတစ်ခုမဟုတ်သော်လည်း မီးထွန်းခြင်း၊ အေးခဲစေခြင်း၊ ချက်ပြုတ်ခြင်း၊ လေအေးစက်အသုံးပြုခြင်းနှင့် သယ်ယူပို့ဆောင်ရေးကဲ့သို့သော ပြည်သူလူထုလိုအပ်သည့် ဝန်ဆောင်မှုများအတွက် လိုအပ်သည်။ စွမ်းအင်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဤအစီရင်ခံစာတွင် ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကနဦးလိုအပ်ချက်တစ်ခုဟု ဆွေးနွေးထားသည်။ (“စွမ်းအင်ကဏ္ဍဆိုတာဘာလဲ” ဖော်ပြချက်တွင်ကြည့်ပါ။)

မြန်မာနိုင်ငံတွင် အသုံးပြုနေသည့် စွမ်းအင်၏ထက်ဝက်ခန့်သည် မိရိုးဖလာ စွမ်းအင်ကဏ္ဍဟု ခေါ်ဆိုကြသည့် - အဓိကအားဖြင့် ချက်ပြုတ်ရန်အတွက်အသုံးပြုသည့် ထင်းလောင်စာ - ဇီဝလောင်စာမှရရှိသည်။ “ခေတ်သစ်” စွမ်းအင်စနစ်၏ အဓိကအမျိုးအစားများမှာ လျှပ်စစ်ထုတ်လုပ်ရန်အသုံးပြုသည့် ရေအားလျှပ်စစ်နှင့် သဘာဝဓာတ်ငွေ့ တို့နှင့် သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသည့် စက်သုံးဆီနှင့်ဓာတ်ငွေ့တို့ဖြစ်သည်။ အချို့မှာ လျှပ်စစ် (၂) ထုတ်လုပ်ရန် အသေးစားဓာတ်အားလိုင်းများတွင် ဒီဇယ်ဂျင်နရေတာစက်များကို အသုံးပြုသည်။

ပုံ (၂)။ မြန်မာနိုင်ငံရှိ ပင်မလျှပ်စစ်အရင်းအမြစ်များ




ရင်းမြစ်။ *MOEE 2018A.*

### ဖော်ပြချက် (၂)။ စွမ်းအင်ကဏ္ဍဆိုတာဘာလဲနှင့် စွမ်းအင်အတွက် စီမံကိန်းရေးဆွဲရန် ဘာကြောင့်လိုအပ်သလဲ

နေ့စဉ်ဘဝများနှင့် လူ့အဖွဲ့အစည်းအတွက် စွမ်းအင်သည် အရေးပါသည့်အခန်းကဏ္ဍတွင် ရှိသည်။ မီးထွန်းခြင်း၊ ချက်ပြုတ်ခြင်း၊ စက်ယန္တရားများနှင့် ယာဉ်ယန္တရားများ ရွေ့လျားသွားလာခြင်းနှင့် ဖုန်းများနှင့် အသုံးအဆောင်ပစ္စည်းများကို အားဖြည့်ခြင်းကဲ့သို့သော ဝန်ဆောင်မှုလုပ်ငန်းများအတွက် စွမ်းအင်လိုအပ်ပါသည်။ စွမ်းအင်ရရှိနိုင်မှုသည် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် တွန်းအားနှင့် စွမ်းဆောင်ပေးနိုင်သည့် အချက်တစ်ချက်ပင် ဖြစ်သည်။

ကောင်းမွန်စွာလည်ပတ်နေသည့် စီးပွားရေးနှင့် လူ့အဖွဲ့အစည်းအတွက် မရှိမဖြစ်အရေးပါသော်လည်း စွမ်းအင်သည် အသုံးပြုစရာ နည်းလမ်းတစ်ခုသာ ဖြစ်ပြီး ခရီးလမ်းဆုံးပန်းတိုင်တော့မဟုတ်ပေ။ စွမ်းအင်ထုတ်ယူခြင်း၊ ထုတ်လုပ်ခြင်းနှင့် သုံးစွဲခြင်းတို့က သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကျိုးဆက်များ ရှိစေနိုင်သည်။ စွမ်းအင်ကို အကျိုးရှိရှိ အသုံးချနိုင်လေ၊ စီးပွားရေးအတွက် ပိုမိုကောင်းမွန်လေဖြစ်ပြီး ကုန်ကျစရိတ်များကို လျှော့ချနိုင်လေလည်း ဖြစ်သည်။ အကန့်အသတ်ရှိသည့် စွမ်းအင်အရင်းအမြစ်များကို ထိန်းသိမ်းနိုင်၍ နစ်နာဆုံးရှုံးမှုများဖြစ်စေနိုင်သည့် အကျိုးဆက်များကိုလည်း လျှော့ချနိုင်သည်။

စွမ်းအင်တွင် ပုံစံမျိုးစုံရှိပြီး ထင်းလောင်စာမှသည် နေရောင်ခြည်၊ ကျောက်မီးသွေး၊ လောင်စာဆီနှင့် လျှပ်စစ်အထိ ရှိသည်။ နေ၊ လေ၊ ကျောက်မီးသွေးနှင့် လောင်စာဆီကဲ့သို့သော တိုက်ရိုက်ရသည့်စွမ်းအင် သို့မဟုတ် သဘာဝစွမ်းအင်ပုံစံများကို ချိတ်ဆက်ခြင်း၊ တူးဖော်ခြင်းနှင့် နောက်ဆုံး အသုံးပြုသူများအတွက် သင့်တော်သည့် လျှပ်စစ် သို့မဟုတ် ဓာတ်ဆီကဲ့သို့သော နောက်ဆုံးစွမ်းအင်အဖြစ်သို့ အသွင်ပြောင်းလဲပေးသည်။ တိုက်ရိုက်စွမ်းအင်မှနောက်ဆုံး အသုံးပြုနိုင်သည့် စွမ်းအင်အဖြစ်သို့ ပြောင်းလဲရာတွင် စွမ်းအင်အချို့မှာ မလွဲမရှောင်သာဘဲ ဆုံးရှုံးမှုရှိကြသည်။ ထို့ကြောင့် နောက်ဆုံး အသုံးပြုနိုင်သည့် စွမ်းအင်အဖြစ်သို့ ပြောင်းလဲ၍ ဖြန့်ဖြူးရာတွင် ထိရောက်စွာ အသုံးချလုပ်ဆောင်နိုင်မှုသည် အရေးကြီးသည့် ထည့်သွင်းစဉ်းစားချက်ဖြစ်သည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ များပြားလာသည့် လိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်ရန်အတွက် စွမ်းအင်စီမံကိန်းရေးဆွဲခြင်းသည် မရှိမဖြစ်လိုအပ်သည်။ စွမ်းအင်အရင်းအမြစ်များကို ရှာဖွေဖော်ထုတ်ရာတွင် သာတူညီမျှ ရရှိခံစားနိုင်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုကဲ့သို့သော မူဝါဒရည်မှန်းချက်များနှင့် ရွေးချယ်စရာနည်းလမ်းများ၊ ကုန်ကျမည့်စရိတ်များနှင့် အကျိုးဆက်များကို သေချာစွာ ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ စီမံကိန်းရေးဆွဲသည့် လုပ်ငန်းစဉ်တွင် ရပ်ရွာအဖွဲ့အစည်းမှ လက်ခံနိုင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိစေနိုင်သည့် နည်းလမ်းများသို့ ရောက်ရှိစေရန် ထိရောက်စွာ ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံခြင်းမျိုး လိုအပ်သည်။

ပုံ (၃)။ စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ထုတ်လုပ်ရေးအတွက် အသုံးပြုသည့် လောင်စာ၏ ပင်မအရင်းအမြစ်များ




ရင်းမြစ်။ *MOEE 2018A*

| | | ရေအား | ဓာတ်ငွေ့ | ကျောက်မီးသွေး | ဒီဇယ် | စုစုပေါင်း |
|---|---|---|---|---|---|---|
| တပ်ဆင်စွမ်းအား (MW) | ပြည်ထောင်စု ဓာတ်အားလိုင်း | ၃၂၂၁ | ၂၁၆၃ | ၁၂၀ | | ၅၅၀၄ |
| | မဟာဓာတ် အားလိုင်း ပြင်ပ | ၃၄ | ၁၂ | | ၉၂ | ၁၃၈ |
| | စုစုပေါင်း | ၃၂၅၅ | ၂၁၇၅ | ၁၂၀ | ၉၂ | ၅၆၄၂ |
| ဓာတ်အားထုတ်လုပ်မှု (GWh) | ဓာတ်အား ထုတ်လုပ်မှု (GWh) | ၁၁,၁၉၀ | ၈၃၄၄ | ၄၅၁ | ၆၉ | ၂၀,၀၅၅ |

ရင်းမြစ်။ *MOEE 2018A*

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ရပ်ရွာအဖွဲ့အစည်းများအတွက် လျှပ်စစ်၏အရေးပါမှု၊ လျှပ်စစ်မီးရရှိမှုနည်းခြင်းနှင့် လျှပ်စစ်မီးလင်းရေးနှင့် လျှပ်စစ်အသုံးပြုမှုတို့တွင် ကြီးမားသည့်ကွာဟမှုများရှိခြင်းကြောင့် စွမ်းအင်၏ ပုံစံတစ်မျိုးဖြစ်သည့် လျှပ်စစ်နှင့်ပတ်သက်၍ အိမ်ထောင်စုများ၊ အဆောက်အအုံများနှင့် စက်ရုံများသို့ ထုတ်လုပ်ခြင်းမှ ဖြန့်ဖြူးသည်အထိကို အဓိက အာရုံစိုက်ထားသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလအတွက် လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာန၏ စွမ်းအင်ကဏ္ဍ အချက်အလက်များအရ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သည့်စွမ်းအင်၏ ၅၈ ရာခိုင်နှုန်းကို ရေအားလျှပ်စစ်ဓာတ်အား စက်ရုံများမှရရှိပြီး သဘာဝဓာတ်ငွေ့လောင်စာသုံး ဓာတ်အားစက်ရုံများမှာ ၃၉ ရာခိုင်နှုန်းဖြစ်သည်။ (ပုံ - ၃)

ရေအားလျှပ်စစ်မှ ၅၆ ရာခိုင်နှုန်းနှင့် သဘာဝ ဓာတ်ငွေ့မှ ၄၁ ရာခိုင်နှုန်းနှင့် အမှန်တကယ်ထုတ်လုပ်သည့် လျှပ်စစ်ပမာဏကို ခွဲခြမ်းစိတ်ဖြာကြည့်လျှင်မူ အတူတူပင်ဖြစ်သည်။ ကျောက်မီးသွေးသည် လက်ရှိအခြေအနေတွင် လျှပ်စစ်ထုတ်လုပ်မှု၏ ၂.၂ ရာခိုင်နှုန်းမျှသာဖြစ်ပြီး ဝေးလံခေါင်ဖျားသည့် ဒေသများရှိ အသေးစား ဓာတ်အားလိုင်းများမှ အသုံးပြုသည့် ဒီဇယ်မှာမူ ၁ ရာခိုင်နှုန်းမျှပင် မရှိချေ။

မြန်မာ့သဘာဝဓာတ်ငွေ့များစွာကို ဓာတ်ငွေ့ပိုက်လိုင်းများဖြင့် ပြည်ပသို့ တင်ပို့လျက်ရှိပြီး ပြည်ပပို့သည့်စွမ်းအင်ပမာဏ၏ လေးပုံသုံးပုံထက်ပင် ပိုသည်။[4]

## ၂.၂။ လျှပ်စစ်မီးလင်းရေးနှင့်ပတ်သက်သည့် စိန်ခေါ်မှု

၂၀၁၆ ခုနှစ် အာဆီယံသတင်းအချက်အလက်များအရ အာဆီယံ ၁၀ နိုင်ငံအနက် ၈ နိုင်ငံတွင် အိမ်ထောင်စုအားလုံး၏ ၈၅ ရာခိုင်နှုန်းကျော်မှာ ဓာတ်အားလိုင်းတစ်ခုနှင့် ချိတ်ဆက်ထားပြီးဖြစ်သည်။ ကျန်နှစ်နိုင်ငံမှာ ၆၆ ရာခိုင်နှုန်းသာ ချိတ်ဆက်ထားသည့် ကမ္ဘောဒီးယားနိုင်ငံနှင့် သုံးပုံ တစ်ပုံမျှသာရရှိနေသေးသည့် မြန်မာနိုင်ငံတို့ဖြစ်သည်။ (ပုံ - ၄ ကိုကြည့်ပါ။) စွမ်းအင်ထုတ်လုပ်မှုစွမ်းရည်ကို ပြသသည့် အစက်လေးများသည် ဓာတ်အား လိုင်းများ၏ ပမာဏကို လွယ်ကူစွာနှိုင်းယှဉ်နိုင်ရန် ရည်ညွှန်းသည့်အစက် တစ်ခုအဖြစ်သာလျှင် ရည်ရွယ်သည်။ ဥပမာ - မြန်မာနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံထက် ထုတ်လုပ်စွမ်းရည် ပို၍များပါသည်။ (၂၀၁၆ ခုနှစ်တွင် ၄၈၀၀ မဂ္ဂါဝပ်နှင့် ၁၉၀၀ မဂ္ဂါဝပ် အသီးသီးဖြစ်ကြသည်။) သို့သော် လျှပ်စစ် မီးရရှိသည့် အိမ်ထောင်စုအရေအတွက်မှာ ထက်ဝက်မျှသာရှိပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၄.၁ သန်းရှိပြီး ကမ္ဘောဒီးယား လူဦးရေမှာ ၁၆.၄ သန်းသာ ရှိသောကြောင့် ကမ္ဘောဒီးယား ထက် မြန်မာမှာ လူဦးရေအဆများစွာ များပြားသည်။[5]

မြန်မာနိုင်ငံ၏ လျှပ်စစ်မီးလင်းမှုသည် တန်းတူညီမျှမှုမရှိသည့် ကိစ္စရပ်တစ်ခု ပင်ဖြစ်သည်။ ပုံ - ၅ တွင် မြန်မာတစ်ဝှမ်းလုံးတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး များ၏ လျှပ်စစ်မီးရရှိမှုအခြေအနေများကို နှိုင်းယှဉ်ပြပြီး လျှပ်စစ်မီးရရှိမှုတွင် လုံးဝညီမျှမှု မရှိသည့်အခြေအနေကို မီးမောင်းထိုးပြနေသည်။ ဥပမာ ရန်ကုန်မြို့ပြဒေသတစ်ခုတည်း၌ပင် နိုင်ငံ၏လျှပ်စစ်စွမ်းအင် အားလုံး၏ ထက်ဝက်ခန့်ကို သုံးစွဲနေပြီး ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၅ ခုမှ ၉ ခုသည် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဆက်သွယ်ထားသည့် အိမ်ထောင်စုများ၏ ၄၀ ရာခိုင်နှုန်းထက် လျော့နည်းလျက်ရှိသည်။

**ပုံ (၄)။ အာဆီယံနိုင်ငံများရှိ လျှပ်စစ်ရရှိမှု နှုန်းထားများနှင့် တပ်ဆင်စွမ်းအား**




*ရင်းမြစ်။ ၂၀၁၆ ခုနှစ် HAPUA လမ်းညွှန်နှင့် စွမ်းအင်ဆိုင်ရာ အာဆီယံစင်တာ http://www. aseanenergy.org/ blog/what-is-the-status-of-energy-infrastructure-in-asean-power-sector/ မှ ဒေါင်းလုတ်ဒ်လုပ်နိုင်သည်။*

ပုံ (၅)။ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ တရားဝင် လျှပ်စစ်မီးရရှိမှုရာခိုင်နှုန်းများ




*ရင်းမြစ်။ လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာန ဝက်ဘ်ဆိုဒ်*
*http://www.moee.gov.mm/mm/ignite/page/80*

## ၂.၃။ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း

မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) တွင် ၂၀၃၀ ခုနစ်၌ မြန်မာနိုင်ငံရှိ အိမ်ထောင်စုအားလုံး ၁၀၀ ရာခိုင်နှုန်း လျှပ်စစ်မီးရရှိရန် ရည်မှန်းထားသည်။ ("အမျိုးသားအဆင့် လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း" စာဖော်ပြချက်တွင် ကြည့်ပါ။) ၂၀၁၄ ခုနစ်တွင် မြန်မာနိုင်ငံသည် အိမ်ထောင်စု ၂.၃ သန်းအတွက် လျှပ်စစ်မီးသွယ်တန်း ပေးနိုင်ခဲ့ပြီး ၁၆ နှစ်တာကာလအတွင်းတွင် အိမ်ထောင်စု ၇.၂ သန်းကို ပိုမို၍ ချိတ်ဆက်ပေးနိုင်ရန် NEP စီမံကိန်းက လျာထားသည်။ NEP ၏ စုစုပေါင်းကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၅.၈ ဘီလီယံဟု ခန့်မှန်းထား၍ အိမ်ထောင်စုတစ်စုကို လျှပ်စစ်မီးသွယ်တန်းရန် ကုန်ကျငွေပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၀၀ ရှိသည်။ (ကမ္ဘာ့ဘဏ် ၂၀၁၆)

### ဓာတ်အားလိုင်းများ တိုးချဲ့သွယ်တန်းရာတွင် ဦးစားပေးလုပ်ဆောင်နိုင်ရန် ပထဝီမြေမျက်နှာပြင်အနေအထားဆိုင်ရာ စီစဉ်မှု

ကမ္ဘာ့ဘဏ်၏ ပံ့ပိုးကူညီမှုဖြင့် ကိုလံဘီယာတက္ကသိုလ်မှ Earth Institute က ပထဝီမြေမျက်နှာပြင်အနေအထားဖြင့် တိုင်းတာ၍ လျှပ်စစ်ဓာတ်အားပေးဝေရေး စီမံကိန်းတစ်ခုကို ရေးဆွဲပြီး အသစ်သွယ်တန်းမှုများ၏ ၉၀ ရာခိုင်နှုန်းသည် ဓာတ်အားလိုင်းများကို အခြေပြုမည်ဟု ခန့်မှန်းခဲ့ကြသည်။ နေစွမ်းအင်သုံး အိမ်သုံးမီးစနစ်များနှင့် အသေးစား ဓာတ်အားလိုင်း လုပ်ငန်းများမှပေးသည့် ဓာတ်အားလိုင်း ပြင်ပသွယ်တန်းမှုများနှင့် ထိန်းညှိရန် လိုအပ်သည်။ (Castalia 2014)

လျာထားချက်ပြည့်မီရန် အိမ်ထောင်စုအသစ်များသို့ သွယ်တန်းပေးမှုကို သုံးဆနီးပါးမျှလုပ်ဆောင်ရန် လိုအပ်ပါသည်။ ၂၀၁၄ ခုနစ်တွင် နှစ်စဉ် သွယ်တန်းပေးမှုမှာ ၁၈၉,၀၀၀ (အိမ်ထောင်စု) ရှိပြီး လာမည့်ဆယ်စုနှစ်များတွင် နှစ်စဉ် ၅၂၀,၀၀၀ အထိ သွယ်တန်းပေးရန် လိုအပ်မည်။ (ပုံ ၆ ကို ကြည့်ပါ။)

ပုံ (၆)။ တစ်နိုင်ငံလုံး မီးလင်းရေးစီမံချက် လမ်းပြမြေပုံအရ လျှပ်စစ်မီးသွယ်တန်းရန် စီမံကိန်းပါအိမ်ထောင်စု အရေအတွက်




ရင်းမြစ်။ *Castalia ၂၀၁၄*

တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေး စီမံကိန်း (NEP) လမ်းပြမြေပုံတွင် ၂၀၁၄ လျှပ်စစ်ဓာတ်အားခ ကောက်ခံရရှိငွေ (ပျမ်းမျှ အမေရိကန်ဒေါ်လာ ၀.၀၃၇/ကီလိုဝပ်) ဖြင့် လျှပ်စစ်မီးရရှိရေး စီမံကိန်းတွင် အမေရိကန်ဒေါ်လာ ၂.၁ ဘီလီယံမျှ လိုငွေပြမည်ဟု မှတ်ချက်ပေးထားသည်။ လမ်းပြမြေပုံက အစိုးရအနေဖြင့် အိမ်သုံးလျှပ်စစ်မီတာခကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၀.၀၅/ကီလိုဝပ်၊ ၃၅ ရာခိုင်နှုန်းခန့် တိုးမြှင့်ကောက်ခံရန် လိုအပ်နေသည်ဟု ဖော်ပြထားသည်။ (Castalia 2014).

တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေး စီမံကိန်း (NEP) လမ်းပြမြေပုံတွင် မဟာဓာတ်အားလိုင်းများ တိုးချဲ့သွယ်တန်းလျက် ၂၀၃၀ ခုနှစ်တွင် အိမ်ထောင်စုအားလုံး၏ ၉၉ ရာခိုင်နှုန်း မီးရရှိရန် ရည်မှန်းထားသည်။ ဤသုတေသနအတွက် တွေ့ဆုံမေးမြန်းခဲ့ရာတွင် စီးပွားရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အကြောင်းပြချက်နှစ်ရပ်လုံးကြောင့် ဤရည်မှန်းချက် ပြည့်မီနိုင်ပါမည်လားဟု သံသယရှိနေကြသည်။ ဖြေဆိုသူအများအပြားက အစိုးရအနေဖြင့် ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်နိုင်လိမ့်မည် မဟုတ်ဟု ယုံကြည်ကြသည်။ စွမ်းအင်အကြီးတန်းအရာရှိကြီးတစ်ဦးက အိမ်ထောင်စုများ၏ ၉၄ ရာခိုင်နှုန်းခန့်သာ အများဆုံးရောက်ရှိနိုင်မည်ဖြစ်ပြီး အသေးစားဓာတ်အားလိုင်းများနှင့် မဟာဓာတ်အားလိုင်းအား ချိတ်ဆက်ရန် နည်းဗျူဟာတစ်ခုလိုအပ်သည်ဟု ထင်မြင်သည်။ နိုင်ငံတကာ စွမ်းအင်ပညာရှင်တစ်ဦးက "ရိုးရိုးသားသားပြောရရင်၊ မြန်မာရဲ့နေရာတိုင်းကို ပင်မဓာတ်အားလိုင်း တိုးချဲ့ဖို့ ထပ်ထပ်တိုးလာတဲ့ ကုန်ကျစရိတ်တွေက အဓိပ္ပာယ်လဲမရှိဘူး။ ခင်ဗျားလဲ အဲဒီအတွက် မပေးနိုင်ဘူး" ဟု ရိုးရှင်းစွာ ပြောကြားခဲ့သည်။

တစ်နိုင်ငံလုံးမီးလင်းရေး အစီအစဉ် (NEP) အတွက် ပထဝီမြေမျက်နှာပြင်ဆိုင်ရာ ဆန်းစစ်လေ့လာချက်ကို ကိုလံဘီယာတက္ကသိုလ်မှ ပြုလုပ်ခဲ့ပြီး ၂၀၁၂ ခုနှစ် အချက်အလက်များကို အသုံးပြုခဲ့သည်။ ယင်းအချိန်မှစ၍ အစိုးရအနေဖြင့် ရွာများအတွက် ပို၍ကောင်းမွန်သည့် ပထဝီမြေမျက်နှာပြင် အနေအထားဆိုင်ရာ အချက်အလက်များကို ရရှိခဲ့သည်။ ထိုအချိန်က ရွာများ၏ ၆၅-၇၀ ရာခိုင်နှုန်းခန့်အတွက် မြေမျက်နှာပြင်ဆိုင်ရာ အချက်အလက်များရှိခဲ့ပြီး ယခုအခါ MIMU နှင့် OneMap လုပ်ငန်းစဉ်များမှ အချက်အလက်များကြောင့် ရွာများ၏ ၈၅ ရာခိုင်နှုန်းခန့်အထိ ကိန်းဂဏန်းမြင့်တက်လာခဲ့သည်။[6] ရွာအသီးသီးအတွက် လူမှုစီးပွားအဆင့်အတန်းဆိုင်ရာ အချက်အလက်များ (SES data) ရှိပြီး လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနက ဓာတ်အားလိုင်းကို တိုးချဲ့သွယ်တန်းသည့် ပကတိမြေပြင်အခြေအနေများကို ပေးနိုင်ရန် ဓာတ်အားလိုင်းခွဲ အသေးစားနှင့်အလတ်စားများနှင့် ပတ်သက်သည့် မြေမျက်နှာပြင်ဆိုင်ရာ အချက်အလက်များကို ဖြည့်စွက်ပေးနေသည်။ လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနနှင့် International Growth Center (IGC) တို့က အချက်အလက်များကို ဆက်လက်တင်ပြ သတင်းပေးပို့မည်ဖြစ်သည်။

## ၂.၄။ ရင်းနှီးမြှုပ်နှံမှု နယ်ပယ်တစ်ခုလုံးအတွင်းရှိ စွမ်းအင်ဖွံ့ဖြိုးမှု

စွမ်းအင်သည် မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၌ အကြီးမားဆုံး အစိတ်အပိုင်းဖြစ်ပြီး ၁၉၈၈ - ၂၀၁၇ ခုနှစ်များအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအားလုံး၏ ထက်ဝက်ကျော် (၅၈ ရာခိုင်နှုန်း)ကို ဆွဲဆောင်နိုင်ခဲ့သည်။ (ပုံ - ၇ ကိုကြည့်ပါ။) ဤစွမ်းအင်ကဏ္ဍရင်းနှီးမြှုပ်နှံမှု ၏ ထက်ဝက်နီးပါးသည် လျှပ်စစ်ကဏ္ဍအတွက်ဖြစ်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု ၁၄ ခုအတွက် အမေရိကန်ဒေါ်လာ ၂၀.၁ ဘီလီယံရှိခဲ့သည်။ အများစုမှာ ရေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းကြီးများဖြစ်ပြီး မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ပိုင်ခွင့်ပေးပြီးနောက် ၂၀၁၀-၁၂ ခုနှစ်များအတွင်းတွင် ရင်းနှီးမြှုပ်နှံခဲ့မှုမှာ

ပုံ (၇)။ မြန်မာနိုင်ငံရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ၁၉၉၈ - ၂၀၁၇




ရင်းမြစ်။ *DICA data and statistics cited in Eurocham 2017*

ပုံ (၈)။ မြန်မာ့လျှပ်စစ်ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ၁၉၉၈ - ၂၀၁၈




ရင်းမြစ်။ *DICA data and statistics cited in Eurocham 2017*

၆၀ ရာခိုင်နှုန်းကျော်ဖြစ်သည်။ ပုံ - ၈ တွင် ၂၀၀၅ - ၀၆ နှင့် ၂၀၁၀ - ၁၂ တို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာမှုအခြေအနေကို ပြသထားသည်။

စွမ်းအင်ကဏ္ဍတွင် လက်ရှိနှင့် စီစဉ်ထားရှိမှုတို့ကို ရင်းနှီးမြှုပ်နှံမှုအတိုင်း အတာများကိုကြည့်လျှင် ဤကဏ္ဍသည် ယခုအချိန်ထိ သုံးစွဲမှုတွင် အခြေခံ အဆောက်အဦ၏ အကြီးမားဆုံးဝေစုဖြစ်နေသေးသည်မှာ ထင်ရှားပါသည်။ သို့သော် ဤအသုံးစရိတ်မှာ အရှေ့တောင်အာရှရှိ အခြားနိုင်ငံများနှင့်မှု ကွာခြားနိုင်ပါသည်။ ဥပမာ - မြန်မာနိုင်ငံသည် စိုက်ပျိုးရေး နိုင်ငံတစ်နိုင်ငံ ဖြစ်ပြီး လူဦးရေ ပြန့်ကျဲနေထိုင်မှုများကြောင့် အကြီးစားစက်မှုဖွံ့ဖြိုးတိုးတက် မှုတွင် စွမ်းအင်ကဏ္ဍရင်းနှီးမြှုပ်နှံမှုသည် အနာဂတ်အစီအစဉ်တစ်ခုဖြစ် ချင်မှဖြစ်လိမ့်မည်။ တစ်ချိန်တည်းမှာပင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန် အဟုန်မြှင့်ရန် ပြည်နယ်/တိုင်းဒေသကြီးအဆင့် စွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံ လာအောင် ဆွဲဆောင်ရန်နှင့် ဤလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ်ဖြင့် မိမိတို့နယ်မြေအတွင်း စွမ်းအင်ကဏ္ဍစီမံကိန်းရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းတွင် စီမံခန့်ခွဲနိုင်ရန်စွမ်းရည်များ မြှင့်တင်ပေးရန်လည်း လိုအပ် ပါသည်။

## "ဓာတ်အားလိုင်းမှမီးမရမီ လျှပ်စစ်မီးလင်းခြင်း" စီမံကိန်း - မဟာဓာတ်အားလိုင်း ပြင်ပအစီအစဉ်

ဓာတ်အားလိုင်းတိုးချဲ့ရန်အတွက် ဘတ်ဂျက်မှာအကန့်အသတ်မရှိခြင်း မျိုးမဟုတ်ချေ။ တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေးစီမံကိန်း (NEP) သည် နေစွမ်းအင်သုံး အိမ်မီးစနစ်များ၊ နေရောင်ခြည်ဘက်ထရီသွင်းခြင်းနှင့် အသေးစား ဓာတ်အားလိုင်းစနစ်များကဲ့သို့သော ဓာတ်အားလိုင်းမှ မဟုတ်သည့်နည်းလမ်းများနှင့် လျှပ်စစ်ပေးခြင်းကို "ဓာတ်အားလိုင်းမှ မီးမရမီ လျှပ်စစ်မီးလင်းရေး (preelectrification)" ဟုခေါ်ဆိုပြီး အသုံးစရိတ်၏ ၃-၄ ရာခိုင်နှုန်းခန့်ကို လျာထားထားသည်။ ဤဓာတ်အားလိုင်းမှ မဟုတ်သည့်နည်းဖြင့် လျှပ်စစ်မီးပေးဝေရေးကို ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ အိမ်ထောင်စုပေါင်း ၄၉၂,၅၀၀ ခန့်ကို ပေးနိုင်ရန် စီစဉ်လျက်ရှိသည်။ (ကမ္ဘာ့ဘဏ် ၂၀၁၅) နေရောင်ခြည်စွမ်းအင်သုံးစနစ်များ (photovoltaic systems) ဖြင့် စွမ်းအင်ပေးနိုင်သည့် အသေးစားဓာတ်အားလိုင်းများ တည်ဆောက်ခြင်းကို ပိုစိတ်ဝင်စားလာစေရန် တိုက်တွန်းအားပေးလျက်ရှိပြီး လာမည့်နှစ်များတွင် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသတွင် စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အရင်းအမြစ်တစ်ခု ဖြစ်လာမည့်ပုံ ရှိသည်။ (ဓာတ်အားလိုင်းပြင်ပစီမံကိန်းများနှင့်ပတ်သက်၍ ပို၍ဆွေးနွေးထားချက်များကို အပိုင်း - ၄.၃ တွင် ကြည့်ပါ။)

### ဖော်ပြချက် (၃)။ မြန်မာနိုင်ငံ၏ တစ်နိုင်ငံလုံးမီးလင်းရေး စီမံကိန်း (NEP)

တစ်နိုင်ငံလုံး မီးလင်းရေးစီမံကိန်းအတွက် မြန်မာအစိုးရသည် ကမ္ဘာ့ဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၀၀ ချေးယူခဲ့ပါသည်။ ချေးငွေတွင် အဓိကအပိုင်း နှစ်ပိုင်းပါရှိသည်။

- ဓာတ်အားလိုင်း တိုးချဲ့တပ်ဆင်ခြင်း (အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၀၀) ဤငွေကြေးပမာဏသည် ပင်မဓာတ်အားလိုင်းတိုးချဲ့တပ်ဆင်ရန် ပစ္စည်းများနှင့်ဝန်ဆောင်မှုများ ဝယ်ယူရေးအတွက်ဖြစ်သည်။
- ဓာတ်အားလိုင်း ပြင်ပအစိတ်အပိုင်း (အမေရိကန်ဒေါ်လာ သန်း ၈၀) ဤငွေကြေးပမာဏသည် နေရောင်ခြည်စွမ်းအင်သုံး စနစ်များ၊ ကျေးရွာအတွက် အသေးစားဓာတ်အားလိုင်းများ၊ ကျန်းမာရေးဆေးပေးခန်းများအတွက် လျှပ်စစ်ဓာတ်အားပေးခြင်းနှင့် အများပြည်သူသုံး လမ်းမီးများအတွက် ဓာတ်အားလိုင်းပြင်ပ လျှပ်စစ်ပေးရန်အတွက် ဖြစ်သည်။

ကျန်ရှိသည့် ချေးငွေ (အမေရိကန်ဒေါ်လာ သန်း ၂၀) သည် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် စီမံချက်စီမံခန့်ခွဲရေးအတွက် ဖြစ်သည်။ ချေးငွေကာလသည် ၂၀၂၁ ခုနှစ်အထိဖြစ်ပြီး သတ်မှတ်ချက်အားလုံးမှာ အောက်ပါအတိုင်းဖြစ်သည်။

- ပြည်သူလူထုများအတွက် ရှိပြီးသား လျှပ်စစ်ဓာတ်အားပေးဝေမှု တိုးတက်ကောင်းလာခြင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်းအသစ်များ တပ်ဆင်ပေးခြင်း = ၅.၇ သန်း
  - ဓာတ်အားလိုင်းဆက်သွယ်ချိတ်ဆက်ခြင်း = ၃.၂ သန်း
  - ဓာတ်အားလိုင်းပြင်ပ/အသေးစားဓာတ်အားလိုင်း/ပြန်ပြည့်မြဲစွမ်းအင်အရင်းအမြစ်များ = ၂.၃ သန်း
  - ဓာတ်အားလိုင်းပြင်ပ/အသေးစားဓာတ်အားလိုင်း/ပြန်လည်မရရှိနိုင်သည့် အရင်းအမြစ်များ = ၀.၂ သန်း
- ရပ်ရွာအတွင်း လျှပ်စစ်ဓာတ်အားလိုင်း ဆက်သွယ်မှုများ
  - ဓာတ်အားလိုင်းဆက်သွယ်ချိတ်ဆက်ခြင်း = ၁၀,၀၀၀
  - ဓာတ်အားလိုင်းပြင်ပ/အသေးစားဓာတ်အားလိုင်း/ပြန်ပြည့်မြဲစွမ်းအင်အရင်းအမြစ်များ = ၁၁,၄၀၀
- အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများ မီးလင်းရေး
  - ဓာတ်အားလိုင်းဆက်သွယ်ချိတ်ဆက်ခြင်း = စနစ်ပေါင်း ၁၁၃,၀၀၀
  - ဓာတ်အားလိုင်းပြင်ပ = စနစ်ပေါင်း ၁၉,၀၀၀
  - ဖြန့်ဖြူးရေးလိုင်းများ တည်ဆောက်ရန် = ၂၀,၇၀၀ ကီလိုမီတာ
  - ထရန်စဖော်မာ တပ်ဆင်မှု = ၇၃၅,၀၀၀

*ရင်းမြစ်။ ကမ္ဘာ့ဘဏ် ၂၀၁၅*

ပုံ (၉)။ ၂၀၃၀ အထိ လိုအပ်ချက်ကို ခန့်မှန်းတွက်ချက်သည့် စွမ်းအင်ဆိုင်ရာမဟာဗျူဟာနှင့် အမှန်တကယ် ထုတ်လုပ်နိုင်မှုစွမ်းအင်




ရင်းမြစ်။ *MOEE 2018A for generating capacity and NEMC 2015 for demand scenarios*

## ၂.၅။ ဓာတ်အားလိုင်းတိုးချဲ့ခြင်းစီမံကိန်း

### စွမ်းအင်ထုတ်လုပ်မှု စွမ်းရည်တည်ဆောက်ခြင်း

၂၀၁၈ ခုနှစ်နှောင်းပိုင်းတွင် မြန်မာနိုင်ငံသည် တပ်ဆင်စွမ်းအား ၅၅၀၀ မဂ္ဂါဝပ်ခန့် (ပုံ ၉) ရှိခဲ့ပြီး အမြင့်မားဆုံးလိုအပ်ချက်မှာ ၃၃၀၀ မဂ္ဂါဝပ်ခန့်မျှသာရှိသည်။ ဤမျှကွာဟရသည့် အကြောင်းရင်းမှာ မြန်မာနိုင်ငံ၏ လျှပ်စစ်ထုတ်လုပ်မှု စွမ်းအင်အများစုမှာ နှစ်တစ်နှစ်၏အချိန်အတော်များများတွင် ရေနည်းသည့်အတွက် စွမ်းအင်ထွက်ရှိမှု နည်းပါးသည့် “ထုတ်လုပ်သည့် ပျမ်းမျှစွမ်းအင်ပမာဏ” နည်းပါးသော ရေအားလျှပ်စစ်ကြောင့်ဖြစ်သည်။ ယခင်အစိုးရလက်ထက်က စွမ်းအင်ပမာဏလိုအပ်ချက်မြင့်မားလာမှုကို ဖြည့်ဆည်းနိုင်ရန် ကျောက်မီးသွေးသုံး ဓာတ်အားစက်ရုံများတည်ဆောက်ရန် ပုဂ္ဂလိက စွမ်းအင်ထုတ်လုပ်သူ (IPPs) များစွာက ကမ်းလှမ်းခဲ့ဖူးသည်။ စုစုပေါင်း ကျောက်မီးသွေးစက်ရုံ ၁၁ ခုကို သဘောတူခွင့်ပြုပေးခဲ့သည်။ လူထု၏ကန့်ကွက်ဆန္ဒပြမှုများ ကြောင့် ယင်းစီမံချက်များကို ရပ်တန့် ခဲ့ရသည်။ ဥပမာ - ရပ်ရွာလူမှုအဖွဲ့ အစည်း ၆၀-၇၀ က လက်မှတ်ထိုး ကန့်ကွက်ခဲ့သည်။ ယနေ့အထိ ကျောက်မီးသွေး ဓာတ်အားစက်ရုံ ၁၁ ခုတွင် တစ်ခုသာလျှင် လည်ပတ် လျက်ရှိသည်။[7]

၂၀၁၈ ခုနှစ်တွင် လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနမှ ကြေညာခဲ့သော စီမံချက်စာရင်းများအရ ကျောက်မီးသွေးသည် စာရင်းတွင် ကြီးမားသည့် အခန်းကဏ္ဍတစ်ခုတွင် ရှိနေပုံမရချေ။ အချပ်ပို (ဂ) ၏ ဇယား ၁၁ တွင် အတည်ပြုပြီးသည့် စီမံချက်များနှင့် ဆက်လက်လုပ်ဆောင်မည့် အနေအထားရှိသည်ဟု ညွှန်ပြထားသည့် လျှပ်စစ်/စွမ်းအင်ဝန်ကြီး ဌာနမှ လုပ်ငန်းအစီအစဉ်ကို ပြသထားသည်။ (အစိုးရနှင့် သဘောတူ စာချုပ်လက်မှတ်ထိုးပြီးသားဟု အကြမ်းဖျင်း သတ်မှတ်နိုင်သည့်အဓိပ္ပာယ် ရပါသည်။) မဂ္ဂါဝပ် ၁၂,၇၀၀ ခန့်မျှရှိသည့် လျှပ်စစ်ဓာတ်အား စက်ရုံ စီမံချက်များတွင် ထက်ဝက်ကျော်မျှသည့် “ခွင့်ပြုချက်ရပြီးသား” (ဆိုလိုသည်မှာ အကြမ်းဖျဉ်းအားဖြင့် ဆက်လက်လုပ်ဆောင်ခွင့်ကျထားပြီး) နှင့် ထက်ဝက်ခန့်မှာ လုပ်ငန်းလုပ်ဆောင်နိုင်မည့်အခြေအနေရှိ၊ မရှိ ဆန်းစစ်ချက်များ လုပ်ဆောင်နေသည်။

ပုံ (၁၀) တွင် လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနမှ လုပ်ဆောင်မည့်လုပ်ငန်းများဇယားအား စီမံချက်များအား အသုံးပြုမည့် လောင်စာအမျိုးအစားအလိုက် ခွဲခြားဖော်ပြထားသည်။

- လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနမှ လုပ်ဆောင်မည့်လုပ်ငန်းဇယားတွင် လျှပ်စစ်ထုတ်လုပ်ရေးစက်ရုံစီမံချက်များ၏ ၈၀ ရာခိုင်နှုန်းသည် သဘာဝဓာတ်ငွေ့ကို အသုံးပြုမည်။
- ဆယ့်ငါးရာခိုင်နှုန်းမှာ ရေအားလျှပ်စစ်ကို သုံးမည်။
- ငါးရာခိုင်နှုန်းမှာ နေစွမ်းအင်သုံး စီမံချက်များဖြစ်သည်။

မြင့်မားလာသည့် လိုအပ်ချက်များပြည့်မီနိုင်ရန် အစိုးရအနေဖြင့် သဘာဝဓာတ်ငွေ့အပေါ် ရင်းနှီးမြှုပ်နှံထားသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် နောက်သုံးနှစ်အတွင်း သဘာဝဓာတ်ငွေ့ရည် (LNG) ကို အသုံးပြု၍ သဘာဝဓာတ်ငွေ့လောင်စာသုံး မဂ္ဂါဝပ် ၃၀၀၀ ဓာတ်အားစက်ရုံများတည်ဆောက်ရန် ပထမဦးစားပေး အလေးထားမည့် စီမံကိန်းအဖြစ်ကြေညာခဲ့သည်။ (Shin ၂၀၁၈) သဘာဝဓာတ်ငွေ့အရည် (LNG) ထက် ပို၍ ဈေးသက်သာနိုင်သည့် ပြည်တွင်းသဘာဝဓာတ်ငွေ့သည် ၂၀၂၃ ခုနှစ်တွင် စတင်၍ ပြည်တွင်းဈေးကွက်တွင်းသို့ စတင်ဝင်ရောက်သင့်သည်။ (ထွေး 2018 B)

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့က လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနသည် ဆက်လက်လုပ်ဆောင်ရန် ညွှန်ကြားချက် (NTP) ကို အသုံးပြု၍ သဘာဝဓာတ်ငွေ့/ဓာတ်ငွေ့ရည် စွမ်းအင်စီမံကိန်းကြီး လေးခုကို သဘောတူခွင့်ပြုခဲ့သည်။[8] တွေ့ဆုံမေးမြန်းခဲ့သူအချို့က “အရေးပေါ် 3 GW သဘာဝဓာတ်ငွေ့ စီမံကိန်း” နှင့်ပတ်သက်၍ ယင်းကိုအကောင်အထည် ဖော်ဆောင်ရွက်

မည့်ပုံ၊ ရေရှည်ငွေကြေးရရှိနိုင်မှု အခြေအနေနှင့် နိုင်ငံတော်ဘတ်ဂျက်အတွက် ယင်းစီမံချက်များ၏ ရေရှည်အကျိုးဆက်များအပေါ် စိုးရိမ်ပူပန်မှုရှိကြောင်း ပြောဆိုကြသည်။[9]

ဓာတ်အားထုတ်လုပ်မှု အစီအစဉ်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ပိုမိုသိရှိနိုင်ရန် အချပ်ပို (ဂ) ကို ကြည့်ပါ။

ပုံ (၁၀)။ လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနမှ မပြီးပြတ်သေးသည့် စီမံချက်များအား လောင်စာအမျိုးအစားအလိုက် ခွဲခြားပြထားပုံ[10]



ရင်းမြစ်။ *MOEE 2018A*

## ဓာတ်အားပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းအစီအစဉ်များ

လျှပ်စစ်ဥပဒေအရ ဓာတ်အားပို့လွှတ်သည့် လိုင်းများသည် ပြည်ထောင်စုအစိုးရ၏တာဝန်ဖြစ်ပြီး ယင်းအချက်ကို မေးမြန်းခဲ့သူများက ပုဂ္ဂလိကကဏ္ဍကို ဖယ်ထားသည့်အတွက် ရင်းနှီးမြှုပ်နှံမှုတွင် အကန့်အသတ်တစ်ခုအဖြစ် ရှုမြင်ကြသည်။ ပြည်ထောင်စုအဆင့် လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနမှ အရာရှိများက ငွေကြေးပံ့ပိုးသည့် အလှူရှင်များထံမှ ငွေလုံးငွေရင်းဖြင့်ပင်လျှင် အနာဂတ်လိုအပ်ချက်ပြည့်မီရန် မဟာဓာတ်အားလိုင်းကို အားဖြည့်ရန် ၅၀၀ ကေဗွီနှင့် ၂၃၀ ကေဗွီဓာတ်အားပို့လွှတ်သည့်လိုင်းများကို ရင်းနှီးမြှုပ်နှံမည့်သူများ အရေးတကြီး လိုအပ်နေသည်ဟု ထောက်ပြကြသည်။ ဖြေဆိုသူတစ်ဦးကမူ ၂၀၁၈ ခုနှစ်ကုန်ပိုင်းတွင် ဓာတ်အားလိုင်း ပို့လွှတ်မှုတွင် ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုရန်အတွက် ဥပဒေကို ပြုပြင်ပြောင်းလဲရန် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်ကြီးများအသင်း (UMFCCI) တွင် ဆွေးနွေးပွဲများပြုလုပ်ခဲ့သည်ဟု ဆိုပါသည်[11]။

ဓာတ်အားပို့လွှတ်မှုနှင့် ဖြန့်ဖြူးခြင်းအစီအစဉ်များအတွက် သတင်းအချက်အလက်များပိုမိုရရှိရန်အတွက် အချပ်ပို ဂ တွင် ကြည့်ပါ။

## ၂.၆။ စွမ်းအင်ကဏ္ဍတွင် အလှူရှင်များ၏ အခန်းကဏ္ဍ

နိုင်ငံတကာငွေကြေးကူညီပံ့ပိုးသည့်အဖွဲ့အစည်းများ (အလှူရှင်များ) နှင့် ငွေကြေးအဖွဲ့အစည်းများသည် မြန်မာအစိုးရအား စွမ်းအင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများတွင် အထူးသဖြင့် ဓာတ်အားပို့လွှတ်မှုနှင့် ဖြန့်ဖြူးမှုဆိုင်ရာ အခြေခံအဆောက်အဦများကို အားဖြည့်ခြင်းနှင့် တိုးချဲ့ခြင်းတို့ဖြင့် ငွေကြေးပံ့ပိုးရန် တန်ဖိုးကြီးလှသည့် ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးလျက်ရှိသည်။ မူဝါဒဆိုင်ရာအကြံဉာဏ်၊ နည်းပညာပံ့ပိုးမှုနှင့် ရင်းနှီးမြှုပ်နှံမှုအားလုံးနီးပါးကို နိုင်ငံတော်အဆင့်တွင် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ အထူးသဖြင့် လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနမှတစ်ဆင့် လုပ်ဆောင်ပေးလျက်ရှိပြီး နှင့် မဟာဓာတ်အားလိုင်း ပြင်ပစွမ်းအင်ရရှိမှုအတွက်မူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MOALI) ၏ ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနမှတစ်ဆင့် ပံ့ပိုးလျက်ရှိသည်။

ဤကြီးမားသည့် အလှူရှင်များ၏ ပံ့ပိုးမှုက အဖွဲ့အစည်းများကို ပုံဖော်ပေးလျက်ရှိသည်။ ဥပမာ လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနသည် တစ်နိုင်ငံလုံးလျှပ်စစ်မီးလင်းရေးစီမံချက်မှ ပင်မဓာတ်အားလိုင်းတိုးချဲ့ရန် ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကိုရယူထားပြီး မဟာဓာတ်အားလိုင်းပြင်ပ နေစွမ်းအင်သုံး အိမ်မီးစနစ်များနှင့် အသေးစားဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်ရန် ကမ္ဘာ့ဘဏ်ရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန (DRD) မှလုပ်ဆောင်လျက်ရှိပါသည်။

ပုံမှန်လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ အစည်းအဝေးကို လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနမှ ကျင်းပပြီး ၂၀၁၈ ခုနှစ်ဩဂုတ်လတွင် လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနနှင့် အလှူရှင်များကလည်း စွမ်းအင်ကဏ္ဍအတွက် မဟာဗျူဟာကျသည့် ဦးစားပေးလုပ်ငန်းများကို အောက်ပါအတိုင်း သဘောတူညီခဲ့ကြသည်။

- ကဏ္ဍ၏ ငွေကြေး အမြတ်အစွန်းနှင့် ကုန်ကျစရိတ်ကာမိသည့် အခြေအနေ တိုးတက်ကောင်းမွန်လာရန်
- လျှပ်စစ်ဓာတ်အား တပ်ဆင်ပေးနိုင်သည့်အတိုင်းအတာကို အရှိန်အဟုန်မြှင့်လုပ်ဆောင်ရန်
- ထိရောက်အကျိုးရှိပြီး လုံလောက်သည့် ရင်းနှီးမြှုပ်နှံမှုမျိုးဖြစ်စေရန်

ယင်းအချက်များအားလုံးသည် ပြည်ထောင်စုအဆင့် ဦးစားပေးလုပ်ငန်းများဖြစ်ပြီး ယင်းတို့အနက် မည်သည့်အချက်ကမှ စွမ်းအင်မူဝါဒ၊ ရင်းနှီးမြှုပ်နှံမှု၊ အကောင်အထည်ဖော်မှုနှင့် ကြီးကြပ်ကွပ်ကဲမှုတို့တွင် ပြည်နယ်/တိုင်းဒေသကြီးများ၏ အခန်းကဏ္ဍနှင့်ပတ်သက်သည့်အချက်များမပါဝင်သည်ကို သတိပြုစေလိုသည်။

မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် နိုင်ငံတကာငွေကြေး ပံ့ပိုးသည့်အလှူရှင်အဖွဲ့အစည်းများ၏ ပံ့ပိုးမှုကို အချပ်ပို (ဃ) တွင် အကျဉ်းချုပ်ဖော်ပြထားသည်။

## ၂.၇။ စွမ်းအင်ထောက်ပံ့ငွေ ပြဿနာ

၂၀၃၀ ခုနှစ်တွင် ၁၀၀ ရာခိုင်နှုန်း မီးလင်းနိုင်ရေးအတွက် ယင်းတို့၏ကတိကဝတ်များနှင့် ဝိရောဓိဖြစ်နေပြီး အခက်အခဲတစ်ခုနှင့် ရင်ဆိုင်နေကြရသည့် အချက်မှာ လျှပ်စစ်မီတာခ လျှော့ချကောက်ခံရသည့် ငွေကြေးမှာ ပြည်ထောင်စု ဓာတ်အားလိုင်းတွင် အိမ်ထောင်စုအသစ်များကို ဆက်လက်ထည့်သွင်းခြင်းဖြင့် တဖြည်းဖြည်း ပို၍များလာမည့်ကိစ္စပင်ဖြစ်သည်။ ရောင်းချလိုက်သည့် ဓာတ်အားတစ်ယူနစ်ချင်းအတွက် ငွေကြေးဆုံးရှုံးမှုများဖြစ်နေရာ ဓာတ်အားလိုင်းသွယ်တန်းပေးနိုင်သည့် အိမ်ထောင်စုများလေလေ စွမ်းအင်/လျှပ်စစ်ဝန်ကြီးဌာန၏ အကြွေးပိုများလေလေ ဖြစ်လာနိုင်သည်။ (သန့် 2018A)

မြန်မာနိုင်ငံသည် အာဆီယံတွင် လျှပ်စစ်မီတာခကောက်ခံမှုအနည်းဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်။ အိမ်သုံးမီတာခမှာ ပထမအသုံးပြုသည့် ယူနစ် ၁၀၀ အတွက် မြန်မာကျပ်ငွေ ၃၅ ကျပ် (အမေရိကန်ဒေါ်လာဖြင့် ၂.၃ ဆင့်)၊ ဒုတိယယူနစ် ၁၀၀ အတွက် မြန်မာကျပ်ငွေ ၄၀ ကျပ် (အမေရိကန်ဒေါ်လာဖြင့် ၃ ဆင့်) နှင့် နောက်ထပ်တိုးသုံးစွဲသည့် ကီလိုဝပ်များအတွက် မြန်မာကျပ်ငွေ ၅၀ ကျပ် (အမေရိကန်ဒေါ်လာဖြင့် ၃.၃ ဆင့်) ဖြစ်သည်။ မီတာခကောက်ခံသည့် ငွေပမာဏမှာ ထုတ်လုပ်ရန် ကုန်ကျငွေအတွက်ပင်ကောင်းစွာမလုံလောက်ချေ။ ၂၀၁၈ ခုနှစ်အစောပိုင်းက ကီလိုဝပ် တစ်ယူနစ်ပေးရန် ပျမ်းမျှကုန်ကျငွေမှာ မြန်မာကျပ်ငွေ ၁၀၉ ကျပ် (အမေရိကန်ဒေါ်လာ ၇.၂ ဆင့်)မျှဖြစ်ပြီး အစိုးရအနေဖြင့် အိမ်သုံးမီတာအသုံးပြုသူများအား တစ်ယူနစ်ရောင်းချတိုင်း မြန်မာကျပ်ငွေ ၅၉ - ၇၄ ကျပ် ဆုံးရှုံးသည့်အဓိပ္ပာယ်ဖြစ်သည်။ (de Langre ၂၀၁၈)

၂၀၁၇ - ၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်ထုတ်လုပ်မှုအတွက် ခန့်မှန်းထားသည့် ငွေကြေးဆုံးရှုံးမှုမှာ မြန်မာကျပ်ငွေ ဘီလျံပေါင်း ၁၃၃ ဘီလီယံဖြစ်ပြီး လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာန၏အဆိုအရ အမှန်တကယ်ဆုံးရှုံးမှုမှာ သုံးဆကျော်ခန့် မြန်မာကျပ်ငွေ ၄၀၆.၅၂ ဘီလျံ (အမေရိကန်ဒေါ်လာ သန်း ၃၀၀) ရှိသည်။ ဤထောက်ပံ့ငွေသည် ၂၀၁၈ - ၁၉ တွင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၀၀ - ၅၀၀ မျှအထိ မြင့်တက်နိုင်ပြီး နောက်နှစ်အနည်းငယ်အတွင်း ဂျီဒီပီ၏ တစ်ရာခိုင်နှုန်းမျှ အမေရိကန်ဒေါ်လာ ၁ ဘီလီယံထက်ပိုပြီးတိုးလာနိုင်သည်ဟု ခန့်မှန်းရပါသည်။ (သန့်၊ ၂၀၁၇, ၂၀၁၈ A; de Langre ၂၀၁၈)

ယင်းထောက်ပံ့မှုသည် ရေရှည်အတွက် မဖြစ်နိုင်ချေ။ ကမ္ဘာ့ဘဏ်က ၂၀၃၀ တွင် အိမ်ထောင်စုအားလုံး ၁၀၀ ရာခိုင်နှုန်း လျှပ်စစ်မီးပေးနိုင်ရန် စုစုပေါင်းရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံ လိုလိမ့်မည်ဟု ခန့်မှန်းသည်။ ပမာဏကို သိရှိစေရန်ပြောရမည်ဆိုပါက ၂၀၁၇-၂၀၁၈ အတွက် မြန်မာနိုင်ငံအခွန်ဝင်ငွေစုစုပေါင်းကို ခန့်မှန်းကြည့်လျှင် အမေရိကန်ဒေါ်လာ ၅ ဘီလီယံအောက်မျှသာရှိသည့်အတွက် တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေးအတွက် လုပ်ဆောင်ရန် အခွန်ငွေ စုစုပေါင်း၏ ထက်ဝက်ခန့်မျှကို ၁၀ နှစ်ကျော်ခန့် သုံးစွဲရနိုင်သည်။ (de Langre ၂၀၁၈)

အစိုးရ၏ အကြီးတန်းအကြံပေးပုဂ္ဂိုလ်တစ်ဦးက စွမ်းအင်ဘတ်ဂျက်များကို ပို၍ဂရုတစိုက်စောင့်ကြည့်လျက်ရှိလာသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန(MOPF) ၏ တဖြည်းဖြည်းပြောင်းလဲလာမှုကို ပြောပြခဲ့သည်။ ယခင်က စီမံ/ဘဏ္ဍာဝန်ကြီးဌာနသည် "စာရင်းအင်းများကို စစ်ဆေးသည့်စာရင်းကိုင်များကသာ အဓိကခန့်ထားခဲ့ကြပြီး ... စီမံကိန်းရေးဆွဲခြင်း သို့မဟုတ် ကြိုတင်ခန့်မှန်းနိုင်သည့် အရည်အချင်းမရှိလှချေ။" သို့သော် ယခုအခါ လျှပ်စစ်/စွမ်းအင် ဝန်ကြီးဌာနကို လျှပ်စစ်မီတာခ ထောက်ပံ့ငွေ (လျှော့ကောက်ခံခြင်) ပိုများလာသည့်အတွက် ဖြစ်လာမည့်အကျိုးဆက်များကို လေးလေးနက်နက် ကိုင်တွယ်ဖြေရှင်းရန် ဖိအားပေးလျက်ရှိသည်။ အကြံပေးပုဂ္ဂိုလ်၏ အဆိုအရ စီမံ/ဘဏ္ဍာဝန်ကြီးဌာနအနေဖြင့် မီတာခလျှော့ချကောက်ခံမှုသည် မြို့ပေါ်တွင်နေထိုင်သည့် သုံးစွဲသူများကို အဓိကအကျိုးဖြစ်ထွန်းစေပြီး ယင်းအတွက် ကျခံရသည့် ဘဏ္ဍာငွေကြေးကို ဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်ရန်အတွက်နှင့် အခြား အခွန်ဘဏ္ဍာငွေမရနိုင်သည့် လုပ်ငန်းများဖြစ်သည့် ပညာရေးနှင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုများအတွက် အသုံးပြုနိုင်သည်ဟု ယူဆသည်။

သို့သော်ငြားလည်း အခွန်အခတိုးမြှင့်ခြင်းကြောင့် ၁၉၆၂၊ ၁၉၈၈ နှင့် ရွှေဝါရောင်တော်လှန်ရေးမတိုင်မီ ၂၀၀၆ ခုနှစ်တွင် လူမှုရေးနှင့် နိုင်ငံရေး မငြိမ်မသက်မှုများဖြစ်ခဲ့သည့်ကာလများနှင့် သမိုင်းကြောင်းများရှိခဲ့ပြီး ယင်းဆက်စပ်မှုက မူဝါဒချမှတ်သူများကို ခြောက်လှန့်နေဆဲဖြစ်သည်ဟု မှတ်ချက်ပြုခဲ့သည်။

## ၂.၈။ "အမှန်တကယ်ကျသင့်သည့် အခွန်အခ" က စီးပွားရေးနှင့် စက်မှုလုပ်ငန်းရှင် သုံးစွဲသူများအတွက် ပိုများသည်

ကျွန်ုပ်တို့၏တွေ့ဆုံမေးမြန်းချက်များမှ ထွက်ရှိလာသည့်နောက်အချက်တစ်ခုမှာ စီးပွားရေးနှင့် စက်မှုလုပ်ငန်းရှင်များသည် လျှပ်စစ်မီးပျက်သည့်အချိန်တွင် အသုံးပြုရန် မီးစက်အပိုထားရှိရပြီး လျှပ်စစ်/ စွမ်းအင်ဝန်ကြီးဌာနက ကောက်ခံသည့် အခြေခံမီတာခ တစ်ကီလိုဝပ်အတွက် ပေးရငွေ မြန်မာကျပ်ငွေ ၅၀ ကျပ် (အမေရိကန်ဒေါ်လာ ၃.၃ ဆင့်) မျှထက် နှစ်ဆ၊ သုံးဆပို၍ကျသည့်အတွက် မိမိတို့၏ စီးပွားရေးလုပ်ငန်းများအတွက် ပုံမှန်မီတာခထက် အမှန်တကယ်တွင် များစွာပို၍ပေးကြရသည်။ နေစွမ်းအင်ဖြင့် ဓာတ်အားလိုင်းသို့ ပို့လွှတ်၍ရသည့် စီမံချက်ကြီးများစွာကို လုပ်ကိုင်နေပြီး လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုလုပ်ငန်း (EPGE) မှတစ်ဆင့် အစိုးရကို စွမ်းအင်ရောင်းချမည်ဖြစ်သော နေစွမ်းအင်ကုမ္ပဏီတစ်ခု၏ အကြီးအကဲတစ်ဦးက စက်ရုံများနှင့် အဆောက်အအုံများကို ခေါင်မိုးတွင် နေစွမ်းအင်သုံးစနစ်များ တပ်ဆင်ရန်အတွက် သူ့ကုမ္ပဏီအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များနှင့်လည်း ဆွေးနွေးနေသည်ဟု ဆိုပါသည်။ နေစွမ်းအင်ကို ခေါင်မိုးမှယူသည့် စနစ်များမှ စွမ်းအင်စရိတ်သည် ပျမ်းမျှအစိုးရမီတာခ ပိုများသော်လည်း စက်ရုံနှင့် အဆောက်အအုံပိုင်ရှင်များ ယခုအခါ ပုံမှန်ပေးနေရသည်ထက် အမှန်တကယ်တွင်မူ နည်းပါးသည်ဟု သူက ရှင်းပြပါသည်။

**ပထမတော့ သုံးစွဲသူက ကျွန်တော်တို့က နေစွမ်းအင်အတွက် ကျသင့်တဲ့ တစ်ကီလိုဝပ်ကို မြန်မာကျပ်ငွေ ၁၅၀ - ၁၈၀ ကျပ် (အမေရိကန် ဒေါ်လာ ၁၀-၁၁.၂ ဆင့်) လောက်ကို လျှော့ကောက်ပေးတဲ့မီတာခထက်ပိုပြီး စျေးကြီးတယ်လို့ ထင်ကြတယ်။ ဒါပေမဲ့ သူတို့အားလုံးပေါင်း ကုန်ငွေကို သတိမထားမိကြတာ။ စီးပွားရေးသမားတွေ စက်ရုံလုပ်ငန်းရှင်တွေ ပုံမှန်ပေးရတဲ့ငွေက အရံမီးစက်တွေနဲ့ ဒီဇယ်ဆီဖိုးနဲ့ စုစုပေါင်း ကုန်တာပေါင်းရင် တစ်ယူနစ်အတွက် မြန်မာကျပ်ငွေ ၂၃၀ - ၃၀၀ (အမေရိကန်ဒေါ်လာ ၁၂ - ၁၅ ဆင့်) လောက် တကယ်ကုန်နေတာ တွေ့ရမှာ။**

အခန်း ၃

# ပြည်နယ်များနှင့် တိုင်းဒေသကြီးများ- စွမ်းအင်ကဏ္ဍတွင် ယင်းတို့၏ အခန်းကဏ္ဍ မူဘောင်နှင့် ဖွဲ့စည်းပုံ

## ၃.၁။ စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုအတွက် မည်သို့သော ဥပဒေဆိုင်ရာ မူဘောင်မျိုးရှိသလဲ

### ဖွဲ့စည်းပုံအခြေခံဥပဒေ

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် မူဘောင်တွင် အခြေခံကျသည့်ဥပဒေဖြစ်သည်။ နိုင်ငံတော်၏ အုပ်ချုပ်ရေးပုံစံတစ်ခုကိုချမှတ်ပြီး လွှတ်တော်တစ်ရပ်တည်းဖြင့် တစ်စိတ်တစ်ပိုင်း ရွေးကောက်တင်မြှောက်ထားသည့် ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော် (ဥပဒေပြုရေး)၊ ဝန်ကြီးချုပ်တစ်ဦး ဦးဆောင်သည့်အုပ်ချုပ်ရေးအဖွဲ့တစ်ဖွဲ့နှင့် ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးများပါဝင်သည့် အစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီး တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများပါဝင်သည့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရ ၁၄ ခုကို ဖွဲ့စည်းထားသည်။ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များနှင့် အစိုးရများကို ဖွဲ့စည်းခြင်းသည် ပြည်ထောင်စုအစိုးရမှ လုပ်ပိုင်ခွင့်အာဏာကို သိသာထင်ရှားစွာ ခွဲဝေပေးခြင်းကို ကိုယ်စားပြုသည်။ (Batcheler ၂၀၁၈) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးများ၏ စွမ်းအင်နှင့်ပတ်သက်ပြီး လုပ်ပိုင်ခွင့်အာဏာများကိုလည်း သတ်မှတ်ပေးထားသည်။ ပြည်ထောင်စုအစိုးရတွင် ပင်မဓာတ်အားလိုင်းနှင့် ချိတ်ဆက်သည့် လျှပ်စစ်ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်း အားလုံးကို စီမံခန့်ခွဲခွင့်ရှိသည်ဟု ဖော်ပြပါရှိသည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် ပင်မဓာတ်အားလိုင်းနှင့် မချိတ်ဆက်သည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုစနစ်များကို စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဓိကအပိုင်းတစ်ခုမှာ ဇယား (၁) နှင့် ဇယား (၂) အစိုးရ၏ အခန်းကဏ္ဍများကို ဖွင့်ဆိုခြင်းပင်ဖြစ်သည်[12] ။

- ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဇယား (၁) က ပြည်ထောင်စုအစိုးရ၏ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများကို သတ်မှတ်ပေးထားသည်။
- ဇယား (၂) သည် ပြည်နယ်/တိုင်းဒေသကြီးများ၏ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများကို သတ်မှတ်ဖော်ပြထားသည်။

## လျှပ်စစ်ဥပဒေ

၁၉၈၄ ဥပဒေကိုအစားထိုး၍ ၂၀၁၄ လျှပ်စစ်ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၄၄) သည် မြန်မာနိုင်ငံတွင် လျှပ်စစ်ကဏ္ဍအတွက် ဥပဒေဆိုင်ရာ မူဘောင်ကို ချမှတ်ပေးသည်[13]။ ဥပဒေက ပြည်ထောင်စုအဆင့်မှ ဥက္ကဋ္ဌတစ်ဦးမှ ဦးဆောင်၍ ၅ ဦး သို့မဟုတ် ၇ ဦးဖြင့် လျှပ်စစ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းချမှတ်ရေး ကော်မရှင် (ERC) တစ်ခုကို ဖွဲ့စည်းရန် လိုအပ်သော်လည်း ကော်မရှင်ကို မည်သည့်အခါကမှ မဖွဲ့စည်းခဲ့ချေ။ ဖွဲ့စည်းခဲ့လျှင်ပင် ကော်မရှင်တွင် မည်သည့်ဝန်ထမ်းမျှမရှိဘဲ အစိုးရများနှင့် ပုဂ္ဂလိကကဏ္ဍတို့နှင့် စွမ်းအင်ဆိုင်ရာ ကိစ္စအမျိုးမျိုးကို အကြံပြုခြင်း၊ လေ့လာခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်းတို့တွင် အကန့်အသတ်ရှိပြီး အားနည်းလှသည့် စည်းကမ်းချမှတ်မှုကော်မရှင်တစ်ခုသာဖြစ်ခဲ့လိမ့်မည်။ (လျှပ်စစ်ဥပဒေ၊ အပိုဒ် - ၄ နှင့် ၅)

ဥပဒေ၏အာဏာသည် ခွင့်ပြုမိန့်ချမှတ်ပေးမှုမှတစ်ဆင့် သက်ဝင်သည်။ မည်သည့်စနစ် အရွယ်အစားမျိုးမဆို ခွင့်ပြုမိန့် (လိုင်စင်) မရှိဘဲ လျှပ်စစ်ကဏ္ဍရှိ လုပ်ငန်းများ လုပ်ဆောင်ခွင့်မပြုထားချေ။ (အပိုဒ် ၄၄) ပြည်ထောင်စုအဆင့် လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသကြီးများနှင့် ဇုံများအပါအဝင်) ကို လိုင်စင်များပေးခွင့်ပြုထားသည်။ (အပိုဒ် ၇) လိုင်စင်များကို တည်ဆဲဥပဒေများအတိုင်း ဒေသခံ သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ချထားပေးနိုင်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ် သီးခြားကန့်သတ်ချက်မျိုးမရှိချေ။

**နိုင်ငံတော်၏ စွမ်းအင်မူဝါဒ၊** ပြည်ထောင်စုအစိုးရသည် ၂၀၁၅ ခုနှစ်တွင် အချက် ၉ ချက်ပါဝင်သည့် နိုင်ငံတော်၏ စွမ်းအင်မူဝါဒကို ချမှတ်ခဲ့သည်။[14] မြန်မာနိုင်ငံ၏ စွမ်းအင်ဆိုင်ရာ လုပ်ငန်းများအတွက် လျှပ်စစ်/ စွမ်းအင်ဝန်ကြီးဌာနကို ဦးဆောင်အဖွဲ့အဖြစ်ဖြင့် ဖွဲ့စည်းပြီး ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနကို ဓာတ်အားလိုင်း ပြင်ပလျှပ်စစ်ပေးရေးကို ကြီးကြပ်ကွပ်ကဲရန်အတွက် အသစ်တာဝန်ပေးအပ်ခဲ့သည်။ ၂၀၁၅ ခုနှစ် အမျိုးသားစွမ်းရည်မူဝါဒကို ဝန်ကြီးဌာန ၁၁ ခုမှ ကိုယ်စားလှယ်များပါဝင်သည့် အစောပိုင်းမှ အမျိုးသားစွမ်းအင်ကော်မတီနေရာတွင် အစားထိုးခဲ့သည်။ စွမ်းအင်မူဝါဒအသစ်၏ စိန်ခေါ်မှုတစ်ရပ်မှာ အဓိကငွေကြေးထောက်ပံ့သည့် အလှူရှင်အဖွဲ့အစည်းသုံးခုဖြစ်သည့် အာရှဖွံ့ဖြိုးရေးဘဏ်၏ နိုင်ငံတော်အဆင့် စွမ်းအင်ဆိုင်ရာ မဟာဗျူဟာ(အေဒီဘီ ၂၀၁၆)၊ ကမ္ဘာ့ဘဏ်၏ တစ်နိုင်ငံလုံး မီးလင်းရေး စီမံချက် (ကမ္ဘာ့ဘဏ် ၂၀၁၆) နှင့် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JICA) ၏ တစ်နိုင်ငံလုံး မီးလင်းရေး စီမံချက်[15] သုံးခုသည် တစ်ခုနှင့်တစ်ခု သဟဇာတဖြစ် ကိုက်ညီမှုမရှိနေသည့်အချက်ပင်ဖြစ်သည်။ ပုဂ္ဂလိက၊ အန်န်ဂျီအိုနှင့် အစိုးရပိုင်းမှဆက်စပ်ပတ်သက်သူများ၏ အဆိုအရ၊ မြန်မာ့လျှပ်စစ်ကဏ္ဍအတွက် ၂၀၃၀ တွင် အိမ်ထောင်စုအားလုံး ၁၀၀ ရာခိုင်နှုန်း လျှပ်စစ်မီးရရှိစေရေးဟု ယေဘုယျပန်းတိုင်ချထားသည်မှလွဲ၍ မည်သည့်ဗျူဟာမှ မရှိချေ။ အစိုးရသည် တစ်နိုင်ငံလုံးမီးလင်းရေးစီမံချက်၏ အပိုင်းငါးပိုင်းပါရှိသည့်အစီအစဉ်အတိုင်း လိုက်လံလုပ်ဆောင်နေသော်ငြားလည်း တစ်နိုင်ငံလုံး မီးလင်းရေးစီမံချက် (NEP) ၏ လုပ်ဆောင်မှုအဆင့်များသည် လက်တွေ့မြေပြင်အခြေအနေကို ထင်ဟပ်မှုမရှိသည့်အတွက် တိကျသေချာမှုရှိသော အစီအစဉ်ချမှတ်သည့် နည်းစနစ်တစ်ခုတော့မဟုတ်ချေ[16] ။

**ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ အခန်းကဏ္ဍ၊** ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၏ ခွင့်ပြုမိန့်ချပေးနိုင်မှု အာဏာသည် ပင်မဓာတ်အားလိုင်းနှင့် မချိတ်ဆက်ထားသည့် မဂ္ဂါဝပ် ၃၀ ထက်မပိုသည့် ဓာတ်အားထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုစနစ်များအတွက်သာဟု ကန့်သတ်ထားသည်။ အကယ်၍ ချိတ်ဆက်မှုမရှိသည့် ဓာတ်အားထုတ်လုပ်မှုလုပ်ငန်း ပိုင်ရှင်အနေဖြင့် ပင်မဓာတ်အားလိုင်းနှင့် ချိတ်ဆက်လိုလျှင် ခွင့်ပြုမိန့် လိုင်စင်ကိုင်ဆောင်ထားသူအနေဖြင့် ချိတ်ဆက်ရန် လျှပ်စစ်/ စွမ်းအင်ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။ သို့သော် လျှောက်ထားမှုကို လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် "ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုလုပ်နိုင်သည်။" (အပိုဒ် ၁၄) ခွင့်ပြုမိန့်လိုင်စင်များနှင့် ဆက်သွယ်ချိတ်ဆက်မှုများအတွက် လိုက်နာရမည့်စည်းကမ်းများကို ချမှတ်ရာတွင် လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနအပေါ်သာ မူတည်သည်။ လက်ရှိတွင် ပင်မဓာတ်အားလိုင်းနှင့်ချိတ်ဆက်သည့် အသေးစားဓာတ်အားလိုင်းများအတွက် စည်းမျဉ်းစည်းကမ်းများ ရှိမနေသေးချေ။ လက်ရှိအချိန်အထိ ဆက်သွယ်ချိတ်ဆက်မှုများကို ငြင်းပယ်လျက်သာရှိသည်။

လျှပ်စစ်ဥပဒေက ပြည်ထောင်စုအစိုးရ၏သဘောတူညီချက်ဖြင့် လျှပ်စစ်/ စွမ်းအင်ဝန်ကြီးဌာနအား နိုင်ငံနယ်နမိတ်များကိုဖြတ်ကျော်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ရောင်းဝယ်ခြင်းအပါအဝင် အကြီးစားစီမံချက်များ (>၃၀ မဂ္ဂါဝပ်) ကို လုပ်ပိုင်ခွင့်ပြုထားသည်။ လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနကို ယင်းတို့၏ ငွေကြေးအရင်းအနှီးများ၊ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများကို စီမံချက်ကြီးများကို အကောင်အထည်ဖော်ရန်နှင့် ငွေကြေးရင်းနှီးမြှုပ်နှံလည်ပတ်မှုကို စီစဉ်ရန်အတွက် လျှပ်စစ်စွမ်းအင်ကော်ပိုရေးရှင်းအား လွှဲပြောင်းပေးအပ်ခွင့် အာဏာလည်း ပေးထားသည့်အတွက် ကော်ပိုရေးရှင်းအနေဖြင့် ယင်း၏ ငွေကြေးများကို လွတ်လပ်အမှီခိုကင်းစွာ စီမံခန့်ခွဲပိုင်ခွင့် ရှိသည်။ (အပိုဒ် - ၈ - ဃ)

ဥပဒေက လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအား ပင်မဓာတ်အားလိုင်းနှင့် ချိတ်ဆက်သည့် စီမံချက်များအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပေးပို့ခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်းနှင့် မဂ္ဂါဝပ် ၃၀ အောက် သီးခြားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းတို့အတွက် လိုအပ်သည့် မြေအသုံးပြုခွင့်ကိုလည်း ပေးထားသည်။ သို့ရာတွင် ဥပဒေအရ လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများနှင့် လျှပ်စစ်နှင့်ပတ်သက်သည့် လုပ်ငန်းလုပ်ကိုင်မည့် ပုဂ္ဂလိကအဖွဲ့အစည်းများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေနှင့်အညီ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိမရှိ လေ့လာဆန်းစစ်ချက်(EIA) ပြုလုပ်ရန် လိုအပ်သည်။ ယင်းအကျိုးသက်ရောက်မှုအတွက် လျော်ကြေးပေးရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေအတွက် ငွေကြေးထည့်ဝင်ခြင်းလည်း လုပ်ဆောင်ရန်လိုအပ်သည်။ (အပိုဒ် - ၁၀)

အခြားပတ်သက်ဆက်စပ်သည့် ဥပဒေများမှာ -

- **၁၉၁၄ ခုနှစ် မြန်မာ့ကုမ္ပဏီများ အက်ဥပဒေ၊** ဤအက်ဥပဒေက မြန်မာနိုင်ငံတွင် ကုမ္ပဏီများထူထောင်ဖွဲ့စည်းခြင်းနှင့် ပတ်သက်သည့် စည်းမျဉ်းများချမှတ်ထားပြီး စွမ်းအင်ကဏ္ဍရှိ မည်သည့်ကုမ္ပဏီမဆို အကြုံးဝင်သည်။ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်များအတွင်း ၁၉၄၀ ခုနှစ်ကတည်းက ပထမဆုံးပြင်ဆင်မှုကို အတည်ပြုရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ ပြင်ဆင်ချက်များတွင် မြန်မာကုမ္ပဏီတစ်ခုတွင် ခွင့်ပြုနိုင်သော နိုင်ငံခြားသားရှယ်ယာ ပိုင်ဆိုင်မှုကို တိုးမြှင့်ရန်နှင့် အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်ဌာနတစ်ခု တည်ထောင်ရန်လည်း ပါရှိမည်ဟု သိရှိရပါသည်။ (သီဟ ၂၀၁၈)
- **၁၉၈၉ ခုနှစ် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေ** (SLORC ၁၉၈၉) ဤဥပဒေတွင် အစိုးရကသာ လုပ်ပိုင်ခွင့်ရှိသော သီးခြားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ဖော်ပြထားသည်။ စွမ်းအင်နှင့် လျှပ်စစ်တို့နှင့်ပတ်သက်၍

- ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေခြင်း၊ ထုတ်ယူခြင်းနှင့် ရောင်းချခြင်း၊ အလားတူ ထွက်ကုန်များကို ထုတ်လုပ်ခြင်း (စာရင်းပါ အမှတ် ၃)
- ဥပဒေအရ ခွင့်ပြုထားသည့် ပုဂ္ဂလိကနှင့် သမဝါယမ လျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်းများမှလွဲ၍ အခြား လျှပ်စစ်ထုတ်လုပ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ (စာရင်းပါ အမှတ် ၁၁)

**၂၀၁၆ ခုနှစ် မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊** မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဥပဒေ ၂၀၁၆ က စွမ်းအင်ကဏ္ဍအပါအဝင် မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ပိုပြီး ရှင်းလင်းနားလည်လွယ်ပြီး ခေတ်မီသည့်မူဘောင်တစ်ခုကို ချမှတ်ပေးထားသည်။ ဥပဒေသည် ယခင်၂၀၁၂ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ၂၀၁၃ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေကို စုစည်းအစားထိုးသည့်ဥပဒေဖြစ်သည်။ ယခုအခါ အစိုးရအနေဖြင့် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ချဲ့ထွင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ လုပ်ဆောင်ခြင်းနှင့် ရောင်းချခြင်းတို့နှင့်ပတ်သက်၍ နိုင်ငံခြားသားနှင့် ဒေသခံရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအားလုံးကို တန်းတူသတ်မှတ်မည်ဖြစ်သည်။ ဥပဒေက ရင်းနှီးမြှုပ်နှံမှုကို လက်ခံအတည်ပြုရာတွင် ခေတ်မီသည့် လုပ်ထုံးလုပ်နည်းအသစ်ဖြင့် လုပ်ကိုင်ပြီး မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ သဘောတူလက်ခံမှုရရှိရန် နည်းလမ်းနှစ်မျိုးရှိပြီး ယင်းတို့မှာ ပါမစ်ကိုလျှောက်ထားခြင်းနှင့် ထောက်ခံချက်ဖြင့် လုပ်နိုင်ရန် လျှောက်ထားခြင်းတို့ ဖြစ်သည်။

**ကျေးလက်မီးလင်းရေးဥပဒေတစ်ခု ရှိမနေခြင်း၊** ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်များတွင် အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)သည် လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာအစိုးရတို့အား လျှပ်စစ်ဥပဒေနှင့် ယင်းတို့နှင့်ဆက်စပ်သည့် စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်ခဲ့သည်။ အေဒီဘီ စီမံချက်၏ ရည်မှန်းချက်များအနက်တစ်ခုမှာ ကျေးလက်မီးလင်းရေးကို လုပ်ဆောင်မည့် ကျေးလက်မီးလင်းရေးဥပဒေတစ်ခုကို ဦးဆောင်မည့် အစိုးရအဖွဲ့အစည်းတစ်ခုကို ဖော်ထုတ်ခြင်း၊ ပင်မဓာတ်အားလိုင်း၏ လုပ်ဆောင်နိုင်စွမ်းရည်ကို တိုးမြှင့်ခြင်း၊ ပုဂ္ဂလိကကဏ္ဍပါဝင်ခွင့်ရရှိစေခြင်း၊ အသေးစားဓာတ်အား လိုင်းများအား ကူညီပံ့ပိုးခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲနိုင်သည့် အိမ်ထောင်စုများ လျှပ်စစ်မီးရရှိရေးစီမံကိန်းများ ရေးဆွဲခြင်းတို့ဖြင့် ရေးဆွဲချမှတ်ရန်ဖြစ်သည်။ (ADB ၂၀၁၆)

ရည်ရွယ်ချက်မှာ အစိုးရရန်ပုံငွေအတွက် ရှင်းလင်းသည့် ဖွဲ့စည်းပုံတစ်ခုနှင့် ယန္တရားတစ်ခုကို ချမှတ်ရန်၊ ရန်ပုံငွေကို မည်သို့သုံးစွဲမည်ကို သေချာစွာဖော်ပြရန်၊ ဓာတ်အားလိုင်းပြင်ပ လျှပ်စစ်ပေးရေးစီမံချက်များကို ငွေထုတ်ချေးနိုင်ရန်အတွက် ဖြစ်သည်။ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးဥပဒေကြမ်းကို ရေးဆွဲပြင်ဆင်ခဲ့သော်လည်း မည်သည့်အခါကမှ တရားဝင်စဉ်းစားသုံးသပ်ခဲ့ခြင်းမရှိချေ။ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ နောက်ဆုံးထွက်ရှိခဲ့သည့် အစီရင်ခံစာက မြန်မာနိုင်ငံတွင် လျှပ်စစ်မီးလင်းရေး အရှိန်အဟုန်မြှင့်လုပ်ဆောင်ရန် လျှပ်စစ်မီးလင်းရေးစီမံကိန်းများအတွက် ပုံစံနှစ်မျိုးကို အကြံပြုထားသည်။

- ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုကို အားပေးတိုက်တွန်းရန် အသေးစားဓာတ်အားလိုင်းများနှင့် ဓာတ်အားလိုင်းပြင်ပ ထုတ်လုပ်မှုများအတွက် စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြေလျှော့ပေးနိုင်သည့် အသေးစားလျှပ်စစ်ထုတ်လုပ်သူနှင့် ဖြန့်ဖြူးသူစီမံကိန်း
- “အသစ် သို့မဟုတ် အဆင့်မြှင့်တင်သည့် ကွန်ရက်များတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် လုပ်ငန်းလက်ခွဲ လုပ်ပိုင်ခွင့်များနှင့် ကန်ထရိုက်လက်ခွဲပေးခြင်း” ဖြင့် လျှပ်စစ်ဓာတ်အားပေးနိုင်မှုကို တိုးမြှင့်ရန် မက်လုံးများပေးသည့် လုပ်ငန်းလက်ခွဲ လုပ်ပိုင်ခွင့်များနှင့် ကန်ထရိုက်ခွဲများ၏ ဖြန့်ဖြူးရေးစီမံကိန်း(ADB ၂၀၁၆)

လျှပ်စစ်ဥပဒေကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေက စွမ်းအင်ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ကန့်သတ်တားဆီးမှု အနည်းငယ်မျှရှိသည်။ ၁၀ မဂ္ဂါဝပ်အောက် လျှပ်စစ်ထုတ်လုပ်မှုကို ပြည်တွင်းရင်းနှီးမြှုပ်နှံသူများအတွက် ခြုံ၍ သတ်မှတ်ထားသည်။ သို့သော် လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပြင်ပရင်းနှီးမြှုပ်နှံသူများသည် ၁၀ မဂ္ဂါဝပ်အောက် ဖက်စပ်စီမံကိန်းတစ်ခုတွင် ၈၀ ရာခိုင်နှုန်းအထိ အစုရှယ်ယာပါဝင်နိုင်ပါသည်။ နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများကို မြန်မာနိုင်ငံတွင် ပုဂ္ဂလိကလျှပ်စစ်ထုတ်လုပ်သူများ (IPPs) အဖြစ်ဖြင့်လည်း လုပ်ဆောင်ခွင့်ပြုထားပြီး သဘာဝ ဓာတ်ငွေ့တာဘိုင်များ၊ ရေအားလျှပ်စစ်၊ နေစွမ်းအင်၊ အမှိုက်မှစွမ်းအင်ထုတ်လုပ်ခြင်းနှင့် လေအားလျှပ်စစ်များအတွက် လုပ်ပိုင်ခွင့်စာချုပ်များလည်း ရရှိသည်။ (DFDL ၂၀၁၆)

## ၂၀၁၂ ခုနှစ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ

သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည့် လုပ်ငန်းတစ်ခုကို လုပ်ဆောင်ရန် စီစဉ်သည့် လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုသည် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MONREC) မှ ခွင့်ပြုချက်တင်ကြိုရယူရန် လိုအပ်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုရှိ မရှိဆန်းစစ်လေ့လာချက် (EIA) သို့မဟုတ် ကနဦး ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ချက် (IEE) ပြုလုပ်ရန်အပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေနှင့် စည်းကမ်းများအတိုင်းလိုက်နာရန် လိုအပ်သည်။ (DFDL ၂၀၁၆) အောက်ပါဖော်ပြချက် “စွမ်းအင်စီမံချက်များအတွက် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုဖြစ်စဉ်ကို စောင့်ကြပ်ကြည့်ရှုနိုင်ရန် စွမ်းရည်မြှင့်တင်ခြင်း” သည် သယံဇာတ/ပတ်ဝန်းကျင်ဝန်ကြီးဌာနရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ အခန်းကဏ္ဍကို ဖော်ပြထားသည်။

ဤဥပဒေအရ ပတ်ဝန်းကျင် ထိခိုက်မှုရှိမရှိဆန်းစစ်လေ့လာချက် (EIA) ပြုလုပ်ရန် လိုအပ်သည့် စီမံချက်များမှာ -

၁။ *စီမံချက်အခြေခံသည့် အမျိုးအစားများ* - ရေအားလျှပ်စစ်နှင့် အခြားလျှပ်စစ်စွမ်းအင်ပမာဏကြီးမားစွာ ထုတ်လုပ်ခြင်းနှင့် လျှပ်စစ်စွမ်းအင်အတွက် ပြည်ထောင်စုဓာတ်အားလိုင်း တည်ဆောက်ခြင်း။

၂။ *နေရာပေါ်အခြေခံသည့် အမျိုးအစားများ* - ဂေဟစနစ်ပျက်စီးလွယ်သည့် နေရာများ၊ ရှားပါးသည့် အပင်များနှင့် တောရိုင်းတိရစ္ဆာန်များကျက်စားရာနေရာများတွင် ရေဝေရေလဲ သို့မဟုတ် အများပြည်သူသောက်သုံးသည့်ရေ၊ ကန်များနှင့် ရေကာတာနေရာအနီးတစ်ဝိုက်နှင့် သဘာဝဘေးအန္တရာယ်များဖြစ်နိုင်သည့် နေရာများတွင် လုပ်ဆောင်မည့် စီမံချက်များ၊

စီမံချက်များသည် အမျိုးအစားနှင့် လုပ်ငန်းပမာဏအပေါ် မူတည်၍ အောက်ဖော်ပြပါ အမျိုးအစားများအနက်တစ်ခုခုတွင် အကျုံးဝင်ပါသည်။

၁။ *ကနဦးပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ချက် (IEE) စီမံချက်များ*
စီမံချက်လျှောက်ထားသူသည် ဆန်းစစ်ချက် လုပ်ဆောင်မည့်ကုမ္ပဏီအမည်ကို သယံဇာတ/ပတ်ဝန်းကျင်ဝန်ကြီးဌာနသို့ အကြောင်းကြားပြီး ဆန်းစစ်ချက်ကို မြန်မာနှင့် အင်္ဂလိပ်ဘာသာနှစ်ဘာသာဖြင့် တင်သွင်းရသည်။ ပြည်တွင်းမီဒီယာနှင့် အများပြည်သူများနှင့် တွေ့ဆုံပွဲများမှတဆင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ချက် (IEE) အစီရင်ခံစာကို

အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ စီမံချက်၏ အကျိုးသက်ရောက်မှုရှိမည့်သူများ (PAPs)၊ ဒေသခံအဖွဲ့အစည်းများနှင့် အခြားပတ်သက်ဆက်စပ်မှုရှိသူများကိုလည်း ထုတ်ပြန်ရမည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (MECF) အနေဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ချက် (IEE) အစီရင်ခံစာကို ပြည်သူလူထုအားတင်ပြပေးရန်၊ ပြည်သူလူထုနှင့် တိုင်ပင်ဆွေးနွေးပွဲများကို စီစဉ်ရန်နှင့် နောက်ဆုံးဆုံးဖြတ်ချက်မချမီ ပြည်သူလူထု၏ ဝေဖန်ချက်များနှင့် အကြံပြုချက်များကို စုစည်း၍ သုံးသပ်လေ့လာရန်လိုအပ်ပါသည်။ (DFDL ၂၀၁၆)

၂။ *ပတ်ဝန်းကျင်ထိခိုက်မှုရှိမရှိဆန်းစစ်လေ့လာချက်များ (EIA)*
စီမံချက်လျှောက်ထားသူအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (MECF) သို့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိ မရှိ ဆန်းစစ်လေ့လာချက်များ (EIA) ကို ပေးပို့တင်ပြရသည်။ MECF မှ သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးအား မှတ်ချက်ပေးရန် ဖိတ်ခေါ်ပြီး စီမံချက်တင်သွင်းသူက EIA အစီရင်ခံစာကို တင်ပြရာတွင် အများပြည်သူများထံမှ အကြံဉာဏ်ရယူနိုင်ရန် စီစဉ်ရမည်။ MECF အနေဖြင့် နောက်ဆုံးဆုံးဖြတ်ချက်မချမီ အများပြည်သူများ၏မှတ်ချက်များနှင့် အကြံပြုချက်များကို စုစည်းပြီး လေ့လာသုံးသပ်

### ဖော်ပြချက် (၄)။ စွမ်းအင်စီမံကိန်းများအတွက် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်သည့်အကျိုးဆက်ဖြစ်စဉ်ကို ကြီးကြပ်ကွပ်ကဲနိုင်ရန် စွမ်းရည်မြှင့်တင်ခြင်း

စွမ်းအင်ကဏ္ဍတွင် စီစဉ်ထားသည့် ကျောက်မီးသွေးလောင်စာသုံး ဓာတ်အားစက်ရုံများ၏ ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ အကျိုးဆက်များသည် အဓိကပြဿနာတစ်ခုဖြစ်ပြီး ကျောက်မီးသွေးလောင်စာသုံး ဓာတ်အားစက်ရုံစီမံကိန်းများနှင့် ရေအားလျှပ်စစ်စီမံချက်ကြီးများကို ရပ်ရွာပြည်သူလူထုများက ကန့်ကွက်ဆန္ဒပြမှုများ မကြာခဏပြုလုပ်ကြသည်။ (ဆက်စပ်သည့် စာဖော်ပြချက်၊ "မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်နှင့်ပတ်သက်၍ မဟာဗျူဟာကျသည့် ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်ချက်" ကို ကြည့်ပါ။)

၂၀၁၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် သယံဇာတ/ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနသည် မြန်မာနိုင်ငံရှိ ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ အကျိုးဆက်လေ့လာဆန်းစစ်ချက်(EAI) လုပ်ငန်းစဉ်ကို ကြီးကြပ်ကွပ်ကဲရန်အတွက် တာဝန်ရှိသည်။ EAI များနှင့် ပတ်သက်သည့်လုပ်ငန်းစဉ်များတွင် အခြား (အချပ်ပို - ၂ ကို ကြည့်ပါ။) တွင် စွမ်းအင်နှင့် သတ္တုတူးဖော်ခြင်းကဏ္ဍများလည်း အကျုံးဝင်သည်။[17]

စတင်ဖွဲ့စည်းစဉ်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန (ECD)တွင် ၂၆ ဦး ရှိခဲ့သည်။ ပြည်နယ်များနှင့် တိုင်းဒေသကြီးအများစုတွင် ရုံးများဖွင့်လှစ်ပြီး နောက် ၂၀၁၈ ခုနှစ်နှောင်းပိုင်းတွင် ခရိုင်ရုံးပေါင်း ၂၀ ကျော်နှင့် ဝန်ထမ်း ၁၀၀၀ ကျော်ရှိလာပါသည်။ မကြာသေးမီက သယံဇာတ/ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဖွဲ့စည်းပုံအသစ်ရရှိပြီး ဝန်ထမ်း ၂၀,၀၀၀ အထိ ခန့်ထားနိုင်သည်။ ဤဝန်ထမ်းများကို နောက် ၁၀ နှစ်တာကာလအတွင်း ဖြည့်စွက်ခန့်ထားမည်ဟု ခန့်မှန်းရပြီး ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် ခရိုင်ရုံးများတွင် သင်တန်းများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ များစွာလုပ်ဆောင်ရန် လိုအပ်ပါလိမ့်မည်။[18]

ပြည်ထောင်စုအစိုးရ (သယံဇာတ/ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန (MONREC)နှင့် သက်ဆိုင်ရာဝန်ကြီးဌာန) အနေဖြင့် EIA လုပ်ငန်းစဉ်ကို စီမံခန့်ခွဲရာတွင် ပြည်နယ်များမှာလည်း အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ကြသည်။

- EIA ကို သဘောတူအတည်ပြုပြီးသည်နှင့် သယံဇာတ/ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် EIA အစီရင်ခံစာ နှင့် ပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာမှုလက်မှတ် (Environmental Compliance Certificate) များကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည့် ပြည်နယ်/တိုင်းဒေသကြီးရုံးများသို့ ပေးပို့သည်။
- မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်အရ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် အမေရိကန်ဒေါ်လာ ၅ သန်းအောက် ရင်းနှီးမြှုပ်နှံမှုများအားလုံးကို ဆန်းစစ်သုံးသပ် သဘောတူခွင့်ပြုပိုင်ခွင့်ရှိသည်။
- အမေရိကန် ဒေါ်လာ ၅ သန်းအောက် စီမံချက်များအတွက်ပင်လျှင် ပြည်ထောင်စုအစိုးရ (MONREC) မှ EIA အစီရင်ခံစာကို သဘောတူအတည်ပြုပေးရန်လိုအပ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှတာဝန်ရှိသူများသည် IEE နှင့် EIA စီမံချက်အကဲဖြတ်ဆန်းစစ်သည့်အဖွဲ့များ၏ အဖွဲ့ဝင်များဖြစ်ပြီး IEE နှင့် EIA လုပ်ငန်းစဉ်အတွင်း စီမံချက်ကနဦးအစ သုံးသပ်ချက်ကို အောက်ခြေအဆင့်တွင် ကြီးကြပ်ကွပ်ကဲရန်နှင့် ပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးပွဲများကို ကူညီဦးဆောင်ရန် တာဝန်ရှိကြသည်။[19] ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတာဝန်ရှိသူများသည် (ဥပမာ - စီမံချက်တစ်ခုအတွက် ပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာမှုလက်မှတ်၏ အစိတ်အပိုင်းတစ်ခုအဖြစ်ဖြင့် သဘောတူအတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့်ပတ်သက်၍) စီမံချက်ကြီးကြပ်မှုနှင့် လိုက်နာဆောင်ရွက်မှု၏ အစိတ်အပိုင်းအဖြစ် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့လည်း အစီရင်ခံကြရသည်။

အတိုချုပ်အားဖြင့် ပတ်ဝန်းကျင်ဆိုင်ရာလိုက်နာရမည့်စည်းကမ်းများကို လိုက်နာမှုကို ကိုင်တွယ်ရန် သယံဇာတ/ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဝန်ထမ်းများကို လာမည့်ဆယ်စုနှစ်အတွင်းတွင် အဆနှစ်ဆယ်ခန့် တိုးမြှင့်ခန့်ထားရန် လိုအပ်ချက်၊ စနစ်တကျ ပြည်သူလူထုအားလုံးပါဝင်နိုင်သည့် လုပ်ငန်းစဉ်တစ်ခုကို လေ့လာရန်နှင့်အကောင်အထည်ဖော်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးဌာနများအတွက် ပြည်နယ်/တိုင်းဒေသကြီး ဝန်ထမ်းလိုအပ်ချက်များနှင့်အတူ ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် သင်တန်းနှင့် စွမ်းရည်မြှင့်တင်မှုများ များစွာပြုလုပ်ပေးရန်လိုအပ်ပါလိမ့်မည်။

ရမည်။ စီမံချက်တင်သွင်းသူအနေဖြင့် (MECF) ထံမှ ပတ်ဝန်းကျင်ဆိုင်ရာနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်မှုအတွက် အသိအမှတ်ပြုလက်မှတ်ရရှိသည့် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို လိုက်နာကျင့်သုံးရမည်ဖြစ်ပြီး MECF အနေဖြင့် ကြီးကြပ်ကွပ်ကဲခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းအတွက် ကုန်ကျမည့်ငွေများအားလုံးအတွက် တာဝန်ယူရသည်။ (DFDL ၂၀၁၆)

၃။ ပတ်ဝန်းကျင်ဆိုင်ရာ သုံးသပ်ချက်မလိုအပ်သည့် စီမံချက်များ စွမ်းအင်စီမံချက်များအတွက် ပင်မစက်ရုံအမျိုးအစားများအတွက် IEE နှင့် EIA များ သတ်မှတ်သည့်အရွယ်အစားများကို ဇယား (၃) တွင် ဖော်ပြထားသည်။ (အချပ်ပို - င တွင် အသေးစိတ်ကို ကြည့်ပါ။)

**ဇယား (၃)။ ဓာတ်အားစက်ရုံအမျိုးမျိုးအတွက် လိုအပ်သည့် ပတ်ဝန်းကျင် ဆန်းစစ်သုံးသပ်ချက်များ**

| ဓာတ်အားထုတ်လုပ်မှုစက်ရုံအမျိုးအစား | IEE လုပ်ရန် လိုအပ် | EIA လုပ်ရန်လိုအပ် |
|---|---|---|
| ရေအားလျှပ်စစ် | အကယ်၍ ≥ ၁ မဂ္ဂါဝပ် (MW) | အကယ်၍ ≥ ၁၅ မဂ္ဂါဝပ် (MW) |
| သဘာဝဓာတ်ငွေ့ သို့မဟုတ် ဇီဝဓာတ်ငွေ့စွမ်းအင်စက်ရုံများ | အကယ်၍ ≥ ၁၅ မဂ္ဂါဝပ် (MW) | အကယ်၍ ≥ ၅၀ မဂ္ဂါဝပ် (MW) |
| အမှိုက်မှစွမ်းအင်ထုတ်လုပ်သည့်စက်ရုံများ | အကယ်၍ ≥ ၅၀ မဂ္ဂါဝပ် (MW) | ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်ဖြင့် |
| မြေကြီးတွင်းမှအပူဖြင့် စွမ်းအင်ထုတ်လုပ်သည့် ဓာတ်အားစက်ရုံများ | အကယ်၍ ≥ ၅ မဂ္ဂါဝပ် (MW) | အကယ်၍ ≥ ၅၀ မဂ္ဂါဝပ် (MW) |
| Combined cycle (ရောနှောလည်ပတ်သည့်) ဓာတ်အားစက်ရုံများ (ဓာတ်ငွေ့နှင့် အပူလှိုင်း) | အကယ်၍ ≥ ၅ မဂ္ဂါဝပ် (MW) | အကယ်၍ ≥ ၅၀ မဂ္ဂါဝပ် (MW) |
| အခြား thermal အပူစွမ်းအင်သုံးဓာတ်အားစက်ရုံများ | အကယ်၍ ≥ ၅ မဂ္ဂါဝပ် (MW) | အကယ်၍ ≥ ၅၀ မဂ္ဂါဝပ် (MW) |
| လေစွမ်းအင်သုံး ဓာတ်အားစက်ရုံများ | အကယ်၍ ≥ ၁ မဂ္ဂါဝပ် (MW) | အကယ်၍ ≥ ၁၅ မဂ္ဂါဝပ် (MW) |
| နေစွမ်းအင်သုံး ဓာတ်အားစက်ရုံများ | အကယ်၍ ≥ ၅၀ မဂ္ဂါဝပ် (MW) | ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်ဖြင့် |

**ဖော်ပြချက် (၅)။ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်နှင့်ပတ်သက်သည့် ဗျူဟာကျသည့် ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်ချက်**

မြန်မာနိုင်ငံ၏ အကြီးဆုံး စွမ်းအင်အရင်းအမြစ်များအနက်တစ်ခုမှာ ရေအားလျှပ်စစ်ဖြစ်သည်။ ကံအားလျော်စွာပင် အချို့စွမ်းအင်စီမံချက်အကောင်အထည်ဖော်သူများသည် နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများကို လိုက်နာသော်လည်း များစွာသောသူများကမူ ဖြတ်လမ်းလိုက်ပြီး လုံလောက်သည့် သတင်းအချက်အလက်နှင့် စွမ်းအင်စီမံချက်များနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိရန် ပျက်ကွက်ကြသည်။[20] မြန်မာနိုင်ငံရှိ ရေအားလျှပ်စစ်ထုတ်လုပ်မှုအတွက် အပြုသဘောဆောင်သည့် မူဘောင်တစ်ခုနှင့် မျှော်မှန်းချက်ရှိစေရန် ဩစတြေးလျအစိုးရ၏ ထောက်ပံ့မှုဖြင့် နိုင်ငံတကာငွေကြေးအဖွဲ့ (IFC) သည် လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနနှင့် သယံဇာတ/ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနတို့နှင့် ပူးပေါင်းကာ ၂၀၁၆ မှ ၂၀၁၈ ခုနှစ်အထိ ဗျူဟာကျသည့် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာချက်(SEA)တစ်ခုကို ဦးဆောင်လုပ်ကိုင်ခဲ့သည်။[21]

SEA သည် မြန်မာနိုင်ငံရှိ သီးခြား မည်သည့်ရေအားလျှပ်စစ်စီမံကိန်းများကိုမှ ဆန်းစစ်လေ့လာရန် မရည်ရွယ်ခဲ့ချေ။ သို့သော် မြစ်ဝှမ်းဒေသစီမံကိန်းလုပ်ဆောင်နေသည့်ပုံစံများနှင့် အန္တရာယ်အလားအလာများကို ကြည့်ရှုသည့် နည်းလမ်းတစ်ခုကို လုပ်ဆောင်ရန် မြှင့်တင်လိုခြင်းသာဖြစ်သည်။ SEA ၏ မျှော်မှန်းချက်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် လူမှုရေးတန်းတူ ညီမျှမှုများရှိစေရန် သဘာဝအရင်းအမြစ်များအသုံးပြုမှုများနှင့် ဦးစားပေးမှုများ အမျိုးမျိုးကို ထိန်းညှိ၍ ရေ၊ မြေနှင့် ဂေဟစနစ်တို့ကို အစီအစဉ်ရေးဆွဲရာတွင် ပေါင်းစပ်ညှိနှိုင်းသည့် နည်းလမ်းတစ်ခုပင်ဖြစ်သည်။ SEA က ဧရာဝတီနှင့် သံလွင်အပါအဝင် ပင်မမြစ်ကြီးငါးခုကို ရေအားလျှပ်စစ်ထုတ်လုပ်မှုများ မလုပ်ဘဲ ကောင်းစွာထိန်းသိမ်းထားရန် အကြံပြုထားသည်။ SEA လုပ်ဆောင်မှုနယ်ပယ်မှာ မြန်မာနိုင်ငံတွင် ၁၀ မဂ္ဂါဝပ် သို့မဟုတ် ယင်းအထက် ရေအားလျှပ် စစ်စီမံကိန်းများဖြစ်သည်။

SEA က မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်လုပ်မှုသည် မဂ္ဂါဝပ်ပေါင်း ၁၃,၀၀၀ နှင့်အထက်ဖြစ်မည်ဟု ခန့်မှန်းတွက်ချက်သည်။ ဤခန့်မှန်းချက်သည် လက်ရှိစီမံကိန်းများ (၃၃၀၀ မဂ္ဂါဝပ်) နှင့် ဆောက်လုပ်ဆဲ စီမံကိန်းသစ်များမှ အသစ်ထုတ်လုပ်မှု (၁၆၀၀ မဂ္ဂါဝပ်)၊ လက်ရှိ အလယ်အလတ်နှင့် အသေးစားဖုံများမှ အဆိုပြုထားသည့် စီမံချက်များ (၇၃၀၀ မဂ္ဂါဝပ်)၊ မြင့်မားသည့် မြစ်ခွဲများ (high-zone subbasins)ရှိ ရေအားလျှပ်စစ်စီမံချက်များမှ ထွက်ရှိသည့်စွမ်းအင်၊ လက်ရှိဓာတ်အားစက်ရုံများကို ပြန်လည်ပြင်ဆင်မွမ်းမံမှု၊ ဆည်မြောင်းစီမံကိန်းများတွင် တာဘိုင်များတည်ဆောက်ခြင်းနှင့် ၁၀ မဂ္ဂါဝပ်အောက် အသေးစားရေအားလျှပ်စစ်စီမံကိန်းများအပေါ် အခြေခံ၍ တွက်ချက်သည်။ ရေအားလျှပ်စစ် စစ်တမ်းများက ဦးစားပေးမြစ်ခွဲများတွင် ဆက်လက်လုပ်ဆောင်နေသော်လည်း နောက်ထပ်စွမ်းအင်များကိုလည်း ထုတ်လုပ်နိုင်သည်။

၂၀၁၉ ခုနှစ်ဖေဖော်ဝါရီလအထိ SEA ၏ အနာဂတ်မှာ မရှင်းလင်းလှသေးချေ။ ၂၀၁၈ ခုနှစ်အတွင်းတွင် လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနသည် တရုတ်အမျိုးသား စွမ်းအင်စီမံခန့်ခွဲမှုဌာနမှ နည်းပညာပံ့ပိုးမှုနှင့် ရေအားလျှပ်စစ်မူဝါဒ အသစ်တစ်ခုချမှတ်ရန် စတင်လုပ်ဆောင်ခဲ့သည်။ ယင်းက မြန်မာအစိုးရ၏ SEA မှ အဓိကအကြံပြုချက်ဖြစ်သည့် ဧရာဝတီနှင့် သံလွင်အပါအဝင် အဓိကစီးဆင်းနေသည့် မြစ်ကြီးငါးခုတွင် ရေအားလျှပ်စစ်ထုတ်လုပ်မှုများမပြုလုပ်ဘဲ ထိန်းသိမ်းထားရန် ကတိကဝတ်အတွက် မသေချာမရေရာမှုများဖြစ်စေခဲ့သည်။ (Kean ၂၀၁၈)

## ၃.၂။ စွမ်းအင်ကဏ္ဍတွင် ပြည်နယ်များနှင့် တိုင်းဒေသကြီးများနှင့် ဆက်ဆံလုပ်ကိုင်နေသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ

ဤအပိုင်းတွင် ပြည်နယ်/တိုင်းဒေသကြီးစွမ်းအင်ဝန်ကြီးများအား ပံ့ပိုးကူညီရန် ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် ဝန်ထမ်းများထားရှိပေးသည့် လျှပ်စစ်/စွမ်းအင် ဝန်ကြီးဌာနလက်အောက်ရှိ အဓိကဌာနများနှင့် ဌာနခွဲအချို့ကို ဖော်ပြထားသည်။ ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် ကြီးမားသည့် စွမ်းအင်နှင့်ပတ်သက်သည့် လုပ်ငန်းများနှင့် ပတ်သက်နေသည့် အခြားဌာနနှစ်ခုဖြစ်သည့် သယံဇာတ/ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ သတ္တုတွင်းဦးစီးဌာနနှင့် လယ်ဆည်/မွေး၊ ရေ၊ ကျေးလက်ဝန်ကြီးဌာနလက်အောက်ရှိ ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနတို့နှင့်ပတ်သက်၍လည်း ဖော်ပြထားသည်။

### လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန (MOEE)

စွမ်းအင်ကဏ္ဍတွင် အဓိကဝန်ကြီးဌာနမှာ လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာန (MOEE) ဖြစ်သည်။ အောက်ပါ ပုံ (၁၁) တွင် MOEE ကို ဌာနများနှင့် ဌာနခွဲများအားလုံးကို ဖော်ပြလျက် မည်သို့ဖွဲ့စည်းထားသည်ကို ဖော်ပြထားပါသည်။ ပြည်နယ်/ တိုင်းဒေသကြီးအဆင့်တွင်လုပ်ကိုင်နေသည့် ပြည်နယ်/ လျှပ်စစ်/စွမ်းအင် ဝန်ကြီးဌာန၏ ပင်မဌာနကြီး သုံးခုမှာ လျှပ်စစ်ဓာတ်အား

ပုံ (၁၁)။ ဌာနများနှင့် ဌာနခွဲများနှင့်ပတ်သက်၍ ပြသထားသည့် လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာန၏ အဖွဲ့အစည်းပုံစံ




*ရင်းမြစ်။ MOEE မေ ၂၀၁၆ https://www.amchammyan- mar.com/asp/view_doc.asp?DocCID_4876*

ထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဌာနနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းတို့ဖြစ်သည်။

## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း (EPGE)

EPGE သည် ဓာတ်အားစက်ရုံ တည်ဆောက်ခြင်းနှင့် လည်ပတ်ခြင်းအတွက် တာဝန်ရှိသည့် MOEE လက်အောက်ရှိ ဌာနတစ်ခုဖြစ်သည်။ ပုဂ္ဂလိက ဓာတ်အားထုတ်လုပ်သူများ (IPPs) ထံမှ ဓာတ်အားဝယ်ယူရန်နှင့် လျှပ်စစ်ဖြန့်ဖြူးသူများ သို့ရောင်းချရန် သဘောတူညီမှုများတွင်လည်း ပါဝင်ပတ်သက်သည်။ တစ်နည်းအားဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (ESE)နှင့် ပြည်နယ်/တိုင်းဒေသကြီး လျှပ်စစ်ပေးဝေရေးအဖွဲ့အစည်းနှစ်ခုဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ကော်ပိုရေးရှင်း (YESC) နှင့် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး ကော်ပိုရေးရှင်း (MESC) တို့၏ သဘောတူညီစာချုပ်များတွင်လည်း ပါဝင်ပတ်သက်သည်။

စွမ်းအင်ဝယ်ယူရေးသဘောတူညီချက်များ (PPAs) တွင် ဝင်ရောက်မှုမှာ တစ်နည်းတစ်ဖုံ ရှုပ်ထွေးလွန်းလှသည်။ ပထမအနေဖြင့် စီမံချက်ရေးဆွဲသူသည် အဆိုပြုထားသည့် စီမံချက်တစ်ခုနှင့် EPGE သို့ရောက်ရှိလာပြီး ပြည်ထောင်စုအစိုးရထံမှ မူအရ လက်ခံသဘောတူညီမှုရမည်။ EPGE သည် ဖြစ်နိုင်ခြေရှိမရှိ ဆန်းစစ်လေ့လာခြင်း၊ EIA နှင့် သက်ဆိုင်သည့် မှတ်တမ်းများအပါအဝင် စီမံချက်ရေးဆွဲသူထံမှ စီမံချက်ဆိုင်ရာ သတင်းအချက်အလက်များကို စစ်ဆေးသုံးသပ်သည်။ ထို့နောက် EPGE က စီမံချက်ရေးဆွဲသူနှင့် စွမ်းအင်ဝယ်ယူရေးဆိုင်ရာ သဘောတူစာချုပ်ကို ပြင်ဆင်သည်။ နောက်ဆုံးတွင် စီမံချက်ကို အစိုးရထံမှ သဘောတူညီမှုရရှိပြီး သဘောတူစာချုပ် (PPA) ကို လက်မှတ်ရေးထိုးပြီးနောက် တရားဝင်ဖြစ်သည်။

အသေးစား စွမ်းအင်ထုတ်လုပ်သူများနှင် စွမ်းအင်ဝယ်ယူမှု စာချုပ်များ (PPAs) နှင့်ပတ်သက်၍ EPGE က လျှပ်စစ်/ စွမ်းအင်ဝန်ကြီးဌာန၏ စီမံအုပ်ချုပ်မှုအောက်သို့ ကျရောက်မည့် ပင်မဓာတ်အားလိုင်းနှင့် ချိတ်ဆက်မှုမရှိခဲ့လျှင် မဂ္ဂါဝပ် ၃၀ ထက်နည်းပါးသည့် စွမ်းအင်စီမံချက်များအားလုံးကို ပြည်နယ်များနှင့် တိုင်းဒေသကြီးအစိုးရများက စီမံခန့်ခွဲမည်ဟု ဖော်ပြခဲ့သည်။ လက်တွေ့တွင် ဓာတ်အားလိုင်းနှင့်ချိတ်ဆက်သည့် မဂ္ဂါဝပ် ၃၀ ထက်နည်းပါးသည့် စီမံချက်များမှာ အလွန်ပင်နည်းပါးပါသည်။ EPGE အရာရှိများက “ပင်မဓာတ်အားလိုင်းသည် အားနည်းပြီး ၂၃၀ ကေဗွီလိုင်းတွင် အသေးစားမှ အလတ်စား စွမ်းအင်စီးဝင်မှုကို လက်မခံနိုင်” သည့်အတွက်ကြောင့်နှင့် စီမံချက်အဆိုပြုလွှာများကို စစ်ဆေးသုံးသပ်ရန် လုံလောက်သည့် အချိန်လည်းမရှိသည့်အတွက် အသေးစားဓာတ်အား စီမံချက်များကို စီမံခန့်ခွဲနိုင်မှုမရှိဟု ဆိုခဲ့သည်။

EPGE အရာရှိများသည် မြန်မာနိုင်ငံအတွက် လုပ်ဆောင်နိုင်မည့်နမူနာတစ်ခုအဖြစ်ဖြင့် ထိုင်းနိုင်ငံ၏ အသေးစား စွမ်းအင်ထုတ်လုပ်မှု (SPP) စီမံကိန်းနှင့်ပတ်သက်ပြီး ပို၍သိရှိလေ့လာရန် စိတ်ဝင်စားကြသည်။ သို့ရာတွင် အသေးစား စွမ်းအင်ထုတ်လုပ်မှု (SPP) များစွာထံမှ စွမ်းအင်များကို ကိုင်တွယ်ရန် ပင်မဓာတ်အားလိုင်း၏စွမ်းရည်နှင့်ပတ်သက်၍ သံသယရှိကြသည်။ (အခန်း - ၄.၃ တွင် စာဖော်ပြချက်၊ “ထိုင်းနိုင်ငံ၏ အသေးစား စွမ်းအင်ထုတ်လုပ်မှု စီမံကိန်း”)[22]

## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန (DPTSC)

DPTSC သည် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးစနစ် တည်ဆောက်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းအတွက် MOEE ၏ ဌာနတစ်ခုဖြစ်သည်။ ပို့လွှတ်ရေးစနစ်သည် ဓာတ်အားလိုင်းထုတ်လုပ်သည့်စက်ရုံများမှ လိုင်းခွဲများသို့ သယ်ယူသည့် ဗို့အားမြင့်မားသည့် လိုင်းများပါဝင်သည်။ ဗို့အားမြင့်သည့် ဓာတ်အားလိုင်းများမှာ ၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီနှင့် ၆၆ ကေဗွီနှင့် ယင်းတို့အကြားတွင် စွမ်းအင်ကို ဗို့အားနည်းသည့် “ဓာတ်အားလိုင်းလျှော့ချရန်” လိုင်းခွဲရုံများထားရှိသည်။ ပို့လွှတ်သည့်ဓာတ်အားလိုင်းများသည် ဗို့အားမြင့်မားသည့် (၆၆ ကေဗွီ) စွမ်းအင်ကို အလယ်အလတ်ဗို့အား (၃၃ ကေဗွီ) ဖြန့်ဖြူးရေးလိုင်းများသို့ လျှော့ချပေးသည့် လိုင်းခွဲရုံများတွင် အဆုံးသတ်သည်။ ပို့လွှတ်ရေးသည် အတန်အသင့် ဗဟိုချုပ်ကိုင်မှုရှိသည့် လုပ်ငန်းလည်ပတ်မှုမျိုးဖြစ်သောကြောင့် DPTSC သည် ဖြန့်ဖြူးရေးဓာတ်အားလိုင်းများ (အောက်တွင် ကြည့်ပါ။) ကို စီမံခန့်ခွဲသည့် လျှပ်စစ်ဖြန့်ဖြူးပေးသည့်လုပ်ငန်း (ESE) ပြုလုပ်သည့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများနှင့် ဆက်ဆံမှုနည်းပါးပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ပို့လွှတ်ရေးဓာတ်အားလိုင်းများနှင့် ဆက်စပ်သည့် လိုင်းခွဲရုံများကို ပြည်နယ်/တိုင်းဒေသကြီး နယ်နမိတ်များအတွင်းတွင် တည်ရှိပြီး DPTSC အင်ဂျင်နီယာများအတွက် ပို့လွှတ်ရေးဆိုင်ရာ အခြေခံအဆောက်အဦများထားရှိရန်နှင့် တည်ဆောက်ရန် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများနှင့် ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်သည်။

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (ESE)

ESE သည် လျှပ်စစ်ဖြန့်ဖြူးရေးစနစ် တည်ဆောက်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့အတွက်နှင့် ပြီးနောက် သုံးစွဲသူများထံသို့ လျှပ်စစ်ကိုရောင်းချရန် တာဝန်ရှိသည့် MOEE လက်အောက်ရှိဌာနတစ်ခုဖြစ်သည်။ ထို့ကြောင့် ဖြန့်ဖြူးသည့်ဌာနတစ်ခုအဖြစ်ဖြင့်လုပ်ဆောင်ရပြီး ပြည်ထောင်စုဓာတ်အားလိုင်းရှိသည့် မြန်မာနိုင်ငံ၏ နေရာအားလုံးအတွက် YESC မှလုပ်ဆောင်ပေးသည့် ရန်ကုန်အတွက်နှင့် MESC မှလုပ်ဆောင်ပေးသည့် မန္တလေးမြို့အတွက်မှလွဲပြီး လျှပ်စစ်ဖြန့်ဖြူးခြင်းနှင့် ရောင်းချခြင်းအတွက် တာဝန်ယူရသည်။

ထုတ်လွှတ်သည့် ဓာတ်အားလိုင်းတွင် ၃၃ ကေဗွီနှင့် ၁၁ ကေဗွီရှိသည့် အလယ်အလတ်ဗို့အားရှိ ဓာတ်အားလိုင်းများ ပါဝင်ပါသည်။ ကမ္ဘာ့ဘဏ်မှ ပံ့ပိုးသည့် အမေရိကန်ဒေါ်လာ သန်း ၃၂၀ဖြင့် ပင်မဓာတ်အားလိုင်းနှင့် ချိတ်ဆက်ရန်နှင့် ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေးအတွက် လုပ်ဆောင်နေသည်။ MOEE တွင် အဓိကလျှပ်စစ်ဖြန့်ဖြူးရေးဌာနဖြစ်သည့်အတွက် ESE သည် ပြည်နယ်/တိုင်းဒေသကြီးအစိုးရနှင့် အတူပူးပေါင်း၍ ပြည်နယ်/တိုင်းဒေသကြီး တစ်ခုစီတွင် လုပ်ဆောင်ရန်နှင့် ပြည်ထောင်စုဓာတ်အားလိုင်းကို တိုးချဲ့ရန်အတွက် တစ်နိုင်ငံလုံး မီးလင်းရေးစီမံကိန်း (NEP) ရန်ပုံငွေရရှိသည်။

ESE အရာရှိများက သူတို့၏လုပ်ပိုင်ခွင့်မှာ ရွာသို့မဟုတ် ရပ်ရွာအဖွဲ့အစည်းတစ်ခုသို့ လျှပ်စစ်မဝင်ရောက်မီ နောက်ဆုံးအဆင့် ၁၁ ကေဗွီ ဖြန့်ဖြူးရေးဓာတ်အားလိုင်းများအဆင့်သို့ ဓာတ်အားလိုင်းကို တိုးချဲ့ရန်ဟု ရှင်းပြခဲ့သည်။ တစ်ခါတစ်ရံတွင် တိုးချဲ့တပ်ဆင်ခြင်းကို ပြည်ထောင်စုဘတ်ဂျက်မှရရှိပြီး တစ်ခါတစ်ရံတွင် ရန်ပုံငွေပေးသည့်အလှူရှင်များ၏ အထောက်အပံ့များမှဖြစ်ပြီး တစ်ခါတစ်ရံတွင်မူ ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များမှဖြစ်သည်ဟုဆိုသည်။ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၃,၀၀၀ ရွာရှိပြီး ESE ၏ ဘတ်ဂျက်မှာ တစ်နှစ်လျှင် ရွာပေါင်း ၅၀၀၀ ကို လျှပ်စစ်မီးလင်း

စေရေးအတွက် နောက်နှစ်ပေါင်းများစွာအတွက် ရန်ပုံငွေရှိသည်။

ESE အရာရှိတစ်ဦးက ရှင်းပြသည်မှာ တစ်နိုင်ငံလုံးမီးလင်းရေးစီမံကိန်း ဘတ်ဂျက်ကို အသုံးပြုခြင်းဖြင့် ESE သည် ဖြန့်ဖြူးရေးဓာတ်အားလိုင်း အတွက် SCADA ထိန်းချုပ်မှုစနစ်တစ်ခုကို အသုံးပြုပါသည်။

> **အနာဂတ်မှာ ဖြန့်ဖြူးရေးစီမံခန့်ခွဲမှုစနစ်ကို ပိုမိုကောင်းမွန်အောင် ကြိုးစားနေပါတယ်။..... နေရာတိုင်းမှာ၊ ဒါကြောင့် ကျွန်တော်တို့ ထိထိရောက်ရောက် ထိန်းချုပ်နိုင်တယ်။ [SCADA] စနစ်နဲ့ လိုင်းခွဲရုံ များကို ကြီးကြပ်ကွပ်ကဲဖို့နဲ့ထိန်းချုပ်ဖို့ အချိန်နှင့်တစ်ပြေးညီ သတင်း အချက်အလက်တွေရနိုင်တယ်။ အခြေခံအားဖြင့်တော့ ၁၁ ကေဗွီလိုင်း အဆုံးအထိ တစ်လမ်းလုံး နှစ်ဖက် အပြန်အလှန် ချိတ်ဆက်တဲ့လိုင်းမျိုးပါဘဲ။**

ဝန်ထမ်းအင်အားအနေဖြင့် ဖော်ပြခဲ့သည့်အတိုင်း လျှပ်စစ်ဖြန့်ဖြူးရေး၏ ဒေသပိုင်းကဏ္ဍများအတွက်တာဝန်ရှိသည့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရ ရုံးများသို့ စွမ်းရည်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီနေသော ပြည်ထောင်စုအင်ဂျင်နီယာများနှင့် လျှပ်စစ်ပေးဝေရေးနှင့် ဖြန့်ဖြူးရေးအတွက် နည်းပညာပိုင်းဆိုင်ရာ စွမ်းရည်များရှိကြသည်။

ESE သည် မန္တလေးနှင့် ရန်ကုန်လျှပ်စစ်ဖြန့်ဖြူးရေး ကော်ပိုရေးရှင်းများရှိသည့် မန္တလေးနှင့် ရန်ကုန်မှလွဲ၍ ပြည်နယ်/တိုင်းဒေသကြီးတိုင်းတွင် ရုံးထားရှိသည်။ ESE ရုံး၏ အကြီးအကဲသည် ၁၁ ကေဗွီစနစ် တည်ဆောက်မှုနှင့် စီမံခန့်ခွဲမှုကို လုပ်ဆောင်ရန် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအစိုးရနှင့် ဆက်ဆံလုပ်ကိုင်သည်။ ESE ရုံးသည် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လျှပ်စစ်အတွက်တာဝန်ရှိသည့် ဝန်ကြီးတို့နှင့် နီးကပ်စွာ ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်ကြသည်။ ESE မှတာဝန်ရှိသူက "ESE အင်ဂျင်နီယာများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ အတူလုပ်ကိုင်ဆောင်ရွက်ကြရတဲ့ [စီစဉ်မှု] က ... ယေဘုယျအားဖြင့် ကောင်းကောင်းအဆင်ပြေပါတယ်။"ဟု ဆိုပါသည်။ သို့သော် သူကထပ်လောင်း၍ပြောကြားရာတွင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများနှင့် လုပ်ကိုင်နေကြသည့် ESE အင်ဂျင်နီယာများအနေဖြင့် သင်တန်းလိုအပ်သည်ဟုဆိုပါသည်။

> **ကျွန်တော်တို့က နိုင်ငံတကာ ဈေးပြိုင်စနစ်နှင့်ပတ်သက်လို့ ဘာမှမသိပါဘူး။ နိုင်ငံတကာ စံချိန်စံညွှန်းတွေလဲ မသိကြဘူး။ ဥပမာ ပစ္စည်းအတွက်နဲ့ ဆောက်လုပ်ရေးအတွက် သီးခြားတင်ဒါခေါ်တယ်။ ပြီးတော့ ၁၁ ကေဗွီလိုင်းအတွက် ကုမ္ပဏီငှားရတယ်။ ဒါကြောင့် တပ်ဆင်ဖို့အတွက် တင်ဒါခေါ်ရတယ်။**

ပြည်နယ်/တိုင်းဒေသကြီးအစိုးရများကို ပံ့ပိုးပေးနေသည့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်မှ ESE ဝန်ထမ်းများသည် SCADA ထိန်းချုပ်မှုစနစ်နှင့်ပတ်သက်၍လည်း သင်တန်းလိုအပ်သည်ဟု ဖြည့်စွက်ပြောကြားခဲ့သည်။

## အခြားဝန်ကြီးဌာနများမှ စွမ်းအင်နှင့်ပတ်သက်သည့် လုပ်ငန်းများလုပ်ဆောင်နေသည့် အစိုးရဌာနများ

### *သတ္တုတွင်းဦးစီးဌာန*

ထုံးစံအားဖြင့် သတ္တုတူးဖော်မှုအားလုံးသည် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ သတ္တုတွင်းဦးစီး ဌာန၏ စီမံအုပ်ချုပ်မှုအောက်တွင် ရှိပြီး သတ္တုတွင်းဖော်မှုအတွက် တာဝန်ရှိသည့် အဓိက ပြည်ထောင်စုအဆင့် အဖွဲ့ အစည်းတစ်ခုဖြစ်သည်။

မြန်မာဥပဒေအရ သတ္တုတွင်းအမျိုးအစား လေးမျိုးရှိပါသည်။

- အကြီးစားသတ္တုတူးဖော်ခြင်း (> ၁ စတုရန်းကီလိုမီတာ)
- အလယ်အလတ် အရွယ်အစားသတ္တုတူးဖော်ခြင်း (၂၀ ဧက မှ ၁ စတုရန်းကီလိုမီတာ)
- အသေးစား သတ္တုတူးဖော်ခြင်း (< ၂၀ဧက)
- စက်ယန္တရားကြီးများမလိုအပ်ဘဲ လူတစ်ဦးချင်းနှင့် အိမ်ထောင်စုများက လုပ်ကိုင်ပြီး ကျောက်မျက်ရတနာများနှင့် ရွှေတူးဖော်ခြင်းတို့နှင့် သက်ဆိုင်သည့် တစ်နိုင်တစ်ပိုင် သတ္တုတူးဖော်ခြင်း

### ဝန်ထမ်းအနေအထား

ဌာနတွင် နေပြည်တော်၌ရုံးစိုက်သည့် ဝန်ထမ်းဦးရေမှာ လေးပုံသုံးပုံခန့်ရှိပြီး ပြည်နယ်/တိုင်းဒေသကြီး အဆင့်များရှိ ဝန်ထမ်းများအပါအဝင် ဝန်ထမ်း ၁၃၃ ဦးရှိသည်။ MOEE နှင့်နှိုင်းယှဉ်မည်ဆိုပါက သတ္တုတွင်းဌာနတွင် နည်းပညာကျွမ်းကျင်သည့် ဝန်ထမ်းများဖြစ်သည့် အင်ဂျင်နီယာများနှင့် ဘူမိဗေဒပညာရှင်များရှိသည်။ ယင်းနည်းပညာပိုင်းဆိုင်ရာ လေ့ကျင့်သင်ကြားထားသည့် အရာရှိများသည် နိုင်ငံတစ်ဝှမ်းလုံးရှိ ရုံးများတွင် လုပ်ကိုင်လျက်ရှိပြီး ရုံးစိုက်ရာ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးတွင် ဝန်ကြီးအား နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီနေသည်။[23]

### ကျောက်မီးသွေးတွင်းများကို ကြီးကြပ်ကွပ်ကဲမှု

သတ္တုတွင်းဦးစီးဌာနသည် တစ်နှစ်တွင် ပေါင်းစပ်ထုတ်လုပ်မှု တန် ၅၀၀,၀၀၀ ဝန်းကျင်တွင်ရှိသည့် ကျောက်မီးသွေးတွင်းကဏ္ဍတွင် လုပ်ကိုင်နေသည့် ကုမ္ပဏီပေါင်း ၁၀၀ ကျော်ကို ကြီးကြပ်စီမံခန့်ခွဲသည်။ ဤသတ္တုတွင်းများ၏ သုံးပုံတစ်ပုံမှာ အကြီးစားများဖြစ်ပြီး ကျန်သည့်ကုမ္ပဏီများမှာ အလွန်သေးငယ်ပါသည်။ ကျောက်မီးသွေးကို ဘိလပ်မြေနှင့် စတီးလ်စက်ရုံများတွင် အဓိကအသုံးပြုပါသည်။ ပြည်ထောင်စုအဆင့်တွင် ၁၂၀ မဂ္ဂါဝပ်ပမာဏဖြင့် ကျောက်မီးသွေး လောင်စာသုံး ဓာတ်အားပေးစက်ရုံ တစ်ရုံမျှသာရှိသည်။ ကျောက်မီးသွေး ကဏ္ဍတွင် ကြီးမားသည့်စိန်ခေါ်မှုသည် လုံခြုံရေးနှင့် မတော်တဆမှု အထူးသဖြင့် ပေါက်ကွဲမှုအန္တရာယ်ပင်ဖြစ်သည်။

### သတ္တုတွင်းတူးဖော်ခွင့်လိုင်စင်များ

သတ္တုတွင်းတူးဖော်ခွင့်လျှောက်ထားလိုသည့် ကုမ္ပဏီများသည် လုပ်ကိုင်လိုသည့်နေရာတွင် လုပ်ပိုင်ခွင့်ရပြီးသား ဖြစ် မဖြစ်၊ အခြားကုမ္ပဏီတစ်ခုခု လုပ်ဆောင်နေခြင်းရှိ မရှိ သို့မဟုတ် လုပ်ကိုင်လိုသည့်နေရာသည် ကန့်သတ်နေရာတွင် ရှိ မရှိကို သတ္တုတွင်းဦးစီးဌာနတွင် ပထမဦးစွာ စုံစမ်းရပါသည်။ ဤလုပ်ငန်းစဉ်တွင် သစ်တောဦးစီးဌာနနှင့် စစ်ဆေးမှုလည်းပါဝင်ပါသည်။ ဤဆန်းစစ်သုံးသပ်ချက်ကို ပြုလုပ်ပြီးလျှင် သတ္တုတွင်းဦးစီးဌာနက လျှောက်လွှာကို ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုချက်ရရှိရန် ပေးပို့သည်။ ဆန်းစစ်သုံးသပ်ချက်အရ သတ္တုတွင်းဖော်မည့်နေရာသည် တားမြစ်ဇရိယာများအတွင်း မဟုတ်ဟု ဆုံးဖြတ်လျှင် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအစိုးရက လျှောက်လွှာကို ခွင့်ပြုသဘောတူပြီး သတ္တုတွင်းဦးစီးဌာနမှ သတ္တုတူးဖော်ခွင့်လိုင်စင်ကို ထုတ်ပေးနိုင်ပါသည်။

### ပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များ

အသေးစား သတ္တုတွင်းများသည် ကနဦးပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာချက် (IEE) လိုအပ်ပြီး အလတ်စားနှင့် အကြီးစားသတ္တုတွင်းများသည် EIA ပြင်ဆင်ရန်လိုအပ်ပြီး သုံးသပ်ချက်လုပ်ငန်းစဉ်ကို ကျော်ဖြတ်ရန် လိုအပ်သည်။ အလယ်အလတ်နှင့် အကြီးစားသတ္တုတွင်းများသည်

ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်ရေးဆွဲရန်နှင့် ပြည်သူလူထု၏သဘောထား ရယူဆွေးနွေးရန် လိုအပ်သည်။

**ဘေးအန္တရာယ်လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုနှင့် သတ္တုတူးဖော်ခြင်းကို ရပ်တန့်ခြင်း၊**

ယခင်က ကျောက်မီးသွေးတွင်းများ ထုံးစံအရ တွင်းအပွင့်များသာဖြစ်သည်။ လွန်ခဲ့သည့် သုံးနှစ်ခန့်မှစတင်၍ ပြည်သူလူထု၏ စိုးရိမ်ပူပန်မှုနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကန့်သတ်ချက်အသစ်များကြောင့် တစ်စိတ်တစ်ပိုင်း အားဖြင့် အဖွင့်ကျင်းများမှ မြေအောက် သတ္တုတွင်းဖော်ခြင်းသို့ ကူးပြောင်း လာခဲ့သည်။ ယခုအခါ မြန်မာ့ကျောက်မီးသွေးတွင်းများ၏ သုံးပုံတစ်ပုံခန့်မျှ သည် မြေအောက်တူးဖော်ခြင်းပုံစံသို့ ပြောင်းလဲခဲ့ပြီဖြစ်သည်။

၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်အတွင်း ကျောက်စိမ်းတွင်းများ မြေပြိုကျခြင်း(Topf ၂၀၁၆; Jamasmie ၂၀၁၆) နှင့် မကွေးဒေသတွင် ကျောက်မီးသွေးတွင်း အောက်ဆီဂျင်ပြတ်လတ်မှု(Aung ၂၀၁၇)ကြောင့် သေဆုံးမှုအပါအဝင် ကြီးမားသည့် မတော်တဆမှုများ ဖြစ်ခဲ့သည်။ သတ္တုတူးဖော်ခွင့်လိုင်စင် များကို ရပ်ဆိုင်းမှု ပြုလုပ်ခဲ့ပြီး နောက်ဆုံး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် သတ္တုတူးဖော်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းသစ်များ အသက်ဝင်ခဲ့သည်။ စည်းမျဉ်းအသစ်များက ပြည်နယ်များနှင့် တိုင်းဒေသ ကြီးများသို့ အသေးစားနှင့် တစ်နိုင်တစ်ပိုင် သတ္တုတူးဖော်ခွင့် လိုင်စင်ချပေး မှုကို လွှဲပြောင်းပေးခဲ့သည်။ သတ္တုတူးဖော်ခွင့်လိုင်စင်ချပေးခဲ့ခြင်း ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ပြန်လည်စတင်ပေးခဲ့သည်။

ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် သတ္တုတူးဖော်ခြင်းနှင့် ဆက်စပ်သည့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အခြေခံ မှုများတွင် ကျွမ်းကျင်မှုရှိသည့် ဝန်ထမ်းအလုံအလောက်မရှိဟု အရာရှိများက ဆိုသည်။ နည်းပညာပိုင်းကျွမ်းကျင်ပြီး သတ္တုတွင်း စစ်ဆေးသည့်အတွေ့ အကြုံရှိသည့် သတ္တုတွင်းအင်ဂျင်နီယာများအပါအဝင် ဝန်ထမ်းအင်အား သုံးဆ သို့မဟုတ် လေးဆ ပို၍လိုအပ်မည်ဟု ခန့်မှန်းပါသည်။[24]

*“လွန်ခဲ့သည့် သုံးနှစ်ခန့်မှစတင်၍ ပြည်သူလူထု၏ စိုးရိမ်ပူပန်မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကန့်သတ်ချက် အသစ်များကြောင့် တစ်စိတ်တစ်ပိုင်း အားဖြင့် အဖွင့်ကျင်းများမှ မြေအောက် သတ္တုတွင်းတူးဖော်ခြင်းသို့ ကူးပြောင်းလာခဲ့သည်”*

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DRD)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုး ရေးတွင် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင်ပါဝင်ပြီး ကမ္ဘာ့ဘဏ်၏ အကြီးဆုံးသော ရပ်ရွာအခြေပြု ဖွံ့ဖြိုးရေးစီမံကိန်းတွင် မိတ်ဖက်တစ်ဦး အဖြစ် လုပ်ဆောင်လျက်ရှိသည်။ DRD သည် တစ်နိုင်ငံလုံးမီးလင်းရေး စီမံချက်အတွက် ကမ္ဘာ့ဘဏ်၏ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ၏ အစိတ်အပိုင်း တစ်ခုဖြစ်သည့် ဓာတ်အားလိုင်းပြင်ပ လျှပ်စစ်မီးရရှိရေး အတွက် ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ ကိုလည်း စီမံခန့်ခွဲသည်။ (အခန်း - ၂.၃ ရှိ ဖော်ပြချက်ပါ “မြန်မာနိုင်ငံ၏ တစ်နိုင်ငံလုံး မီးလင်းရေး စီမံချက် (NEP)”တွင်ကြည့်ပါ။) NEP ၏ ဓာတ်အားလိုင်း ပြင်ပလုပ်ငန်း အတွက် DRD သည် နေစွမ်းအင်ဖြင့် အိမ်သုံး မီးလင်းရေးစနစ်များနှင့် ကျေးရွာအဆင့် အသေးစားဓာတ်အားလိုင်းများမှတစ်ဆင့် ချိတ်ဆက်၍ အိမ်ထောင်စုများ မီးရရှိစေရေးနှင့် ရန်ပုံငွေချထားပေးရေးအတွက် တာဝန် ရှိသည့် လုပ်ငန်းအကောင်အထည်ဖော်သည့် အဖွဲ့အစည်းတစ်ခုလည်း ဖြစ်သည်။

DRD သည် နှစ်ပေါင်းများစွာ နေစွမ်းအင်သုံး အိမ်မီးများ တပ်ဆင်ပေးခြင်းကို ကြီးကြပ်ကွပ်ကဲပေးလျက်ရှိပြီး ဓာတ်အားလိုင်း ပြင်ပမီးလင်းရေးအတွက် ပစ္စည်းကိရိယာနှင့် လိုအပ်သည့်နည်းပညာများ၏ ကုန်ကျစရိတ်များအတွက် ကမ္ဘာ့ဘဏ် NEP ချေးငွေမှ ငွေကြေးများစွာရရှိပြီး ယင်း၏ ဘတ်ဂျက်မှာ များစွာတိုးတက်မြင့်မားလာခဲ့သည်။

NEP ၏ တစ်စိတ်တစ်ဒေသအားဖြင့် MOEE သည် ကိုလံဘီယာတက္ကသိုလ် Earth Institute မှ လက်ရှိဓာတ်အားလိုင်းမှ အကွာအဝေးအပေါ် အခြေခံ၍ လျှပ်စစ်ပေးဝေရေးအတွက် ဦးစားပေးလုပ်ဆောင်ရန် ၂၀၁၃-၂၀၁၄ ခုနှစ် များအတွင်း မြန်မာနိုင်ငံအတွက် မြေပြင်အနေအထား တည်ရှိမှုဆိုင်ရာ လျှပ်စစ်မီးပေးရေးအစီအစဉ်တစ်ခုကို ချမှတ်ရန် ပံ့ပိုးကူညီမှု ရရှိခဲ့သည်။ NEP တွင် ဓာတ်အားလိုင်းတိုးချဲ့ရန်အတွက် အဆင့်ငါးဆင့် ပါရှိသည့် လျှပ်စစ်မီးပေးရေး လမ်းပြမြေပုံတစ်ခုရှိသည်။ ပထမအဆင့်မှ တတိယ အဆင့်အထိ ရွာများကို ဓာတ်အားလိုင်းနှင့် ပထမဆုံးချိတ်ဆက်ပေးမည်။ စတုတ္ထနှင့် ပဉ္စမအဆင့်ရွာများကိုမူ ဓာတ်အားလိုင်းပြင်ပလုပ်ဆောင်ချက် များ၏ အစိတ်အပိုင်းတစ်ခုအဖြစ် NEP ၏ အခေါ်အဝေါ်အားဖြင့် “ဓာတ် အားလိုင်းမရောက်မီလျှပ်စစ်မီးလင်းရေး” (Castalia 2014)[25] ပုံစံဖြင့် DRD မှ လုပ်ဆောင်ပေးပြီး နောက်ပိုင်းတွင် လျှပ်စစ်မီးရရှိမည်ဖြစ်သည်။ ၂၀၁၉ ခုနှစ်အစောပိုင်းတွင် မြေပြင်အနေအထားတိုင်းတာမှုဆိုင်ရာ အစီအစဉ်ကို GIZ ၊ ကမ္ဘာ့ဘဏ်တို့နှင့်အတူ ပူးပေါင်း၍ MOEE မှ ပူးတွဲ လုပ်ဆောင်မည့် အစိုးရဌာနအဖြစ်ဖြင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုစင် တာ (International Growth Centre) က ပြင်ဆင်မွမ်းမံရေးဆွဲပေးခဲ့သည်။

NEP တွင် DRD ၏ အခန်းကဏ္ဍမှာ အဆင့် ၄ နှင့် အဆင့် ၅ အဖြစ် သတ်မှတ်ထားရှိသော ဓာတ်အားလိုင်းပြင်ပနေရာများကို လျှပ်စစ်မီးပေးရေး ဖြစ်သည်။ ယင်းနေရာများကို “ဝေးလံခေါင်ဖျားဒေသများ” အဖြစ် ရည် ညွှန်းပြီး ယင်းတို့သည် ပြည်ထောင်စုဓာတ်အားလိုင်း၏ ၁၁ ကေဗွီလိုင်း ခွဲရုံမှ အနည်းဆုံး ၁၀ မိုင်မျှကွာဝေးကြသည်။ ခြွင်းချက်မှာ အဆင့် ၅ အဖြစ် သတ်မှတ်ထားသည့် ဓာတ်အားလိုင်းကြီးမှ ၁၀ မိုင်အောက်ဝေးသည့် တောင်ပေါ်ရွာများဖြစ်သည်။

DRD ၏ ဓာတ်အားလိုင်းပြင်ပလုပ်ငန်းများသည် နေစွမ်းအင်သုံး အိမ်သုံး စနစ်များနှင့် နေစွမ်းအင်သုံး အသေးစားဓာတ်အားလိုင်း နှစ်မျိုးလုံးပါဝင်ပြီး ဇယား (၄) တွင် အကျဉ်းချုပ်ဖော်ပြထားသည်။

ဇယား (၄)။ မြန်မာနိုင်ငံတွင် "ဓာတ်အားလိုင်းမရောက်မီ မီးလင်းရေး" အတွက် အသုံးပြုသည့် အဓိကနည်းလမ်းများကို နှိုင်းယှဉ်ခြင်း

| ဦးတည်အုပ်စု | လျှပ်စစ်ရရှိရေးအတွက်ဖြေရှင်းချက် | မှတ်ချက်များ |
|---|---|---|
| အိမ်ထောင်စု | နေစွမ်းအင်သုံးအိမ်မီးထွန်းစနစ် | ဆိုလာပြားများနှင့် ဘက်ထရီတွင်းသို့ ရောက်ရှိပြီး လျှပ်စစ်ထုတ်လုပ်သည်။ အခြေခံမီးထွန်းခြင်း၊ ဖုန်းအားသွင်းခြင်းနှင့် သေးငယ်သည့် ပစ္စည်းများအပါအဝင် အိမ်အတွက်လိုအပ်သည့် လျှပ်စစ်များ ပေးနိုင်သောစနစ် |
| ရပ်ရွာလူမှုအဖွဲ့အစည်း | အသေးစားဓာတ်အားလိုင်း | ရွာတစ်ရွာ သို့မဟုတ် ရပ်ရွာအုပ်စုတစ်စုရှိအိမ်များ သို့မဟုတ် ရပ်ရွာလူမှုအဖွဲ့အစည်းတစ်ခုလုံးကို လျှပ်စစ်ဓာတ်အား ပေးနိုင်သည်။ အသေးစားဓာတ်အားလိုင်းအတွက် စွမ်းအင်ကို နေစွမ်းအင်၊ ရေအား လျှပ်စစ်၊ ဒီဇယ် မီးအားပေးစက်များ သို့မဟုတ် "hybrid" ဟုခေါ်သည့် အားလုံးပေါင်းစပ်သည့် နည်းများမှ ရရှိနိုင်သည်။ |

## ၃.၃။ ဒေသန္တရစွမ်းအင်ဆိုင်ရာ အုပ်ချုပ်စီမံမှုပုံစံ စွမ်းအင်ကဏ္ဍတွင် ဝန်ကြီးများအနေဖြင့် နှစ်နေရာကို အပြိုင်တာဝန်ခံနေရမှု

ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအသီးသီးတွင် ဝန်ကြီးချုပ်တစ်ဦးနှင့် စွမ်းအင်အပါအဝင် ကိစ္စရပ်များကို ကိုင်တွယ်ရသည့် ဝန်ကြီးတစ်ဦးရှိသည်။ Batcheler (၂၀၁၈) ရေးသားခဲ့သည့်အတိုင်း ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးတစ်ဦးနှင့် သူတို့တာဝန်ယူကြည့်ရှုရသည့် ဌာနများအကြား တာဝန်ခံမှုကို ရှင်းလင်းတင်ပြရာတွင် အောက်ပါအမျိုးအစားသုံးခုအနက် အမျိုးအစားတစ်ခုခုတွင် ပါဝင်နိုင်ပါသည်။

၁။ **ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးသို့ တာဝန်ခံခြင်း၊** ဇယား (၂) အောက်တွင် အပြည့်အဝရှိသည့် လုပ်ငန်းတာဝန်များကို လုပ်ဆောင်ရသည့်၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရမှ အပြည့်အဝငွေကြေးပံ့ပိုးထားသည်နှင့် ပြည်နယ်/ တိုင်းဒေသကြီးဝန်ကြီးကို သီးသန့် သတင်းပေးပို့ရသည့် ဌာနများ[26]

၂။ **နှစ်နေရာကို အပြိုင်တာဝန်ခံရမှု၊** ပြည်နယ်/တိုင်းဒေသကြီးဘတ်ဂျက်များမှ ငွေကြေးတစ်စိတ်တစ်ပိုင်းရရှိပြီး အချို့လုပ်ငန်းဆောင်တာများသည် ဇယား (၂) တွင်ပါဝင်သည်။ ဤဌာနများသည် ပြည်နယ်/ တိုင်းဒေသကြီး ဝန်ကြီးနှင့် ယင်းတို့၏ ပြည်ထောင်စုအဆင့် ဝန်ကြီးနှစ်ဦးလုံးကို တာဝန်ခံရပါသည်။ စွမ်းအင်ကဏ္ဍမှ ဌာနများအနေဖြင့် ဤအမျိုးအစားတွင် အကျုံးဝင်ပါသည်။ (ESE, EPGE, DEPP စသဖြင့်)

၃။ **ပြည်နယ်/တိုင်းဒေသကြီး၏ ပူးပေါင်းလုပ်ဆောင်မှု၊ ကြီးကြပ်ကွပ်ကဲမှုများနှင့် ပြည်ထောင်စုအစိုးရကို တာဝန်ခံခြင်း၊** ပြည်ထောင်စုအဆင့်မှ ငွေကြေးပံ့ပိုးမှုတစ်ခုတည်းဖြင့်သာ ရပ်တည်သည့်ဌာနများသည် ပြည်ထောင်စုဝန်ကြီးဌာနကိုသာ တာဝန်ခံပါသည်။ သို့ရာတွင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရတွင် သက်ဆိုင်သည့်ဝန်ကြီးတစ်ဦးရှိပါက ဌာန၏ လုပ်ငန်း များကို ပူးပေါင်းညှိနှိုင်းခြင်းနှင် ကြီးကြပ်ကွပ်ကဲခြင်းတို့ကို ပြုလုပ်ပေးရသည်။

Batcheler က နှစ်နေရာကို အပြိုင်တာဝန်ခံရသည့်စနစ်တွင် ဌာနများအနေဖြင့် ပြည်နယ်/တိုင်းဒေသကြီးနှင့်ဌာနအသီးသီးအကြားကွာခြားချက်များရှိသော်လည်း ပြည်နယ်/တိုင်းဒေသကြီးအဆင့် ဝန်ကြီးများ ကို ပို၍ တာဝန်ခံမှုရှိသည်ဟု ထောက်ပြထားသည်။

ပုံ (၁၂)။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်များ/တိုင်းဒေသကြီးများ၏ တာဝန်ခံမှုကို ပြသသည့်ဇယား



ပြည်နယ်/တိုင်းဒေသကြီးအဆင့်ဝန်ကြီးများ တာဝန်ယူလုပ်ကိုင်နေသော ဌာနအများစုသည် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၏ အစိတ်အပိုင်းဖြစ်၍ "ဝန်ကြီးဌာနမရှိသည့် ဝန်ကြီးများ" ခန့်ထားသည့် စနစ်တစ်ခုဖြစ်နေသော်လည်း ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးများအား ဌာနဆိုင်ရာများမှ တာဝန်ခံသည့်ပုံစံသို့ ဦးတည်လာသည်မှာမူ ထင်ရှားပါသည်။ လုပ်ငန်းများ လုပ်ကိုင်ပုံမှာလည်း ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးများက ဌာနများ၏ လုပ်ငန်းများတွင် ပါဝင်ပတ်သက်မှု ပိုရှိလာပြီး လွှမ်းမိုးမှုရှိသည့်ပုံစံဖြစ်လာသည်။ ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးများသို့ တာဝန်ခံမှုနည်းလှသည့် ဌာနများပင်လျှင် ဝန်ထမ်းခန့်ထားခြင်းဆိုင်ရာအဆုံးအဖြတ်၊ မူဝါဒချမှတ်မှုနှင့် အစီအစဉ်ရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲရာတွင် ပို၍ပါဝင်ပတ်သက်လာသည့် အထောက်အထားကို တွေ့ရသည်။

စွမ်းအင်ကဏ္ဍတွင် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဌာနများ သို့မဟုတ် ယူနစ်များ (ဥပမာ - ESE, EPGE, DEPP) သည် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် ရုံးများရှိကြပြီး ယင်းရုံးများမှဝန်ထမ်းများမှာ ပြည်ထောင်စုဝန်ကြီးဌာန၏ အင်ဂျင်နီယာများဖြစ်သည်။ တစ်ချိန်တည်းမှာပင် ပြည်နယ်များနှင့် တိုင်းဒေသကြီးများ၏ စွမ်းအင်ဘတ်ဂျက်မှာ အကန့်အသတ်ရှိသည့် (စွမ်းအင်ကိစ္စရပ်များနှင့်ပတ်သက်သည့် ကျွမ်းကျင်မှုများနှင့် အတွေ့အကြုံရှိသည့် ဝန်ထမ်းအရေအတွက်မှာလည်း နည်းပါးခြင်း)အတွက် နည်းပညာပိုင်းဆိုင်ရာ သုံးသပ်မှုများနှင့် စီမံခန့်ခွဲမှုများအတွက် ပြည်ထောင်စုအဆင့်ဝန်ထမ်းများကို မှီခိုနေရလေ့ရှိသည်။

ဥပမာ - အထက်တွင် ဖော်ပြထားသကဲ့သို့ ESE သည် ပြည်ထောင်စုစွမ်းအင်ဖြန့်ဖြူးရေး ဓာတ်အားလိုင်းနှင့် လျှပ်စစ်ရောင်းချမှုများကို စီမံခန့်ခွဲရသည့် MOEE လက်အောက်ရှိ ဌာနတစ်ခုဖြစ်သည်။ ESE ၏ ဒေသအင်ဂျင်နီယာများသည် ပြည်နယ်/တိုင်းဒေသကြီးများရှိ ESE ရုံးများတွင် ရုံးထိုင်ပြီး လျှပ်စစ်ဖြန့်ဖြူးရေးစနစ်ကို စီမံခန့်ခွဲသည်။ ယင်း ESE အင်ဂျင်နီယာများကို ပြည်ထောင်စုလျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနမှ ခန့်ထားပြီး လစာလည်းပေးသည်။ ESE က စွမ်းအင် ဖြန့်ဖြူးရေးအတွက် နည်းပညာပိုင်းဆိုင်ရာ စံချိန်စံညွှန်းများကို ထိန်းချုပ်သည်။ သို့သော် နစ်နေရာကို တာဝန်ခံရသည့် မူဖြင့် ESE အင်ဂျင်နီယာများသည် ပြည်နယ်/တိုင်းဒေသကြီး စွမ်းအင်ဝန်ကြီးကိုလည်း တာဝန်ခံရသည်။ ပြည်နယ်/တိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီး၏ တာဝန်သည် ဖြန့်ဖြူးရေး ဓာတ်အားလိုင်းများနှင့်ပတ်သက်လျှင် ပြည်နယ်/တိုင်းဒေသကြီးများအလိုက် ကွာခြားမှုများရှိသည်။ အပိုင်း (၄.၂) တွင် ဖော်ပြထားသကဲ့သို့ ပြည်နယ်/တိုင်းဒေသကြီးအဆင့် အစိုးရဘတ်ဂျက်များသည် ၁၁ ကေဗွီစနစ်အတွက် ရန်ပုံငွေပါရှိတတ်သည်။ ပုံ (၁၂) က ဖွဲ့စည်းပုံအခြေခံဥပဒေအရ နစ်နေရာကို တာဝန်ခံမှု၏ သဘောတရားမည်သို့ရှိသည်ကို ဖော်ပြထားသည်။

## လွှတ်တော်၏ အခန်းကဏ္ဍ

ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များသည် တစ်ရပ်တည်းသော လွှတ်တော်များဖြစ်သည်။ တည်ဆဲအခြေခံဥပဒေအရ ဝန်ကြီးချုပ်များသည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်ရမည်ဖြစ်ပြီး အစိုးရဝန်ကြီးများမှာမူ လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်နိုင်သည်။ လွှတ်တော်များတွင် အဓိကလုပ်ငန်းတာဝန်သုံးရပ်ရှိသည်။ (Batcheler ၂၀၁၈၊ ၃၄)

- ဥပဒေပြုရေး
- အစိုးရအဖွဲ့ကို ကြီးကြပ်ကွပ်ကဲရေးနှင့်
- မဲဆန္ဒရှင်များကို ကိုယ်စားပြုခြင်းတို့ဖြစ်သည်။

Batcheler (၂၀၁၈) သည် ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် လွှတ်တော်များ၏ လုပ်ကိုင်ဆောင်ရွက်မှုများကို လုပ်ငန်းဆောင်တာတူညီသော်လည်း လက်တွေ့တွင် သိသာထင်ရှားသည့် ကွာခြားချက်များကို ဖော်ပြလျက် အသေးစိတ် ဆွေးနွေးတင်ပြထားပြီး ပိုမိုကြီးထွားလာသည့် အခန်းကဏ္ဍနှင့် လွှမ်းမိုးနိုင်မှုများကိုလည်း မှတ်ချက်ပြုထားသည်။

ပုံ (၁၃) သည် လွှတ်တော်များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းဆောင်တာများနှင့် အတည်ပြုသည့် ဥပဒေများနှင့် ဥပဒေကြမ်းများကို ခွဲခြားပြသထားသည်။ သုံးပုံနှစ်ပုံနီးပါးသည် ဘဏ္ဍာရေးနှင့် စီမံကိန်းတို့နှင့်သက်ဆိုင်ပြီး ၆ ရာခိုင်နှုန်းမျှသာလျှင် "လျှပ်စစ်၊ စွမ်းအင်၊ သတ္တုတူးဖော်ခြင်းနှင့် သစ်တော" တို့နှင့် သက်ဆိုင်သည်။ (Batcheler ၂၀၁၈၊၃၉)

ပုံ (၁၃)။ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များ၏ လုပ်ငန်းဆောင်တာများ



# အခန်း ၄

# ပြည်နယ်နှင့် တိုင်းဒေသကြီးများ - စွမ်းအင်မူဝါဒနှင့် လက်တွေ့ အုပ်ချုပ်စီမံမှု

ပြီးခဲ့သည့်အခန်းတွင် စွမ်းအင်မူဝါဒနှင့် အုပ်ချုပ်စီမံမှု၌ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာနှင့် ဥပဒေပိုင်းဆိုင်ရာအခန်းကဏ္ဍများကို ဆွေးနွေးခဲ့သည်။ ဤအခန်းတွင်မူ လက်တွေ့တွင် မည်သို့အကောင်အထည်ဖော်သည်ကို လေ့လာဖော်ထုတ်ရန် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ပတ်သက်ဆက်စပ်သူများကို တွေ့ဆုံမေးမြန်းမှုများနှင့် သက်ဆိုင်သော အချက်အလက်များနှင့် မှတ်တမ်းများကို သုတေသနပြုထားချက်အပေါ် အခြေခံ၍ ရေးသားထားသည်။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများနှင့်ပတ်သက်၍ အဓိကမေးခွန်းသုံးခုကို မေးမြန်းခဲ့သည်။

၁။ စွမ်းအင်ကဏ္ဍတွင် အဓိကဦးစားပေးလုပ်ငန်းများနှင့် စိုးရိမ်ပူပန်ချက်တွေကဘာတွေလဲ။
၂။ စွမ်းအင်ကဏ္ဍတွင် လက်ရှိအခန်းကဏ္ဍက ဘာလဲ။
၃။ စွမ်းအင်ကဏ္ဍတွင် မည်သို့ပါဝင်လုပ်ဆောင်နိုင်သလဲ။

## ၄.၁။ စွမ်းအင်ကဏ္ဍတွင် အဓိကဦးစားပေးလုပ်ငန်းများနှင့် စိုးရိမ်ပူပန်ချက်တွေက ဘာတွေလဲ။

### စွမ်းအင်နှင့်ပတ်သက်၍ ပြည်နယ်/တိုင်းဒေသကြီးအစိုးရ၏ စိတ်ဝင်စားမှုများနှင့် ဦးစားပေးလုပ်ငန်းများ

ပြည်နယ်/တိုင်းဒေသကြီးစွမ်းအင်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များက စွမ်းအင်ကဏ္ဍတွင် အဓိကရည်မှန်း ချက်သုံးခုကို ဖော်ထုတ်ပြောကြားခဲ့ကြသည်။[27]

- လျှပ်စစ်မီးရရှိမှု
- ပေးနိုင်လောက်သောလျှပ်စစ် (မီတာခ)
- လုံလောက်စွာပေးနိုင်သည့် (လျှပ်စစ်) စွမ်းအင်

ယင်းရည်မှန်းချက်များ အောင်မြင်စေရန် မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေကြောင်းဆိုင်ရာ စနစ်၏ ဥပဒေ၊ အဖွဲ့အစည်းပိုင်းနှင့် ဘတ်ဂျက်ပိုင်းဆိုင်ရာ မူဘောင်အတွင်းမှ လုပ်ဆောင်ကြရမည်။ တစ်ဦးချင်းနှင့် တွေ့ဆုံမေးမြန်းချက်များမှ ကောက်နုတ်ထားသည့် သူတို့၏ အဓိကဦးစားပေးများနှင့် စိုးရိမ်ပူပန်မှုများအနက်မှအချို့ကို အောက်တွင်ဖော်ပြပါမည်။

## ကျယ်ပြန့်ထိရောက်စွာ ဖြန့်ဖြူးရေး

ဤအစီရင်ခံစာအတွက် ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးများနှင့် သူတို့၏အကြံပေးများကို မေးမြန်းခဲ့ရာတွင် ဖြန့်ဖြူးသည့် စနစ်၏အရေးကြီးမှု အထူးသဖြင့် ၁၁ ကေဗွီစနစ် နှင့်နောက်ဆက်တွဲ ၄၀၀ ဗွီ (ဗို့) ရွာများနှင့် ချိတ်ဆက်မှုများကို အလေးပေးပြောကြားခဲ့ကြသည်။ အရည်အသွေးပြည့်မီသော စွမ်းအင်ကို တစ်နေ့လျှင် ၂၄ နာရီပတ်လုံး လျှပ်စစ်မီးပေးနိုင်ရေး အဆုံးသတ်ပန်းတိုင်ဖြင့် လျှပ်စစ်မီးရရှိမှုကို ချဲ့ထွင်ရန်နှင့် ပို၍ထိရောက်အကျိုးရှိစေရန် အလို့ငှာ ထုတ်လုပ်မှုထက် ဖြန့်ဖြူးမှုကို ပို၍အားစိုက်လုပ်သည်ဟု ပြောကြားခဲ့သည်။[28] လက်ရှိတွင် နိုင်ငံ၏နေရာများစွာတွင် ဗို့အားမပြည့်မီ၊ မှန်မှန်မရရှိဘဲ လျှပ်စစ်အရည်အသွေးမှာလည်း ညံ့ဖျင်းလှသည်။[29] ပဲခူးတိုင်းဒေသကြီးမှ စွမ်းအင်ဝန်ကြီးက လက်ရှိစနစ်အား ပို၍စနစ်ကျ၊ ကျယ်ပြန့်စွာပေးနိုင်ရန် မွမ်းမံပြင်ဆင်လုပ်ဆောင်ရန် လိုအပ်သည်ဟု သုံးသပ်ပြောကြားခဲ့သည်။ ပဲခူးတိုင်းဒေသကြီးအစိုးရသည် ၁၁ ကေဗွီအဆင့် လျှပ်စစ်ဖြန့်ဖြူးရေးစနစ်အတွက် လုပ်ငန်းများကိုအာရုံစိုက်လျက်ရှိသည်။

## စွမ်းအင်လုံလောက်စွာထုတ်လုပ်ပေးခြင်း

ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးများသည် ပြည်နယ်/တိုင်းဒေသကြီးများမှ စီမံအုပ်ချုပ်နိုင်သည့် ၃၀ မဂ္ဂါဝပ်အောက် အသေးစားစွမ်းအင်စီမံချက်များအတွက် ပုဂ္ဂလိက-ကဏ္ဍများအနေဖြင့် စိတ်ဝင်စားသည်ဟုဆိုကြသည်။ ဝန်ကြီးတစ်ဦးက ပြောကြားရာတွင် -

> **ကျွန်တော်တို့ဆီကို နေစွမ်းအင်သုံးလျှပ်စစ်ထုတ်ချင်တဲ့ ကုမ္ပဏီတွေအများကြီးလာကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့က လျှပ်စစ်မီးဝယ်နိုင်တဲ့နေရာမှာ ရှိမနေဘူး။ ကျွန်တော်တို့ဖောက်သည်တွေရဲ့ လျှပ်စစ်မီတာခက ပြည်ထောင်စုအစိုးရဆီကို ရောက်သွားတယ်။ ကျွန်တော်တို့က ဖြန့်ဖြူးခလုံလောက်အောင်သုံးဖို့ ခွင့်ပြုငွေဘဲရတာ။ နောက်ဆုံး ကုမ္ပဏီတွေက ထွက်သွားတယ်။ ဘာစီမံကိန်းမှဖြစ်မလာဘူး။ ပြည်ထောင်စုဓာတ်အားလိုင်းက မီတာခအရမ်းနည်းတာကိုး။**

ဝန်ကြီးက ရှင်းပြသည်မှာ ပြည်နယ်များနှင့် တိုင်းဒေသကြီးများမှ စက်ရုံများသည် ပြန့်ကျဲလျက်ရှိသည့်အတွက် ဗဟိုထိန်းချုပ်သည့် စွမ်းအင်ထုတ်လုပ်မှုသည် လက်တွေ့မကျဘဲ ပို့လွှတ်ရန်ကုန်ကျငွေမှာ များလှသည်။ သို့သော် ပင်မဓာတ်အားလိုင်းများကို ချိတ်ဆက်သည့် စီမံချက်ကြီးများမှာ ထုတ်လုပ်သူများအတွက် ဒေသတွင် ထုတ်လုပ်မှုထက် ကုန်ကျစရိတ် ပိုထိရောက်သက်သာသည်မှာ များများထုတ်လေ၊ ကုန်ကျစရိတ်နည်းသွားလေ (economies of scale) ကြောင့်ဖြစ်သည်။

## မီတာခနည်းခြင်းနှင့် မလုံလောက်သည့် ဘတ်ဂျက်များ

ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးများနှင့် စွမ်းအင်အရာရှိများအားလုံး ပြောဆိုကြသည့် အကြောင်းအရာတစ်ခုမှာ မလုံလောက်သည့် ဘတ်ဂျက်များအကြောင်းပင်ဖြစ်သည်။ အခန်း - ၃ တွင် ဖော်ပြထားသကဲ့သို့ လျှပ်စစ်မီတာခများကို ပြည်နယ်အဆင့်တွင် ကောက်ခံပြီး ပြည်ထောင်စုအစိုးရသို့ ပေးပို့ရသည်။ ပြည်နယ်များနှင့် တိုင်းဒေသကြီးများအနေဖြင့် ဒေသတွင်း မီတာဖြန့်ဖြူးခအတွက် ခွင့်ပြုငွေသာလျှင် ရရှိကြသည်။ ဝန်ကြီးများအနေဖြင့် ဖြန့်ဖြူးသည့်စနစ်အတွက်အပါအဝင် စွမ်းအင်ဘတ်ဂျက်များ ပို၍လိုအပ်သည်ဆိုသည်ကို သဘောတူကြပါသည်။ လျှပ်စစ်မီတာခနည်းပါးမှုသည် စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန်အတွက် အားလျော့စရာဖြစ်စေပြီး အဓိကပြဿနာတစ်ခုဖြစ်သည့်အတွက် မီတာခ တိုးမြှင့်ကောက်ခံရန် တောင်းဆိုကြသည်။

## စီမံချက်များကို သဘောတူခွင့်ပြုရာတွင် ပြည်နယ်/တိုင်းဒေသကြီး၏ အခန်းကဏ္ဍ

ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးများနှင့် သူတို့၏အကြံပေးများနှင့် ဆွေးနွေးရာတွင် မဂ္ဂါဝပ် ၃၀ ထက်များပြားသည့် စွမ်းအင်စီမံချက်များကို ခွင့်ပြုရာတွင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် မည်သည့်အခန်းကဏ္ဍမျိုးတွင် ရှိသနည်းဆိုသည့် မေးခွန်းထွက်ပေါ်လာခဲ့သည်။ ပြည်ထောင်စုအစိုးရမှ ခွင့်ပြုသည့် စီမံချက်တွင် ပြည်နယ်/တိုင်းဒေသကြီးအနေဖြင့် သီးခြားမည်သည့် အခန်းကဏ္ဍမျိုးတွင်ရှိသနည်း။ စီမံချက်တစ်ခုကို ငြင်းပယ်ရန် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအစိုးရအနေဖြင့် ခက်ခဲသော်လည်း သူတို့၏နယ်နမိတ်အတွင်း အကျိုးသက်ရောက်စေနိုင်သည့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုများရှိနိုင်သည့်အတွက် စီမံချက်နှင့်ပတ်သက်သည့် လိုက်နာရမည့်စည်းကမ်းချက်များနှင့် သတ်မှတ်ချက်များကို ညှိနှိုင်းခွင့်ရှိကြသည်။ ဝန်ကြီးတစ်ဦးက ပြောကြားရာတွင် "ပြည်ထောင်စုအစိုးရနဲ့ ကျွန်တော်တို့ညှိနှိုင်းရတယ်။ ပြည်ထောင်စုက စီမံချက်တွေကို ကျွန်တော်တို့ (ပြည်နယ်) အစိုးရရဲ့သဘောတူညီမှုမရဘဲ ဆက်လုပ်လို့မရဘူး။"

သို့ရာတွင် လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များအား နေပြည်တော်တွင် မေးမြန်းရာ၌ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ဤသို့သောအခန်းကဏ္ဍတွင် ပါဝင်ခွင့်ရှိသည်ဆိုသည်ကို တိကျရှင်းလင်းစွာ မပြောချေ။ အရာရှိတစ်ဦးက ပြည်နယ်တစ်ခုက မဂ္ဂါဝပ် ၃၀ အထက် စီမံချက်များကို သုံးသပ်ဆန်းစစ်ပိုင်ခွင့်ရှိသည်ဟု ပြောဆိုရာတွင် အံ့သြဟန်ပြသည်/ စီမံချက်ကြီးများသည် ပြည်ထောင်စု၏ လုပ်ပိုင်ခွင့်ဖြစ်ပြီး ပြည်နယ်များတွင် ရှင်းလင်းတိကျသည့် အခန်းကဏ္ဍမျိုးမရှိဟု ရှင်းပြပါသည်။

## ပင်မဓာတ်အားလိုင်းပြင်ပ ဒေသတစ်ခု၏ ဦးစားပေးများ၊

### တနင်္သာရီ

တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီးက လျှပ်စစ်မီတာခ ဈေးကြီးခြင်းသည် အကြီးမားဆုံးပြဿနာဟု ပြောဆိုခဲ့သည်။ အခြားပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးများထက် တနင်္သာရီတိုင်းဒေသကြီး၏ မီတာခမှာ ကြီးမြင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စုဓာတ်အားလိုင်း၏ ဈေးလျှော့ရောင်းပေးသည့် လျှပ်စစ်မီးနှင့် ကွာဝေးပြီး ချိတ်ဆက်ထားမှု မရှိသည့်အတွက် ဖြစ်သည်။ သုံးစွဲသူများနှင့် စီးပွားရေးလုပ်ငန်းများက မီတာခနှင့်ပတ်သက်၍ ကျေနပ်မှုမရှိကြဘဲ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက်လည်း အဟန့်အတားပင်ဖြစ်သည်။ သို့သော် "လက်ရှိမီတာခ ဈေးကြီးနေတဲ့ ပြဿနာက [ပြည်ထောင်စု] ဓာတ်အားလိုင်းလာရင် ဓာတ်အားလိုင်းနဲ့ မချိတ်နိုင်သေးတဲ့ ကျောင်းစုမြို့နယ်လို ဝေးတဲ့ နေရာတချို့ ကလွဲရင် ဖြေရှင်းပြီးသားဖြစ်နိုင်ပါတယ်။"ဟု သူ့အနေဖြင့် မျှော်လင့်လျက်ရှိသည်။

ပြည်ထောင်စု ဓာတ်အားလိုင်းနှင့် မချိတ်ဆက်ရသေးသည့်အတွက် နေပြည်တော်ရှိ လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနနှင့် တိုက်ရိုက်ဆက်ဆံမှုလည်း နည်းပါးလှသည်[30]။ တနင်္သာရီတိုင်းဒေသကြီးဆိုင်ရာ ဓာတ်အားလိုင်းများ အတွက် ဖြန့်ဖြူးရေးလိုင်းများ တည်ဆောက်ပေးသည့် လျှပ်စစ်ဖြန့်ဖြူးရေး လုပ်ငန်းနှင့် အဓိကချိတ်ဆက်လုပ်ကိုင်ရသည်။ (စာဖော်ပြချက် "ဒေသ

ဆိုင်ရာ ဓာတ်အားလိုင်းများနှင့် အသေးစားဓာတ်အားလိုင်းများ” ကို အောက်တွင်ကြည့်ပါ။) စိုးရိမ်ပူပန်မှုကြီးတစ်ခုမှာ ပြည်ထောင်စုဓာတ်အားလိုင်းရောက်လာပါက ကန်ထရိုက်သဘောတူစာချုပ်များဖြင့် လုပ်ကိုင်နေသည့် ဒေသဓာတ်အားလိုင်းအများစု၏ လက်ရှိဆက်သွယ်ချိတ်ဆက်မှုကွန်ရက်များ မည်သို့ဆက်ဖြစ်မည်မသိသည့်အချက် ဖြစ်သည်။ ယင်းဓာတ်အားလိုင်းများသည် ပြည်ထောင်စုဓာတ်အားလိုင်းများထက် ပို၍ဈေးကြီးသည့်အတွက် စီးပွားရေးအရ ပိတ်သိမ်းလိုက်ရနိုင်သည်။ ပြည်ထောင်စုဓာတ်အားလိုင်းရောက်လာပြီး သူတို့ကို ပိတ်သိမ်းခဲ့လျှင် လက်ရှိတွင် လုပ်ငန်းရှင်များကို လျော်ကြေးပေးမည့် အစီအစဉ်မရှိချေ။

ဝန်ကြီးက အသေးစားထုတ်လုပ်သည့် စွမ်းအင်ကို စိတ်ဝင်စားကြောင်းနှင့် ထိုင်းနိုင်ငံ၏ အသေးစားစွမ်းအင် ထုတ်လုပ်မှုစီမံကိန်း (SPP) စီမံကိန်းသည် တနင်္သာရီအတွက် လက်တွေ့ကျသည့်နမူနာယူစရာပုံစံတစ်ခုဖြစ်သည် ဟု ဆိုပါသည်။ (စာဖော်ပြချက် အပိုင်း ၄.၃ တွင် “ထိုင်းနိုင်ငံ၏ အသေးစားစွမ်းအင်ထုတ်လုပ်မှုစီမံကိန်း” ကိုကြည့်ပါ။) ဒေသအတွက် အသေးစားဒီဇယ်စနစ်များနှင့် နေစွမ်းအင်ဖြင့်အိမ်သုံးမီးစနစ်များ၊ ဇီဝလောင်စာ၊ ဇီဝဓာတ်ငွေ့နှင့် အသေးစား ရေအားလျှပ်စစ်ကဲ့သို့သော ပြည့်မြဲစွမ်းအင်နည်းလမ်းများကို တိုးချဲ့လုပ်ဆောင်နိုင်သည့် အလားအလာကိုလည်း ပြောပြခဲ့သည်။

## ၄.၂။ စွမ်းအင်ကဏ္ဍတွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ လက်ရှိအခန်းကဏ္ဍက ဘယ်လိုရှိလဲ။

ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍ အဓိကအခန်းကဏ္ဍ သုံးခုမှပါဝင်သည်။

၁။ **မြေယာခွင့်ပြုမှု၊ နေရာချထားမှုနှင့် ခွင့်ပြုပေးခြင်း**
မြေယာအသုံးပြုမှုအတွက် စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်းနှင့် လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုမိန့်များနှင့် လုပ်ခွင့်များ ထုတ်ပေးခြင်းတို့သည် အခြေခံကျသည့် ပြည်နယ်အစိုးရ၏ လုပ်ငန်းဆောင်တာများဖြစ်သည်။

၂။ **ပြည်သူများနှင့် တိုင်ပင်ညှိနှိုင်းခြင်းနှင့် ဆက်သွယ်ချိတ်ဆက်ခြင်း**
ပြည်နယ်/တိုင်းဒေသကြီးအစိုးရသည် သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရဌာနများနှင့်အတူပူးပေါင်း၍ စွမ်းအင်စီမံချက်များနှင့်ပတ်သက်၍ ပြည်သူလူထု ကြားနာပွဲများပြုလုပ်ခြင်းနှင့် ပြည်နယ်အတွင်းရှိ စွမ်းအင်နှင့်ပတ်သက်သည့် ကိစ္စရပ်များအား ပြည်သူလူထုကို ဆက်သွယ်ပြောကြားသည်။

၃။ **လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနနှင့် ညှိနှိုင်းခြင်း**
ပြည်နယ်/တိုင်းဒေသကြီးအစိုးရသည် ပြည်ထောင်စုအဆင့် စီမံကိန်းများကို သုံးသပ်ဆန်းစစ်ပြီး အစီအစဉ်များ၊ နေရာချထားခြင်းနှင့် သဘောတူ ခွင့်ပြုချက်များနှင့်ပတ်သက်၍ လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနအောက်ရှိဌာနများနှင့် ညှိနှိုင်းဆွေးနွေးပါသည်။ ၃၀ မဂ္ဂါဝပ်ထက်ပိုကြီးသည့် စီမံချက်များသည် ပြည်ထောင်စုအစိုးရတစ်ခုတည်းနှင့်သာ သက်ဆိုင်သော်လည်း ပြည်နယ်များက သဘောတူညီလက်ခံရန်အတွက် တွန်းအားပေးနိုင်သည်။

တွေ့ဆုံမေးမြန်းခဲ့သည့် ပြည်နယ်နှင့်တိုင်းဒေသကြီး စွမ်းအင်ဝန်ကြီးများသည် စွမ်းအင်ကဏ္ဍဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ လုပ်ပိုင်ခွင့်အာဏာအကန့်အသတ်ရှိပြီး ပူးပေါင်းညှိနှိုင်းလုပ်ဆောင်သည့် အခန်းကဏ္ဍတွင်သာ အဓိကပါဝင်ကြရသည်။ သူတို့၏လုပ်ငန်းများမှာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အစိုးရဌာနများနှင့် ပိုပြီးအထူးပြုတိုင်ပင် ဆွေးနွေးခြင်းမှ စီမံချက်ဒီဇိုင်းများ၊ နေရာရွေးချယ်ခြင်းနှင့် အကျိုးဆက်များကို စိစစ်သုံးသပ် အတည်ပြုပေးခြင်းအထိ ပို၍ အထူးပြုပံ့ပိုးကူညီလုပ်ဆောင်ခြင်းအထိ အမျိုးမျိုးရှိသည်။ ပြည်နယ်အချို့၌ စွမ်းအင်နှင့်ပတ်သက်၍ ဌာနများစွာတွင် တာဝန်ဝတ္တရားများ ထပ်တူဖြစ်နေသည့်အတွက် ပူးပေါင်းညှိနှိုင်းလုပ်ဆောင်သည့် အခန်းကဏ္ဍသည် အလွန်ပင်အရေးကြီးသည်။ ကရင်ပြည်နယ်တွင် ဥပမာ - စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ နယ်စပ်ရေးရာဦးစီးဌာနနှင့် လျှပ်စစ်/စွမ်းအင် ဝန်ကြီးဌာနအောက်ရှိ ဌာနအားလုံးတွင် စွမ်းအင်နှင့်ပတ်သက်သည့် တာဝန်ဝတ္တရားများ ထပ်တူဖြစ်နေသည်ကို တွေ့ရသည်။ ဤပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍမှာ မဟာဗျူဟာရေးဆွဲခြင်းနှင့် ထိရောက်သည့် ဌာနများအချင်းချင်း ချိတ်ဆက်သွယ်မှုတွင် အတိုင်းအတာကြီးကြီးမားမားအထိ လုပ်ဆောင်ရန် လိုအပ်သည်။

ဤအစီရင်ခံစာအတွက် သွားရောက်ခဲ့သည့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး လေးခု (ရန်ကုန်၊ ပဲခူး၊ ရှမ်းနှင့် တနင်္သာရီ) တို့အနက်၊ ခြွင်းချက်မှာ တနင်္သာရီဖြစ်ပြီး တိုင်းဒေသကြီးအတွင်း နေရာအများစုသည် ပြည်ထောင်စုဓာတ်အားလိုင်းနှင့် မချိတ်ဆက်ထားသောကြောင့် လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ ဝန်ကြီးသည် ဒေသဆိုင်ရာ ဓာတ်အားလိုင်းများ တည်ဆောက်ရန်နှင့် လုပ်ငန်းလည်ပတ်ရန် ခွင့်ပြုမိန့်များ ချထားပေးခြင်းနှင့်ပတ်သက်၍ လုပ်ပိုင်ခွင့်အာဏာ များစွာရှိသည်။

လက်တွေ့၌ ဘတ်ဂျက်ငွေကြေး အကန့်အသတ်ကြောင့် ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးများ၏ စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍတို့နှင့်ပတ်သက်သည့် သြဇာအာဏာသည် များစွာအကန့်အသတ်ရှိသည်။ ထို့အပြင် ပြည်နယ်များနှင့် တိုင်းဒေသကြီးအများစုတွင် လျှပ်စစ်ဝယ်ယူရန် ဘတ်ဂျက်မရှိခြင်းကမူအရလုပ်ပိုင်ခွင့်ရထားသည့် မဂ္ဂါဝပ် ၃၀ အောက် စီမံချက်များအတွက် လျှပ်စစ်ဝယ်ယူသူ (သို့မဟုတ် သဘောတူညီပေးနိုင်သူ) ဖြစ်ခြင်းမှ အတားအဆီးဖြစ်နေခဲ့သည်။[31]

အောက်ဖော်ပြပါ ဇယားများက ပြည်နယ်/တိုင်းဒေသကြီးအစိုးရများနှင့် ပြည်ထောင်စုအစိုးရများအကြား တာဝန်ခွဲဝေမှုကို ပြသထားသည်။ ဇယား (၅) သည် လျှပ်စစ်ထုတ်လုပ်ခြင်း၊ ဇယား (၆) သည် ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်း၊ ဇယား (၇) သည် လျှပ်စစ်ရောင်းချခြင်းတို့အတွက် ဖြစ်သည်။

ဇယား (၅)။ မြန်မာနိုင်ငံတွင် လျှပ်စစ်ထုတ်လုပ်မှု တာဝန်ဝတ္တရားခွဲဝေမှုများ

| လုပ်ငန်း | တာဝန်ရှိအဖွဲ့အစည်း |
|---|---|
| လျှပ်စစ်ထုတ်လုပ်မှု ≥ ၃၀ မဂ္ဂါဝပ် သို့မဟုတ် ပြည်ထောင်စု ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားသည့်လိုင်းများ | ပြည်ထောင်စုအဆင့် - လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာန အောက်ရှိ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်း |
| လျှပ်စစ်ထုတ်လုပ်မှု < ၃၀ မဂ္ဂါဝပ် သို့မဟုတ် ပြည်ထောင်စု ဓာတ်အားလိုင်းနှင့် ချိတ်ဆက်မထားသည့်လိုင်းများ | ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ |

ဇယား (၆)။ မြန်မာနိုင်ငံတွင် လျှပ်စစ်ပို့လွှတ်ရေးနှင့် ဖြန့်ဖြူးရေးတာဝန်

| လုပ်ငန်း | တာဝန်ရှိအဖွဲ့အစည်း |
|---|---|
| လျှပ်စစ်ပို့လွှတ်မှု ≥ ၃၃ ကေဗွီနှင့် အထက် | ပြည်ထောင်စုအဆင့် - လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန |
| လျှပ်စစ်ပို့လွှတ်မှု ၁၁ ကေဗွီ | ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ[32]<br>(သို့မဟုတ် SAD/SAZ တစ်ခုခု၏ သက်ဆိုင်ရာဦးဆောင်အဖွဲ့)[33] |
| လျှပ်စစ်ပို့လွှတ်မှု ၄၀၀ ဗို့အား | ရပ်ရွာလူမှုအဖွဲ့အစည်း<br>(သို့မဟုတ် SAD/SAZ တစ်ခုခု၏ သက်ဆိုင်ရာဦးဆောင်အဖွဲ့) |

ဇယား (၇)။ မြန်မာနိုင်ငံတွင် လျှပ်စစ်လက်လီရောင်းချမှုအတွက် တာဝန်

| လုပ်ငန်း | တာဝန်ရှိအဖွဲ့အစည်း |
|---|---|
| ပြည်ထောင်စုဓာတ်အားလိုင်းမှ လျှပ်စစ်(သုံးစွဲသူများထံသို့) လက်လီရောင်းချမှု | • ရန်ကုန်တိုင်းဒေသကြီးအတွက် ရန်ကုန်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး ကော်ပိုရေးရှင်း (YESC)<br>• မန္တလေးတိုင်းဒေသကြီးအတွက် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ကော်ပိုရေးရှင်း (MESC)<br>• ရန်ကုန်၊မန္တလေးဒေသများ၏ ပြင်ပလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းနှင့် သို့မဟုတ် YESC, MESC သို့ ESE ကိုယ်စားလုပ်ကိုင်နေသည့် ဖြန့်ဖြူးရေးအဖွဲ့များ<br>ပြည်ထောင်စုအဆင့် - လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန |
| သီးခြားဓာတ်အားလိုင်း သို့မဟုတ် အသေးစားဓာတ်အားလိုင်းမှ လျှပ်စစ် (သုံးစွဲသူများထံသို့) လက်လီရောင်းချမှု | သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ<br>(သို့မဟုတ် SAD/SAZ တစ်ခုခု၏ သက်ဆိုင်ရာဦးဆောင်အဖွဲ့)<br>ထံမှခွင့်ပြုချက်နှင့် လုပ်ပိုင်ခွင့်ရရှိထားသူများ |

## ပြည်နယ်/တိုင်းဒေသကြီး၏ အခန်းကဏ္ဍ၊ ပြည်နယ်/ တိုင်းဒေသကြီး စွမ်းအင်ဥပဒေများ

ပြည်နယ်နှင့် တိုင်းဒေသကြီးများစွာသည် ဒေသဆိုင်ရာ စွမ်းအင်ဥပဒေများကို ၂၀၁၂ ခုနှစ်တွင် စစ်ကိုင်း၊ ၂၀၁၃ ခုနှစ်တွင် တနင်္သာရီနှင့် မကွေး၊ ၂၀၁၅ ခုနှစ်တွင် ပဲခူး၊ ကချင်နှင့် ၂၀၁၆ ခုနှစ်တွင် မွန်ပြည်နယ်တို့တွင် ရေးဆွဲချမှတ်ခဲ့သည်။ တွေ့ဆုံမေးမြန်းမှုများမှ တွေ့ရှိချက်များကို ဖြည့်စွက်ပေးသည်မှာ GIZ (ဂျာမန်နိုင်ငံတကာကူညီရေးအဖွဲ့)၏ ပြည်နယ်နှင့် တိုင်းဒေသကြီး လျှပ်စစ်ဥပဒေများကို အလွတ်သဘောစစ်တမ်းပင်ဖြစ်သည်။ ဇယား ၈ က လက်ရှိ ပြည်နယ်နှင့်တိုင်း ဒေသကြီး စွမ်းအင်ဥပဒေများကို အကျဉ်းချုပ် ဖော်ပြထားသည်။ ၂၀၁၈ ခုနှစ်နှောင်းပိုင်းခန့်တွင် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ၆ ခုတွင် စွမ်းအင်ဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီး အနည်းဆုံး နှစ်ခုသည် ဥပဒေပြဋ္ဌာန်းရန် ပြင်ဆင်နေခြင်း သို့မဟုတ် စဉ်းစားလျက်ရှိနေပြီး ခြောက်ခုတွင် စွမ်းအင်ဥပဒေများမရှိချေ။

ချမှတ်ပြဋ္ဌာန်းထားပြီးသော သို့မဟုတ် ဆိုင်းငံ့ထားသည့် ဥပဒေများတွင် ရေးသားပါရှိသည်များအနက်မှ အချို့မှာ-

- **ပြည်နယ်/တိုင်းဒေသကြီး၏ အခန်းကဏ္ဍ**
    - စုံစမ်းစစ်ဆေးသည့် လုပ်ငန်းစဉ်ချမှတ်ခြင်းနှင့် လုပ်ဆောင်ခြင်း
    - မဂ္ဂါဝပ် ၃၀ အောက် ထုတ်လုပ်မှုလုပ်ငန်းများကို ခွင့်ပြုခြင်းနှင့် လိုင်စင်ချပေးခြင်း

- ပြည်နယ်တစ်ခု၏ စွမ်းအင်ဖြန့်ဖြူးမှု အခြေခံအဆောက်အဦ အပေါ် လျှပ်စစ်သယ်ယူပို့ဆောင်မှုအတွက် အဖိုးအခ (ဘီးလည်ပတ်ခွင့်) ကောက်ခံခွင့်ပြုခြင်း
- ပြစ်ဒဏ်များနှင့် ဒဏ်ကြေးကောက်ခံခြင်း
- လျှပ်စစ်အသုံးပြုခ ကောက်ခံခြင်း
- လျှပ်စစ်အခွန်အခများ ကင်းလွတ်ခွင့်ပေးခြင်း
- ရေအားလျှပ်စစ်စီမံကိန်းများအတွက် ရေခွန်ကောက်ခံခြင်း
- လျှပ်စစ်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း
- မြို့နယ်အဆင့် အသေးစားနှင့် အလတ်စား လျှပ်စစ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးအသင်းများ ဖွဲ့စည်းခွင့် ပြုခြင်းတို့ဖြစ်သည်။

- **ပြည်ထောင်စုအစိုးရနှင့်ဆက်စပ်သည့် ပြဋ္ဌာန်းချက်များ[34]**
    - ပြည်နယ်/တိုင်းဒေသကြီးအစိုးရသည် ပင်မဓာတ်အားလိုင်းသို့ တင်ပို့ရန်နှင့် ရောင်းချရန် လျှပ်စစ်ဓာတ်အား ကို ထပ်မံထုတ်လုပ်ရန် ညှိနှိုင်းနိုင်သည်။

- **ပတ်ဝန်းကျင်ဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များ**
    - ရေအားလျှပ်စစ်အတွက် ရေစီးဆင်းဝင်ရောက်မှု/ရေထွက်သည် ပတ်ဝန်းကျင် သို့မဟုတ် ရပ်ရွာလူမှု အဖွဲ့အစည်းများကို ထိခိုက်မှုမရှိစေရ။
    - စွန့်ပစ်ပစ္စည်းများသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရ။

ပြည်နယ်/တိုင်းဒေသကြီး အစိုးရများနှင့် တွေ့ဆုံမေးမြန်းရာတွင် ဒေသထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံမှုအတွက်ပံ့ပိုးရန်နှင့် လျှပ်စစ်ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းကို မြှင့်တင်ရန် မူဘောင်တစ်ခုအဖြစ်ဖြင့် ပြည်နယ်/တိုင်းဒေသကြီး ဥပဒေများတွင် ရေးဆွဲချမှတ်ရန်များစွာ စိတ်ဝင်စားမှုကြောင်း ပြောကြားခဲ့ကြသည်။ မည်သည့်ပြည်နယ်/တိုင်းဒေသကြီးဥပဒေမဆိုသည် ပြည်ထောင်စုအဆင့် လျှပ်စစ်ဥပဒေ ၂၀၁၄[35] နှင့် ကိုက်ညီမှုရှိစေရန်နှင့် ကွဲလွဲမှုမရှိစေရန် လိုအပ်သည်ဟု ယေဘုယျအားဖြင့် သဘောပေါက်နားလည်ထားကြသည်။

၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းသည့် စစ်ကိုင်းတိုင်းဒေသကြီး၏ လျှပ်စစ်ဥပဒေကို အောက်ပါရည်ရွယ်ချက်များဖြင့် ချမှတ်ပြဋ္ဌာန်းခဲ့သည်။

- ပြည်သူလူထု၏ လူနေမှုဘဝအဆင့်အတန်းမြင့်မားစေရန်
- ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်
- လျှပ်စစ်စနစ်ကြောင့် ဖြစ်နိုင်သည့်အန္တရာယ်များကို လျှော့ချရန်နှင့်
- အခွန်အကောက်ငွေများရရှိစေရန်

၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် မွန်ပြည်နယ်လျှပ်စစ်ဥပဒေကို အောက်ပါရည်မှန်းချက်များအတိုင်း ပြဋ္ဌာန်းခဲ့သည်။

- မွန်ပြည်နယ်၏ လျှပ်စစ်လိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုပြုလုပ်သည့် လုပ်ငန်းများတိုးတက်ဖွံ့ဖြိုးမှုနှင့် ထိရောက်ပြည့်စုံသည့် လုပ်ငန်းလည်ပတ်မှုကို ပံ့ပိုးကူညီရန်
- ဒေသနှင့် နိုင်ငံခြားကုမ္ပဏီများမှ နည်းပညာနှင့်ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်ရန်နှင့် ထိုသို့ပြုလုပ်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းနှင့် အခွင့်အလမ်းများ တိုးတက်မြင့်မားလာစေရန်
- သင့်တင့်လျော်ညီသည့် လျှပ်စစ်မီတာခနှုန်းထားများ သတ်မှတ်ရန် ပွင့်လင်းမြင်သာပြီး မျှတမှုရှိပြီး လက်တွေ့ကျသည့် နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ရန်
- မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာပတ်ဝန်းကျင်ဆိုင်ရာ စာချုပ်စာတမ်းများအတိုင်း လိုက်နာရန်နှင့် ပံ့ပိုးကူညီရန်

**ဖော်ပြချက် (၆)။ ဒေသဆိုင်ရာ ဓာတ်အားလိုင်းများနှင့် အသေးစားဓာတ်အားလိုင်းများ**

ဤအစီရင်ခံစာတွင် ပြည်ထောင်စုဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားခြင်းမရှိသည့် လျှပ်စစ်စွမ်းအင်စနစ် ပုံစံနှစ်မျိုးကို ရည်ညွှန်းသည်။ ယင်းတို့ကို အောက်ပါအတိုင်းခွဲခြားထားသည်။

- သီးခြားနေရာတစ်ခုကို ဖြန့်ဖြူးပေးပြီး ပင်မဓာတ်အားလိုင်းနှင့် မချိတ်ဆက်ထားသည့် ဂျန်နရေတာများနှင့်နှင့် ဖြန့်ဖြူးရေးလိုင်းများပါဝင်သည့် သီးခြားလျှပ်စစ်စွမ်းအင်စနစ်တစ်ခုသည် ဒေသဓာတ်အားလိုင်းဖြစ်သည်။ ပုံမှန်အားဖြင့် မြန်မာနိုင်ငံ၏ ဒေသဓာတ်အားလိုင်းတစ်ခုကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (ESE) မှပိုင်ဆိုင်ပြီး လည်ပတ်ဆောင်ရွက်သည်။ တနင်္သာရီကဲ့သို့သော အချို့နေရာများတွင်မူ ဒေသဓာတ်အားလိုင်းဆိုသည့် အသုံးအနှုန်းသည် တိုင်းဒေသကြီးအစိုးရနှင့် သဘောတူစာချုပ်ချုပ်ဆိုပြီး မြို့နယ်များနှင့် မြို့ကြီးများကို လျှပ်စစ်ပေးသည့် စနစ်များလည်း အကျုံးဝင်သည်။

- အသေးစားဓာတ်အားလိုင်းတစ်လိုင်းမှာ ရွာတစ်ရွာ သို့မဟုတ် ရပ်ရွာတစ်ခုတွင်းရှိ အိမ်ထောင်စုများ သို့မဟုတ် ရပ်ရွာအဖွဲ့အစည်းတစ်ခုလုံးကို မီးပေးသည့် ဂျန်နရေတာများနှင့် ဖြန့်ဖြူးသည့်လိုင်းများပါဝင်သည့် လျှပ်စစ်စွမ်းအင်စနစ်တစ်ခုဖြစ်သည်။ အသေးစားဓာတ်အားလိုင်းများသည် ပုံမှန်အားဖြင့် ပြည်နယ်/တိုင်းဒေသကြီး သို့မဟုတ် ပြည်ထောင်စုအစိုးရများထက် ပုဂ္ဂလိကကုမ္ပဏီများ သို့မဟုတ် ရပ်ရွာအုပ်စုများက လုပ်ကိုင်သည့် လုပ်ငန်းမျိုးဖြစ်ပြီး နေစွမ်းအင်၊ ရေအားလျှပ်စစ်၊ ဒီဇယ်မီးစက်များ သို့မဟုတ် hybrids ဟုခေါ်ကြသည့် ရောနှောစုပေါင်းထားသည့်ပုံစံမျိုးဖြင့် လျှပ်စစ်ထုတ်လုပ်ကြသည်။

ဇယား (၈)။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ လျှပ်စစ်ဥပဒေများ

| ပြည်နယ်-တိုင်းဒေသကြီး | ဥပဒေ၏ လက်ရှိအခြေအနေ | ကျင့်သုံးပြဋ္ဌာန်းသည့်နေ့စွဲ | ဥပဒေအမည် |
|---|---|---|---|
| စစ်ကိုင်း | ပြဋ္ဌာန်းပြီး | အောက်တိုဘာလ ၉ ရက်၊ ၂၀၁၂ ခုနှစ် | စစ်ကိုင်းတိုင်းဒေသကြီး အလတ်စားနှင့် အသေးစား လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုနှင့် ပေးဝေရေးဥပဒေ |
| တနင်္သာရီ | ပြဋ္ဌာန်းပြီး | ၂၀၁၄ | မရရှိနိုင် |
| မကွေး | ပြဋ္ဌာန်းပြီး | ၂၀၁၃ | မကွေးတိုင်းဒေသကြီး အသေးစားနှင့် အလတ်စား လျှပ်စစ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများဆိုင်ရာဥပဒေ (မကွေးတိုင်းဒေသကြီး ၂၀၁၃ ဥပဒေအမှတ် ၆) |
| ကချင် | ပြဋ္ဌာန်းပြီး | ဧပြီလ ၁၃ ရက်၊ ၂၀၁၅ | ကချင်ပြည်နယ် အလတ်စား၊ အသေးစား လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုနှင့် ပေးဝေရေးဥပဒေ |
| ပဲခူး | ပြဋ္ဌာန်းပြီး | ဒီဇင်ဘာလ ၄ ရက်၊ ၂၀၁၅ | ပဲခူးတိုင်းဒေသကြီး အသေးစားနှင့် အလတ်စား လျှပ်စစ်စွမ်းအင်လုပ်ငန်းဥပဒေ |
| မွန် | ပြဋ္ဌာန်းပြီး | အောက်တိုဘာလ ၁၂ရက်၊ ၂၀၁၆ | မွန်ပြည်နယ် အလတ်စားနှင့် အသေးစား လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရေးဥပဒေ |

*ရင်းမြစ်။ အာရှဖောင်ဒေးရှင်းသုတေသန*

တနင်္သာရီတိုင်းဒေသကြီးသည် ၂၀၁၃ ခုနှစ်တွင် ဒေသဆိုင်ရာ လျှပ်စစ်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီးက ဒေသဆိုင်ရာ ဓာတ်အားလိုင်းစီမံချက်များကို တိုးချဲ့ရန် တင်ဒါခေါ်ယူရာတွင် ဥပဒေက အထောက်အကူဖြစ်သည်ဟု ဆိုပါသည်။ အဘယ်ကြောင့်ဆိုသော် တိုင်းဒေသကြီးအစိုးရသည် စာချုပ်များ ချုပ်ဆိုရာဒေသဆိုင်ရာ ဥပဒေကို ရည်ညွှန်းလုပ်ဆောင်နိုင်သည့်အတွက် ဖြစ်သည်။ ထို့ ကြောင့် ကန်ထရိုက်လုပ်ငန်းစဉ်မှာ ပို၍စနစ်ကျပြီး ဒေသ ဓာတ်အားလိုင်းများအတွက် သဘောတူစာချုပ်များ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့အတွက် အလွန်အချိန်ကုန်သက်သာစေခဲ့သည်။

> *ဓာတ်အားလိုင်းပြင်ပ လျှပ်စစ်အတွက် လျှပ်စစ်အရည်အသွေးနှင့် ခွင့်ပြုမိန့် လိုင်စင်ချထားပေးခြင်း၊ လုပ်ခွင့်ပြုခြင်း၊ လျော်ကြေးပေးခြင်းတို့ကို အုပ်ချုပ်စီမံသည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို အထူးစိတ်ဝင်စားသည်ဟု ဝန်ကြီးက ဆိုသည်*

ပဲခူးတိုင်းဒေသကြီးသည် ၂၀၁၅ ခုနှစ်တွင် တိုင်းဒေသကြီး အသေးစားနှင့် အလတ်စား လျှပ်စစ်လုပ်ငန်းများ ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ လျှပ်စစ်၊ လမ်းပန်းဆက်သွယ်ရေးနှင့် စက်မှုဝန်ကြီးကပြောကြားရာတွင် ဗို့အားပြည့်မီသည့် လျှပ်စစ်စွမ်းအင်ကို တစ်ရက် ၂၄ နာရီပတ်လုံး ရရှိစေရန်နှင့် ဆက်သွယ်ချိတ်ဆက်ထားသည့် အိမ်ထောင်စုအားလုံး လျှပ်စစ်မီးအရည်အသွေး ကောင်းမွန်စွာရရှိစေရန် အာရုံစိုက်လုပ်ကိုင်လျက်ရှိသည်။ ပဲခူးတိုင်းဒေသကြီးရှိ အိမ်ထောင်စုအားလုံး၏ သုံးပုံတစ်ပုံ ၃၅ ရာခိုင်နှုန်းသည် ပင်မဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားသည်။ ဝန်ကြီးအနေဖြင့် လျှပ်စစ်ဖြန့်ဖြူးရာတွင် အရည်အသွေးပြည့်မီရေးအတွက် အာရုံစိုက်နေပြီး ဆုံးရှုံးမှုများ လျော့နည်းစေရန် စမ်းသပ်စီမံကိန်းကို လုပ်ဆောင်လျက်ရှိသည်။ ဓာတ်အားလိုင်းပြင်ပ လျှပ်စစ်အတွက် လျှပ်စစ်အရည်အသွေးနှင့် ခွင့်ပြုမိန့်လိုင်စင်ချပေးခြင်း၊ လုပ်ခွင့်ပြုခြင်း၊ လျော်ကြေးပေးခြင်းတို့ကို အုပ်ချုပ်စီမံသည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို အထူးစိတ်ဝင်စားသည်ဟု ဝန်ကြီးက ဆိုပါသည်။

၂၀၁၉ ခုနှစ်ဇန်နဝါရီလက ပြည်နယ်လျှပ်စစ်ဥပဒေကြမ်းကို ရှမ်းပြည်နယ် လွှတ်တော်ကော်မတီသို့ သုံးသပ်နိုင်ရန် တင်သွင်းခဲ့သည်။ ဥပဒေကြမ်းကို အောက်ပါရည်မှန်းချက်များဖြင့် ရေးဆွဲချမှတ်သည်။

- အစိုးရ၏ ဖက်ဒရယ်စနစ်နှင့် ကိုက်ညီသောနည်းလမ်းဖြင့် ပြည်နယ် လျှပ်စစ်စနစ်ကို စီမံအုပ်ချုပ်သည့် ဥပဒေဆိုင်ရာနှင့် စည်းမျဉ်းစည်းကမ်း ချမှတ်ခြင်းဆိုင်ရာ ဖွဲ့စည်းပုံစနစ်တစ်ခု
- စွမ်းအင်ဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းဆောင်တာများကို လမ်းညွှန်သည့် အခြေခံမှုများ

- စွမ်းအင်ကဏ္ဍစီမံခန့်ခွဲမှုတွင် ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ရည်မှန်းချက်များ ထည့်သွင်းစဉ်းစားခြင်း (ရေရှည်တည်တံ့ခိုင်မြဲမှု၊ အမှီခိုကင်းကင်းရပ်တည်နိုင်မှု၊ တန်းတူညီမျှမှု စသဖြင့်)
- တိုးတက်ကောင်းမွန်သည့် အုပ်ချုပ်စီမံမှု (ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ပြည်သူများပါဝင်ခွင့်ရရှိစေမှု)

## ပြည်နယ်/တိုင်းဒေသကြီး အခန်းကဏ္ဍ၊ လွှတ်တော်များ

ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်များမှ လွှတ်တော်ကိုယ်စားလှယ်များက စွမ်းအင်-ကဏ္ဍအုပ်ချုပ်စီမံမှုတွင် ဝန်ကြီးများ၏လုပ်ငန်းများကို စစ်ဆေးထိန်းညှိပေးလျက် ကြီးကြပ်ကွပ်ကဲသည့်ပုံစံဖြင့် လုပ်ဆောင်နေသည်ဟု သူတို့၏အခန်းကဏ္ဍကို ပြောပြပါသည်။ ရန်ကုန်လွှတ်တော်တွင် ကော်မတီတစ်ခုက ဥပဒေကြမ်းတစ်ခုကို ရေးဆွဲပြီး နိုင်ငံတကာနှင့် ဥပဒေပိုင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကို မှတ်ချက်ပေးရန် ဖိတ်ခေါ်သည်။ ထို့နောက် ကော်မတီက ပြန်လည်ပြင်ဆင်မှုများပြုလုပ်ပြီး မှတ်ချက်များကို ထည့်သွင်း၍ ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်သို့ တင်သွင်းသည်။ ရှမ်းပြည်နယ်လွှတ်တော်တွင်မူ စွမ်းအင်ကော်မတီ၌ အဓိကလုပ်ငန်းကြီး နှစ်ရပ်ပါရှိသည်။

- သဘာဝသယံဇာတများနှင့် လျှပ်စစ်ကို လျော်ကန်စွာအသုံးပြုမှုနှင့် ပတ်သက်၍ အများသိရှိစေရန်
- စွမ်းအင်နှင့် သယံဇာတများကို ထိရောက်အကျိုးရှိစွာ အသုံးပြုစေသည့် မူဝါဒများကိုချမှတ်ပြီး ကြီးကြပ်ကွပ်ကဲရန် ဖြစ်သည်။

စွမ်းအင်ကော်မတီသည် အလေအလွင့်နှင့် အကျိုးမဲ့သုံးစွဲမှုကို လျှော့ချရန် လျှပ်စစ်ဓာတ်အားအသုံးပြုမှုကို ကြီးကြပ်ကွပ်ကဲပါသည်။ စွမ်းအင်အသုံးပြုမှုနှင့် ကိရိယာပစ္စည်းများနှင့် လုပ်ငန်းများ ထိရောက်အကျိုးရှိစွာအသုံးပြုမှုဆိုင်ရာ စံချိန်စံညွှန်းများကို ချမှတ်၍ ကွပ်ကဲကြပ်မတ်သည်။

ရှမ်းပြည်နယ်လွှတ်တော်ကလည်း ကျေးလက်မီးလင်းရေးကို ကြပ်မတ်လုပ်ဆောင်သည်။ စွမ်းအင်ကော်မတီအဖွဲ့ဝင်များက အစိုးရသည် ပြည်နယ်တစ်ခု

ပုံ (၁4)။ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍအတွက် ပြည်ထောင်စု နှစ်စဉ်ဘတ်ဂျက်၊ ၂၀၁၂-၂၀၁၉




ရင်းမြစ်။ Budget Dashboard, at http://mmbudgets.info/budget_union.html.

လုံးတွင် အသေးစားဓာတ်အားလိုင်းများမှ ပင်မဓာတ်အားလိုင်းနှင့် မချိတ်ဆက်သည့် စွမ်းအင်ကို မြှင့်တင်လုပ်ဆောင်ပြီး နောက်ပိုင်းတွင် ဤအသေးစားဓာတ်အားလိုင်းများကို ပြည်ထောင်စုဓာတ်အားလိုင်းနှင့် ချိတ်ဆက်သင့်သည်ဟု ဆိုပါသည်။ သူတို့၏အမြင်အရ ဤအောက်ခြေ-အပေါ် နှင့် အပေါ်-အောက်ခြေ ချဉ်းကပ်မှု နည်းလမ်းသည် နိုင်ငံနှင့် ပြည်နယ်၏ ကျန်သည့်နေရာများအတွက် လျှပ်စစ်မီးလင်းစေရန် အထိရောက်ဆုံး နည်းလမ်းဖြစ်လိမ့်မည်။

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဝန်ခံသည့်အချက်မှာ သူတို့တွင် အပြန်အလှန်ထိန်းကျောင်းမှုများတွင် အတွေ့အကြုံများစွာမရှိသေးသော်လည်း ရံဖန်ရံခါ ပြည်ထောင်စုအစိုးရ၏ ရပ်တည်ချက်များကို ဆန့်ကျင်ခြင်းဖြစ်သည်။ ရှမ်းပြည်နယ်အနေဖြင့် ပြည်နယ်တွင် အလျှံပယ်ပေါများလှသည့် လေနှင့်ရေကဲ့သို့သော သယံဇာတများကို အသုံးပြု၍ သန့်ရှင်း၊ စိမ်းလန်းသည့် စွမ်းအင်ကို အကောင်အထည်ဖော်သင့်သည်။ ရှမ်းပြည်နယ်သည် လက်ရှိအချိန်တွင် ပြဿနာများစွာရှိသည့် စွမ်းအင်စီမံချက်များရှိနေပြီး ပြည်ထောင်စုအဆင့် ဆုံးဖြတ်ချက်ချမှတ်သူများအနေဖြင့် ပိုကြီးသည့် စွမ်းအင်စီမံချက်ကြီးများကို သဘောတူခွင့်မပြုခြင်းမပြုလုပ်မီ သေသေချာချာ စဉ်းစားသင့်သည်။

ရှမ်းပြည်နယ်လွှတ်တော်သည် ပြည်နယ်တွင် အသေးစားဓာတ်အားလိုင်းများနှင့် အသေးစားစွမ်းအင်ထုတ်လုပ်မှုကို ဦးစားပေးသည့် ရေရှည်တည်တံ့ခိုင်မြဲနိုင်သည့် အစိမ်းရောင်စွမ်းအင်မူဝါဒတစ်ခုကို အကြံပြုရန် ပြည့်မြဲစွမ်းအင်နှင့် အသေးစားဓာတ်အားလိုင်းများနှင့် ပတ်သက်သည့် ပြည်နယ်၏ အတွေ့အကြုံကို သုတေသနပြုလုပ်ရန် မဲခေါင်စွမ်းအင်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကွန်ရက် (Mekong Energy and Environmental Network) နှင့်အတူ လုပ်ကိုင်လျက်ရှိသည်။ အဆိုပြုထားသည့်မူဝါဒတွင် ပြည်နယ်လျှပ်စစ်ဥပဒေမူကြမ်းတစ်ခုလည်း ပါဝင်သည်။

ပို၍ခြုံပြောရလျှင် ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးအချို့နှင့်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် စွမ်းအင်စီမံချက်ကြီးများတွင် ပြည်နယ်/တိုင်းဒေသကြီးများ၏ သဘောထားမှတ်ချက်မပါရှိသည့် ကိစ္စနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်း ပြောကြသည်။ ပြည်ထောင်စုအစိုးရသည် အစောပိုင်းအဆင့် လုပ်ဆောင်မှုကာလအတွင်း သတင်းအချက်အလက်များနှင့်ပတ်သက်၍ အမြဲတမ်း တင်ကြိုပြောဆို အသိပေးခြင်းမျိုးမရှိချေ။ ပြည်နယ်ဝန်ကြီး၏ အကြံပေးတစ်ဦးက နမူနာနှစ်ခုခန့်ကို ပြောပြသည်။

- နမူနာတစ်ခုမှာ ပြည်ထောင်စုဝန်ကြီးသည် မကြာသေးမီကာလက သဘောတူစာချွန်လွှာတစ်ခုကို လက်မှတ်ရေးထိုးခဲ့ပြီး ဆည်စီမံကိန်းကြီးတစ်ခုအတွက် စီမံကိန်းရေးဆွဲနေသည်။ သို့ရာတွင် ရပ်ရွာလူထုများနှင့် ပြည်နယ်အစိုးရကို အသိမပေးဘဲ မည်သည့်ဆွေးနွေးပွဲများတွင်မှ ပါဝင်ပတ်သက်ခွင့်မပြုခဲ့ချေ။
- နောက်ထပ်နမူနာမှာ ပြည်ထောင်စုအဆင့် တာဝန်ရှိသူများသည် နိုင်ငံခြားသို့သွားရောက်ပြီး ပြည်နယ်တစ်ခုတွင် စွမ်းအင်စီမံကိန်းများ ပြုလုပ်ရန် သဘောတူစာချုပ်သုံးစောင်ကို ပြည်နယ်လွှတ်တော်မှ သို့မဟုတ် ပြည်နယ်စွမ်းအင်ဝန်ကြီး သို့မဟုတ် အကြံပေးများထံမှ သဘောထားမှတ်ချက်မယူဘဲ လက်မှတ်ရေးထိုးခဲ့သည်။

## ပြည်နယ်/တိုင်းဒေသကြီး အခန်းကဏ္ဍ၊ စွမ်းအင်နှင့် လျှပ်စစ်အတွက် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များ

ပုံ (၁၄) တွင် လျှပ်စစ်နှင့် စွမ်းအင်အတွက် ပြည်ထောင်စု၏ နှစ်စဉ်ဘတ်ဂျက်ကို ဖော်ပြထားသည်။ ၂၀၁၈ ခုနှစ်တွင် မြန်မာကျပ်ဘီလီယံငွေ ၄၀၀ (အမေရိကန်ဒေါ်လာ သန်း ၂၆၀) ကျော်နှင့် ၂၀၁၉ ခုနှစ်အတွက် လျာထားငွေ မြန်မာကျပ်ငွေ ဘီလီယံပေါင်း ၆၀၀ (အမေရိကန်ဒေါ်လာ သန်း ၃၉၀) အောက်မျှအထိ ရောက်ရှိခဲ့ပြီး မကြာသေးမီနှစ်များက တဖြည်းဖြည်း မြင့်တက်လာခဲ့သည်။ ပြည်နယ်/တိုင်းဒေသကြီး စွမ်းအင်ဘတ်ဂျက်များတွင် လျှပ်စစ်နှင့်စွမ်းအင်တို့နှင့် ပတ်သက်သည့် အသုံးစရိတ်များအတွက် ဘတ်ဂျက်လိုင်းများလည်းထည့်သွင်းထားသည်။ နှစ်စဉ်ဘတ်ဂျက်လျာထားမှုတွင် လျှပ်စစ်နှင့်စွမ်းအင်အသုံးစရိတ်အတွက် လျာထားငွေကို ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသို့ဌာနများမှ ဘတ်ဂျက်လျာထားငွေကို ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်က စစ်ဆေးသုံးသပ်မှုမပြုလုပ်မီ တင်သွင်းသည်။[36]

လျှပ်စစ်မီတာခများမှ ရရှိသည့်အခွန်အခကို ပြည်ထောင်စုအဆင့် လျှပ်စစ်လည်ပတ်ရန်အတွက် လျှပ်စစ်/စွမ်းအင် ဝန်ကြီးဌာနမှ အသုံးပြုသည်။ (စနစ်၏ ကြီးမားသည့်လုပ်ငန်းလည်ပတ်မှုအတွက်လျော့နည်းငွေနှင့်ပတ်သက်၍ အပိုင်း ၂.၇ တွင် ကြည့်ပါ။) (စွမ်းအင်ထုတ် - EPGE မှတဆင့်) လျှပ်စစ်ထုတ်လုပ်သည့် ကုမ္ပဏီများမှ လျှပ်စစ်ဝယ်ယူစရိတ်များ၊ (ပို့လွှတ် DPTSC မှတဆင့်) ပို့လွှင့်မှုစရိတ် နှင့် (ဖြန့်ဖြူး ESE မှတဆင့်) ဖြန့်ဖြူးခြင်းတို့အတွက် ပါဝင်ပါသည်။

- EPGE သည် ၃၀ မဂ္ဂါဝပ်ထက်များသည့် ဂျဲန်နရေတာများမှ လျှပ်စစ်ဝယ်ယူမှုများအတွက် ပြည်ထောင်စု၏ စွမ်းအင်ဘတ်ဂျက်ကိုအသုံးပြုသည်။
- DPTSC, ESE, YESC နှင့် MESC တို့သည် ဗို့အားမြင့်နှင့် အလယ်အလတ်ထုတ်လွှင့်မှုစနစ်အတွက် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုနှင့် ထိန်းသိမ်းမှုအတွက် ပြည်ထောင်စုဘတ်ဂျက်မှ အသုံးပြုသည်။ (၃၃ ကေဗွီနှင့်အထက်)

လက်တွေ့တွင် ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးများနှင့် ပြည်နယ်/တိုင်းဒေသကြီး ပြည်ထောင်စုအဆင့် တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းချက်များအရ၊ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်နှစ်ခုစလုံးမှ ဘတ်ဂျက်ရရှိသည်။ ခြုံ၍ပြောရလျှင် ပြည်ထောင်စု၏ စွမ်းအင်ဘတ်ဂျက်သည် ပို့လွှတ်မှုနှင့် ၃၃ ကေဗွီစနစ် ဖြန့်ဖြူးခြင်းအားလုံးအတွက် အသုံးပြုပြီး ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်မှ ၁၁ ကေဗွီစနစ်အတွက် အသုံးပြုသည်။

ပြည်နယ်/တိုင်းဒေသကြီးအစိုးရသည် မြို့ရွာများ လျှပ်စစ်မီးလင်းရေးအတွက် ဦးဆောင်လုပ်ကိုင်သည်။ ဥပမာ နှစ်တိုင်း မည်သည့်ရွာများကို ဓာတ်အားလိုင်းအသစ်သွယ်တန်းပေးမည်ကို ဆုံးဖြတ်ရသည်။ ရွာကြီးများ သို့မဟုတ် ရပ်ရွာစွမ်းအင်လိုင်းဖြစ်သည့် ၄၀၀ ဗို့အားစနစ်နှင့်ချိတ်ဆက်သည့် ရွာများနှင့် ရပ်ရွာများသို့ မဝင်ရောက်မီ ၁၁ ကေဗွီစနစ်သည် ဖြန့်ဖြူးသည့် စနစ်၏ နောက်ဆုံးအဆင့်ပင်ဖြစ်သည်။ ဤ ၄၀၀ ဗို့အားလိုင်းသည် နောက်ဆုံးတွင် အိမ်သုံး ၂၂၀ ဗို့အား အဖြစ်သို့ပြောင်းလဲပြီး အဆောက်အအုံများနှင့် အိမ်ထောင်စုများအား လျှပ်စစ်မီးသွယ်တန်းပေးသည်။

ပြည်နယ်/တိုင်းဒေသကြီးအဆင့်မှ လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာန၏ အင်ဂျင်နီယာများသည် ပြည်နယ်/ တိုင်းဒေသကြီး အစိုးရများနှင့်အတူ ပြည်ထောင်စုနှင့်ပြည်နယ်/တိုင်းဒေသကြီးဘတ်ဂျက်များကို ပူးပေါင်းညှိနှိုင်း လုပ်ဆောင်ရမည်။

နောက်ဆုံး ဖြန့်ဖြူးရေးကွန်ရက်၏ လမ်းဆုံးသည် ဓာတ်အားလိုင်းနှင့် အိမ်ထောင်စုများအား ချိတ်ဆက်သည့် ၄၀၀ ဗို့အား စနစ်တွင်ဖြစ်သည်။ တွေ့ဆုံမေးမြန်းချက်များအရ ၄၀၀ ဗို့အားစနစ်အတွက် ရန်ပုံငွေမှာ အဆင်ပြေသလိုစီစဉ်သည့်ပုံရှိသည်။ ရပ်ရွာပြည်သူလူထုများက ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပေးရသည့် ဤစနစ်များတပ်ဆင်ရန်အတွက် ရန်ပုံငွေများကို ပြည်နယ်/တိုင်းဒေသကြီးဘတ်ဂျက်တွင် မပါဝင်ချေ။ ကျွန်ုပ်တို့နားလည်သည်မှာ ၄၀၀ ဗို့အားချိတ်ဆက်မှုများကို တည်ဆောက်ခြင်းနှင့် စီမံအုပ်ချုပ်မှုဖြစ်စဉ်ကို ယေဘုယျအားဖြင့် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီမှ စီမံခန့်ခွဲသည်[37]။

တနင်္သာရီတွင်မူ အခြေအနေမှာ အလွန်ကွာခြားသည်။ ပင်မဓာတ်အားလိုင်းနှင့် မချိတ်ဆက်ထားသည့် ဒေသဖြစ်သည့်အတွက် ဒေသအစိုးရသည် ယင်းတို့၏လျှပ်စစ်စနစ်အတွက် အကောင်အထည်ဖော်ရာတွင် လွတ်လပ်အမှီခိုကင်းစွာ လုပ်ပိုင်ခွင့်များစွာရှိသည်။ ကုမ္ပဏီများအား ဂျန်နရေတာမီးစက်များနှင့် ပို့လွှတ်သည့်စနစ်များပါရှိသည့် အသေးစား ဓာတ်အားလိုင်းများ တည်ဆောက်လုပ်ကိုင်လည်ပတ်ရန် သဘောတူစာချုပ်များ ခွင့်ပြုချုပ်ဆိုသည်။ ဒေသအစိုးရက အခွန်အခများကို ကောက်ယူပြီး (လျှပ်စစ်)စနစ်အတွက် ကုန်ကျငွေကို စီမံခန့်ခွဲသည်။

## ၄.၃။ စွမ်းအင်ကဏ္ဍတွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများက မည်သည့်နေရာတွင် ပါဝင်နိုင်ပါသလဲ။

ဤအပိုင်းတွင် စွမ်းအင်ကဏ္ဍတွင် ပြည်နယ်များနှင့် တိုင်းဒေသကြီးအစိုးရများအတွက် တင်ကြိုတက်ကြွစွာ ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းငါးခုကို ဖော်ထုတ်တင်ပြထားပါသည်။ စွမ်းအင်ကဏ္ဍကိစ္စရပ်များတွင် ပြည်နယ်/တိုင်းဒေသကြီး၏ ဆက်စပ်ပတ်သက်မှုမှာ အစောပိုင်းအခြေအနေ အဆင့်တွင်ဖြစ်နေခြင်း၊ ပြည်နယ်နှင့် ပြည်ထောင်စုအဆင့်လုပ်ပိုင်ခွင့် အာဏာတွင် လက်တွေ့ကျသည့် နယ်နမိတ်သတ်မှတ်မှုအပိုင်းတွင် မကြာခဏ ရောထွေးနေသေးခြင်းနှင့် အလေ့အကျင့်ကောင်းများ ဖော်ထုတ်ရန်နှင့် တီထွင်ကြံဆလုပ်ဆောင်မှုကို ပံ့ပိုးကူညီရန် အခြေခံတစ်ခုကို တည်ဆောက်နိုင်ရန် အရေးကြီးနေခြင်းတို့ကြောင့် ဤနမူနာများသည် အသုံးဝင်နိုင်သည်။

ဤအပိုင်းတွင် ဖော်ပြမည့် အခွင့်အလမ်းငါးခုမှာ -

- ပြည်နယ်များနှင့် တိုင်းဒေသကြီးများက မိမိတို့နယ်နမိတ်များအတွင်းတွင် အကြီးစား စွမ်းအင်စီမံကိန်းများ အကောင်အထည်ဖော်ရန် အားပေးတိုက်တွန်းခြင်း။ (ဥပမာ - ကရင်ပြည်နယ်)
- ဒေသဓာတ်အားလိုင်းများကို တင်ဒါခေါ် ယူခြင်းနှင့် လိုင်စင်ပေးခြင်းတွင် ပြည်နယ်/တိုင်းဒေသကြီး၏ အမှီအခိုကင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ခွင့် တိုးမြှင့်ခြင်း။ (ဥပမာ - တနင်္သာရီတိုင်းဒေသကြီး)
- ပြည်နယ်များနှင့် တိုင်းဒေသကြီးများမှ အသေးစားရေအားလျှပ်စစ်ထုတ်လုပ်မှုကို အားပေးလုပ်ဆောင်ခြင်း (ဥပမာ - ရှမ်းပြည်နယ်)
- ၃၀ မဂ္ဂါဝပ်ထက်သေးငယ်သည့် စီမံချက်များနှင့် စွမ်းအင်ကို ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့်
- ပင်မဓာတ်အားလိုင်းပြင်ပ မီးလင်းရေးနှင့် ရွာအဆင့် အသေးစားဓာတ်အားလိုင်းများကို လုပ်ဆောင်ခြင်း

## ၁။ အကြီးစားစွမ်းအင်စီမံကိန်းများ အကောင်အထည်ဖော်လုပ်ဆောင်ရန် အားပေးတိုက်တွန်းခြင်း

တွေ့ဆုံမေးမြန်းချက်များအရ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် စွမ်းအင်စီမံချက်များကို မည်သည့်နေရာနှင့် မည်သည့်အချိန်တွင် လုပ်ဆောင်နိုင်သည်ကို ရှင်းလင်းစွာ အဖြေမပေးနိုင်ခဲ့ချေ။ အထက်တွင်ဖော်ပြထားသကဲ့သို့ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် သူတို့၏ဒေသဆိုင်ရာ စွမ်းအင်မူဝါဒများကို ရေးဆွဲချမှတ်လျက်ရှိပြီး ပင်မ ဓာတ်အားလိုင်းနှင့် မချိတ်ဆက်ထားလျှင် မဂ္ဂါဝပ် ၃၀ မကျော်လျှင် စွမ်းအင်စီမံကိန်းများကို လုပ်ပိုင်ခွင့်ရှိသည်ဆိုသည့်အချက်ကို ရှင်းလင်းပါသည်။ သို့သော် ပြည်နယ်/ တိုင်းဒေသကြီးအစိုးရများသည် ယင်းတို့၏ပြည်သူလူထုများနှင့် သယံဇာတများနှင့် ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည့်အတွက် စီမံချက်ကြီးများကြောင့်လည်း ပြောဆိုခဲ့ကြသည်။

ကရင်ပြည်နယ်တွင် မကြာသေးမီက စွမ်းအင်စီမံကိန်းကြီးများကို ပြည်နယ်သို့မဟုတ် တိုင်းဒေသကြီးအစိုးရမှ ဦးဆောင်ခဲ့သည့် နမူနာတစ်ခုရှိခဲ့သည်။ ကရင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်ထောင်စုအစိုးရသို့ ကျောက်မီးသွေးလောင်စာသုံး ဓာတ်အားစွမ်းအင် စက်ရုံတစ်ခုတည်ဆောက်ရန် အဆိုပြုခဲ့သည်။ စီမံချက်သည် ဒေသခံများဘက်မှ အပြင်းအထန် ဆန့်ကျင်မှုနှင့် ကြုံတွေ့ခဲ့ရပြီး လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနမှ ငြင်းပယ်ခဲ့သည်။

ကရင်ပြည်နယ်အတွေ့အကြုံမှ မည်သည့်သင်ခန်းစာရခဲ့ပါသလဲ။ ဒေသခံများ၏ ကန့်ကွက်ဆန့်ကျင်မှုက ပြည်ထောင်စု အစိုးရအနေဖြင့် စီမံချက်ကို အတည်ပြုပေးရန် အတားအဆီးဖြစ်ခဲ့သည်။ သို့ရာတွင် အကယ်၍ ပြည်နယ်သို့မဟုတ် တိုင်းဒေသကြီးအစိုးရသည် ဒေသခံများ၏ ပံ့ပိုးထောက်ခံမှုများရသည့် စီမံချက်တစ်ခုကို အဆိုပြုခဲ့ပါလျှင် ပြည်ထောင်စု အစိုးရ၏ လက်ခံအတည်ပြုမှု ရကောင်းရနိုင်ခဲ့လိမ့်မည်။

### ကရင်ပြည်နယ်အဖြစ်အပျက်ကို လေ့လာချက်၊ အဆိုပြုခဲ့သည့် ကျောက်မီးသွေးလောင်စာသုံး ဓာတ်အားပေးစက်ရုံ

ထုံးစံအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများသည့် စွမ်းအင်စက်ရုံစီမံကိန်းအသစ်များကို စတင်လေ့မရှိကြချေ။ သို့သော် ၂၀၁၇ ခုနှစ်တွင် ကရင်အစိုးရသည် ပြည်နယ်အတွင်းတွင် ကြီးမားသည့် ကျောက်မီးသွေးလောင်စာသုံး ဓာတ်အားစက်ရုံတစ်ခုတည်ဆောက်ရန် အဆိုပြုခဲ့သည်။

ယခုအချိန်တွင် အပစ်အခတ်ရပ်စဲမှုကြောင့် နိုင်ငံရေးအခြေအနေ တည်ငြိမ်မှုရှိလာသည့် ကရင်ပြည်နယ်တွင် ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် စွမ်းအင်စက်ရုံအသစ်တစ်ခုရှိလိုခဲ့သည်။ ဒေသတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်မရှိသည့်အတွက် ထိုင်းနိုင်ငံသို့ လုပ်အားယိုစီးမှု များနေသည့်အတွက် ကရင်အစိုးရသည် စက်ရုံနှင့် ပို၍ခြုံပြောရသော် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန် ၁၂၈၀ မဂ္ဂါဝပ် ကျောက်မီးသွေး လောင်စာသုံးစွမ်းအင်စက်ရုံစီမံကိန်းတစ်ခုကို တိုယိုအင်ဂျင် နီယာရင်းကော်ပိုရေးရှင်းနှင့်ပူးပေါင်း၍ ရေးဆွဲခဲ့သည်။ စီမံချက်ကို ဂျပန်နိုင်ငံတကာဖွံ့ဖြိုးရေးအဖွဲ့ (JICA) မှ ပံ့ပိုးခဲ့ပြီး စက်ရုံကို ဂျပန်တိုယို အင်ဂျင်နီယာရင်း ကော်ပိုရေးရှင်းနှင့် ထိုင်းနိုင်ငံမှ အီတလီ-ထိုင်းဖွံ့ဖြိုးရေး၊ PLC တို့ ဖက်စပ်ဖွဲ့စည်းထားသည့် TTCL Public Co., Ltd. ဟုခေါ်သည့် ကုမ္ပဏီတစ်ခုမှတည်ဆောက်ရန်ဖြစ်သည်။ ခေတ်မီနည်းပညာသုံး ဓာတ်အားစက်ရုံသည် အမေရိကန်ဒေါ်လာ ၂ ဘီလီယံနှင့် မြေယာ နှစ် ၄၀ ငှားရမ်းမှုအတွက် အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကုန်ကျမည်ဟု ခန့်မှန်းထားသည်။ ၂၀၂၃ ခုနှစ်တွင်

စတင်လည်ပတ်ရန်ဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ဓာတ်အားလိုင်းသို့ ၁၂၈၀ မဂ္ဂါဝပ်အပြည့် ရရှိမည်။ (ဟန် ၂၀၁၈)

၂၀၁၇ ခုနှစ်ဧပြီလတွင် ကရင်အစိုးရနှင့် TTCL တို့သည် ကရင်ပြည်နယ် ဘားအံ၌တည်ဆောက်ရန်၊ အဆိုပြုသည့် ဘားအံကျောက်မီးသွေးစက်ရုံ အတွက် လုပ်ငန်းလုပ်ဆောင်နိုင်မှုရှိ မရှိလေ့လာဆန်းစစ်မှု (feasibility) ပြုလုပ်ရန် ကနဦးသဘောတူစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းကို ကရင်အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အခြားအုပ်စုများ စုစုပေါင်း ၄၂ ဖွဲ့က ကန့်ကွက်လက်မှတ်ရေးထိုး ထုတ်ပြန်ကြေညာချက် ပြုလုပ်ခဲ့ကြသည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ကရင်ပြည်နယ် အစိုးရနှင့် TTCL တို့သည် နှစ်၄၀ ငှားရမ်းမှု သဘောတူစာချုပ်ဖြင့် မြေ ဧကပေါင်း ၈၁၅ ဧကကို ဖက်စပ်နှင့် ငှားရမ်းသဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခဲ့သည်။ ဒေသခံပြည်သူများသည့် လက်မှတ်ပေါင်း ၃၀၀၀ နီးပါးကို စုဆောင်း၍ စီမံကိန်းကိုကန့်ကွက်ကြောင်းစာကို ကရင် ဝန်ကြီးချုပ်ထံသို့ ပေးပို့ခဲ့ကြသည်။ နိုဝင်ဘာလတွင် ဆက်လက်၍ ဆန္ဒပြ ခဲ့ကြသည်။ (မြန်မာ့တိုင်းမ်စ် ၂၀၁၈)

၂၀၁၈ ခုနှစ် မတ်လတွင် လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးက စက်ရုံ ဆောက်ရန် မလိုဘဲ၊ ဒေသခံပြည်သူလူထုများကလည်း ကန့်ကွက်ခဲ့သည့် အတွက် ထိုနေရာတွင် ကျောက်မီးသွေးစက်ရုံတည်ဆောက်ရန် မထောက်ခံ ကြောင်း ပြောခဲ့သည်။ (မွန် ၂၀၁၈) ဆိပ်ကမ်းမှ ကုန်းတွင်းစွမ်းအင်စက်ရုံသို့ ကျောက်မီးသွေးကို မြစ်ကြောင်းရှည်မှပို့ရမည်ဖြစ်၍ နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများရှိလိမ့်မည်ဟုလည်း မှတ်ချက်ပေးခဲ့သည်။ သို့သော် ဝန်ကြီး ၏ဤမှတ်ချက်များသည် နောက်ဆုံးနှင့် အတည်ဖြစ်သွားပြီလား သို့မဟုတ် ပြည်နယ်အနေဖြင့် ပြည်ထောင်စုအစိုးရကို ကျော်ရန် ကြိုးပမ်းမည်လား ဆိုသည်မှာ မရှင်းမလင်းဖြစ်နေဆဲပင်။ (ဟန် ၂၀၁၈၊ မွန် ၂၀၁၈)

လက်ရှိအချိန်တွင် ဒေသခံအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၃၁ ဦးက ဧပြီလတွင် အိတ်ဖွင့်ပေးစာကို လက်မှတ်ရေးထိုးပြီး တောင်း ဆိုချက် သုံးခုနှင့် ပြည်ထောင်စုအစိုးရသို့တင်ပြခဲ့သည်။ (က) အဆိုပြုထား သည့်၊ ဆိုင်းငံ့ကျောက်မီးသွေးလောင်စာသုံး စွမ်းအင်စီမံကိန်းများကို ဖျက်သိမ်းပေးရန် (ခ) ကျောက်မီးသွေးလောင်စာသုံးစက်ရုံများကို တစ်နိုင်ငံ လုံးတွင် ရပ်ဆိုင်းပေးရန်နှင့် (ဂ) ရေရှည်တည်တံ့နိုင်သည့် ပြည့်မြဲစွမ်းအင် စီမံကိန်းများကို အကောင်အထည်ဖော် လုပ်ဆောင်ရန်နှင့် စည်းမျဉ်း စည်းကမ်းများ ချမှတ်ရန်တို့ဖြစ်သည်။ (ဟန် ၂၀၁၈)

## ၂။ ဒေသဓာတ်အားလိုင်းများနှင့်ပတ်သက်၍ ပြည်နယ်/ တိုင်းဒေသကြီးအစိုးရ၏ကိုယ်ပိုင်လုပ်ပိုင်ခွင့်အာဏာ မြှင့်တင်ခြင်း

တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံတွင် နိုင်ငံတော်၏ပင်မဓာတ်အား လိုင်းမှ ပထဝီဝင်အနေအထားအရ အဝေးဆုံးဖြစ်ပြီး ကမ်းမြောင်များနှင့် ကျွန်းများ များပြား၍ ကျဉ်းမြောင်းရှည်လျားသည့်အတွက် လျှပ်စစ်မီးရရှိမှု အနည်းဆုံးဒေသများအနက် တစ်ခုဖြစ်သည်။ ဤအခြေအနေတွင် ပြည် နယ်များနှင့် တိုင်းဒေသကြီးများတွင် မဂ္ဂါဝပ် ၃၀ အောက် ပင်မဓာတ်အား လိုင်းပြင်ပ စွမ်းအင်စက်ရုံများကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ စီမံခန့်ခွဲ ပိုင်ခွင့်ရရှိသည့်အတွက် ဒေသဆိုင်ရာအစိုးရ သည် အသေးစားဓာတ်အား လိုင်းများကို အာရုံစိုက်ပြီး လျှပ်စစ်ကုန်ကျစရိတ်ကို လျှော့ချနိုင်ရန် တင်ဒါ ခေါ်ယူခြင်းများကို ပြုလုပ်ခဲ့သည်။

### တနင်္သာရီ အဖြစ်အပျက်လေ့လာချက်၊ ဒေသဓာတ်အားလိုင်းများကို ပုဂ္ဂလိကကဏ္ဍမှ လုပ်ကိုင်လည်ပတ်ခြင်း

ဒေသဓာတ်အားလိုင်းကို စတင်လုပ်ကိုင်သည့် ဖိုးသီးချို ကုမ္ပဏီ (PTC) သည် ၂၀၀၄ ခုနှစ်မှစတင်၍ ထားဝယ်ခရိုင်တွင် ဒီဇယ်လောင်စာဖြင့် လည်ပတ်သည့် ဒေသဓာတ်အားလိုင်းများကို စတင်လုပ်ဆောင်ခဲ့သည်။ ယင်းတို့၏ ဓာတ်အားလိုင်းကို ၂၀၀၄ ခုနှစ်တွင် အစပိုင်း၌ အိမ်ထောင်စု ၂၀၀ - ၂၅၀ ကိုပေးခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် အိမ်ထောင်စုပေါင်း ၂၀၀၀ အထိတိုးချဲ့ မီးပေးနိုင်ခဲ့သည်။ အစပိုင်းမီးအားပေးစက်သည် ၂၈၀ ကီလိုဝပ် ဖြစ်ပြီး နောက်ပိုင်းတွင် ၁၅၀၀ ကီလိုဝပ် မီးစက်နှစ်လုံး ထပ်မံဖြည့်စွက်ခဲ့ သည်။

၂၀၀၆ ခုနှစ်တွင် PTC သည် အစိုးရဖြန့်ဖြူးရေးလိုင်းများ (၁၁ ကေဗွီနှင့် ၄၀၀ ဗို့အား) မှတစ်ဆင့် လျှပ်စစ်မီးများပို့လွှတ်ရန် ဒေသအစိုးရထံမှ သဘောတူခွင့်ပြုချက်ရရှိခဲ့သည်။ ထိုအချိန်က လျှပ်စစ်စွမ်းအင်ဝန်ကြီး ဌာနမှ ခွင့်ပြုမိန့်လိုင်စင်ရရှိခဲ့ပြီး ဓာတ်အားလိုင်းများကို အသုံးပြုသည့် အတွက် အသုံးပြုခအဖြစ်ဖြင့် တစ်ယူနစ်(kWh) အတွက် မြန်မာကျပ်ငွေ (အမေရိကန်ဒေါ်လာ ၀.၆ ဆင့်ခန့်) ပေးခဲ့ရသည်။ ကိုယ်ပိုင်လောင်စာနှင့် ပြင်ဆင်ထိန်းသိမ်းစရိတ်များကို မိမိဘာသာ အကုန်အကျခံပြီး လျှပ်စစ် မီတာခ တစ်ယူနစ် (kWh) အတွက် မြန်မာကျပ်ငွေ ၃၉၅ ကျပ် (အမေရိကန် ဒေါ်လာ ၄၉ ဆင့်) ကောက်ခံခွင့်ရရှိခဲ့သည်[38]။

၂၀၁၆ ခုနှစ်အပြီးတွင် PTC သည် ၁၀ မဂ္ဂါဝပ်အထိ စွမ်းအင်ပမာဏကို တိုးချဲ့ခဲ့ပြီး မြို့နယ်အတွင်းရှိ အိမ်ထောင်စုအားလုံးပေါင်း ၄၀၀,၀၀၀ ကို လျှပ်စစ်မီးပေးနေခဲ့သည်။ ယင်းတို့၏ ခွင့်ပြုချက်လိုင်စင်မှာ နှစ်စဉ်သက်တမ်း တိုးနိုင်ပြီး ဝန်ဆောင်မှုပေးနိုင်သည့် နေရာကိုလည်း ထားဝယ်၊ မောင်း မကန်နှင့် သရက်ချောင်းမြို့နယ်များအထိပါ တိုးချဲ့ခဲ့သည်။ ၅၀၀ မှ ၁၂၅၀ ကီလိုဝပ် အသီးသီးရှိသည့် ဒီဇယ်နှင့်လျှပ်စစ်စွမ်းအင်သုံးစက် (gensets) ပေါင်း ၂၅ လုံးဖြင့် လည်ပတ်လျက်ရှိသည်။

ထိုနှစ်က ဒေသအစိုးရသည် ထားဝယ်ခရိုင်အတွက် သဘာဝဓာတ်ငွေ့ကို ဒေသဓာတ်အားလိုင်းများအတွက် ခွင့်ပြုလောင်စာအဖြစ် ပြောင်းလဲခဲ့သည်။ ထားဝယ်ဖွံ့ဖြိုးရေးအသင်း (DDA) အပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်း များက ဆန္ဒပြပွဲများနှင့် လှုပ်ရှားမှုများကို နှစ်နှစ်ပြုလုပ်ခဲ့သည့် အကျိုးဆက် ဖြစ်သည်။ အရပ်ဘက်အဖွဲ့အစည်း (CSO) ညွန့်ပေါင်းအဖွဲ့က ဇောတိက ပိုက်လိုင်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပို့လွှတ်နေသည့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအချို့ကို လွှဲပြောင်းတပ်ဆင်၍ ဈေးသက်သာပြီး တတ်နိုင်သည့် လျှပ်စစ်ရရှိစေရန် တနင်္သာရီအစိုးရထံ တောင်းဆိုခဲ့သည်။ ထားဝယ်ခရိုင်ရှိ လေးမြို့နယ်မှ ထောင်ပေါင်းများစွာသောလူထုက တတ်နိုင်သည့်သဘာဝ ဓာတ်ငွေ့ကိုအသုံးပြုရန် တောင်းဆို၍ "ဒို့သယံဇာတ၊ ဒို့ပြည်သူအတွက်" ဟူသည့်ကြွေးကြော်သံကို ဟစ်ကြွေးခဲ့သည်။ နောက်ဆုံးတွင် ပြည်ထောင်စု ဝန်ကြီးဌာန (ထိုအချိန်က သဘာဝဓာတ်ငွေ့လုပ်ငန်းများ ဝန်ကြီးဌာန) သည် ထားဝယ်ခရိုင်တွင် တည်ဆောက်ထားသည့် ပိုက်လိုင်းအသစ်မှ တစ်ဆင့် တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ကုဗပေ ၂ သန်းကို ပံ့ပိုးပေးရန် သဘောတူခဲ့သည်။

ပိုက်လိုင်းပြီးသွားခဲ့ချိန်တွင် တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီးဌာန သည် ၂၀၁၆ ခုနှစ်တွင် တင်ဒါခေါ်ယူရခဲ့ပြီး လျှောက်ထားသူ ၆ ဦး သို့မဟုတ် ၇ ဦးရှိခဲ့သည်။ ထားဝယ်ဖွံ့ဖြိုးရေးအများပိုင်ကုမ္ပဏီ (DDPC) သည် ဖြန့်ဖြူးသည့်လိုင်စင်ကို တစ်ယူနစ် (kWh) လျှင် မြန်မာကျပ်ငွေ ၈၀ ကျပ် (အမေရိကန်ဒေါ်လာ ၅.၃ ဆင့်) နှင့် နောက်ပိုင်းတွင် မြန်မာကျပ်ငွေ ၇၀

ကျပ် (အမေရိကန် ဒေါ်လာ ၄.၆ ဆင့်)ဖြင့် ညှိနှိုင်း၍ ရရှိခဲ့သည်။ Global Grand Services (GGS) ဟုခေါ်သည့်ကုမ္ပဏီမှ တစ်ယူနစ် (kWh) လျှင် မြန်မာကျပ်ငွေ ၁၃၀ ကျပ် (အမေရိကန်ဒေါ်လာ ၈.၅ ဆင့်)ဖြင့် ထုတ်လုပ်ခွင့်လိုင်စင်ရရှိခဲ့သည်။ စာချုပ်တွင် နောက်ထပ်မြို့နယ်သုံးခုကိုပါ ထပ်မံဖြည့်ခဲ့သည်။ ယင်းတို့မှာ လောင်းလုံ၊ ရေဖြူနှင့် ကလိန်တောင်မြို့နယ်တို့ဖြစ်သည်။ ပို၍ဈေးသက်သာပြီး သဘာဝဓာတ်ငွေ့လောင်စာနှင့် ပို၍ထုတ်လုပ်နိုင်သည့် မီးစက်များကြောင့် သုံးစွဲသူများအနေဖြင့် (ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုအတွက်) လျှပ်စစ်မီတာခစုစုပေါင်း တစ်ယူနစ်အတွက် မြန်မာကျပ်ငွေ ၂၀၀ (အမေရိကန်ဒေါ်လာ ၁၃ ဆင့်) ခန့်ပေးရပြီး ယခင်က PTC မှကောက်ခံခဲ့သည့် မြန်မာကျပ်ငွေ ၃၉၅ (အမေရိကန်ဒေါ်လာ ၄၉ ဆင့်) ထက်ဝက်ခန့်မျှသာရှိခဲ့သည်။

၂၀၁၇ ခုနှစ်တွင် DDPC ၏ ဖြန့်ဖြူးရေးလိုင်စင်သက်တမ်းကုန်ဆုံးပြီး GGS သည် ဒေသဓာတ်အားလိုင်းများကို လုပ်ဆောင်လည်ပတ်ရန် လိုင်စင်ရရှိခဲ့သည်။ GGS သည် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးနှစ်ခုစလုံးကို လုပ်ဆောင်သည်။ ထုတ်လုပ်ရေးအတွက် လိုင်စင်သက်တမ်း ငါးနှစ်ရှိပြီး ဖြန့်ဖြူးရေးအတွက် လုပ်ဆောင်သည့်လိုင်စင်မှာ ယာယီသာဖြစ်သည်။ တနင်္သာရီအစိုးရသည် ဖြန့်ဖြူးရေးအတွက် တင်ဒါအသစ်ခေါ်ယူလိမ့်မည်။

PTC ၏ ဒေသဓာတ်အားလိုင်းတိုးချဲ့ခြင်း၊ လတ်တလောအချိန်တွင် PTC သည် မြို့နယ်အသစ်များစွာကို တိုးချဲ့၍ ဒေသဓာတ်အားလိုင်းများကို ဆက်လက်လည်ပတ်လုပ်ကိုင်လျက်ရှိသည်။ လျှပ်စစ်ဓာတ်အားလိုင်းများရှိနေပြီး ESE သည် မီးစက်အနည်းငယ်သာရှိ၍ တစ်နေ့လျှင် တစ်ခါတစ်ရံ လေးနာရီမျှသာမီးပေးနိုင်သည့် အကန့်အသတ်များရှိနေသည်။ ESE က PTC ကို မီးစက်များတပ်ဆင်ရန်နှင့် ဓာတ်အားလိုင်းများ အသုံးပြုခွင့်လိုင်စင်ချထားပေးခဲ့သည်။ ဤမြို့နယ်များတွင် မီတာခသည် တစ်ယူနစ်အတွက် မြန်မာကျပ် ၄၀၅ - ၄၅၀ (အမေရိကန်ဒေါ်လာ ၂၇ - ၃၀ ဆင့်) အတွင်းရှိသည်။ မြို့နယ်အသီးသီးတွင် ESE၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စည်ပင်သာယာတို့ပါဝင်သည့် လျှပ်စစ်ကော်မတီက ဓာတ်အားလိုင်းကို စီမံခန့်ခွဲသည်။ လျှပ်စစ်ကော်မတီသည် အောက်ပါနည်းလမ်းကိုအသုံးပြု၍ မီတာခကို သတ်မှတ်သည်။

- ဒီဇယ်တစ်ဂါလံသည် လျှပ်စစ် ၁၀ ယူနစ် (kWh) ထုတ်လုပ်သည်။
- ဒီဇယ်တစ်ဂါလံသည် မြန်မာကျပ်ငွေ ၃၀၀၀ (အမေရိကန်ဒေါ်လာ ၂ ဒေါ်လာခန့်) ကျသင့်သည်။
- လျှပ်စစ်အတွက် လောင်စာဆီကုန်ကျငွေမှာ မြန်မာကျပ်ငွေ ၃၀၀ (အမေရိကန်ဒေါ်လာ ၂၀ ဆင့်)ဖြစ်ပြီး ထုတ်လုပ်မှုအတွက် ကုန်ကျငွေမှာ တစ်ယူနစ်အတွက် မြန်မာကျပ်ငွေ ၅၀ (အမေရိကန်ဒေါ်လာ ၃.၃ ဆင့်)ဖြစ်သည်။
- ဆိုလိုသည်မှာ ဒီဇယ်ဈေးနှုန်းမှာ တစ်ဂါလံအတွက် မြန်မာကျပ်ငွေ ၃၀၀၀ မှ ၄၀၀၀ ကျပ်ငွေဖြစ်လျှင် မီတာခသည် တစ်ယူနစ်အတွက် မြန်မာကျပ်ငွေ ၃၅၀ ကျပ် (အမေရိကန်ဒေါ်လာ ၂၃ ဆင့်ခန့်)မှ မြန်မာကျပ်ငွေ ၄၅၀ ကျပ် (အမေရိကန်ဒေါ်လာ ၃၀ ဆင့်ခန့်) ဖြစ်သွားမည်။

**မြိတ်ခရိုင်၊** ဓာတ်ငွေ့မှ စုဆောင်းငွေများနှင့် တင်ဒါစနစ်မှ ပို၍ထိရောက်အကျိုးရှိသည့် မီးစက်များကို အသုံးပြုလာနိုင်ခဲ့ခြင်းများကြောင့် တနင်္သာရီသည် ယခုအခါ မြိတ်ခရိုင်တွင် ဒေသဓာတ်အားလိုင်းစီမံခန့်ခွဲမှုကို ပေါင်းစပ်လုပ်ကိုင်ရန် ကြိုးပမ်းလုပ်ဆောင်နေသည်။ မြို့နယ်လေးခုတွင် ဒေသဓာတ်အားလိုင်း လုပ်ငန်းလုပ်ဆောင်နေသူများစွာကို ကြပ်မတ်ကွပ်ကဲလျက်ရှိသည့် လျှပ်စစ်ကော်မတီ ၉ ခုရှိပြီး ဖြန့်ဖြူးသည့် လိုင်းစနစ်များသည် အလွန်ပင် ရှုပ်ထွေးလှသည်။ လက်ရှိမီးစက်များမှာ ဒီဇယ်ဖြင့်ဖြစ်ပြီး ယင်းတို့ကို လက်ရှိလုပ်ငန်းလုပ်ကိုင်နေသူများ (စာချုပ်ချုပ်ထားသူများ)က ပိုင်ဆိုင်ကြသည်။ တနင်္သာရီအစိုးရသည် ကော်မတီများကို အတူစုစည်းရန် လုပ်ကိုင်လျက်ရှိပြီး အားလုံးစုစည်း လုပ်ကိုင်သည့် မူဘောင်တစ်ခုရှိစေရန် ညှိနှိုင်းရန် ကြိုးပမ်းခဲ့သော်လည်း အားလုံးသဘောတူအောင် မလုပ်ဆောင်နိုင်ခဲ့ချေ။ ပထမအဆင့်အနေဖြင့် တနင်္သာရီအစိုးရသည် မြိတ်ခရိုင်အတွင်း မြိတ်မြို့နယ်အတွက်သာ ဒေသဓာတ်အားလိုင်း လုပ်ပိုင်ခွင့်လိုင်စင် တင်ဒါခေါ်ယူခဲ့သည်။ ၂၀၁၈ ခုနှစ် ဖွန်လတွင် မြိတ်ပြည်သူ့လူထုကုမ္ပဏီဟုခေါ်သည့် ကုမ္ပဏီတစ်ခုက တင်ဒါအောင်မြင်ခဲ့သည်။ ဤကုမ္ပဏီသည် မြိတ်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ကိုရီးယားကုမ္ပဏီတစ်ခုနှင့် ဖက်စပ်လုပ်ကိုင်ပြီး အများပြည်သူများအား ကုန်သွယ်မှုရှယ်ယာများခေါ်ယူ၍ တည်ထောင်ခဲ့ခြင်းဖြစ်သည်။ မြိတ်အများ ပိုင်ကုမ္ပဏီသည် (ဓာတ်ငွေ့ မဟုတ်ဘဲ) လောင်စာဆီများအသုံးပြုလျက် ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုနှစ်ခုစလုံးကို ပြုလုပ်မည်။ ၂၀၁၈ ခုနှစ်ကုန်ပိုင်းတွင် ဆောက်လုပ်ပြီးစီးမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်အစောပိုင်းတွင် စတင်လည်ပတ်မည်။

မြိတ်ခရိုင်တွင် အိမ်ခြေ ၁၃၀,၀၀၀ ရှိပြီး မြိတ်မြို့တစ်ခုတည်းတွင်ပင် အိမ်ထောင်စုပေါင်း ၅၄,၀၀၀ ရှိသည်။ ယခင်မီတာခမှာ တစ်ယူနစ်အတွက် မြန်မာကျပ်ငွေ ၄၁၅ ကျပ် (အမေရိကန်ဒေါ်လာဖြင့် ၂၇ ဆင့်) ဖြစ်ပြီး မီတာခအသစ်မှာမူ မြန်မာကျပ်ငွေ ၂၆၀ ကျပ် (အမေရိကန်ဒေါ်လာဖြင့် ၁၇ ဆင့်)သာလျှင် ဖြစ်မည်။

**ကော့သောင်းခရိုင်၊** အိမ်ထောင်စုပေါင်း ၄၂,၀၀၀ ရှိသည့် ကော့သောင်းခရိုင်တွင် ကော့သောင်းဒေသဆိုင်ရာ လျှပ်စစ်ထုတ်လုပ်မှု ဖွံ့ဖြိုးရေးအများပိုင်ကုမ္ပဏီ (KDDPC) သည် ကော့သောင်းမြို့နယ် (အိမ်ထောင်စု ၂၅,၀၀၀) အတွက် ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် တင်ဒါအောင်မြင်ခဲ့သည်။ ဤနေရာတွင် ယခင်မီတာခသည် တစ်ယူနစ်တွင် မြန်မာကျပ်ငွေ ၃၅၀ ကျပ် (အမေရိကန်ဒေါ်လာ ၂၃ ဆင့်) နှင့် တင်ဒါအောင်သည့်နှုန်းထားမှာ မြန်မာကျပ်ငွေ ၂၈၀ ကျပ် (အမေရိကန်ဒေါ်လာ ၁၈.၃ ဆင့်) ဖြစ်သည်။ ၂၀၁၈ ခုနှစ် ဇူလိုင်လအထိ ဤသဘောတူခွင့်ပြုချက်အတွက် စာချုပ်ကို ဥပဒေကြောင်းအရ အတည်မပြုမီ ဤသဘောတူညီချက်အတွက် စာချုပ်ကို တနင်္သာရီတိုင်းဒေသကြီး ရှေ့နေချုပ်က သုံးသပ်စစ်ဆေးခဲ့ပြီးပြည်ထောင်စုအစိုးရမှလည်း သုံးသပ်လျက်ရှိခဲ့သည်။

**ပင်မဓာတ်အားလိုင်း၊** လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီးတွင် ပြည်ထောင်စု ဓာတ်အားလိုင်းရောက်ရှိစေရန် စီစဉ်လျက်ရှိပြီး ကန်ဘောက်ခရိုင်တွင် ၁၂၃၀ မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားစက်ရုံတစ်ခုကို တည်ဆောက်ရန်နှင့် သဘာဝဓာတ်ငွေ့ရည် ဆိပ်ကမ်းတစ်ခုတည်ဆောက်ရန် တိုတယ်(Total) နှင့် Siemens တို့နှင့် သဘောတူခဲ့သည်။ မြိတ်အများပိုင်ကုမ္ပဏီသည် ၆၁၀ မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့ရည် လောင်စာသုံးစက်ရုံနှင့် ပတ်သက်၍လည်း လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနတို့နှင့် ဆွေးနွေးလျက်ရှိသည်။ (လှိုင်၊ ၂၀၁၈)

## ၃။ အသေးစားရေအားလျှပ်စစ်ထုတ်လုပ်မှုကို ပြည်နယ်များနှင့် တိုင်းဒေသကြီးများမှ အားပေးလုပ်ဆောင်ခြင်း

မြန်မာနိုင်ငံ၏ နေရာအတော်များများသည် ပင်မဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားခြင်းမရှိသည့်အတွက် ဒီဇယ်လောင်စာ၊ ရေအားလျှပ်စစ်၊ ဇီဝလောင်စာတို့ကိုအသုံးပြုသော အသေးစား ဓာတ်အားလိုင်းထောင်ပေါင်း

များစွာကို နိုင်ငံ၏နေရာအနှံ့တွင် တည်ဆောက်ထားသည်။ ယင်းတို့အနက် အချို့သည် နိုင်ငံတကာ အလှူရှင်အဖွဲ့အစည်းများထံမှ နည်းပညာပံ့ပိုး ကူညီမှုနှင့် ကျွမ်းကျင်သူများ၏ အကြံဉာဏ်များကို ရရှိခဲ့သော်လည်း ယင်းတို့ကို ဒေသတွင်းကျွမ်းကျင်မှုနှင့် တီထွင်မှုများနှင့် တည်ဆောက်ခဲ့ကြသည်။

ဇယား (၉) သည် အလင်းမီးရရှိသည့် အရင်းအမြစ်နှင့်ပတ်သက်၍ သန်းခေါင်စာရင်းအချက်အလက်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ အချက်အလက်များအပေါ် အခြေခံ၍ Greacen (၂၀၁၆) က မြန်မာနိုင်ငံတွင် အသေးစားဓာတ်အားလိုင်းများ တည်ရှိမှုကိုခန့်မှန်းချက်ကို ဖော်ပြထားသည်။ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၅ သတင်းအချက်အလက်များအရ၊ မြန်မာနိုင်ငံ၏ ရွာပေါင်း ၆၄,၀၀၀ သည် ဒီဇယ်မီးစက်၊ အသေးစားရေအား လျှပ်စစ် သို့မဟုတ် ဇီဝလောင်စာ/ ဇီဝဓာတ်ငွေ့အသေးစားဓာတ်အားလိုင်းပုံစံမျိုးစုံရှိကြသည်။ သို့ရာတွင် လျှပ်စစ်မီးရှိသည့် ရွာတစ်ရွာတွင် အိမ်ထောင်စုပေါင်း၏ အနည်းဆုံး ၇၀ ရာခိုင်နှုန်း မီးလင်းသည့် သတ်မှတ်ချက်အရ ရွာပေါင်း ၄၀၀၀ ခန့်သာ လျှပ်စစ်မီးရရှိသည်ဟု ကောက်ချက်ဆွဲခဲ့ကြသည်။ Greacen သည် သန်းခေါင်စာရင်းပါ အိမ်ထောင်စုများမီးရရှိသည့် အဓိကအရင်းအမြစ်နှင့် ပတ်သက်သည့် အချက်အလက်များကို ကောက်ချက်ဆွဲကြည့်ရာတွင် ဒီဇယ်မီးစက်မှ မီးရရှိသည့် အိမ်ထောင်စုပေါင်း တစ်သန်းကျော်ရှိပြီး အသေးစား သို့မဟုတ် အလွန်သေးငယ်သည့်ရေအားလျှပ်စစ်မှ ပေးသည့် အသေးစားဓာတ်အားလိုင်းများမှ မီးရရှိသည့်အိမ်ထောင်စုပေါင်း ၁၈၀,၀၀၀ နီးပါးရှိသည်ကို တွေ့ရှိရသည်။

### အဖြစ်အပျက်လေ့လာချက်၊ ရှမ်းပြည်နယ်တွင် အသေးစားရေအားလျှပ်စစ်

ဇော်မင်းသည် မဂ္ဂါမြန်မာ့စွမ်းအင်ကုမ္ပဏီ၏ စီမံခန့်ခွဲမှုဆိုင်ရာ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်ပြီး အသေးစားရေအားလျှပ်စစ်စက်ရုံ ဒီဇိုင်းရေးဆွဲသူနှင့် တည်ဆောက်သူတစ်ဦးလည်းဖြစ်သည်။ သူသည် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ပြည်နယ်နှင့်တိုင်း ဒေသကြီးများစွာရှိ ကျေးလက်ရေအားလျှပ်စစ်ထုတ်လုပ်ရေးအသင်းတစ်ခုဖြစ်သည့် ရေအားလျှပ်စစ်ဆိုင်ရာ ရပ်ရွာ ပြည်သူလူထုစွမ်းရည်မြှင့်တင်ရေးနှင့် မြန်မာကွန်ရက် (HyCEM) ၏ အစီအစဉ်ညှိနှိုင်းရေးမှူးလည်း ဖြစ်သည်[39]။ HyCEM ၃၉ ခုသည် ပြောင်းဖူးချွေခြင်း၊ ဆန်စက်နှင့် ကြံကြိတ်စက်ကဲ့သို့သော ထုတ်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တောင်ပေါ်ဒေသများရှိရွာများတွင် ရေအားလျှပ်စစ်ထုတ်လုပ်ရေးကို ပံ့ပိုးကူညီလျက်ရှိသည်။

HyCEM ၏ လုပ်ငန်းမှာ အသေးစားရေအားလျှပ်စစ်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုအတွက် အလားအလာများစွာရှိပြီး အကောင်အထည်မဖော်ရသေးချေ။ ပြည်နယ်စည်းမျဉ်းစည်းကမ်းများသည် အသေးစားရေအားလျှပ်စစ်လုပ်ကိုင်မှုတွင် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်သည်ဟု ရှင်းရှင်းလင်းလင်းပြောကြားထားသည်။ ဇော်မင်းက ၁ မဂ္ဂါဝပ်ပင် မပြည့်သည့် အသေးစားရေအားလျှပ်စစ်ဓာတ်အားလိုင်းပေါင်း ၅၀၀၀ ကျော်ခန့်ရှိသည်ဟုဆိုသည်။

ဇော်မင်းသည် သူ့ဖခင်၏ခြေရာကိုနင်း၍ သူ့ဖခင်နှင့်အတူ အသေးစားရေအားလျှပ်စစ်ထုတ်လုပ်ရေးအတွက် သူ့ဘဝတစ်လျှောက်လုံး လုပ်ကိုင်ခဲ့သည်။ သူနှင့် သူ့ဖခင်တို့သည် ၁ မဂ္ဂါဝပ် မှ ၂၅၀ မဂ္ဂါဝပ်အထိရှိသည့် စီမံချက်ပေါင်း ၁၂၀ ကို အကောင်အထည်ဖော်ခဲ့သည်။ ဇော်မင်းကပြောကြားရာတွင် -

> **ပြည်သူတွေက ကျေးလက်သုံး ပြည့်မြဲစွမ်းအင်တွေအပေါ် မှီခိုလုပ်ကိုင်နေတာ နှစ် ၃၀ လောက်ရှိပါပြီ။ ပြည့်မြဲစွမ်းအင် ထုတ်လုပ်သူတွေက ဘယ်အစိုးရရဲ့ပံ့ပိုးမှု၊ နည်းပညာအကူအညီ ဒါမှမဟုတ် သင်တန်းအထောက်အကူမှမပါဘဲ လုပ်နေကြတာ။ ကျွန်တော်သိသလောက် ၁၀၀ - ၁၅၀ ပီကို ရေအားလျှပ်စစ်၊ မိုက်ခရိုရေအားလျှပ်စစ် နဲ့ အသေးစား ရေအားလျှပ်စစ်စီမံချက်တွေကို လုပ်နေတဲ့သူတွေကို အများကြီးဘဲ။**[40]

၂၀၁၈ ခုနှစ် နှောင်းပိုင်းကာလတွင် ရှမ်းပြည်နယ်အစိုးရသည် ပြည်နယ်အတွင်းရှိ အရေးပါသည့် စွမ်းအင်အရင်းအမြစ်တစ်ခု၊ အထူးသဖြင့် အသေးစားရေအားလျှပ်စစ်နှင့် ဒေသတွင်း စွမ်းအင်ထုတ်လုပ်မှုကို မြှင့်တင်လုပ်ဆောင်ရန် အဆင့်များပါဝင်သည့် ပြည်နယ်စွမ်းအင်ဥပဒေတစ်ခုကို ရေးဆွဲနေခဲ့သည်။ ဥပဒေကြမ်းသည် ပင်မဓာတ်အားလိုင်းနှင့် ဆက်သွယ်ချိတ်ဆက်ခွင့်ပြုသည့် စံချိန်စံညွှန်းတစ်ခုကို တည်ဆောက်ထားသည့် အသေးစားဓာတ်အားလိုင်းများနှင့် ချိတ်ဆက်မှုတွင် လွယ်ကူစေလိမ့်မည်။[41]

ဇော်မင်းက ရှမ်းပြည်နယ်ရှိ အသေးစား ရေအားလျှပ်စစ် စီမံချက်များ တည်ဆောက်မှုများပြားလာစေရန် ပံ့ပိုးကူညီရာတွင် ပြည်နယ်အစိုးရ၏ အရေးကြီးသည့် အခန်းကဏ္ဍကို ပြောပြသည်။

> **အခြေအနေ တိုးတက်ကောင်းမွန်လာဖို့ ပြည်နယ်အစိုးရနဲ့ စီမံချက်လုပ်ကိုင်သူတွေ ပူးပေါင်းလုပ်ကြဖို့ လိုအပ်ပါတယ်။ အသေးစားရေအားလျှပ်စစ်တိုးချဲ့တဲ့နေရာမှာ ပံ့ပိုးဖို့ ပြည်နယ်အစိုးရရဲ့အဓိကခြေလှမ်းတစ်ခုက စွမ်းအင်အရင်းအမြစ်တွေကို ဆန်းစစ်ချက်တွေ၊ စွမ်းအင်လိုအပ်ချက်ဆန်းစစ်ချက်တွေနဲ့ လူမှုစီးပွားဆိုင်ရာ ဆန်းစစ်ချက်တွေအပါအဝင် ဒေသဆိုင်ရာ စွမ်းအင်စီမံကိန်းရေးဆွဲခြင်းပါဘဲ။ တိုတိုပြောရရင် ဘယ်နေရာတွေမှာ စွမ်းအင်အရင်းအမြစ်တွေပိုရှိတယ်၊ ပိုနည်းတယ်၊ ဘယ်နေရာမှာ လျှပ်စစ်လိုအပ်ချက်ပိုများတယ်၊ ဘယ်နေရာမှာ သိပ်မလိုဘူး ဆိုတာတွေကို သိဖို့လိုပါတယ်။**

## ၄။ ၃၀ မဂ္ဂါဝပ်ထက်လျော့နည်းသည့် စွမ်းအင်နှင့် စီမံချက်များအပေါ် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် ပတ်သက်၍ ပြည်နယ်/တိုင်းဒေသကြီး၏ လုပ်ဆောင်ချက်

အထက်တွင်ဖော်ပြခဲ့သကဲ့သို့ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် ပြည်ထောင်စုဓာတ်အားလိုင်းနှင့် မချိတ်ဆက်သရွေ့ ၃၀ မဂ္ဂါဝပ်အောက် စွမ်းအင်ထုတ်လုပ်မှု စီမံချက်များနှင့်ပတ်သက်ပြီး လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝရှိကြပါသည်။

ပြီးခဲ့သည့်အပိုင်းတွင် ဖော်ပြထားသကဲ့သို့ ဒီဇယ်မီးစက်များ သို့မဟုတ် အသေးစားနှင့် မိုက်ခရိုရေအား လျှပ်စစ်ထုတ်လုပ်ရေးအပါအဝင် ကျေးရွာအဆင့် အသေးစားဓာတ်အားလိုင်းများနှင့်ပတ်သက်၍ ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် အတွေ့အကြုံများစွာ ရှိကြပါသည်။ သို့ရာတွင် မြန်မာနိုင်ငံ၌ အနည်းငယ် ပို၍ကြီးမားသည့် ဗဟိုချုပ်ကိုင်မှုမရှိသည့် စွမ်းအင်ထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံမှုအတွေ့အကြုံ အလွန်နည်းပါးပါသည်။

ဇယား (၉)။ မြန်မာနိုင်ငံတွင် လည်ပတ်နေသည့် အသေးစားဓာတ်အားလိုင်းများ ခန့်မှန်းချက်

| DRD ပါ အချက်အလက်များ | | | သန်းခေါင်စာရင်းပါအချက်အလက်များ | | | |
|---|---|---|---|---|---|---|
| ထုတ်လုပ်မှုပုံစံ (DRD ပါ အချက်အလက်) | ရွာများ (DRD ဇန်နဝါရီ ၂၀၁၅) | လျှပ်စစ်မီးရရှိသည့် အိမ်ခြေ ၇၀% ရှိသည့် ရွာများ (FY2015/16 နှစ်ကုန်) | မီးရရှိသည့် အဓိက အရင်းအမြစ် | အိမ်ထောင်စုများ | | |
| | | | | ကျေးလက် | မြို့ပြ | စုစုပေါင်း |
| မီးစက်ဂျင်နရိတ်တာ | ၁၃,၀၈၈ | ၂,၄၀၇ | မီးစက်(ပုဂ္ဂလိက) | ၈၃၅,၈၄၀ | ၁၇၇,၃၀၉ | ၁,၀၁၃,၁၄၉ |
| အလွန်သေးငယ်သည့် ရေအားလျှပ်စစ် | ၂,၄၂၆ | ၁,၂၁၅ | ရေအားဖြင့် လည်ပတ်သည့် စက် (ပုဂ္ဂလိက) | ၁၅၁,၇၂၁ | ၂၅,၇၈၆ | ၁၇၇,၅၀၇ |
| ဇီဝလောင်စာ/ ဓာတ်ငွေ့ | ၁,၂၃၂ | ၄၇၂ | | N/A | N/A | N/A |
| နေစွမ်းအင်သုံး ဓာတ်အားလိုင်း | | ၁၅၀ | | N/A | N/A | N/A |
| **စုစုပေါင်း** | **၁၆,၇၄၆** | **၄,၂၄၄** | | **၉၈၇,၅၆၁** | **၂၀၃,၀၉၅** | **၁,၁၉၀,၆၅၆** |

*DRD ကျေးလက်ရွာအဆင့် အချက်အလက်ရင်းမြစ်။ DRD, "Rural Electricity Access" (MoLFRD & World Bank Off-Grid Electrification in Myanmar, Naypyitaw, Myanmar, January 28, 2015) and DRD, "End of 2015-2016 FY 70% Rural Electrification Villages". Source of household data:2014 Myanmar Census. Cited in Greacen 2017*

ဤအပိုင်းတွင် ၁ မဂ္ဂါဝပ်မှ ၃၀ မဂ္ဂါဝပ်အတွင်းရှိ ကျေးရွာအသေးစား ဓာတ်အားလိုင်းများထက် ပိုကြီးသော အသေးစား ဓာတ်အားလိုင်းစီမံချက်များအကြောင်းကို ဆွေးနွေးပါမည်။ အောက်ဖော်ပြပါကဏ္ဍသည် ကျေးလက်အဆင့် အသေးစားဓာတ်အားလိုင်းများအပေါ် အခြေခံ၍ "ပင်မဓာတ်အားလိုင်းပြင်ပ"စွမ်းအင်တွင် ပြည်နယ်/တိုင်းဒေသကြီး၏ အခန်းကဏ္ဍကို ဖော်ပြထားသည်။

## ပို၍ဗဟိုချုပ်ကိုင်မှု လျော့ချသည့်နည်းလမ်း၏ အကျိုးကျေးဇူးများ

မြန်မာနိုင်ငံတဝှမ်းလုံးရှိ ရပ်ရွာလူ့အဖွဲ့အစည်းများအတွက် အသေးစားတတ်နိုင်မည့် စွမ်းအင်ထုတ်လုပ်မှုကို စိတ်အားထက်သန်လှသည့် နိုင်ငံခြားသားစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြည်ထောင်စုအစိုးရ၏ အကြီးစား ဗဟိုမှ ချုပ်ကိုင်လုပ်ဆောင်သည့် စွမ်းအင်ထုတ်လုပ်မှုစက်ရုံများနှင့် ပြည်ထောင်စုဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်မှုကို ဖြည့်ဆည်းပေးသည့် အနေဖြင့် လျှပ်စစ်မီးလင်းရေးတွင် အောက်ခြေမှလာသည့် ချဉ်းကပ်မှု၏ အကျိုးကျေးဇူးများကို ချီးကျူးပြောဆိုခဲ့သည်။

> **မြန်မာသည် ပုံစံဟောင်းနှင့်သွားမည်လား။ ပုံစံသစ်နှင့်လုပ်နေသည်လားဆိုသည့် မေးခွန်းတစ်ခုရှိနေသည်။ အေဒီဘီ၊ ကမ္ဘာ့ဘဏ်နှင့် အခြားအဖွဲ့များထံမှ ပံ့ပိုးကူညီမှုဖြင့် ပြည်ထောင်စုအစိုးရသည် ပို့လွှတ်မှုနှင့် ဖြန့်ဖြူးရေး ဆိုင်ရာ အခြေခံအဆောက်အဦများကို တည်ဆောက်ရန် လာမည့် ၁၀ နှစ်တာ ကာလအတွင်း ဒေါ်လာဘီလီယံချီ၍ သုံးစွဲရန် စီစဉ်လျက်ရှိသည်။ သို့သော် သုံးစွဲသည့်နေရာအနီး ဖြန့်ဖြူးထုတ်လုပ်နိုင်ရေး အတွက်မှာ များစွာလုပ်ဆောင်ရန် လိုအပ်နေဦးမည်ဖြစ်သည်။ အမေရိကန်နိုင်ငံတွင်ပင် လျှပ်စစ်ကုမ္ပဏီကြီးများပင်လျှင် ယခုအခါ အသေးစားဓာတ်အားလိုင်းများကို တည်ဆောက်နေကြသည်။ မြန်မာနိုင်ငံအနေဖြင့် အဆင့်ကျော်၍ခုန်နိုင်သည့် အခွင့်အလမ်းကောင်းများ အမှန်ပင်ရှိနေသည်။ မိုဘိုင်းဖုန်းလုပ်ငန်းသည် (ဖားခုန်/အဆင့်ကျော်ခုန်လွှားခဲ့သည့်) နမူနာကောင်းတစ်ခုပင်ဖြစ်သည်။ လုံးဝနီးပါး ဆက်သွယ်ချိတ်ဆက်လိုင်းမရှိသည့် အခြေအနေမျိုးမှ ပြီးခဲ့သည့် သုံးနှစ်၊ လေးနှစ်တာကာလအတွင်းတွင် ၈၀ ရာခိုင်နှုန်းနီးပါးအထိ သုံးစွဲနိုင်သည့်အခြေအနေသို့ ထိုးဖောက်ဝင်ရောက်ခဲ့သည်။**

၁ မဂ္ဂါဝပ် မှ ၃၀ မဂ္ဂါဝပ်အတွင်းရှိ အသေးစား လျှပ်စစ်ထုတ်လုပ်မှုစီမံချက်များသည် နည်းပညာပိုင်းအရ လုပ်ဆောင်နိုင်ပြီး စီးပွားဖြစ်နိုင်ပြီး တွက်ခြေလည်းကိုက်နိုင်ပါသည်။ သို့သော် ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် ယင်းစီမံချက်များကို ဘဏ် သို့မဟုတ် ရင်းနှီးမြှုပ်နှံသူတစ်ဦးက ငွေချေးနိုင်သည့် "ဘဏ်မှချေးငွေရနိုင်သည့်" စီမံချက်များအဖြစ် မရှုမြင်ကြချေ။ အဘယ်ကြောင့်ဆိုသော် မည်သည့် စွမ်းအင်စီမံချက်မျိုးမဆို ဝယ်ယူသူတစ်ဦးလိုအပ်ပြီး ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် လျှပ်စစ်ဝယ်ယူရေး သဘောတူစာချုပ်များ (PPAs) သို့ ဝင်ရောက်ရန် ဘတ်ဂျက်လုပ်ပိုင်ခွင့်မရှိသည့်အတွက် ဖြစ်သည်။

အိမ်ခေါင်မိုးသုံးဆိုလာနှင့် ပိုကြီးသည်ဓာတ်အားလိုင်းနှင့် ချိတ်ဆက်သည့် ဆိုလာခြံများနှစ်မျိုးလုံးကို မြန်မာနိုင်ငံတွင် ထုတ်လုပ်သည့် နေစွမ်းအင်စီမံချက်များကို လုပ်ကိုင်နေသည့် အကြီးအကဲတစ်ဦးက ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအကြား လုပ်ပိုင်ခွင့်အာဏာခွဲခြားမှုတွင် ရှင်းလင်းမှုမရှိခြင်းကို သူ့အနေဖြင့် စိုးရိမ်မကင်းသည့် အကြောင်းကို ထည့်သွင်းပြောကြားခဲ့သည်။

> **အကယ်၍ စီမံချက်သည် ၃၀ မဂ္ဂါဝပ်အောက် နည်းပါးခဲ့ပြီး ဓာတ်အားလိုင်းနှင့် ချိတ်ဆက်နေခဲ့လျှင် ဝန်ကြီးဌာန (MOEE) အနေဖြင့် ပါဝင်ပတ်သက်ရန် လိုအပ်သည်။ ပင်မဓာတ်အားလိုင်းနှင့်မချိတ်ဆက်သည့်ဓာတ်အားလိုင်းအသေးစားကိုတည်ဆောက်နေပြီး နောက်ပိုင်း ပင်မဓာတ်အားလိုင်းရောက်လာလျှင် ပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် ပြည်ထောင်စု အဆင့်များကြား ရှင်းလင်းမှုရှိမနေချေ။ မည်သူမျှမဆုံးဖြတ်ပေးဘဲ အဖြေလည်း ရှင်းရှင်းလင်းလင်း မရနိုင်ချေ။ ပြဿနာမှာ လူတိုင်းမှ ငြင်းနိုင်ပြီး မည်သူကမှ လက်ခံ အတည်ပြုမပေးနိုင်ခြင်းပင် ဖြစ်သည်။ စွမ်းအင်ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်လိုလျှင် ရင်းနှီးမြှုပ်နှံမှုကို အကာအကွယ်ပေးမှုနှင့် လုပ်ငန်းပိတ်သိမ်းမှုတွင် မည်သို့ ဖြစ်နိုင်မည်ဆိုသည်ကို ပုံဖော်ပေးနိုင်ခြင်းသည် အလွန်အရေးကြီးပါသည်။**

နောက်ထပ် မြန်မာနိုင်ငံတွင် အခြေစိုက်သည့် ဖွံ့ဖြိုးရေးကျွမ်းကျင်သူက ပို၍သေးငယ်သည့် ဤစီမံချက်များအတွက် ဝယ်ယူသူ (သို့မဟုတ် "ကြားခံပေးမည့်သူ") မရှိခြင်းသည် အဓိကပြဿနာပင်ဖြစ်သည်ဟု ဆိုသည်။ မြန်မာနိုင်ငံတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချထားသည့် အသေးစား စီမံချက်များလိုအပ်ပြီး သို့သော် လူများသည့်နေရာများ၊ စီးပွားရေးလုပ်ငန်းများနှင့် စက်မှုဇုံများရှိသည့်နေရာများအတွက် အသုံးဝင်နိုင်သည့် ယင်းစီမံချက်များမှ လျှပ်စစ်စွမ်းအင်ကို အဓိကဝယ်ယူသူများအဖြစ် လုပ်ပိုင်ခွင့် မည်သူ့ကိုမှပေးမထားသည့်အချက်ကိုလည်း ထောက်ပြခဲ့သည်။

> **စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်နှင့် စီးပွားရေးလုပ်ငန်းများ၊ မြို့နယ်များနှင့် ကျေးရွာများအတွက် အသေးစားလျှပ်စစ်ထုတ်လုပ်မှုအတွက် လိုအပ်ချက်ရှိနေသည်မှာ ရှင်းပါသည်။ သို့ရာတွင် ၃၀ မဂ္ဂါဝပ် အကန့်အသတ်က ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏လုပ်ပိုင်ခွင့်အောက်တွင်ရှိနေသည့်အတွက် ၃၀ မဂ္ဂါဝပ်အောက်စီမံချက်များတွင် လျှပ်စစ်ဂျင်နရေတာများမှ စွမ်းအင်ကို ပြည်ထောင်စု အစိုးရအနေဖြင့် ဝယ်ယူသူဖြစ်သည့် EPGE အနေဖြင့် ပါဝင်ပတ်သက်မှု သို့မဟုတ် စိတ်ဝင်စားမှု မရှိခြင်းက မရည်ရွယ်သည့်အကျိုးဆက်များကို ဖြစ်စေခဲ့သည်။**

စက်မှုဝန်ကြီးဌာနသည် နိုင်ငံတော်ပိုင်စက်ရုံများကယခင်က သိမ်းယူထားခဲ့သည့် နေရာများစွာတွင် ၂၀၀ မဂ္ဂါဝပ်အထိ အမိုးပေါ်ရှိ နေစွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်မှု လုပ်ငန်းစုတစ်ခုနှင့် စိတ်ဝင်စားစရာကောင်းသည့် သဘောတူညီချက်တစ်ခု ပြုလုပ်ခဲ့သည်။ အပြီးသတ်ခဲ့လျှင် EPGE မှ ကြားခံဝယ်ယူသူအဖြစ် နေစွမ်းအင်သုံးလျှပ်စစ်အသုံးပြုသည့် ဗဟိုချုပ်ကိုင်မှု လျှော့ချသည့် စွမ်းအင်ထုတ်လုပ်မှုအတွက် ထူးခြားသည့် နမူနာတစ်ခုဖြစ်လာလိမ့်မည်။ (စာဖော်ပြချက်၊ "စက်မှုဝန်ကြီးဌာနမှ ဗဟိုချုပ်ကိုင်မှု လျှော့ချထားသည့် သန့်ရှင်းသည့်စွမ်းအင်ကို ထုတ်လုပ်သည်"တွင်ကြည့်ပါ။)

## အသေးစားစွမ်းအင်ထုတ်လုပ်မှုဆိုင်ရာ မူဘောင်တစ်ခု

၁၉၉၀ ခုနှစ်များ၏နောက်ဆုံးပိုင်းကာလတွင် ထိုင်းနိုင်ငံ၏ အသေးစားစွမ်းအင်ထုတ်လုပ်မှုအတွက် ချမှတ်ခဲ့သည့် မူဘောင်က မက်လုံးတစ်ခုအဖြစ်ဖြင့် (၉၀ မဂ္ဂါဝပ်ထက်လျော့နည်းသည့်)အသေးစားစွမ်းအင်ထုတ်လုပ်သူများနှင့် စွမ်းအင်ဝယ်ယူသည့် သဘောတူစာချက်များ (PPAs) ကို အမြတ်ရာခိုင်နှုန်း အနည်းငယ်ပို၍ပေးထားသည်။ ထိုင်းစွမ်းအင်ထုတ်လုပ်ရေးအဖွဲ့ (EGAT) သည် ယင်း PPAs အတွက် ဝယ်ယူသူ သို့မဟုတ် ထွက်သမျှကို ဝယ်မည့်သူဖြစ်သည်။ ထိုင်းနိုင်ငံတွင် မကြာသေးမီနှစ်များက တည်ဆောက်ခဲ့သည့် ပြည့်မြဲစွမ်းအင်များ၏ ငါးပုံတစ်ပုံသည် ၉၀ မဂ္ဂါဝပ်ထက် လျော့နည်းသေးငယ်သည့် စီမံချက်များအတွက်ဖြစ်သည်။ ပုဂ္ဂလိကကဏ္ဍရန်ပုံငွေများနှင့် အားလုံးနီးပါးကို ငွေကြေးပံ့ပိုးပြီး ထို့ကြောင့် အစိုးရ၏ ဘဏ္ဍာငွေများမှ ထိစရာမရှိချေ။ (အပိုင်း ၄.၃ တွင် စာဖော်ပြချက် "ထိုင်းနိုင်ငံ၏ အသေးစားစွမ်းအင်ထုတ်လုပ်သည့် စီမံကိန်း" ကို ကြည့်ပါ။)

## ဗဟိုချုပ်ကိုင်မှုလျှော့ချသည့်၊ ဖြန့်ဖြူးသည့်စွမ်းအင်နှင့် ပတ်သက်သည့် စိတ်ကူးအကြံအပေါ် အင်တာဗျူးတုံ့ပြန်ချက်

ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ဖြန့်ဖြူးသည့်စွမ်းအင်စီမံချက်များအတွက် ပို၍ပံ့ပိုးကူညီမည်လားဟု မေးမြန်းရာတွင် လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနမှ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်နှစ်ခုလုံးမှ အရာရှိများအနေဖြင့် မူအရ စိတ်ဝင်စားသည်ဟုဖြေကြားခဲ့ကြသည်။ ဆွေးနွေးခဲ့ပြီးသည့် ငွေကြေးပံ့ပိုးမှုဆိုင်ရာ ကိစ္စရပ်များအပြင် အသီးသီးအတွက် စီမံချက်သုံးသပ်ချက်များ၊ ဆန်းစစ်လေ့လာချက်များ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုပိုင်းဆိုင်ရာ ဆန်းစစ်လေ့လာချက်များ၊ သဘောတူခွင့်ပြုချက်များနှင့် စာချုပ်ချုပ်ဆိုမှုများစသဖြင့် စီမံချက်ငယ်များစွာကို ကိုင်တွယ်ရန်မှာ နည်းပညာပိုင်းနှင့် ထောက်ပံ့ပံ့ပိုးရေးပိုင်းဆိုင်ရာ စိန်ခေါ်မှုများကို ရည်ညွှန်းပြောဆိုကြသည်။ ရိုးရှင်းလွယ်ကူစွာပြောရမည်ဆိုပါက နိုင်ငံတစ်ဝှမ်းလုံးရှိ အသေးစားစွမ်းအင်စီမံကိန်းတစ်ခုကို ထိရောက်စွာစီမံခန့်ခွဲနိုင်ရန် အဖွဲ့အစည်းပိုင်းဆိုင်ရာ စွမ်းရည်ရှိသည် သို့မဟုတ် လျင်မြန်စွာတည်ဆောက်နိုင်မည်ဟု မထင်ကြချေ။

### စာဖော်ပြချက် (၇)။ စက်မှုဝန်ကြီးဌာနက ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် သန့်ရှင်းသည့် စွမ်းအင်ကို မြှင့်တင်လုပ်ဆောင်သည်။

ဌာနတွင်းရှိသည့် စွမ်းရည်များအနက်အချို့ကိုအသုံးပြု၍ စက်မှုဝန်ကြီးဌာန (MOI) သည် အသေးစားရေအားလျှပ်စစ် တာဘိုင်များကို ဒီဇိုင်းထုတ်လုပ်ကိုင်လျက်ရှိသည်။ သူတို့အနေဖြင့် ၁ ကီလိုဝပ် မှ ၅ ကီလိုဝပ်အတွင်း တာဘိုင်များကို ထုတ်လုပ်လိုပါသည်။ ဤနည်းဖြင့် ရွာများအနေဖြင့် ကိုယ်ပိုင်လျှပ်စစ်ထုတ်လုပ်နိုင်မည် ဖြစ်သည်။ MOI အနေဖြင့် အသေးစားဖြန့်ဖြူးနိုင်သည့် ထုတ်လုပ်မှုနှင့် အသေးစားဓာတ်အားလိုင်းများ လုပ်ဆောင်နိုင်စေရန် လွယ်ကူစွာ ငွေကြေးပံ့ပိုးနိုင်ပြီး ကျယ်ပြန့်စွာအသုံးပြုနိုင်သော တူညီသည့်ဒီဇိုင်းပုံစံတစ်ခုကို ပံ့ပိုးပေးလိုသည်။ MOI ၏ အခန်းကဏ္ဍမှာ ထုတ်လုပ်မှုအတွက် သီးခြားအသုံးပြုနိုင်ရန် ပံ့ပိုးပေးရန်ဖြစ်ပြီး စွမ်းအင်ထုတ်လုပ်မှုအားလုံးအတွက် မဟုတ်ချေ။

ဝန်ကြီးဌာနမှ အရာရှိများက ပြည်ပသို့တင်ပို့ရန်နှင့် နောက်ဆုံးတွင် ပြည်တွင်းဈေးကွက်အတွက် လျှပ်စစ်ဘတ်စ်ကားများအပါအဝင် လျှပ်စစ်ယာဉ်များနှင့် ဖိုတိုဗိုလ်တစ်အပြားများထုတ်လုပ်မှုအတွက် ပံ့ပိုးရန်စိတ်ဝင်စားသည်ဟု ဖော်ပြခဲ့သည်။ နောက်ထပ်လုပ်ဆောင်ချက်တစ်ရပ်မှာ MOI မှ စီမံခန့်ခွဲသည့် စက်ရုံနေရာများတွင် ခေါင်မိုးများကို ငှားရမ်းခြင်းဖြင့် အမိုးပေါ်မှ နေစွမ်းအင်ထုတ်လုပ်မှုကို မြှင့်တင်ပေးနေခြင်းဖြစ်သည်ဟု ဆိုကြသည်။ ဓာတ်ငွေ့ရှိသည့် စက်ရုံနေရာများသည်လည်း နေစွမ်းအင်နှင့်ပိုက်လိုင်းမှလာသည့် ဓာတ်ငွေ့ကိုအသုံးပြု၍ နှစ်မျိုးပေါင်းစပ်သည့် စွမ်းအင်ထုတ်လုပ်မှုအတွက် နေရာများဖြစ်လာလိမ့်မည်။

အသုံးမပြုသည့် နိုင်ငံပိုင်စက်ရုံများ၏ မြေလွတ်များပေါ်တွင် နေစွမ်းအင်သုံး စွမ်းအင်ထုတ်လုပ်မှုသည် ၂၀၀ မဂ္ဂါဝပ်ကိုပင် ကျော်လွန်နိုင်သည်။ မကြာသေးမီက အော်စလိုအခြေစိုက် နေစွမ်းအင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီနှင့်အတူပူးပေါင်း၍ MOI သည် ယင်းအလားအလာရှိသည့်နေရာများကို ထုတ်လုပ်ရန် EPGE နှင့် ရေရှည် PPA ညှိနှိုင်းမှုများ လုပ်ဆောင်ခဲ့သည်။ အချိန်ကြာလာသည်နှင့်အမျှ ဈေးကျလာမည့် ရေရှည် PPA စာချုပ်များဖြင့် တစ်နာရီ တစ်ကီလိုဝပ်ကို ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၅ ဆင့်ထက်ပင် လျော့ကျရန်မျှော်မှန်း၍ ထိုသို့သော အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများသည် နိုင်ငံတစ်ဝှမ်းလုံးတွင် ဖြန့်ဖြူးနိုင်သည့် ပြည့်မြဲစွမ်းအင်ကို ပထမဆုံးအကြိမ် အကြီးစားထုတ်လုပ်သည့် နမူနာများ အနက် အချို့ဖြစ်လာနိုင်လိမ့်မည်။

### ဖော်ပြချက် (၈)။ အသေးစားရေအားလျှပ်စစ်အတွက် တစ်ပြေးညီလျှပ်စစ်ဝယ်ယူမှုစာချုပ်ပုံစံ ရေးဆွဲချမှတ်ရန် စီးပွားရေးကွန်ရက်

စီမံချက်လုပ်ဆောင်သူများ ရင်ဆိုင်ရသည့် ပြဿနာတစ်ခုမှာ MOEE တွင် တစ်ပြေးညီအသုံးပြုနိုင်သည့် လျှပ်စစ်ဝယ်ယူမှု သဘောတူညီစာချုပ် (PPA) ယန္တရားတစ်ခုမရှိခြင်းပင်ဖြစ်သည်။ ဤပြဿနာကိုဖြေရှင်းရန် DEPP နှင့် EPGE မှတစ်ဆင့် MOEE သည် အသေးစားမှ အကြီးစား ရေအားလျှပ်စစ်အတွက် အသုံးပြုရန် တစ်ပြေးညီ PPA ပုံစံတစ်ခုပြင်ဆင်ရန် နိုင်ငံတကာငွေကြေးအဖွဲ့ (IFC) နှင့်အတူ လုပ်ဆောင်လျက်ရှိသည်။ IFC သည် ရေအားလျှပ်စစ်ကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံသူ အုပ်စုများပါဝင်သည့် ရေအားလျှပ်စစ်လုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအုပ်စုဟုခေါ်သည့် ရေအားလျှပ်စစ်လုပ်ငန်းကွန်ရက်တစ်ခုကို စုစည်းခဲ့သည်။ ဤ PPA သည် ရေအားလျှပ်စစ်ကဏ္ဍတွင် ပထမဆုံးပုံစံဖြစ်ပြီး ဓာတ်ငွေ့၊ ကျောက်မီးသွေးနှင့် နေစွမ်းအင်ကဲ့သို့သော အခြားစွမ်းအင်အရင်းအမြစ်များအတွက် PPA ပုံစံများ၏ အခြေခံဖြစ်ရန်လည်း မျှော်မှန်းထားသည်။ ရေအားလျှပ်စစ်စံချိန်စံညွှန်းများသည် နော်ဝေးနှင့် မြန်မာမှ ရန်ပုံငွေထောက်ပံ့သည့် ပူးတွဲအားထုတ်မှုဖြင့် ရေးဆွဲချမှတ်ခဲ့ပြီး သုံးနှစ်ခွဲခန့် သတ်မှတ်ခဲ့သည်။ ၂၀၁၉ ခုနှစ်အစောပိုင်းတွင် ဤရေအားလျှပ်စစ်ဆိုင်ရာ စံချိန်စံညွှန်းများကို လွှတ်တော်ကအတည်ပြုလိမ့်မည်ဟု ခန့်မှန်းကြသည်။

MOEE တာဝန်ရှိသူတစ်ဦးက ပြောကြားရာတွင် မြန်မာ၏စွမ်းအင်လိုအပ်ချက်ပြည့်မီရန် အလားအလာများစွာရှိသော်လည်း အဓိကဖြန့်ဖြူးသည့် စွမ်းအင်အရင်းအမြစ်တစ်ခုဖြစ်သည့် အသေးစား ရေအားလျှပ်စစ်လုပ်ငန်းသည် နည်းပညာပိုင်းနှင့် ရင်းနှီးမြှုပ်နှံမှုပိုင်းဆိုင်ရာ စိန်ခေါ်မှုနှစ်ခုလုံးကို ရင်ဆိုင်နေရသည်။ သူကပြောကြားရာတွင် MOEE သည် မြစ်ဝှမ်းများတစ်လျှောက် အသေးစား ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့် နေရာများကို လေ့လာဆန်းစစ်ခဲ့ပြီး အလားအလာကောင်းများကို တွေ့ခဲ့ရသည်။ သို့သော် ခန့်မှန်းတွက်ချက်ထားသည့်စိန်ခေါ်မှုများဖြင့် ရင်းနှီးမြှုပ်နှံသူများမှာ မဝံ့မရဲဖြစ်နေကြသည်။ ဆက်လက်လုပ်ဆောင်နေသည့် စီမံချက်များမှာလည်း ၁၀၀ ရာခိုင်နှုန်း အစုရှယ်ယာထည့်ဝင်ထားခြင်းမျိုးဖြစ်ပြီး မြန်မာနိုင်ငံတွင် လုပ်နိုင်သည့် တစ်ခုတည်းသော ရင်းနှီးမြှုပ်နှံမှုပုံစံမျိုးနှင့် ဖြစ်သည်။ ဘဏ်စနစ်မှာ ယခုအထိ မဖွံ့ဖြိုးသေးသည့်အတွက် ချေးငွေရယူ၍ ရင်းနှီးမြှုပ်နှံမှုမျိုးမှာ မဖြစ်နိုင်သလောက်ဖြစ်သည်။

အထက်ပါစာဖော်ပြချက် "အသေးစားရေအားလျှပ်စစ်အတွက် လျှပ်စစ်ဝယ်ယူမှုစာချုပ်ပုံစံ ရေးဆွဲချမှတ်ရန် စီးပွားရေးကွန်ရက်" က အားလုံးတစ်ပြေးညီအသုံးပြုနိုင်မည့် PPA ပုံစံများနှင့် လမ်းညွှန်များကို ရေးဆွဲချမှတ်ရန် ရေအားလျှပ်စစ် လုပ်ငန်းလုပ်ကိုင်သူများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် စီမံချက်အကောင်အထည်ဖော်သူများကွန်ရက်တစ်ခုနှင့် အစိုးရတို့ အတူပူးပေါင်း၍ အသေးစား ရေအားလျှပ်စစ်ထုတ်လုပ်မှုနှင့် ဘဏ္ဍာငွေကြေးရင်းနှီးမြှုပ်နှံမှုအတွက် အတားအဆီး အခက်အခဲအချို့ကို ကျော်လွှားရန် အားထုတ်ကြိုးပမ်းမှုတစ်ခုကို ဖော်ပြထားသည်။

### စာဖော်ပြချက် (၉)။ ထိုင်းနိုင်ငံ၏ အသေးစားစွမ်းအင်ထုတ်လုပ်သူ စီမံကိန်း

ဇဟိုချုပ်ကိုင်သည့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ် သို့မရောက်မီ ၁၉၅၀ ပြည့်နှစ်များက ထိုင်းနိုင်ငံသည် လျှပ်စစ်မီးလင်းရေးတွင် အားပြိုင်သည့်ပုံစံနှစ်ခုဖြစ်သည့် - ဗဟိုမှချုပ်ကိုင်သည့် ဓာတ်အားလိုင်းချဲ့ထွင်မှုနှင့် သမဝါယမများလုပ်ကိုင်သည့် မိုက်ခရိုရေအားလျှပ်စစ် အသေးစားဓာတ်အားလိုင်းများဟု ရှိခဲ့သည်။ နောက်ဆုံးတွင် ဗဟိုချုပ်ကိုင်သည့်ပုံစံက တစ်စိတ်တစ်ပိုင်းအရ စစ်အေးနိုင်ငံရေးကြောင့် အနိုင်ရခဲ့သည်။ (Greacen နှင့် Greacen ၂၀၀၄)

အကျိုးဆက်အနေဖြင့် ဘန်ကောက်မြို့တော်နယ်နမိတ်တွင် ဖြန့်ဖြူးမှုကို ကြီးကြပ်ကွပ်ကဲသည့် မြို့တော်လျှပ်စစ်အာဏာပိုင်အဖွဲ့ (MEA) နှင့် နိုင်ငံ၏ကျန်ရှိသည့်နေရာများတွင် ပြည်နယ်လျှပ်စစ် အာဏာပိုင်အဖွဲ့ (PEA) ဟု ပြည်သူပိုင်ဝန်ဆောင်မှုလုပ်ငန်းများကို ၁၉၅၈ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ နိုင်ငံတွင် လက်ဝါးကြီးအုပ်ထားသည့် လျှပ်စစ်ပေးသည့်ဝန်ဆောင်မှု နောက်ပိုင်းတွင် ဖြစ်လာသည့် ထိုင်းနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အာဏာပိုင်အဖွဲ့ကို တည်ထောင်ခဲ့သည်။ ကမ္ဘာ့ဘဏ်၊ USAID နှင့် အခြားအဖွဲ့များထံမှ အတိုးနှုန်း သက်သာသည့်ချေးငွေဖြင့် ထောက်ပံ့ကူညီမှုဖြင့် လျင်မြန်စွာ လျှပ်စစ်မီးလင်းရေးအတွက် လောင်စာအဖြစ် အထောက်အကူဖြစ်စေခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံသည် ၉၉ ရာခိုင်နှုန်းလျှပ်စစ်မီး ရရှိခဲ့သည်။

ဤသို့လျင်မြန်စွာ လျှပ်စစ်မီးရရှိခြင်းက လျှပ်စစ်ဓာတ်အားအသုံးပြုမှု နှစ်ဆမြင့်တက်လာစေပြီး ၁၉၈၀ ခုနှစ်များ အကုန်တွင် လျှပ်စစ်ဓာတ်အား မလုံလောက်မှုနှင့် အလုည့်ကျမီးဖြတ်ခဲ့ရသည့်အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။ လျင်မြန်စွာ တိုးချဲ့တပ်ဆင်ခဲ့မှုကြောင့် ကြွေးမြီဝန်ထုပ် ဝန်ပိုးများဖြစ်ခဲ့ပြီး မြင့်မားလာသည့်လိုအပ်ချက်များကို ဖြည့်ဆည်းရန် ရင်းနှီးမြှုပ်နှံမှုများနှင့် အဆက်မပြတ်စေရန် ရုန်းကန်လုပ်ကိုင်ခဲ့ရသည်။ (Greacen and Greacen ၂၀၀၄)

၁၉၉၂ ခုနှစ်တွင် တစ်စိတ်တစ်ပိုင်းအားဖြင့် EGAT ၏ရင်းနှီးမြှုပ်နှံမှုကို ကြွေးမြီဝန်ထုပ်ဝန်ပိုးကို သက်သာစေရန်နှင့် တစ်စိတ်တစ်ပိုင်းအနေဖြင့် (၉၀ မဂ္ဂါဝပ်နှင့်အောက်)သန့်ရှင်းသည့် ဖြန့်ဖြူးရန်ထုတ်လုပ်မှုကို အားပေးလုပ်ဆောင်ရန် အသေးစားလျှပ်စစ်ထုတ်လုပ်သူ (SPP) စီမံကိန်းနှင့် မိတ်ဆက်ခဲ့သည်။ ပုဂ္ဂလိကကဏ္ဍသည် ပြည့်မြဲစွမ်းအင် သို့မဟုတ် စွမ်းရည်မြင့်မားသည့် အပူဓာတ်စွမ်းအင်နည်းပညာကို အသုံးပြုလျက် အရည်အသွေးပြည့်မီသည့် စီမံချက်များဖြင့် EGAT ကို စွမ်းအင်ရောင်းချရန် စိတ်အားထက်သန်စွာဖြင့် တုံ့ပြန်လုပ်ဆောင်ခဲ့ကြသည်။

၂၀၀၂ ခုနှစ်တွင် ထိုင်းနိုင်ငံသည် အလွန်သေးငယ်သည့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှု (VSPP) စီမံကိန်းကို မိတ်ဆက်၍ ဓာတ်အားလိုင်းသို့ လျှပ်စစ်ပြန်လည်ရောင်းချရန် လျှပ်စစ်သုံးစွဲသူများကို ခွင့်ပြုသည့် ပထမဆုံး ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်လာခဲ့သည်။ စီမံကိန်းသည် ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ရန်နှင့် လုပ်ငန်းများသို့ စွမ်းအင်ကိုရောင်းချရန် အလွန်အရွယ်အစားငယ်သည့် ဖြန့်ဖြူးရန်အတွက် ထုတ်လုပ်မှုများကို လုပ်ပိုင်ခွင့်ပြုသည့် SPP အပြန်အလှန်ဆက်သွယ်မှု စည်းမျဉ်းစည်းကမ်းများကို လွယ်ကူရိုးရှင်းအောင်ပြုလုပ် ပြင်ဆင်ပေးခဲ့သည်။ မူလအရွယ်အစားအကန့်အသတ်မှာ ၁ မဂ္ဂါဝပ်ဟုသတ်မှတ်ခဲ့သော်လည်း ပြည်တွင်းပြည့်မြဲစွမ်းအင်အရင်းအမြစ်များ အထူးသဖြင့် ဇီဝဓာတ်ငွေ့နှင့် ဇီဝလောင်စာတို့တွင် ပုဂ္ဂလိကကဏ္ဍမှ စိတ်ဝင်စားမှုရေချိန်မြင့်တက်လာချိန်တွင် ၁၀ မဂ္ဂါဝပ်အထိ မြှင့်တင်ပေးခဲ့သည်။

ပြည့်မြဲစွမ်းအင်သုံးစွဲမှုကို ထပ်မံမြှင့်တင်ရန် ၂၀၀၇ ခုနှစ်တွင် အစိုးရသည့် ပြည့်မြဲစွမ်းအင်များဖြစ်သည့် အထူးသဖြင့် နေစွမ်းအင်နှင့်လေအား တို့တွင် ရင်းနှီးမြှုပ်နှံမှုကို ထပ်၍မက်လုံးပေးရန် ("ထပ်လောင်းဖြည့်စွက်ပေးခြင်း"ဟုခေါ် သည့်) သာမန်ထပ်ဆောင်းပေးငွေကို ပေးခဲ့သည်။ လျှပ်စစ်သုံးစွဲသူများကပေးငွေဖြင့် ထပ်ဖြည့်ပေးသည့် ယန္တရား၊ SPP စီမံကိန်းနှင့် VSPP စီမံကိန်းတို့ကြောင့် ထုတ်လုပ်မှုစွမ်းအင်တွင် ကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုများ၊ ကိုယ်ထူကိုယ်ထ စွမ်းအင်ထုတ်လုပ်နိုင်မှုမြင့်တက်လာခြင်းနှင့် နိုင်ငံ၏ ပြည့်မြဲစွမ်းအင်စီးပွားရေးလုပ်ငန်းများ ကြီးထွားမှုများဖြစ်ထွန်းခဲ့သည်။ (Tongsopit ၂၀၁၄)

၂၀၁၉ ခုနှစ်မှစ၍ ထိုင်းနိုင်ငံရှိ လျှပ်စစ်ထုတ်လုပ်မှုစွမ်းရည်အသစ်သည် ဇီဝလောင်စာ၊နေစွမ်းအင်နှင့် မကြာသေးမီက လေအားသုံးစွမ်းအင် ကဲ့သို့သော အထူးသဖြင့် ပြန်ပြည့်မြဲစွမ်းအင်အရင်းအမြစ်များမှ သိသာထင်ရှားစွာပင် ပို၍သန့်ရှင်းပြီး၊ ဗဟိုချုပ်ကိုင်မှုပိုနည်းသည့်ပုံစံမျိုး ဖြစ်လာခဲ့သည်။ ၂၀၁၉ ခုနှစ်ကတည်းက ထုတ်လုပ်မှုစွမ်းရည်အသစ်၏ ၂၄,၇၅၀ မဂ္ဂါဝပ်အနက်၊ ၂၀ ရာခိုင်နှုန်းသည် ၅၀ မဂ္ဂါဝပ်ထက်နည်းသည့် လျှပ်စစ်ဓာတ်အားစက်ရုံများမှဖြစ်ပြီး ၅ ရာခိုင်နှုန်းသည် မဂ္ဂါဝပ် ၅၀ - ၁၀၀ ကြား စက်ရုံများမှ၊ ၃၉ ရာခိုင်နှုန်းသည့် ၁၀၀ - ၂၀၀ မဂ္ဂါဝပ် စက်ရုံများနှင့် ၃၆ ရာခိုင်နှုန်းသည် ၂၀၀ မဂ္ဂါဝပ်ထက်ကြီးသည့် စက်ရုံများ (လာအိုနိုင်ငံမှ စွမ်းအင်ဝယ်ယူမှုအပါအဝင်) မှဖြစ်သည်။ (ပုံ ၁၅ ကိုကြည့်ပါ။) ယင်းကိန်းဂဏန်းများတွင် အဆောက်အအုံ သို့မဟုတ် စက်ရုံနေရာတွင် ကိုယ်ပိုင်အသုံးပြုရန်သက်သက် ဖြန့်ဖြူးရန်ထုတ်လုပ်သည့် PV စွမ်းအင်ခန့်မှန်းခြေ နောက်ထပ် ၂၀၀၀ မဂ္ဂါဝပ်ကို ထည့်သွင်းထားခြင်းမရှိချေ။

ပုံ (၁၅)။ ၂၀၁၉ ခုနှစ်ကတည်းက ထိုင်းနိုင်ငံတွင် စွမ်းအင်အသစ်ထုတ်လုပ်ရေးတွင် ဖြည့်စွက်ချက်များ၊ စက်ရုံအရွယ်အစား အလိုက်[42]




## ၅။ ဓာတ်အားလိုင်းပြင်ပ လျှပ်စစ်မီးရရှိရေးနှင့် ကျေးရွာအဆင့် အသေးစားဓာတ်အားလိုင်းများ

ပြည်နယ်/တိုင်းဒေသကြီး လုပ်ပိုင်ခွင့်တွင် ရှင်းရှင်းလင်းလင်းရှိနေသည့် နယ်ပယ်တစ်ခုမှာ နေစွမ်းအင်ဖြင့် အိမ်သုံးစနစ်များနှင့် အသေးစားဓာတ်အားလိုင်းများအပါအဝင် နည်းလမ်းမျိုးစုံဖြင့် ဓာတ်အားလိုင်းဖြင့် မချိတ်ဆက်သည့် ရွာများအား လျှပ်စစ်မီးပေးသည့် အသေးစား၊ ဓာတ်အားလိုင်းပြင်ပလျှပ်စစ်မီးပေးခြင်းဖြစ်သည်။ ပြည်နယ်များနှင့် တိုင်းဒေသ ကြီးများသည် နိုင်ငံတော်လျှပ်စစ်မီးလင်းရေးစီမံကိန်း၏ လျှပ်စစ်မီးမရရှိမီ တင်ကြိုမီးပေးခြင်းနည်းဗျူဟာတစ်ခု၏ အစိတ်အပိုင်းအဖြစ်ဖြင့် နိုင်ငံတစ်ဝှမ်းလုံးရှိ ရွာထောင်ပေါင်းများစွာတွင် တပ်ဆင်လုပ်ဆောင်နေသည့် အသေးစားလျှပ်စစ်ဓာတ်အားလိုင်းစနစ်တွင် အရေးပါသည့်အခန်းကဏ္ဍတွင် ရှိနေရန် လိုအပ်ပါလိမ့်မည်။

### နိုင်ငံတော်အဆင့် လျှပ်စစ်မီးလင်းရေးစီမံကိန်း (NEP) ၏ အသေးစားဓာတ်အားလိုင်းများ

နိုင်ငံတော်အဆင့် လျှပ်စစ်မီးလင်းရေးစီမံကိန်း(NEP) ကို အပိုင်း ၂.၃ တွင် ဆွေးနွေးခဲ့ကြသည်။ နိုင်ငံတော်အဆင့် လျှပ်စစ်မီးလင်းရေးစီမံကိန်း (NEP) တွင် ၂၀၂၁ ခုနှစ်အထိ ဓာတ်အားလိုင်းပြင်ပ (ဓာတ်အားလိုင်းမှ) လျှပ်စစ်မီးမရရှိမီ တင်ကြိုမီးသွယ်တန်းရေးအတွက် လျာထားချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

- နေစွမ်းအင်ဖြင့် အိမ်သုံးမီးစနစ်များ၊ အိမ်ထောင်စုပေါင်း ၄၅၆,၅၀၀
- အသေးစားဓာတ်အားလိုင်းများ၊ အိမ်ထောင်စုပေါင်း ၃၅,၀၀၀
- စုစုပေါင်း (ဓာတ်အားလိုင်းမှ)လျှပ်စစ်မီးမရမီ တင်ကြိုမီးသွယ်တန်းမှု အိမ်ထောင်စုပေါင်း ၄၉၁,၅၀၀[43]

အိမ်ခြေအများစုသည် နေစွမ်းအင်သုံး အိမ်မီးလင်းစနစ်များဖြင့် သွယ်တန်းမည်ဖြစ်သော်လည်း အသေးစား ဓာတ်အားလိုင်းများအပေါ် အာရုံစိုက်မှုပိုများလာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် လျှပ်စစ်မီးပေးရာတွင် ပိုပြီးမြင့်သည့် အဆင့်ထိပေးနိုင်ပြီး လက်လှမ်းမီနိုင်၍ အလွန်ဝေးလံခေါင်ဖျားသည့် နေရာများသို့ဓာတ်အားလိုင်း တိုးချဲ့ရန်အတွက် ထိရောက်အကျိုးရှိနိုင်သည့် အဆင့်ထိ ကုန်ကျစရိတ်များမှာလည်း လျင်မြန်စွာကျဆင်းလာသည့်အတွက် ဖြစ်သည်။

### နေစွမ်းအင်သုံး ဓာတ်အားလိုင်းများ မိတ်ဆက်

မြန်မာနိုင်ငံတွင် ADB ၏ ပံ့ပိုးကူညီမှုဖြင့် စမ်းသပ်ဓာတ်အားလိုင်းပြင်ပ ပြည့်မြဲစွမ်းအင်စီမံချက်အရ ၂၀၁၅ - ၂၀၁၇ ခုနှစ်တွင် ပထမဆုံး မှတ်တမ်းတင်လောက်သည့် နေစွမ်းအင်သုံး (PV) အသေးစားဓာတ်အားလိုင်းများ တပ်ဆင်ခဲ့သည်။ စမ်းသပ်နေစွမ်းအင်သုံး အသေးစားဓာတ်အားလိုင်းစနစ် ၁၂ ခုကို တည်ဆောက်ခဲ့ပြီး အပူပိုင်းဒေသတွင် အောင်မြင်စွာ တပ်ဆင်နိုင်ခဲ့သည်။ (ADB 2017A) (အချပ်ပို စ တွင် ADB ၏ဓာတ်အားလိုင်းပြင်ပ ပြည့်မြဲစွမ်းအင် စမ်းသပ်စီမံကိန်း သုံးသပ်ချက်နှင့် အဓိကရရှိသည့်သင်ခန်းစာများ အကျဉ်းချုပ်တွင် ကြည့်ပါ။)

ဂျာမန်ဖွံ့ဖြိုးရေးအဖွဲ့ GIZ နှင့် အခြားဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များ၏ ပံ့ပိုးကူညီမှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန (DRD) သည် ထိုကနဦးအတွေ့အကြုံပေါ် အခြေခံ၍ နိုင်ငံတော်အဆင့် အဆိုပြုလွှာများခေါ်ယူ၍ နေစွမ်းအင်ဓာတ်အားလိုင်းနှင့် တွဲစပ်သည့် အသေးစားဓာတ်အားလိုင်းများကို တည်ဆောက်လျက်ရှိသည်။

DRD သည် ၂၀၁၆ ခုနှစ်ကတည်းက စီးပွားရေး အခွင့်အလမ်းတစ်ခုအဖြစ်ဖြင့် ဓာတ်အားလိုင်းပြင်ပ မီးလင်းရေးတွင် စိတ်ဝင်စားသည့် ပုဂ္ဂလိကကဏ္ဍ တည်ဆောက်သူများနှင့် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်မည်ဟု

## ဖော်ပြချက် (၁၀)။ နေစွမ်းအင်သုံး အသေးစားဓာတ်အားလိုင်းဆိုတာဘာလဲနှင့် မည်သို့လုပ်ဆောင်သလဲ။

ဝေးလံသည့်ရွာတစ်ရွာသို့ လျှပ်စစ်ပေးရန် အသေးစားဓာတ်အားလိုင်းသည် နောက်ထပ်နည်းလမ်းတစ်ခုပင်ဖြစ်သည်။ ဓာတ်အားလိုင်းအရည်အသွေး လျှပ်စစ်ကို ရွာတစ်ရွာ (သို့မဟုတ် စက်မှုဇုံတစ်ခုကိုပင်လျှင်) ပေးရန် ပြည်ထောင်စုဓာတ်အားလိုင်းနှင့် မချိတ်ဆက်ဘဲ လုပ်ဆောင်နိုင်သည့် ဖြန့်ဖြူးရေးလိုင်းတစ်ခုမှ အကန့်အသတ်ရှိသည့် သုံးစွဲသူများထံသို့ အသေးစားစွမ်းအင်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးပေးမှုတို့ပါဝင်သည်။ ဤပုံစံသည် သုံးစွဲသူတစ်ဦးတည်းကိုသာပေးနိုင်သည့် နေစွမ်းအင်ဖြင့် အိမ်သုံးလျှပ်စစ်စနစ် (SHS) နှင့် ကွာခြားပါသည်။ (RECP 2014).

ကျေးလက်ဒေသများတွင် ဓာတ်အားလိုင်းအသေးစားများသည် ရပ်ရွာလူ့အဖွဲ့အစည်းတစ်ခုလုံးနှင့် ရွာအားလုံးကို မီးပေးနိုင်ပါသည်။ တစ်ချိန်တည်းမှာပင် ပြည်ထောင်စုဓာတ်အားလိုင်းများကို အားကိုး၍မရနိုင်သည့် နိုင်ငံများတွင် ဓာတ်အားလိုင်း အသေးစားများက စီးပွားရေးနှင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုအတွက် လျှပ်စစ်မီးပေးနိုင်သည်။ ပြီးခဲ့သည့် ဆယ်စုနှစ်က မြို့ပြဖွံ့ဖြိုးရေးများတွင် ပြင်းထန်သည့်ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ရလျှင် ခံနိုင်ရည်ရှိရန်နှင့် ကိုယ့်အားကိုယ်ကိုးလုပ်ဆောင်နိုင်ရန် အသေးစားဓာတ်အားလိုင်းများကို ထည့်သွင်းလာကြသည်။

အသေးစားဓာတ်အားလိုင်းများသည် ၁၀ ကီလိုဝပ်မှ ၁၀ မဂ္ဂါဝပ်အထိ ပမာဏအမျိုးမျိုးရှိကြသည်။[44] လွယ်ကူစေရန် ဤအစီရင်ခံစာတွင် အသေးစားဓာတ်အားလိုင်းများနှင့် ဒေသဆိုင်ရာ ဓာတ်အားလိုင်းများအကြား အဓိကကွဲပြားမှုမှာ နှစ်ခုစလုံးသည် ပင်မဓာတ်အားလိုင်းနှင့် မချိတ်ဆက်ကြသော်လည်း ဒေသဆိုင်ရာဓာတ်အားလိုင်းများမှာ ပုံမှန်အားဖြင့် ပို၍ကြီးမားကြပြီး ESE မှသော်လည်းကောင်း၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရတစ်ခုက လုပ်ပိုင်ခွင့်လိုင်စင်ချပေး၍ သော်လည်းကောင်း လုပ်ကိုင်လည်ပတ်နေကြသည်။ (အထက်ပါ "ဒေသဆိုင်ရာဓာတ်အားလိုင်းနှင့် အသေးစားဓာတ်အားလိုင်း" စာဖော်ပြချက်ကို ကြည့်ပါ။)

ပြည့်မြဲစွမ်းအင် အသေးစားဓာတ်အားလိုင်းနည်းပညာများအနက် နေစွမ်းအင်သည် လက်လှမ်းမီမှုနှင့် ဈေးကျဆင်းလာမှုတို့ကြောင့် စိတ်ဝင်စားမှုပိုရှိလာကြသည်။ ပုံမှန်အားဖြင့် ပိုများလျှင် ပိုအကျိုးရှိနိုင်သည့်ပုံစံမျိုးမဟုတ်သည့်အတွက် တစ်ယူနစ်အတွက် ကုန်ကျငွေများကို လုပ်ငန်းပိုကြီးလာသဖြင့် လျော့နည်းမသွားစေနိုင်သည့်အတွက် နေစွမ်းအင်သုံး ဓာတ်အားလိုင်းအသေးစားများမှာ ပိုသေးငယ်တတ်ကြသည်။

ကျေးရွာအဆင့် ပြည့်မြဲစွမ်းအင်သုံး အသေးစားဓာတ်အားလိုင်းများတွင် ထုံးစံအားဖြင့် အဓိက စနစ်ခွဲသုံးခုပါဝင်တတ်သည်။ (၁) ထုတ်လုပ်မှု၊ ပြည့်မြဲစွမ်းအင်အရင်းအမြစ်တစ်ခု၊ ဘက်ထရီများ၊ အားဖြည့်ထိန်းချုပ်မှုစနစ်များနှင့် အင်ဗာတာများ (၂) ဖြန့်ဖြူးမှု၊ ရင်းမြစ်မှ နောက်ဆုံးအသုံးပြုသူများထံသို့ သုံးလိုင်း (three phase) သို့မဟုတ် တစ်လိုင်း (single – phase) AC သို့မဟုတ် DC ကိုအသုံးပြု၍ ချိတ်ဆက်၊ ဖြန့်ဝေပေးသည့် နည်းလမ်းတစ်ခုနှင့် (၃) မီတာများ၊ လျှပ်စစ်ပလပ်ခေါင်းများနှင့် အသုံးအဆောင်ပစ္စည်းများပါဝင်သော သုံးစွဲခြင်းတို့ဖြစ်သည်။ (ပုံ ၁၆)

ပုံ (၁၆)။ ဓာတ်အားလိုင်းအသေးစားစနစ်တွင် အဓိကပါဝင်သည့်အစိတ်အပိုင်းများ




Source: ADB 2017B

နေရောင်မရသည့်အခါတွင် လျှပ်စစ်မီးပေးရန် နေစွမ်းအင်ဓာတ်အားလိုင်းအသေးစားတစ်ခုတွင် စွမ်းအင်များသိုမှီးထားရန် ဘက်ထရီများနှင့် အသုံးအဆောင်ပစ္စည်းများအသုံးပြုရန်အတွက်ဘက်ထရီများမှ DC ကို AC သို့ပြောင်းလဲပေးရန် အင်ဗာတာလိုအပ်ပါသည်။ပြောင်းလဲပြုပြင်လွယ်မှုနှင့် ဈေးနှုန်းကျဆင်းလာမှုတို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံး (photovoltaics) နှင့် ဓာတ်အားလိုင်းအသေးစားများသည် မှီခိုအားထား၍မရသည့် ဒီဇယ်မီးစက်များ သို့မဟုတ် ရေနံဆီမီးအိမ်များ၊ ဖယောင်းတိုင်များနှင့် လက်နှိပ်ဓာတ်မီးများကို လက်ရှိအသုံးပြုနေသည့် ရွာသားများအတွက် ပြောင်းလဲသုံးစွဲနိုင်သည့် နည်းလမ်းကောင်းတစ်ခုဖြစ်ပါသည်။

မျှော်လင့်၍ အသေးစားဓာတ်အားလိုင်းများအတွက် အဆိုပြုလွှာများခေါ်ယူခဲ့သည်။ စီမံကိန်းတွင် အစိုးရအနေဖြင့် အသေးစား ဓာတ်အားလိုင်း၏ ရင်းနှီးမြှုပ်နှံရန် ကုန်ကျစရိတ်၏ ၆၀ ရာခိုင်နှုန်းအထိကို ကျခံပေးပြီး စီမံချက်အကောင်အထည်ဖော်မည့်သူနှင့် အကျိုးကျေးဇူးရရှိမည့် ရပ်ရွာအဖွဲ့အစည်းက ကျန်သည့်အစုရှယ်ယာအချိုးအစားကို သဘောတူစာချုပ်ချုပ်ဆိုရမည်။ ပထမဆုံးအကြိမ် အဆိုပြုလွှာခေါ်ယူမှုကို ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့ပြီး လျှောက်လွှာ ၄၀ ရရှိခဲ့သည်။ ယင်းအဆိုပြုလွှာများမှ ရှစ်ခုကို ရွေးချယ်အတည်ပြုခဲ့ပြီး အဆိုပြုသည့်စနစ်ရှစ်ခုကို လုပ်ဆောင်ရန် ငွေးရမ်းခဲ့သည်။ ဒုတိယအကြိမ် အဆိုပြုလွှာခေါ်ယူမှုကို ၂၀၁၇ ခုနှစ်ဩဂုတ်လတွင် ထုတ်ပြန်ခဲ့ပြီး အဆိုပြုလွှာ ၈၃ ခုလက်ခံရရှိခဲ့ကာ ၁၆ ခုကို ရွေးချယ်ခဲ့သည်။ စီမံချက်အကောင်အထည်ရန်အတွက် လမ်းနစ်သွယ်ရှိသည်။

DRD သည် ဓာတ်အားလိုင်းမှ (ဖုံ ၄ သို့မဟုတ် ဖုံ ၅ ရှိ) ၁၀ ကီလိုမီတာထက်ပိုဝေးသည့် ရွာများကို တစ်နိုင်ငံလုံးရှိ ရွာများမှ ရွေးချယ်ဖော်ထုတ်ပြီး ထိုရွာများတွင် အသေးစားဓာတ်အားလိုင်းများတည်ဆောက်ရန် ဈေးပြိုင်စနစ်ဖြင့် လုပ်ငန်းများကို ခေါ်ယူသည်။ နောက်တစ်နည်းမှာ အကောင်အထည်ဖော်မည့်သူများက ကျေးရွာများကို ယင်းတို့၏ ဒေသအပေါ် ရင်းနှီးကျွမ်းဝင်သိရှိမှုနှင့် ဆန်းစစ်လေ့လာချက်အပေါ် အခြေခံ၍ သတ်မှတ်ဖော်ထုတ်နိုင်ပါသည်။

တတိယအဆိုပြုလွှာခေါ်ယူမှုမှာ ယခုအချိန်ထိ ခေါ်ယူထားဆဲဖြစ်သည်။ ယခုမှစ၍ DRD သည် ၂၀၂၀ ခုနှစ် တွင် အသေးစား ဓာတ်အားလိုင်းများကို အသုံးပြု၍ အိမ်ခြေပေါင်း ၃၅,၀၀၀ လျှပ်စစ်မီးရရှိရေးရည်မှန်းချက်ဖြင့် အလှည့်ကျ စနစ်ပုံစံဖြင့် အသေးစားဓာတ်အားလိုင်း လျှောက်လွှာများကို လက်ခံသွားမည်။


*GIZ ၏ နှစ်များစွာ စီမံကိန်း၏ အစိတ်အပိုင်း အဖြစ် မြန်မာနိုင်ငံတွင် ကျေးလက်မီးလင်းရေးကို မြှင့်တင်လုပ်ဆောင်ခြင်းက DRD ကို ဓာတ်အားလိုင်းပြင်ပစွမ်းအင်စနစ်များအတွက် စည်းမျဉ်းစည်းကမ်းများ ပြင်ဆင်ရေး ဆွဲခြင်းနှင့် သူတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ပံ့ပိုးကူညီကြစေရန် ပြည်နယ်များနှင့် တိုင်းဒေသကြီးများစွာနှင့် ဆွေးနွေးတိုင်ပင်ခြင်းတို့အတွက် ပံ့ပိုးပေးလျက်ရှိသည်။*


## အသေးစားဓာတ်အားလိုင်း လမ်းညွှန်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများ လိုအပ်ချက်

DRD အနေဖြင့် အသေးစားဓာတ်အားလိုင်းများအတွက် စည်းမျဉ်းချမှတ်ရန် တာဝန်ယူရခြင်းမျိုးမရှိသော်လည်း ရင်းနှီးမြှုပ်နှံလာစေရန် မက်လုံးများပေးခြင်းနှင့် အရင်းအမြစ်ရွေးချယ်မှု (ရေအား၊ နေစွမ်းအင်၊ ဇီဝလောင်စာ)နှင့် ရွာရွေးချယ်သတ်မှတ်ပေးခြင်းတို့တွင် ကူညီခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာတွင် ကြီးကြပ်ကွပ်ကဲခြင်းအပါအဝင် တိုးချဲ့လုပ်ကိုင်ရာတွင် ပံ့ပိုးကူညီပိုင်ခွင့်ရှိသည်။ သို့သော် အသေးစားဓာတ်အားလိုင်းများကို မိမိတို့အလိုရှိသည့် အခြေအနေအထိ ရောက်လာစေရန် အစိုးရနှင့် ရပ်ရွာလူ့အဖွဲ့အစည်းများသာမက ရင်းနှီးမြှုပ်နှံမည့်သူများလည်း လိုအပ်နေပြီး နည်းပညာပိုင်းနှင့် ဥပဒေကြောင်းအရ ရှင်းလင်းသည့် လမ်းညွှန်ချက်များမရှိဘဲ ထိုရင်းနှီးမြှုပ်နှံသူများအနေဖြင့် အကောင်အထည်ဖော်မည်မဟုတ်ဟု DRD မှာ အစောကတည်းကပင် ကောက်ချက်ချခဲ့သည်။(ဇော် ၂၀၁၅)

၂၀၁၄ ခုနှစ် လျှပ်စစ်ဥပဒေတွင် ပြည်ထောင်စုအဆင့်၌ အသေးစားဓာတ်အားလိုင်းများနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများ မပါဝင်ဘဲ ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင်လည်း အသေးစားဓာတ်အားလိုင်းများအတွက် စည်းကမ်းသတ်မှတ်ချက်များ မပါရှိချေ။ သို့ရာတွင် ပြည်နယ်များစွာသည် ဒေသဆိုင်ရာ စွမ်းအင်ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ရေးဆွဲချမှတ်လျက်ရှိကြသည်။ သက်ဆိုင်ပတ်သက်သူ အမျိုးမျိုးနှင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင် MOEE မှ စီမံခန့်ခွဲသည့် ဓာတ်အားလိုင်းများနှင့် နောက်ဆုံးတွင် ဆက်သွယ်ချိတ်ဆက်ရမည်ဖြစ်သောကြောင့် အသေးစားဓာတ်အားလိုင်းများကို အုပ်ချုပ်စီမံသည့် စည်းမျဉ်းစည်းကမ်းများနှင့် နည်းပညာပိုင်းဆိုင်ရာ အချက်အလက်များကို MOEE အနေဖြင့် ထိန်းချုပ်လိုသည်ကို ရှင်းလင်းစွာသိထားကြသည်။

GIZ ၏ နှစ်များစွာ စီမံကိန်း၏ အစိတ်အပိုင်းအဖြစ် မြန်မာနိုင်ငံတွင် ကျေးလက်မီးလင်းရေးကို မြှင့်တင်လုပ်ဆောင်ခြင်းက DRD ကို ဓာတ်အားလိုင်းပြင်ပစွမ်းအင်စနစ်များအတွက် စည်းမျဉ်းစည်းကမ်းများ ပြင်ဆင်ရေးဆွဲခြင်းနှင့် သူတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ပံ့ပိုးကူညီကြစေရန် ပြည်နယ်များနှင့် တိုင်းဒေသကြီးများစွာနှင့် ဆွေးနွေးတိုင်ပင်ခြင်းတို့အတွက် ပံ့ပိုးပေးလျက်ရှိသည်။ DRD သည် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီး စွမ်းအင် ဝန်ကြီးများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ အပါအဝင် ပတ်သက်ဆက်စပ်သူများစွာထံမှ သုံးသပ်ချက်အမြင်များကို စုစည်းရန် ၂၀၁၈ ခုနှစ် မတ်လတွင် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ပြုလုပ်ခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲအတွင်း DRD သည် စည်းမျဉ်းစည်းကမ်းများကို ပံ့ပိုးလာစေရန်နှင့် သဘောထားအမြင်များကို သိရှိစေရန်ရည်ရွယ်ချက်ဖြင့် အဆိုပြုသည့် စည်းမျဉ်းမူဘောင်ကို မိတ်ဆက်ပေးရန် ပြည်နယ်များနှင့် တိုင်းဒေသကြီးများနှင့် အစည်းအဝေးတစ်ခုကို ကျင်းပခဲ့သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုအနက် ၁၃ ခုမှဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။ DRD နှင့် GIZ တို့မှ စည်းမျဉ်းမူကြမ်းများကို ဆွေးနွေးရန် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးတစ်ဦးစီနှင့် အစည်းအဝေးပြုလုပ်ခဲ့သည်။ အဆိုပြုသည့် စည်းမျဉ်းစည်းကမ်းများကို DRDမှ ဆွေးနွေးပြီးနောက် လျှပ်စစ်ဥပဒေနှင့်ပတ်သက်၍ MOEE မှ တင်ပြသည်။ တင်ပြဆွေးနွေးချက်များတွင် အဓိက အလေးထားပြောကြားသည့် အချက်တစ်ချက်မှာ အသေးစားဓာတ်အားလိုင်းကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ရန် လမ်းညွှန်ချက်များ လိုအပ်သည်ဆိုသည့် အချက်ပင်ဖြစ်သည်။

ချဉ်းကပ်မည့်နည်းလမ်းမှာ လမ်းညွှန်ချက်နှစ်တွဲကို အပြိုင်ထားရှိရန်ဖြစ်ပြီး တစ်တွဲမှာ MOEE မှ ကျင့်သုံးမည့် ပြည်ထောင်စုအဆင့်အတွက်ဖြစ်ပြီး နောက်တစ်တွဲမှာ တည်ဆဲလျှပ်စစ်ဥပဒေများအရ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများလိုက်နာကျင့်သုံးရမည့် ပြည်နယ်/တိုင်းဒေသကြီးများအတွက် ပုံစံအဖြစ်နှင့်ဖြစ်သည်။ စည်းမျဉ်း စည်းကမ်းနှစ်တွဲစလုံးသည် ကိစ္စရပ်သုံးခုကို အဓိကရှင်းပြထားသည်။

၁) ခွင့်ပြုခြင်း သို့မဟုတ် "တည်ရှိခွင့်"
၂) ကုန်ကျစရိတ်အပြည့်အဝကို ကာမိသည့် အခွန်အခများသတ်မှတ်ခွင့်
၃) ဓာတ်အားလိုင်းရောက်ရှိလာလျှင် ရွေးချယ်စရာနည်းလမ်းများဟူ၍ ဖြစ်သည်။

စည်းမျဉ်းစည်းကမ်းအတွဲ တစ်ခုချင်းစီသည် ၂၀၁၄ လျှပ်စစ်ဥပဒေတွင် ပါရှိသည့် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၏ တာဝန်ဝတ္တရားများရ ယင်းအကြောင်းအရာသုံးခုကို ပုံစံအမျိုးမျိုးဖြင့် ချဉ်းကပ်ထားသည်။

ပြည်နယ်/တိုင်းဒေသကြီး လမ်းညွှန်ချက်များသည် လိုင်စင်ချမှတ်သည့် လုပ်ငန်းစဉ်၊ စီးပွားရေးရှုထောင့်များနှင့် နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များအပေါ် အဓိကထားခဲ့လိမ့်မည်။[45]

၂၀၁၈ နှစ်ဝက်ပိုင်းကာလတွင် MOEE နှင့် ပြည်နယ်များနှင့် တိုင်းဒေသကြီးတို့အကြား ဆက်လက်ဆွေးနွေးရမည့် အကြောင်းအရာဖြစ်သည့် လမ်းညွှန်ချက်မူကြမ်းများကို ဖြန့်ဝေခဲ့သည်။ မူဘောင်သည် သီးခြားလုပ်ပိုင်ခွင့်လက်မှတ်များ၊ ခွင့်ပြုခြင်း၊ လုပ်ပိုင်ခွင့်ပြုခြင်း၊ အပြန်အလှန်ချိတ်ဆက်ခွင့်ပြုလက်မှတ်များ၊ တစ်ပြေးညီသတ်မှတ်ထားသည့် စွမ်းအင် ဝယ်ယူ/ရောင်းချခွင့်သဘောတူညီချက်များနှင့် အခွန်အခလိုအပ်ချက်များ ကဲ့သို့သော တည်ဆောက်သူများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် အရေးကြီးသည့် ကိစ္စရပ်များထည့်သွင်းထားသည်[46] ။

## ပင်မဓာတ်အားလိုင်း ရောက်လာမည့်အခြေအနေတွင် ကြုံရနိုင်သည့် မသေချာ၊ မရေရာမှု

ပင်မဓာတ်အားလိုင်းနှင့် ချိတ်ဆက်မှုကိစ္စက အသေးစားဓာတ်အားလိုင်းများနှင့် အသေးစားစွမ်းအင်စီမံချက်များတွင် စီမံချက်လုပ်ဆောင်သူများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် မသေချာမရေရာမှုများစွာကို ဖြစ်စေသည်။ ဥပမာ၊ ပြည်နယ်/ တိုင်း ဒေသကြီးအစိုးရသည် မဂ္ဂါဝပ် ၃၀ ထက်လျော့နည်းသည့် ထုတ်လုပ်မှုစီမံကိန်းတစ်ခု သို့မဟုတ် အသေးစားဓာတ်အားလိုင်းကို ခွင့်ပြုပေးနိုင်ပြီး ဆက်သွယ်ချိတ်ဆက်ထားသည့် အိမ်များ သို့မဟုတ် စီးပွားရေးလုပ်ငန်းများအတွက် အခွန်အခကို ရင်းနှီးမြှုပ်နှံသူနှင့် သဘောတူလုပ်ဆောင်နိုင်သည်။ အသေးစားဓာတ်အားလိုင်းသည် နောက်ပိုင်း ပြည်ထောင်စု ဓာတ်အားလိုင်းနှင့် ချိတ်ဆက်လျှင် ရင်းနှီးမြှုပ်နှံသူနှင့် ESE တို့အကြား စျေးနှုန်းသတ်မှတ်ချက်နှင့် နှုန်းထားများနှင့် ပတ်သက်၍ ညှိနှိုင်းမှုအသစ်များ လုပ်ဆောင်နိုင်သည်။ အဓိကပြဿနာမှာ ပြည်ထောင်စုဓာတ်အားလိုင်းသည် သီးခြားရှိသည့် အသေးစားဓာတ်အားလိုင်းတစ်ခုထုတ်လုပ်မှုအတွက် အမှန်တကယ် ကုန်ကျငွေထက် အမြဲလျော့သည့် သဘောတူထားပြီးဖြစ်သော လျော့နည်းသည့် စျေးနှုန်းဖြင့် ကောက်ခံသည့်ကိစ္စဖြစ်သည်။

နိုင်ငံများစွာတွင် အသေးစားဓာတ်အားလိုင်း တည်ဆောက်မှုနှင့် ပတ်သက်၍ အတွေ့အကြုံများစွာရှိခဲ့သည့် နိုင်ငံတကာ ကျွမ်းကျင်သူတစ်ဦးက ရှင်းလင်းစွာပြောကြားခဲ့သည်မှာ -

> **လျော့ထားတဲ့ မီတာခနဲ့ ပင်မ(အစိုးရ)ဓာတ်အားလိုင်းရောက်လာလျှင် ဓာတ်အားလိုင်းပြင်ပက အသေးစား ဓာတ်အားလိုင်း စီမံချက်များ (အားလုံးနီးပါး) အပြီးသတ်သွားမှာ။ ဒါကြောင့် ဓာတ်အားလိုင်းနဲ့ အပြန်အလှန်ချိတ်ဆက်ဖို့ MOEE က အသေးစားဓာတ်အားလိုင်း လုပ်နေသူတွေကို သင့်တင့်တဲ့ သဘောတူညီချက်မျိုးတွေနဲ့ လုပ်ပိုင်ခွင့်မပြုထားခဲ့ရင် အသစ်ရင်းနှီးမြှုပ်နှံသူတွေအတွက် တကယ့်ကို အန္တရာယ်ရှိတယ်။ သူတို့အတွက် PPAs ဒါမှမဟုတ် ကြားကဝယ်ယူပေးသူ လိုချင်မှလိုမယ်။ ဒါပေမဲ့ ဖြန့်ဖြူးတဲ့သဘောတူညီချက်မှာ သူတို့ကုန်ကျစရိတ်ကို ကာမိပြီး ဆက်လုပ်နိုင်ဖို့လိုလိမ့်မယ်။**

စီမံချက်လုပ်ဆောင်မည့်သူများ (အဓိကအားဖြင့် ဂျပန်နှင့်ကိုရီးယားလူမျိုးများ) အား ဥပဒေကြောင်းအရ အကြံဉာဏ်များ ပေးနေသူတစ်ဦးနှင့် ဆွေးနွေးခဲ့ရာတွင် ၁ မဂ္ဂါဝပ်မှ ၃၀ မဂ္ဂါဝပ်[47] အကြား စီမံချက်များနှင့်ပတ်သက်၍ သူတို့၏ အလုပ်များသည် ပင်မဓာတ်အားလိုင်း ချိတ်ဆက်မည်မဟုတ်သည့် ပုဂ္ဂလိက သီးသန့်စီးပွားရေးဇုံများ သို့မဟုတ် အတန်အသင့် ဝေးလံခေါင်ဖျားသည့်ဒေသများရှိ အပန်းဖြေစခန်းများ နှင့် ဟိုတယ်များတည်ဆောက်မှုအတွက် သီးခြား သို့မဟုတ် "ကန့်သတ်(captive)" အတွက်သာဖြစ်သည်ဟုဆိုပါသည်။ သူကပြောကြားရာတွင် ဆောက်လုပ်သူများအနေဖြင့် ပင်မ ဓာတ်အားလိုင်းနှင့် မချိတ်ဆက်လိုကြဘဲ စီမံချက်များအတွက် ဖူလုံနိုင်စေရေးအတွက်သာ ပြုလုပ်ရန် ကြိုးပမ်းလျက်ရှိ ကြသည်။

> **ကျွန်တော်တို့ ဝန်ဆောင်မှုပေးနေသူတွေကတော့ သူတို့ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှုနဲ့ ကိုယ်ပိုင်ငွေကြေးနဲ့ စီမံချက်တွေလုပ်နေကြတာ။ ပုံမှန်တော့ အစိုးရဓာတ်အားလိုင်းတွေနဲ့ မချိတ်ချင်ကြဘူး။ ဥပမာပြောရရင် ပင်မဓာတ်အားလိုင်း တော်တော်နဲ့ ချိတ်ဆက်ဦးမှာ မဟုတ်တဲ့ နေရာ၊ ကမ်းခြောင်ဒေသတစ်လျှောက် အပန်းဖြေစခန်းတစ်ခုဆောက်နေတဲ့လုပ်ငန်းရှင်ကို အကြံဉာဏ်တွေပေးနေတယ်။ နောက်တစ်ခုက စုစုပေါင်း မဂ္ဂါဝပ် ၉၀ နဲ့ အထူးစီးပွားရေးဇုံတစ်ခုအတွက် လုပ်နေတယ်။ ဒါပေမဲ့ (MOEE ဆီက သဘောတူခွင့်ပြုချက်မတောင်းရအောင်လို့) တစ်လိုင်းမဂ္ဂါဝပ် ၃၀ စီနဲ့ သုံးလိုင်းခွဲပစ်လိုက်တယ်။**

ဥပဒေအကြံပေးက ဤကဲ့သို့အကောင်အထည်ဖော်လုပ်ဆောင်မှုသည် စီးပွားရေးအကျိုးအမြတ်အတွက်ဖြစ်ပြီး ဒေသခံ ရပ်ရွာလူထုအတွက်မူ လျှပ်စစ်မီးပေးလေ့မရှိဟုလည်း ဆိုသည်။ လူမှုရေးရှုထောင့်မှပို၍ကောင်းမွန်သည့်ချဉ်းကပ်မှုတစ်ခုမှာ ဒေသအတွင်းရှိ မြို့နယ်များနှင့် ရပ်ရွာပြည်သူလူထုများ လက်ခံသဘောတူသည့် နှုန်းထားများဖြင့် စွမ်းအင်ကို ရေရှည်ထုတ်လုပ်ရောင်းချခွင့်နှင့် လိုက်နာရမည့်စည်းကမ်းများနှင့် ရေရှည်သဘောတူညီချက်များပြုလုပ်ရန် ကုမ္ပဏီများအတွက် အခွင့်အရေးပေး၍ မြို့နယ်အဆင့်တွင် ဓာတ်အားလိုင်းအသေးစားများနှင့် အသေးစားစွမ်းအင်ထုတ်လုပ်မှု လုပ်ငန်းများ လုပ်ဆောင်ရန် အောက်ခြေမှအပေါ် သို့ ချဉ်းကပ်လုပ်ဆောင်ပါက ပို၍ကောင်းမည်ဟုလည်း အကြံပြုခဲ့သည်။ အခက်အခဲမှာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရထံမှ သဘောတူခွင့်ပြုခဲ့လျှင်ပင် ပြည်ထောင်စုဓာတ်အားလိုင်း ရောက်ရှိလာလျှင် တစ်ယူနစ် (kWh) လျှင် မြန်မာကျပ်ငွေ ၃၅ ကျပ်မျှဖြင့် လျှပ်စစ်ရရှိနိုင်သည့်အတွက် သုံးစွဲသူများကို ပြည်ထောင်စုဓာတ်အားလိုင်းသို့ ပြောင်းလဲသုံးစွဲခြင်းမပြုရန် တားဆီး၍မရနိုင်ချေ။

# အခန်း ၅

# တွေ့ရှိချက်များနှင့် အကြံပြုချက်များ

ဒေသတွင်းနှင့် တစ်ကမ္ဘာလုံးတွင် ကျင့်သုံးလုပ်ဆောင်နေသည့် ခေတ်ရေစီးကြောင်းများအရ စွမ်းအင်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုများတွင် ဗဟိုချုပ်ကိုင်မှု ပိုလျှော့ချလာသည်နှင့်အမျှ စွမ်းအင်ကဏ္ဍတွင် မြန်မာနိုင်ငံရှိ ပြည်နယ်များနှင့် တိုင်းဒေသကြီးများ၏ အခန်းကဏ္ဍသည် ပို၍အရေးပါလာလိမ့်မည်။ ဤအစီရင်ခံသည် ပြည်နယ်များနှင့် တိုင်းဒေသကြီးများ၏ လုပ်ပိုင်ခွင့်အာဏာ၊ စွမ်းရည်မြှင့်တင်ရန် လိုအပ်သည့်နေရာနှင့် သူတို့၏နယ်နိမိတ်များအတွင်း စွမ်းအင်အတွက် စီစဉ်ခြင်းနှင့် အကောင်အထည်ဖော်ရာတွင် မည်သည့်နေရာတွင် အဖွဲ့အစည်းရှိနိုင်သည်စသည့် နယ်ပယ်များကို အဓိကဦးစားပေး ရေးသားခဲ့သည်။

ဤအစီရင်ခံစာမှ တွေ့ရှိချက်များသည် ကျယ်ပြောလှသည့် နယ်ပယ်သုံးခုအတွင်းတွင် ကျရောက်နေသည်။

- စွမ်းအင်ဆိုင်ရာ ဥပဒေ၊ မူဝါဒနှင့် အစီအစဉ်ရေးဆွဲခြင်း
- စွမ်းအင်စီမံချက်သုံးသပ်ချက်နှင့် ဓာတ်အားလိုင်း စီမံခန့်ခွဲမှု
- ဓာတ်အားလိုင်းပြင်ပ၊ ဗဟိုချုပ်ကိုင်မှုလျှော့ချထားသည့် စွမ်းအင်နှင့် အသေးစားဓာတ်အားလိုင်းများ တည်ဆောက်မှု

ဤနယ်ပယ်များသည် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအနေဖြင့် သူတို့နှင့်ပတ်သက်နေသည့် စွမ်းအင်ကိစ္စရပ်များကို ထိရောက်စွာ စီမံခန့်ခွဲရန် လုပ်ဆောင်နိုင်သည့် အဆင့်များဖြစ်သည်။ ဆက်လက်ဖော်ပြချက်များမှာ ကျွန်ုပ်တို့၏ အဓိကတွေ့ရှိချက်များနှင့် အကြံပြုချက်များဖြစ်သည်။

## ၅.၁။ အဓိကတွေ့ရှိချက်များ

### စွမ်းအင်ဆိုင်ရာ ဥပဒေ၊ မူဝါဒနှင့် အစီအစဉ်ရေးဆွဲခြင်း

ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် ရှင်းလင်းသည့် ဥပဒေပိုင်းဆိုင်ရာနှင့် မူဝါဒဆိုင်ရာ မူဘောင်တစ်ခုမရှိဘဲ မြန်မာနိုင်ငံ ၏ စွမ်းအင်ကဏ္ဍ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်စွာ စီမံခန့်ခွဲလုပ်ဆောင်ရန်မှာ မဖြစ်နိုင်ချေ။ ယင်းသို့သောမူဘောင်တွင် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး စွမ်းအင်မူဝါဒများသည် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအပေါ် မည်သို့အကျိုးသက်ရောက်မည်ကို စဉ်းစားသင့်ပြီး ပြည်နယ်/တိုင်းဒေသကြီးအစိုးရအနေဖြင့် ဆုံးဖြတ်ချက်ချမှတ်ရန် လမ်းညွှန်များနှင့် နည်းလမ်းများကိုလည်း ပံ့ပိုးပေးသင့်သည်။ အခန်း (၄) တွင် ဖော်ပြခဲ့သကဲ့သို့ ပြည်နယ်များနှင့် တိုင်းဒေသကြီးများသည် စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုကို အားပေးရန်၊ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်၊ ပွင့်လင်းမြင်သာမှု ရှိပြီး၊ တရားမျှတ၍ ကျိုးကြောင်းဆီလျော်မှုရှိသည့် စည်းကမ်းများချမှတ်ရန်နှင့် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်နိုင်မှုများကို ဖြေရှင်းနိုင်သည့် ကိုယ်ပိုင်ဥပဒေများကို ရေးဆွဲလျက်ရှိကြသည်။

## ပြည်နယ်/တိုင်းဒေသကြီးစွမ်းအင်စီမံကိန်းချမှတ်ရာတွင် အတွေ့အကြုံပိုင်းဆိုင်ရာ လိုအပ်ချက်

မြန်မာ့စွမ်းအင်ကဏ္ဍသည် လျင်မြန်စွာ တိုးတက်ဖွံ့ဖြိုးလျက်ရှိပြီး ဆုံးဖြတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများစွာသည် အသစ်များဖြစ်နေသည့်အတွက် ပြည်ထောင်စုအဆင့် စွမ်းအင်အရာရှိများသည် အတွေ့အကြုံသစ်များစွာကို လေ့လာသင်ယူနေရသည်။ ယခင်က မြန်မာ့စွမ်းအင်မူဝါဒသည် MOEE နှင့် ပြည်ထောင်စုအဆင့်အရာရှိကြီးများနှင့် အဓိကသက်ဆိုင်သည့်နယ်ပယ် ဖြစ်သည့်အတွက် ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် အတွေ့အကြုံဆိုင်ရာ လိုအပ်ချက်မှာ ရံဖန်ရံခါတွင် အလွန်ပင်ကြီးမားလှသည်။ ပြည်နယ်/တိုင်းဒေသကြီးစွမ်းအင်ဝန်ကြီးများသည် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အတွက် အသေးစိတ်အစီအစဉ်များ ရေးဆွဲရမည့်အစား MOEE ထံမှ သို့မဟုတ် စွမ်းအင်ရင်းနှီးမြှုပ်နှံသူများနှင့် စီမံချက်အကောင်အထည်ဖော်သူများထံမှ အဆိုပြုလွှာများကို ပြန်လည်တုံ့ပြန်ဖြေကြားခြင်းဖြင့် သူတို့၏ အားအင်များကို သုံးစွဲနေကြရသည်။ ကျွန်ုပ်တို့ဆုံတွေ့ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များက ယင်းတို့ကို အကောင်အထည်ဖော်ရန် ထိရောက်သည့် စွမ်းအင်ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲရန် အကူအညီ လိုအပ်နေသည်ဟု သုံးသပ်ပြောဆိုခဲ့ကြသည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် စွမ်းအင်ကဏ္ဍသည် နည်းပညာပိုင်းအရ ရှုပ်ထွေးပြီး နိုင်ငံရေးအရ ပဲ့ကိုင်ထိန်းကျောင်းရန် ခက်ခဲသည်ဟု ဆိုပါသည်။ ရန်ကုန်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောကြားရာတွင်

> **ရန်ကုန် ESC ဥပဒေရေးခဲ့တုန်းက စင်ကာပူက ကျွမ်းကျင်ပညာရှင်တွေ လာကူကြတယ်။ ဒီကျွမ်းကျင်သူတွေဆီက အိမ်နီးချင်းနိုင်ငံတွေက စွမ်းအင်မူဝါဒနမူနာတွေ လိုအပ်ပါတယ်။ သူတို့ဘာလုပ်တယ်။ ဘယ်လိုလုပ်ခဲ့တယ်နဲ့ အကောင်းဆုံးအလေ့အကျင့်တွေကို သိချင်ပါတယ်။**

လွှတ်တော် ကိုယ်စားလှယ်များက အသေးစားဓာတ်အား ထုတ်လုပ်မှု အလားအလာကောင်းများကို အလေးထားပြောကြပြီး ယင်းထုတ်လုပ်မှုကို မြှင့်တင်ပေးခြင်းဖြင့် မြန်မာတစ်နိုင်ငံလုံးအတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေပြီးဖွံ့ဖြိုးတိုးတက်မှုကို ပို၍ဦးတည်သည့် ချဉ်းကပ်မှုမျိုးဖြင့် လျှပ်စစ်မီးလင်းရေးသို့ ဦးတည်နိုင်ရန် အကြံပြုခဲ့ကြသည်။ သူတို့အနေဖြင့် အသေးစားထုတ်လုပ်မှုဥပဒေသည် နိုင်ငံ၏ လျှပ်စစ်မီးပေးရန်မလုံလောက်မှုပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် ကြီးမားသည့် ခြေလှမ်းတစ်ခုဖြစ်နိုင်သည့်အတွက် ဥပဒေချမှတ်မှုကို အထူးသဖြင့် စိတ်ဝင်စားကြသည်။[48]

## ပြည်နယ်/တိုင်းဒေသကြီးအဆင့် အစီအစဉ်ရေးဆွဲခြင်းနှင့် စွမ်းအင်အရင်းအမြစ်အလားအလာ

မေးမြန်းခဲ့သူများ၏ အဓိကဆွေးနွေးခဲ့သည့်အကြောင်းအရာမှာ ပြည်နယ်များနှင့် တိုင်းဒေသကြီးများ၏ အထူးလိုအပ်ချက်များကို သီးခြားထိန်းညှိလုပ်ဆောင်ပေးနိုင်သည့် ပို၍သေးငယ်သည့် ထုတ်လုပ်ဖြန့်ဖြူးနိုင်သည့် စွမ်းအင်စီမံချက်များအတွက် အရင်းအမြစ်များနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ဖော်ထုတ်နိုင်ခြင်းမရှိသည့် လက်ရှိအပေါ်မှ-အောက်ခြေ၊ ပြည်ထောင်စုအဆင့် စီမံကိန်းများ၏လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ ဖြစ်သည်။

ပြည်နယ်/တိုင်းဒေသကြီး စွမ်းအင်အစီအစဉ် ရေးဆွဲခြင်းနှင့်ပတ်သက်၍ အဓိကတွေ့ရှိချက်တစ်ခုမှာ စနစ်တကျ အစီအစဉ်ရေးဆွဲရန်အတွက် အခြေခံများကိုပေးနိုင်သည့် ပြည်နယ်အသီးသီး၏ စွမ်းအင်အခြေအနေနှင့် ပတ်သက်သည့် ရှင်းလင်းတိကျသည့် အချက်အလက်များလိုအပ်နေခြင်းပင်ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ရှေ့တိုးလုပ်ဆောင်နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး ပို၍ကြီးမားသည့် ဓာတ်အားလိုင်းနှင့် ချိတ်ဆက်မည့် စီမံချက်အများစုဖြစ်သည့် ပုဂ္ဂလိက စွမ်းအင်ကုမ္ပဏီများနှင့် တွေ့ဆုံညှိနှိုင်းနေကြသည်။ သို့ရာတွင် ပြည်နယ်များနှင့် တိုင်းဒေသကြီးများအတွင်း သို့မဟုတ် ယင်းတို့အားလုံးအတွက် ပို၍ကျယ်ပြန့်သည့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ စနစ်တကျဆွေးနွေးမှုများ မရှိကြချေ။

ပြည်နယ်/တိုင်းဒေသကြီး စွမ်းအင်ဝန်ကြီးများသည် သူတို့၏နယ်နိမိတ်များအတွင်း စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်မှန်းချက်များကို ဖော်ပြလျက် အရေးပါသည့်ပံ့ပိုးလုပ်ဆောင်မှုများကို ပြုလုပ်နိုင်သည်။ ပြည်ထောင်စုအစိုးရနှင့် စွမ်းအင်စီမံချက်များကို အကောင်အထည်ဖော်မည့် ရပ်ရွာဒေသများအကြားတွင် ထူးခြားစွာရှိနေသည့်အတွက် သူတို့၏ အခန်းကဏ္ဍမှာ အရေးပါလှသည်။ ဤဝန်ကြီးများအတွက် ပြည်နယ်များနှင့် တိုင်းဒေသကြီးများ၏ လိုအပ်ချက်များနှင့် တစ်နိုင်ငံလုံး၏ လိုအပ်ချက်များအကြား ပေါင်းကူးပေးမည့် စွမ်းအင်ကဏ္ဍ၏ အနာဂတ်အတွက် ဘုံမျှော်မှန်းချက်တစ်ခုကို ရေးဆွဲချမှတ်ရန် အခွင့်အလမ်းပင်ဖြစ်သည်။

## စွမ်းအင်အစီအစဉ်ရေးဆွဲခြင်းနှင့် နေရာစီစဉ်ခြင်းတွင် ပွင့်လင်းမြင်သာမှုနှင့် ပူးပေါင်းပါဝင်မှု

ဒေသခံ ရပ်ရွာအဖွဲ့အစည်းများသည် စွမ်းအင်စီမံကိန်း အကြီးစားများကို ယခင်အတွေ့အကြုံများအရ ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် တာဝန်ခံမှုမရှိသည့်အတွက် သတိကြီးစွာထားလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ရပ်ရွာအဖွဲ့အစည်းများစွာသည် စွမ်းအင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအသစ်များကို ယခင်က လူ့အခွင့်အရေးများနှင့် သဘာဝပတ်ဝန်းကျင်ကို အလေးဂရုမပြုခဲ့သည့်အတွက် ထိတ်လန့်ကြသည်။ အန်န်ဂျီအိုများသည် စွမ်းအင်ထုတ်လုပ်မှုစက်ရုံအကြီးစားများ၏ အကျိုးဆက်များနှင့် ပွင့်လင်းမြင်သာမှုမရှိခြင်းကို စိုးရိမ်မကင်းဖြစ်ရကြောင်း ပြောကြပါသည်။ စီမံချက်ကြီးများကို ပြည်ထောင်စုအစိုးရမှ ခွင့်ပြုသော်လည်း ယင်းတို့၏ မကောင်းသည့် အကျိုးဆက်များကို ပြည်နယ်များနှင့် တိုင်းဒေသကြီးများက ခါးစည်းခံကြရပြီး ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် ပြည်ထောင်စုအစိုးရနှင့်အတူ နေရာရွေးချယ်မှု၊ စီစဉ်မှုနှင့် သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ အကျိုးဆက်များကို ဆန်းစစ်လေ့လာချက်တွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ထိရောက်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်စေရန် လုပ်ကိုင်ရမည်။ (အပိုင်း ၃.၁ တွင် EIA များနှင့်ပတ်သက်သည့် ဆွေးနွေးချက်ကို ကြည့်ပါ။)

ထိရောက်သည့် ပြည်သူများ၏ သဘောထား သုံးသပ်ချက်များမပါ၍ ဖြစ်ခဲ့သည့်ပြဿနာများအနက် နမူနာတစ်ခုမှာ မြန်မာနိုင်ငံပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အရပ်ဘက် မဟာမိတ်အဖွဲ့၏ လမ်းညွှန်ကော်မတီဝင်တစ်ဦးဖြစ်သည့် အောင်ကျော်မိုးက ရှမ်းပြည်နယ်ရှိ အငြင်းပွားဖွယ်ရာ စီမံချက်ကြီးသုံးခုဖြစ်သည့် အထက်ရဲရွာဖြန့်ဖြူးရေးလိုင်းနှင့် ၁၄၀ မဂ္ဂါဝပ် အထက်ပိုင်း ပေါင်းလောင်းဆည်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း Xiandong ရှိ ၆၆၀ မဂ္ဂါဝပ် ကျောက်မီးသွေးလောင်စာသုံး စွမ်းအင်စက်ရုံနှင့် ရှမ်းပြည်နယ်ရှိ ၁၂၀ မဂ္ဂါဝပ် တီကျစ် ကျောက်မီးသွေးလောင်စာသုံး စွမ်းအင်စက်ရုံကို ဖော်ပြခဲ့သည်။[49]

## စွမ်းအင်ကဏ္ဍ ဘတ်ဂျက်ရေးဆွဲခြင်း

ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဖြန့်ဖြူးရေးစနစ်အပါအဝင် ပြည်နယ်အဆင့် စွမ်းအင်စနစ်များအတွက်

ဘတ်ဂျက်ငွေအလုံးအရင်းလိုအပ်ကြောင်း ပြောဆိုလာကြသည်။ ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးများနှင့် ပြည်နယ်/တိုင်းဒေသကြီးမှ ပြည်ထောင်စုမှ အရာရှိများနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်း (ESE) သည် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်နှစ်ခုစလုံးမှ ရန်ပုံငွေရရှိပါသည်။ ခြုံ၍ဆိုရလျှင် ပြည်ထောင်စု၏ စွမ်းအင်ဘတ်ဂျက်သည် ၃၃ ကေဗွီစနစ်သို့ ပို့လွှတ်မှုနှင့် ဖြန့်ဖြူးရေးအားလုံးအတွက် အသုံးပြုပြီး ပြည်နယ်/တိုင်းဒေသကြီး စွမ်းအင်ဘတ်ဂျက်သည် ၁၁ ကေဗွီစနစ်အတွက် သုံးပါသည်။

ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအနေဖြင့် ကမ္ဘာ့ဘဏ်မှ ရန်ပုံငွေပံ့ပိုးပေးထားသည့် နိုင်ငံတစ်ဝှမ်းလုံး လျှပ်စစ်မီးရရှိရေး စီမံကိန်း(NEP) ဖြင့် DRD မှ အများစုကို လက်ရှိတွင် စီမံခန့်ခွဲနေသော်လည်း နောက်ပိုင်းတွင် ပြည်နယ်/တိုင်းဒေသကြီး လုပ်ငန်းတစ်ခုဖြစ်လာမည့် ဓာတ်အားလိုင်းပြင်ပလျှပ်စစ်မီးပေးခြင်းကို စီမံခန့်ခွဲရန် ဘတ်ဂျက်ငွေပို၍ လိုအပ်ပါမည်။ (အောက်တွင်ကြည့်ပါ။)

အချို့တွေ့ဆုံမေးမြန်းသူများက ပြောကြားရာတွင် အိမ်ထောင်စုတစ်စုအတွက် အမေရိကန်ဒေါ်လာ ၅၀၀ - ၁၀၀၀ ခန့် အကြမ်းဖျင်းကုန်ကျနိုင်သည့်အတွက် ဆင်းရဲသည့်အိမ်ထောင်စုများကို လျှပ်စစ်မီးချိတ်ဆက်ပေးရာတွင် ကူညီရန် အစိုးရအနေဖြင့် မူဝါဒများချမှတ်ရန် တောင်းဆိုပါသည်။ ဤဆက်သွယ်ချိတ်ဆက်ခကို ထုံးစံအားဖြင့် ကျေးရွာမှ အကုန်ကျခံရပြီး ဆင်းရဲသားအများစုမှာ မတတ်နိုင်သောကြောင့် လျှပ်စစ်မီးသွယ်တန်းရေးတွင် နောက်နေးကြန့်ကြာရပါသည်။ လျှပ်စစ်မီးရရှိပြီး ရွာအများစုတွင် အိမ်ခြေအနည်းငယ်သာ ဆက်သွယ်ချိတ်ဆက်နိုင်ပြီး ဤချိတ်ဆက်ခသည် (မီးရရှိစေရေးအတွက်) အဟန့်အတားဖြစ်နေပါသည်။

ပြည်ထောင်စုမှ စွမ်းအင်အရာရှိများနှင့် ပြည်နယ်/တိုင်းဒေသကြီးစွမ်းအင်ဝန်ကြီးများကို မေးမြန်းရာတွင် မီတာခသည် အဓိကပြဿနာအဖြစ်ဖြင့် ပြောကြားကြပါသည်။ ဝန်ဆောင်ခကုန်ကျစရိတ်မှာ မကာမိဘဲ နည်းလွန်းနေပြီး ဓာတ်အားလိုင်းတိုးချဲ့လျှင် အစိုးရအနေဖြင့် စွမ်းအင်ထုတ်လုပ်ဖြန့်ဖြူးသူများကို အစိုးရအနေဖြင့် ပံ့ပိုးမှုများပိုပေးရသဖြင့် အကြွေးမှာ ပို၍မြင့်တက်လာသည်။ ပြည်ထောင်စုမှ စွမ်းအင်အရာရှိများနှင့် ပြည်နယ်/တိုင်းဒေသကြီးစွမ်းအင်ဝန်ကြီးများအနေဖြင့် လျှပ်စစ်သုံးစွဲသူများကို အမှန်တကယ်ကုန်ကျစရိတ်အတိုင်းပေးခဲ့လျှင် စွမ်းအင်ကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုအသစ်များကို ဆွဲဆောင်နိုင်လိမ့်မည်ဆိုသည်ကို သဘောတူလက်ခံကြသည်။

## စွမ်းအင်စီမံချက် သုံးသပ်ချက်နှင့် ဓာတ်အားလိုင်းစီမံခန့်ခွဲမှု

### စီမံချက်အဆင့် ဆန်းစစ်သုံးသပ်ချက်နှင့် လေ့လာသုံးသပ်ချက်

အဆင့်ဆင့်မှ အစိုးရတာဝန်ရှိသူများတွင် ပုဂ္ဂလိကကဏ္ဍ စွမ်းအင်အဆိုပြုလွှာများကို အကဲဖြတ်ဆန်းစစ်ရာတွင် အတွေ့အကြုံနည်းကြပါသည်။ စွမ်းအင်နည်းပညာသစ်များကို အသုံးပြု၍ စီမံချက်အသစ်များ၏ ရှုပ်ထွေးမှုနှင့် ကိန်းဂဏန်း အရေအတွက်မှာ မြင့်တက်လာခဲ့သည်။ ပြည်နယ်/တိုင်းဒေသကြီး စွမ်းအင်ဝန်ကြီးများနှင့် ယင်းတို့၏အကြံပေးများနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်ရှိ MOEE ဌာနမှအရာရှိများကို ငွေကြေးပိုင်း၊ နည်းပညာများနှင့် စွမ်းအင်စီမံချက်အသစ်များ၏ စိန်ခေါ်မှုများနှင့် အကျိုးကျေးဇူးများကို အကဲဖြတ်ဆန်းစစ်နိုင်ရန် စွမ်းရည်များမြှင့်တင်ပေးရန် လက်ရှိကာလသည် အခွင့်အလမ်းကောင်းတစ်ခုလည်းဖြစ်သည်။ MOEE ၏အကြံပေးတစ်ဦးက စိန်ခေါ်မှုကို ပြောပြပြီး မည်သို့ကိုင်တွယ် ဖြေရှင်းနေကြောင်း ပြောကြားရာတွင် -

> **ပြည်ထောင်စုအဆင့်မှာ စီမံချက်အကဲဖြတ် ဆန်းစစ်တာနဲ့ပတ်သက်ပြီး ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ဖြေရှင်းဖို့သင်တန်းပေးနေတယ်။ သင်တန်းမှာ လျှပ်စစ်ထုတ်ဖို့ကုန်ကျတဲ့ အနည်းဆုံးပျမ်းမျှနှုန်းထား(levelized cost) တွက်ချက်ပုံနဲ့ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုရေးအရင်းအနှီးတွေကိုလည်း ဘယ်လိုထည့်သွင်းစဉ်းစားမလဲဆိုတာတွေကို ပို့ချတယ်။ ဒါမျိုးသင်တန်းတွေက ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးတွေနဲ့ ပြည်နယ်အဆင့်က လွှတ်တော်အမတ်တွေအပါအဝင် အဆင့်တိုင်းအတွက် လိုအပ်တယ်။**

ထို့အပြင် (က) ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၏ လုပ်ငန်းတာဝန်များ (ဆိုလိုသည်မှာ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရများအား လုပ်ပိုင်ခွင့်အာဏာ ခွဲပေးမည့်အဆင့်) နှင့် (ခ) ပြည်ထောင်စုအဆင့်တွင် MOEE ၏ဌာနခွဲများ၏ တာဝန်ဝတ္တရားများနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်ရှိ တာဝန်ဝတ္တရားများအကြား (ဆိုလိုသည်မှာ လုပ်ပိုင်ခွင့်အာဏာကို ခွဲဝေလုပ်ကိုင်ပေးသည့် အဆင့်) ဆက်ဆံရေးကို ရှင်းလင်းရန်အတွက် အချိန်အခါကောင်းလည်းဖြစ်သည်။ သူတို့၏ လုပ်ပိုင်ခွင့်အာဏာ၏ အစိတ်အပိုင်းအဖြစ်ဖြင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် ပြည်ထောင်စုအစိုးရ သို့မဟုတ် ဓာတ်အားလိုင်းအသေးစားများကဲ့သို့သော စွမ်းအင်စီမံချက်များအတွက် စီမံချက်အကောင်အထည်ဖော်သူများထံမှ အဆိုပြုလွှာများကို ပြန်လည်တုံ့ပြန်သော်လည်း လက်ရှိတွင် ဤအဆိုပြုလွှာများကို တိုင်းတာနိုင်သည့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အစီအစဉ် သို့မဟုတ် လွှမ်းခြုံနိုင်သည့် မူဘောင်မရှိနေချေ။ လေ့လာသုံးသပ်သူတစ်ဦးက မြင်တွေ့နေကျပုံစံတစ်ခုကို ဖော်ပြရာတွင်-

> **ကုမ္ပဏီတစ်ခုက ပြည်နယ်ဝန်ကြီး X ဆီကိုသွားပြီး ပြောမယ်။ "ကျွန်တော်တို့ ဆရာတို့ရဲ့ပြည်နယ်မှာ အသေးစားဓာတ်အားလိုင်း ၅၀ ဆောက်ချင်ပါတယ်။" ပြီးတာနဲ့ "ခွင့်ပြုချက်ဘယ်လိုရမလဲ။" ဆိုတာနဲ့ပတ်သက်ပြီး စကားပရိယာယ်သုံးတာပါဘဲ။**

အကျိုးဆက်မှာ စီမံချက်အလိုက် သဘောတူခွင့်ပြုချက်များသည် ပို၍ကျယ်ပြန့်သည့် မူဝါဒမူဘောင်တစ်ခု ချမှတ်မှုကို ရပ်တန့်စေပြီး အများပြည်သူအားအသိပေးခြင်း၊ ရပ်ရွာလူမှုအဖွဲ့အစည်းများ၏ ပါဝင်ပတ်သက်မှုနှင့် မြေယာအခွင့်အရေး ငွေလဲလှယ်နှုန်းထားများနှင့် PPAs နှင့် သဘောတူစာချုပ်များ ရေးသားပုံကဲ့သို့သော အရေးကြီးသည့်ကိစ္စရပ်များကို လျစ်လျူရှုရာကျပါသည်။

ထို့အပြင် လက်ရှိအခြေအနေက ပြည်နယ်များနှင့် တိုင်းဒေသကြီးများအကြား မျှဝေခြင်းနှင့် အပြန်အလှန်သင်ယူလေ့လာခြင်းတို့ကို အားမပေးနိုင်ချေ။ ပြည်နယ်/တိုင်းဒေသကြီး စွမ်းအင်မူဝါဒများ သို့မဟုတ် ထိန်းကျောင်းသည့်စနစ်များသည် ထိန်းညှိမှု လုံးဝမရှိခြင်း သို့မဟုတ် အနည်းမျှသာ ရှိနေသည်။ ပြည်နယ်များနှင့်တိုင်းဒေသကြီးများစွာတွင် စီမံချက်များစွာကို အကောင်အထည်ဖော်လိုသည့် စီမံချက်အကောင်အထည်ဖော်သူများအတွက် ကြီးမားသည့်စိန်ခေါ်မှုကို ဖြစ်စေသည်။

### စွမ်းအင်စီမံချက်အကောင်အထည်ဖော်သူများ

ပုဂ္ဂလိကကဏ္ဍ အကောင်အထည်ဖော်လုပ်ဆောင်သူများက ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှစ်ခုစလုံးမှ အစိုးရအရာရှိများ၏ ပညာရှင်ဆန်မှုကို ယေဘုယျအားဖြင့် ချီးမွမ်းပြောဆိုပြီး ထုတ်လုပ်ဖြန့်ဖြူးသည့် စွမ်းအင်စနစ်များ၊ နေစွမ်းအင်သုံး မိုက်ခရိုဓာတ်အားလိုင်းများနှင့် ဘက်ထရီစနစ်များကဲ့သို့သော ပို၍သစ်လွင်သည့် နည်းပညာများနှင့် ကျွမ်းဝင်မှုမရှိခြင်းကိုမူ မှတ်ချက်ပြုပါသည်။

လုပ်ငန်းလုပ်ကိုင်သူများက အစိုးရဝန်ထမ်းများနှင့် ညှိနှိုင်းရခြင်းအတွက် အချိန်ကုန်ခြင်းကိုမူ ညည်းညူကြသည်။ နိုင်ငံတစ်ဝှမ်းလုံးတွင် နေစွမ်းအင်သုံး စီမံချက်များစွာကို တည်ဆောက်နေသည့် နိုင်ငံတကာ ပုဂ္ဂလိကကဏ္ဍ စွမ်းအင်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက သည်းခံရန်လိုအပ်သည်ဟု ဆိုပါသည်။

အစည်းအဝေးလုပ်ရန်အချိန်ယူရပြီး လုပ်လိုသည့် အလုပ်များလုပ်နိုင်ရန် အတွက် အတည်ပြုချက်များယူရသည်။ မိမိကိုယ်ပိုင်ငွေကြေးဖြင့် မိမိတို့ဘာသာ အစအဆုံးလုပ်ဆောင်မည့် လုပ်ငန်းလုပ်ကိုင်နိုင်မှုရှိ၊ မရှိဆန်းစစ်လေ့လာချက်အတွက် သဘောတူအတည်ပြုချက် ရယူရန်အတွက်ပင် လပေါင်းများစွာကြာသည်။

လုပ်ငန်းလုပ်ကိုင်နိုင်မှုရှိ မရှိ ဆန်းစစ်လေ့လာချက်အတွက် အစိုးရထံမှ ခွင့်ပြုချက်မှာ မဖြစ်မနေရယူရန် မလိုအပ်သော်လည်း စီမံချက်၏ လုပ်ဆောင်နိုင်မှုကို ဆန်းစစ်ရန် လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းရယူရန်အတွက် ဆန်းစစ်လေ့လာသည့်အဆင့်တွင် ဝယ်ယူနိုင်သည့်အလားအလာရှိသည့် ဖောက်သည်များနှင့် အစိုးရအရာရှိများနှင့် သူ့အဖွဲ့ကို မိတ်ဆက်ပေးနိုင်သည့်အခွင့်အလမ်းရရှိသည်ဟု ဆိုပါသည်။ ဤချဉ်းကပ်နည်းသည် စီမံချက်အတွက် သဘောတူညီမှု သို့မဟုတ် လိုင်စင်အတွက် နောက်ဆုံးလျှောက်ထားမှုအတွက် အခြေခံအုတ်မြစ်ချခြင်းလည်း ဖြစ်သည်။

### ဖြန့် ဖြူးသည့်ဓာတ်အားလိုင်းကို ပြည်နယ်/တိုင်းဒေသကြီးအဆင့် စီမံခန့်ခွဲမှု

ပြည်နယ်/တိုင်းဒေသကြီးအစိုးရများတွင် လုပ်ပိုင်ခွင့်ရှိပြီး ပို၍ကောင်းမွန်သည့် အဖွဲ့အစည်းကို လက်ခံနိုင်သည့် နယ်ပယ်တစ်ခုမှာ ဖြန့်ဖြူးရေးဓာတ်အားလိုင်း အစီအစဉ်ချခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ဖြစ်သည်။ MOEE အတွက် အကြံပေးအဖြစ် လုပ်ဆောင်နေသည့် အလှူရှင်အဖွဲ့အစည်းတစ်ခုမှ ကိုယ်စားလှယ်တစ်ဦးက ပြောကြားရာတွင် -

> **ပြည်နယ်/တိုင်းဒေသကြီးအစိုးရတွေရဲ့ သူတို့အနေနဲ့လဲ ပြင်ဆင်ထားသင့်တဲ့ အဓိကတာဝန်ဝတ္တရားတွေထဲက တစ်ခုကတော့ ဖြန့်ဖြူးတဲ့ဓာတ်အားလိုင်းတွေကို စီစဉ်ဖို့နဲ့ စီမံခန့်ခွဲမှုတွေမှာ ပြောဆိုပိုင်ခွင့်ရချင်တယ်လို့ ပြည်ထောင်စုအစိုးရကို ပြောဖို့ဖြစ်ပါတယ်။ ဓာတ်အားလိုင်းကို ဆောက်ပြီးရင်တော့ ယင်းပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရတွေက သူတို့၏ နယ်နိမိတ်အတွင်းရှိ ဓာတ်အားလိုင်းကို စီမံခန့်ခွဲခွင့်ရာတွင် ပြောခွင့်ရှိသင့်သည်။**

### လုပ်ငန်းလုပ်ပိုင်ခွင့်ရထားသည့်အဖွဲ့အစည်းများနှင့် လုပ်ငန်းများကို ထိရောက်စွာကြီးကြပ်ကွပ်ကဲခြင်း၏ အရေးကြီးမှု

နောက်ထပ်တွေ့ရှိမှုမှာ စာချုပ်များနှင့် လုပ်ပိုင်ခွင့်သဘောတူညီမှုများကို ကြီးကြပ်ကွပ်ကဲရန်အတွက် လိုအပ်ချက်နှင့် လျှပ်စစ်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုတွင် ပါဝင်ပတ်သက်သည့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများနှင့် လုပ်ပိုင်ခွင့်ရသူများအကြား ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုရှိရန် လိုအပ်ခြင်းတို့နှင့် ပတ်သက်ပါသည်။ MOEE ၏ အကြံပေးဖြစ်သူကလည်း လုပ်ပိုင်ခွင့်ရသူများကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန် အရေးကြီးကြောင်းကို ပြောပြခဲ့သည်။ လုပ်ငန်းလုပ်ပိုင်ခွင့်ရထားသူများသည် ESE (ရန်ကုန်တွင် YESC ထံမှ သို့မဟုတ် မန္တလေးတွင် MESC) ထံမှ လျှပ်စစ်ဝယ်ယူပြီးနောက် ဖြန့်ဖြူးရေးဓာတ်အားလိုင်းမှတစ်ဆင့် သုံးစွဲသူများထံသို့ လျှပ်စစ်ပြန်ရောင်းကြသည့် အဖွဲ့အစည်း/လူပုဂ္ဂိုလ်များ ဖြစ်သည်။ မေးမြန်းခဲ့သူများအနက်အချို့က လုပ်ငန်းလုပ်ပိုင်ခွင့်ရထားသူများသည် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသို့ တနင်္သာရီတိုင်းဒေသကြီးမှာကဲ့သို့ပင် တာဝန်ခံသင့်သည်။ (အခန်း ၄ ကိုကြည့်ပါ။) ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် မည်သည့်လျှပ်စစ်ကို ယင်းလုပ်ပိုင်ခွင့်ရထားသူများကို ရောင်းချမည့်ဈေးနှုန်းကို ညှိနှိုင်းရာတွင် ပါဝင်သင့်သည်။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် ယင်းတို့၏စာရင်းအင်းများကို စစ်ဆေးနိုင်သည်။ ထိုသို့သော အပြောင်းအလဲကို MOEE နှင့်ညှိနှိုင်းလုပ်ဆောင်ရန် လိုအပ်သည်။

လုပ်ငန်းလုပ်ပိုင်ခွင့် စီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်လာသည့် နမူနာတစ်ခုမှာ တနင်္သာရီတိုင်းဒေသကြီးမှဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် ထားဝယ်ရှိ လျှပ်စစ်စနစ်ကို စီမံခန့်ခွဲနေသည့် ကုမ္ပဏီနှစ်ခုရှိခဲ့သည်။ တစ်ခုမှာ ထုတ်လုပ်ရေးအတွက် တာဝန်ရှိပြီး အခြားတစ်ခုမှာ ဖြန့်ဖြူးရေးအတွက် တာဝန်ယူရပါသည်။ ဝန်ဆောင်မှုမှာ မကောင်းဘဲ ယုံကြည်စိတ်ချ၍ မရသကဲ့သို့ မီးပျက်သည်မှာလည်း ပုံမှန်ကဲ့သို့ဖြစ်နေခဲ့သည်။ ကုန်သည်ကြီးများအသင်းသည် ယင်းကိစ္စကို ဆွေးနွေးရန် အစည်းအဝေးခေါ် ခဲ့သည်။ မေးမြန်းခဲ့သူများက ပြောကြားရာတွင် အစိုးရနှင့် ကုမ္ပဏီနှစ်ခုအကြား ပူးပေါင်းညှိနှိုင်းမှုမရှိသလောက်ဖြစ်ပြီး စာချုပ်ရော စည်းမျဉ်းစည်းကမ်းများတွင်ပါ မှီခိုအားထားနိုင်သည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရေးအတွက် မည်သူတွင် အဓိကတာဝန်ရှိသည်ဆိုသည်မှာ ရှင်းလင်းမှုမရှိခဲ့ချေ။ DDA မှ သန့်ဇင်က ပြောကြားရာတွင် စွမ်းအင်မူဝါဒချမှတ်မှုနှင့် လုပ်ငန်းလည်ပတ်မှု ကြီးကြပ်ကွပ်ကဲမှုတွင် အများပြည်သူပါဝင်မှုကို ဖိတ်ခေါ် လျှင် အထောက်အကူဖြစ်လိမ့်မည်။ အချို့ကိစ္စရပ်များတွင် ဒေသအစိုးရအနေဖြင့် စွမ်းအင်ကိစ္စရပ်များကို အဓိကအားဖြင့် နည်းပညာပိုင်းဟုသာ မှားယွင်းစွာရှုမြင်၍ ဤသို့ (ပြည်သူများ ပါဝင်မှု) မဖြစ်ခဲ့ချေ။

## ဓာတ်အားလိုင်းပြင်ပ၊ ကျေးရွာအဆင့် စွမ်းအင်နှင့် အသေးစားဓာတ်အားလိုင်းများ

### အသေးစားစွမ်းအင်ဓာတ်အားလိုင်းတိုးချဲ့ခြင်းနှင့် အများပြည်သူများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း

ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးများအတွက် အရေးတကြီးကိစ္စရပ်တစ်ခုမှာ အသေးစားဓာတ်အားလိုင်းများ တိုးချဲ့ရာတွင် လုပ်ငန်းလုပ်ဆောင်မည့်သူများ၊ ရပ်ရွာအဖွဲ့အစည်းများနှင့် မည်သို့ပူးပေါင်းလုပ်ဆောင်မည်ဆိုသည့် ကိစ္စပင်ဖြစ်သည်။ လက်ရှိတွင် အသေးစားဓာတ်အားလိုင်းတိုးချဲ့မှုကို နိုင်ငံတော်အဆင့် မီးလင်းရေးစီမံကိန်း (NEP) မှ ငွေကြေးပမာဏ မြောက်

များစွာသုံးစွဲ၍ DRD မှလုပ်ဆောင်လျက်ရှိသည်။[50] လက်ရှိလုပ်ဆောင်ပုံမှာ အသေးစားဓာတ်အားလိုင်း တည်ဆောက်လုပ်ကိုင်မည့်အတွက် အစိုးရ တင်ဒါများအပေါ်အခြေခံပြီး အစိုးရမှ စျေးလျှော့ပေးသည့် လုပ်ပိုင်ခွင့်များဖြင့် တဖြည်းဖြည်းတိုးချဲ့ပါသည်။ နည်းပညာများနှင့် စနစ်များမှာ တိုးတက်လာနေပြီဖြစ်ပြီး ကုန်ကျစရိတ်များမှာ ကျဆင်းလာပြီဖြစ်၍ မြန်မာနိုင်ငံတွင် အသေးစား ဓာတ်အားထုတ်လုပ်မှုစနစ်များကို တိုးချဲ့ရန်အတွက် အရင်းအနှီးငွေများစွာကို အသုံးပြုရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

မဂ္ဂါဝပ် ၃၀ အောက် ဓာတ်အားလိုင်းပြင်ပစွမ်းအင်စီမံချက်များအားလုံးကို လွှမ်းခြုံ၍ လုပ်ပိုင်ခွင့်အာဏာတစ်ခုဖြင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် အသေးစားဓာတ်အားလိုင်းများ တပ်ဆင်လုပ်ဆောင်မှုတွင် အရေးပါသည့် ကဏ္ဍတစ်ခုတွင်ရှိနေမည်ဖြစ်ပြီး ယင်းကလည်း ကြီးမားသည့်အခွင့်ကောင်းတစ်ခုကို ဖန်တီးပေးပါလိမ့်မည်။ ရှင်းလင်းစွာပင် အသေးစားဓာတ်အလားလိုင်း တိုးချဲ့မှုအောင်မြင်စေရန်အတွက် ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးများအတွက် စီးပွားရေးလုပ်ငန်းပုံစံများကို နားလည်ရန်နှင့် ရန်ပုံငွေရယူ၍ ရွာများတွင် စနစ်များကို ဒီဇိုင်းဆွဲပြီး တပ်ဆင်ပေးသည့် စွမ်းအင်ဝန်ဆောင်မှုကုမ္ပဏီများ၏ စီးပွားရေးစနစ်ပုံစံ (ESCOs) နှင့် ရင်းနှီးကျွမ်းဝင်မှုရှိရန် အရေးကြီးပါသည်။ အလုပ်အကိုင်များနှင့် စီးပွားရေးအကျိုးကျေးဇူးများဖြစ်ထွန်းစေသည့် မည်သည့်စီးပွားရေး လုပ်ငန်းနှင့်မဆို ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် ယင်း ESCOs များ၏ လိုအပ်ချက်များမှတစ်ဆင့် စဉ်းစားရန်နှင့် လုပ်ငန်းများလုပ်ဆောင်ရန် မည်သည့်အချက်များကို နားလည်ရန်နှင့် စွမ်းအင်ဝန်ဆောင်မှုများကို ရွာသားများအား ဖြည့်ဆည်းပေးရမည်။

*မဂ္ဂါဝပ် ၃၀ အောက် ဓာတ်အားလိုင်းပြင်ပ စွမ်းအင်စီမံချက်များအားလုံးကို လွှမ်းခြုံ၍ လုပ်ပိုင်ခွင့်အာဏာတစ်ခုဖြင့် ပြည်နယ်/ တိုင်းဒေသကြီးအစိုးရများသည် အသေးစားဓာတ်အားလိုင်းများ တပ်ဆင်လုပ်ဆောင်မှုတွင် အရေးပါသည့် ကဏ္ဍတစ်ခုတွင် ရှိနေမည်ဖြစ်ပြီး ယင်းကလည်း ကြီးမားသည့် အခွင့်ကောင်းတစ်ခုကို ဖန်တီးပေးပါလိမ့်မည်။*

အသေးစားဓာတ်အားလိုင်းစနစ်များ တိုးမြှင့်လုပ်ဆောင်ရန် အန်န်ဂျီအိုတစ်ခုနှင့် လုပ်ကိုင်လျက်ရှိသည့် နိုင်ငံတကာ ကျွမ်းကျင်သူတစ်ဦးက ပြည်နယ်/တိုင်းဒေသကြီးအစိုးရများရင်ဆိုင်နေရသည့် အခက်အခဲကြီးတစ်ခုကို ပြောပြခဲ့သည်။

> *ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများသည် စီးပွားရေးလုပ်ငန်းများနှင့် တိုက်ရိုက်လုပ်ဆောင်ရန် လိုအပ်ပြီး ဘေးထွက်၍ ဖြစ်လာမည်ကို စောင့်မနေသင့်ချေ။ သူတို့အနေဖြင့် အသေးစားဓာတ်အားလိုင်း စီးပွားရေးပုံစံများမည်သို့ လုပ်ဆောင်ရမည်ကို နားလည်ရန်လိုအပ်ပြီး ပင်မဓာတ်အားလိုင်းရောက်ရှိလာလျှင် အသေးစားဓာတ်အားလိုင်းစနစ်အနေဖြင့် မည်သို့ဖြစ်မည်ကို ဆွေးနွေးရာတွင် ပါဝင်ပတ်သက်နေရန် လိုအပ်ပါလိမ့်မည်။*
>
> *ဓာတ်အားလိုင်းပြင်ပ တည်ဆောက်မှုတွင် ကျွမ်းကျင်သူများက ဤ ESCOs သည် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုအတွက် အပြုသဘော အလွန်ဆောင်သည့်အင်အားတစ်ခုအဖြစ်ဖြင့် ပြောဆိုခဲ့ကြသည်။ မြန်မာ့စွမ်းအင်အနာဂတ်အတွက် ကြီးမားသည့် အခန်းကဏ္ဍမှ ပါဝင်နိုင်သည့် အလားအလာရှိနိုင်ပြီး ပြည်နယ်/တိုင်းဒေသကြီးအစိုးရများကို ရေရှည်တည်တံ့ခိုင်မြဲနိုင်သည့် ပုံစံဖြင့် ရပ်ရွာအဖွဲ့အစည်းများသို့ တတ်နိုင်သည့် လျှပ်စစ်ဓာတ်အားများ အောင်မြင်စွာ ဆောင်ကြဉ်းပေးနိုင်ရန် ပံ့ပိုးကူညီနိုင်သည်။*

## မဟာဓာတ်အားလိုင်းနှင့် မဟာဓာတ်အားလိုင်းပြင်ပ ဆုံသည့်နေရာ

မြန်မာနိုင်ငံ၏ ပြည့်မြဲစွမ်းအင်အဖွဲ့(REAM)သည် စွမ်းအင်မူဝါဒနှင့် အစီအစဉ်ရေးဆွဲရန်အတွက် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများကို ကူညီပံ့ပိုးမှုအာရုံစိုက်လုပ်ဆောင်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် စွမ်းအင်စီမံချက်များ အမှန်တကယ်အကောင်အထည်ဖော်နေသည့် နေရာများနှင့် ပို၍နီးကပ်သည့်အတွက်ဖြစ်သည်။ REAM နှင့်ပုဂ္ဂလိက ကဏ္ဍပတ်သက်ဆက်စပ်သူများစွာအနေဖြင့် မီးမောင်းထိုးပြသည့် ကိစ္စရပ်များအနက် တစ်ခုမှာ (ESE ကဲ့သို့သော) MOEE ဌာနများမှ စီမံခန့်ခွဲသည့် မဟာဓာတ်အားလိုင်းနှင့် DRD မှစီမံခန့်ခွဲသည့် ဓာတ်အားလိုင်းပြင်ပ လျှပ်စစ်မီးလင်းရေးတို့အကြား ပေါင်းစပ်လုပ်ဆောင်မှုမရှိခြင်းဖြစ်သည်။ အစောပိုင်းတွင် ဖော်ပြခဲ့သကဲ့သို့ GIZ သည် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများနှင့် MOEE တို့နှင့် ယင်းကိစ္စရပ်နှင့်ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်များတွင်လည်း အပြိုင်ကျင့်သုံးနိုင်မည်ဖြစ်သည့် ဓာတ်အားလိုင်းပြင်ပ လိုင်းများအတွက် စည်းမျဉ်းမူကြမ်းများကို ဖြန့်ဝေထားသည်။ ဤစည်းမျဉ်းစည်းကမ်းမူကြမ်းများသည် ဓာတ်အားလိုင်းပြင်ပစနစ်များ၏ နည်းပညာပိုင်းဆိုင်ရာ စံချိန်စံညွှန်းများနှင့် လုပ်ဆောင်ချက်၊ အရေးကြီးသည်မှာ အသေးစားရွာဓာတ်အားလိုင်းများ လုပ်ကိုင်နေသည့် နေရာများသို့ ဓာတ်အားလိုင်းတိုးချဲ့မှုနှင့်ပတ်သက်သည့် အန္တရာယ်များကို ဆွေးနွေးထားသည်။

ကျေးရွာအသေးစားဓာတ်အားလိုင်းများအတွက် - မဟာဓာတ်အားလိုင်းရောက်လာလျှင် မည်သို့ဖြစ်မည် ဆိုသည်ကို မသိရှိသည့်အချက်မှာ အကြီးမားဆုံးပြဿနာတစ်ခုပင်ဖြစ်သည်။ (အခန်း ၄ ကို ကြည့်ပါ။) ဝေဖန်ခံရဆုံးအချက်များအနက်တစ်ခုမှာ MOEE ဌာနများသော်လည်းကောင်း DRD အနေဖြင့်သော်လည်းကောင်း ဤမေးခွန်းအတွက် ရှင်းလင်းသည့်အဖြေ

မရှိခြင်းဖြစ်ပြီး ဓာတ်အားလိုင်းပြင်ပစနစ်များသည် စွန့်ပစ်ခံပစ္စည်းများ ဖြစ်သွားမည်ကို စိုးရိမ်ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏လျှပ်စစ်သည် မဟာဓာတ်အားလိုင်းမှ လျှော့ဈေးဖြင့် ရောင်းချပေးသည့် လျှပ်စစ်ထက် များစွာပို၍ဈေးကြီးသည့်အတွက် ဖြစ်သည်။ မေးမြန်းခဲ့သည့် ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးများနှင့် သူတို့၏ အကြံပေးများက မူအရသူတို့တွင် လုပ်ပိုင်ခွင့်အာဏာရှိသော်လည်း မူဝါဒရှင်းလင်းမှုမရှိသည့်အတွက် ဓာတ်အားလိုင်းပြင်ပနေရာတွင် တီထွင် ဖန်တီးလုပ်ဆောင်ရန် နှင့် ကတိကဝတ်ပြုရန် တွန့်ဆုတ်နေသည်ဟု ပြောကြသည်။

# ၅.၂။ အဓိကအကြံပြုချက်များ

## စွမ်းအင်ဆိုင်ရာ ဥပဒေ၊ မူဝါဒနှင့် အစီအစဉ်ရေးဆွဲခြင်းတို့အတွက် အကြံပြုချက်များ

### ၁။ စွမ်းအင်ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် ပြည်နယ်/တိုင်းဒေသကြီး၏ ပို၍အရေးကြီးသည့် အခန်းကဏ္ဍ

ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် ပြည်ထောင်စုအဆင့် စွမ်းအင်ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းအသစ်များ အားလုံးရေးဆွဲချမှတ်ရာတွင် ပို၍အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုမှ ပါဝင်သင့်သည်။ ထို့အပြင် စွမ်းအင်ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို မိတ်ဆက်သည့်အခါတိုင်း ပြည်ထောင်စု သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် ပြည်သူလူထုကို ပညာပေးရန်နှင့် ပြည်သူလူထု၏ အမြင်သဘောထားများကို စုစည်းပေးရန် တစ်ပြေးညီလုပ်ဆောင်ရန် လုပ်ငန်းစဉ်တစ်ခုပါရှိသင့်သည်။ အခြေခံမူတစ်ခုအဖြစ်ဖြင့် ပြည်သူလူထုကို (က) ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲရာတွင် အကြံဉာဏ်များရရှိရန်၊ (ခ) ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းမူကြမ်းများအတွက် ဝေဖန်အကြံပေးရန် ဖိတ်ခေါ် သင့်သည်။ ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဝန်ထမ်းများသည် စွမ်းအင်စီမံချက်များအတွက် ပြည်သူလူထု၏ ပါဝင်မှုလုပ်ငန်းစဉ်တွင် သင်တန်းရရှိထားသင့်သည်။

### ၂။ ပြည်နယ်/တိုင်းဒေသကြီး စွမ်းအင်ဆိုင်ရာအချက်အလက် စုဆောင်းခြင်းနှင့် စီမံကိန်းရေးဆွဲခြင်းအတွက် စွမ်းရည်မြှင့်တင်ခြင်း

မြန်မာနိုင်ငံတွင် စွမ်းအင်အရင်းအမြစ်မြောက်များစွာရှိပြီး ယင်းအရင်းအမြစ်များကို ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုဖြင့် အကုန်အကျသက်သာ ထိရောက်စွာ ထုတ်လုပ်နိုင်ပါသည်။ ပြည်နယ်/တိုင်းဒေသကြီးအဆင့် စွမ်းအင်စီမံကိန်းများ ရေးဆွဲချမှတ်ရန် လိုအပ်ပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးသည် အရင်းအမြစ်များစွာကို အထူးသဖြင့် ပေါင်းစပ်လေ့ရှိပြီး ယင်းတို့မှာ ရေအားလျှပ်စစ်၊ နေစွမ်းအင် သို့မဟုတ် ဇီဝလောင်စာတို့ ဖြစ်ကြသည်။ နောင်လာမည့် ၁၀ နှစ် - ၁၅ နှစ်အတွက် စွမ်းအင်စီမံကိန်းချမှတ်ရာတွင် အရင်းအမြစ်များနှင့် ကြိုတင်ခန့်မှန်းသည့် လိုအပ်ချက်ကို စနစ်တကျ ဆန်းစစ် လေ့လာထားရန်လိုအပ်သည်။ အခြေခံစီမံကိန်းရေးဆွဲသည့်အဆင့်များသည် နိုင်ငံတော်အဆင့်ဆန်းစစ်လေ့လာချက် တစ်ခု၏ အစိတ်အပိုင်းဖြစ်နိုင်ပါသည်။ သို့ရာတွင် ပြည်နယ်/တိုင်းဒေသကြီးအဆင့်မှ သတင်းအချက်အလက်များကို ကောက်ယူရန် လိုအပ်သည်။ လုပ်ဆောင်ရမည့်အဆင့်များတွင် စွမ်းအင်အရင်းအမြစ် ဆန်းစစ်လေ့လာချက်၊ စွမ်းအင်လိုအပ်ချက်ဆန်းစစ်လေ့လာချက်နှင့် လူမှုစီးပွားရေးဆိုင်ရာ ဆန်းစစ် လေ့လာချက်တို့ပါဝင်ပါသည်။ ယင်းအဆင့်များက ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအား ပါလိမ့်မည်။ ယင်းသို့ဖြစ်နိုင်စေရန် စွမ်းဆောင်နိုင်သည့်အဆင့်မှာ မည်သည့်နေရာများတွင် အရင်းအမြစ်များရှိသည်နှင့် လိုအပ်ချက်အများဆုံးရှိသည်ကို အသိပေးပါလိမ့်မည်။ ပြည်နယ်/တိုင်းဒေသကြီးအဆင့် စွမ်းအင်အစီအစဉ်ရေးဆွဲခြင်းနှင့် စွမ်းအင်အချက်အလက်များ ကောက်ယူစုဆောင်းရာတွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ စွမ်းရည်ကို မြှင့်တင်ပေးရမည်ဖြစ်သည်။

### ၃။ ပြည်နယ်/တိုင်းဒေသကြီး စွမ်းအင်ဝန်ကြီးများ၏ ဗဟုသုတအခြေခံများ မြှင့်တင်ရန် သင်တန်းပေးခြင်း

ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် စွမ်းအင်အတွက် ဦးဆောင်ဆုံးဖြတ်ချက်ချမှတ်သူများမှာ စွမ်းအင်ဝန်ကြီးများ ဖြစ်သည်။ စွမ်းအင်ကဏ္ဍကို ဗဟိုချုပ်ကိုင်မှုပိုလျှော့ချလေ သူတို့၏ တာဝန်ဝတ္တရားများနှင့် သူတို့အလုပ်၏ အရေးပါမှုသည် အချိန်နှင့်အမျှ ပိုမိုကြီးမားလာလေ ဖြစ်မည်။ ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးများနှင့် အကြံပေးများ၏ အသိပညာ ဗဟုသုတအခြေခံများရရှိစေရန် သင်တန်းပေးနိုင်သည့် အခွင့်အလမ်းအတွက် ထူးခြားသည့်ပြတင်းတံခါး တစ်ချပ်လည်း ဖြစ်သည်။ ဘုံတူညီမှုရှိသည့် ဗဟုသုတအခြေခံများနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအကြား စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျိုးကြောင်းဆီလျော်သည့် ရည်ရွယ်ချက်မျိုးရှိလာပြီး ပြည်နယ်/တိုင်းဒေသကြီး အစိုးရများနှင့် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်မှ MOEE ဌာနများ (ဥပမာ DEPP နှင့် ESE) အကြား ပို၍ရှင်းလင်းသည့် ဆက်ဆံရေးမျိုး ရှိလာလိမ့်မည်။ ဤသို့သော သင်တန်းမျိုးသည် စွမ်းအင်မူဝါဒ၊ ဥပဒေ၊ စည်းမျဉ်းများနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေများစသည့်နယ်ပယ်များတွင် ပုံမှန်အသိပညာဗဟုသုတဝေမျှမှုများ မှန်မှန်လုပ်ဆောင်ရန် တွန်းအားပေးလာနိုင်သည်။ ပြည်နယ်များနှင့် တိုင်းဒေသကြီးများအတွက် စွမ်းအင်ဆိုင်ရာအချက်အလက်၊ အသေးစားနှင့် ဓာတ်အားလိုင်း ပြင်ပစီမံချက်များအတွက် ဥပဒေကြောင်းအရ လိုအပ်ချက်များနှင့် စွမ်းအင်စီမံချက် အကောင်အထည်ဖော်မှုအတွက် စီမံချက်မူဘောင်များကဲ့သို့သော နယ်ပယ်များတွင် လေ့လာသင်ယူရသည့် သင်ခန်းစာများကို ဝေမျှရန် အတူလုပ်ဆောင်ကြရန် အထောက်အကူဖြစ်လိမ့်မည်။ ယင်းသို့ အတူပူးပေါင်းအားထုတ်မှုက စွမ်းဆောင်ရည်ထိရောက် မှုကို တိုးတက်စေရန်မျှမက ဖြန့်ဖြူးရန်ထုတ်လုပ်သည့် စွမ်းအင်စနစ်များ၊ နည်းပညာများနှင့် ဖြေရှင်းချက်များ ချမှတ်လုပ်ဆောင်နေကြသည့် ကုမ္ပဏီများစွာမှ ရင်းနှီးမြှုပ်နှံမှုများကို ပို၍ဆွဲဆောင်နိုင်ပါလိမ့်မည်။

### ၄။ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက် တဖြည်းဖြည်းများပြားလာခြင်း

ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် စွမ်းအင်ဖြန့်ဖြူးမှုစနစ်များကို စီမံခန့်ခွဲမှုတွင် အတွေ့အကြုံရလာပြီး အသေးစားနှင့် ဓာတ်အားလိုင်းပြင်ပ စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပို၍တာဝန်ယူရမည့်အတွက်ကြောင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအတွက် စွမ်းအင်ဘတ်ဂျက်မှာ တဖြည်းဖြည်းပိုများလာသင့်သည်။

### ၅. အဆင်းရဲဆုံးအိမ်ထောင်စုများအတွက် ဓာတ်အားလိုင်းသွယ်တန်းရန် ကုန်ကျစရိတ်ကို ထောက်ပံ့ခြင်း

ပြည်ထောင်စုအစိုးရ (သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများလည်း ဖြစ်ကောင်းဖြစ်နိုင်) သည် လျှပ်စစ်မီး သွယ်တန်းရေးအတွက် မတတ်နိုင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများအတွက် ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးသင့်သည်။ ခန့်မှန်း ခြေအားဖြင့် အိမ်ထောင်စုတစ်ခုအတွက်ကုန်ကျငွေ အမေရိကန်ဒေါ်လာ ၅၀၀ - ၁၀၀၀ ခန့်သည် အိမ်ထောင်စုပေါင်းများစွာအတွက် မတတ်နိုင်သည့် ငွေကြေးဖြစ်ပြီး မြန်မာနိုင်ငံ၏ လျှပ်စစ်မီးလင်းရေး ရည်မှန်းချက်များကို နှောင့်နှေးကြန့်ကြာစေသည်။

## စွမ်းအင်စီမံချက်ဆန်းစစ်သုံးသပ်မှုနှင့် ဓာတ်အားလိုင်းစီမံခန့်ခွဲမှုအတွက် အကြံပြုချက်များ

### ၁။ ဓာတ်အားလိုင်းချိတ်ဆက်သည့် စီမံချက်များကို ဆန်းစစ်သုံးသပ်ရာတွင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများကို တရားဝင်ပိုနေရာပေးခြင်း

ကျွန်ုပ်တို့၏ တွေ့ဆုံမေးမြန်းချက်များမှ တွေ့ရှိချက်တစ်ခုမှာ လက်ရှိတွင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် ပင်မ ဓာတ်အားလိုင်းချိတ်ဆက်သည့်စွမ်းအင်စီမံချက်များကိုအနည်းဆုံးအလွတ်သဘောမျိုး ဆန်းစစ်သုံးသပ်ကြရပြီး ပြည်နယ်/တိုင်းဒေသကြီးအစိုးရ၏ ဆန္ဒမပါဘဲ စွမ်းအင်စီမံချက်များကို ဆက်လက်လုပ်ဆောင်နေသည်မှာ မလိုလားစရာ ဖြစ်သည်ဆိုသည့် အချက်ပင်ဖြစ်သည်။ ပြည်ထောင်စုအစိုးရအနေဖြင့် အကျိုးစီးပွားထိခိုက်နိုင်သည့် ရပ်ရွာအဖွဲ့အစည်းများနှင့် အခြားဒေသတွင်းရှိ ပတ်သက်ဆက်စပ်သူများ၏ အကြံဉာဏ်များပေးခြင်းအပါအဝင် အဆိုပြုထားသည့် စွမ်းအင်စီမံချက်များအားလုံးကို ပြည်နယ်/တိုင်းဒေသကြီး၏ သုံးသပ်ချက်အတွက် တရားဝင်နည်းလမ်းတကျ လုပ်ငန်းစဉ်တစ်ခုကို ချမှတ်သင့်သည်။

### ၂။ ရွေးချယ်ထားသည့် စွမ်းအင်စီမံကိန်းကြီးများကို ပံ့ပိုးကူညီအားဖြည့်ပေးရာတွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအတွက် တရားဝင်ပိုဖြစ်သည့် အခန်းကဏ္ဍ

အကြီးစားစွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုတွင် အောင်မြင်စေရန် စီမံချက်များသည် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး၏ အကျိုးစီးပွားထိခိုက်နိုင်သည့် လူများနှင့် ခေါင်းဆောင်များထံမှ အရေးပါသည့် သဘောထားသုံးသပ်ချက်များ လိုအပ်ပါလိမ့်မည်။ ပြည်နယ်/တိုင်းဒေသကြီးများ၏ ဦးဆောင်မှုသည် ဒေသဆိုင်ရာ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းပေးပြီး ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စုနှစ်ခုစလုံးကို အကျိုးဖြစ်ထွန်းစေသည့် စွမ်းအင်ကဏ္ဍ စီမံချက်များအတွက် အောင်မြင်စေသည့်အကြောင်းချင်းရာတစ်ခုလည်း ဖြစ်နိုင်သည်။ ကရင်ပြည်နယ်မှ ကျောက်မီးသွေးလောင်စာသုံး စွမ်းအင်စက်ရုံ၏ အဖြစ်အပျက်လေ့လာချက် (အခန်း ၄) သည် ပြည်နယ်ခေါင်းဆောင်မှု၏ နမူနာတစ်ခုပင်ဖြစ်သည်။ ထိုကိစ္စတွင် အဆိုပြုသည့် ကျောက်မီးသွေးစက်ရုံသည် ဒေသခံ ရပ်ရွာလူထု၏ ပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့် ရှေ့မဆက်နိုင်ခဲ့ဘဲ ပြည်ထောင်စုအစိုးရမှ သဘောတူခွင့်ပြုခြင်းမရှိခဲ့ချေ။ သို့ရာတွင် ဤနမူနာက ပြည်နယ်အစိုးရများသည် သူတို့၏နယ်နိမိတ်များအတွင်းတွင် စီမံချက်ကြီးများကို ပုံဖော်ရာတွင် တရားဝင်အခန်းကဏ္ဍ လုပ်ဆောင်နိုင်သည်ဟု ပြသလျက်ရှိသည်။

### ၃။ မဂ္ဂါဝပ် ၃၀ အောက် သေးငယ်သည့် စီမံချက်များကို ပြည်နယ်/တိုင်းဒေသကြီးအစိုးရ၏ လက်ခံသဘောတူမှု

ယခုသုတေသနအရ ထုတ်လုပ်ဖြန့်ဖြူးမှုကို စီမံခန့်ခွဲရန်အတွက် အပေါ်မှအောက်၊ ဗဟိုဦးစီးချုပ်ကိုင်သည့် နိုင်ငံတော်အဆင့် ဖွဲ့စည်းပုံသည် သင့်တော်မှုမရှိသည်ကို ဖော်ညွှန်းနေသည်။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်း၍ မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်နေလျှင်ပင် ၃၀ မဂ္ဂါဝပ်အောက် စီမံချက်များ အားလုံးအတွက် ခွင့်ပြုမိန့်လိုင်စင်များကို သုံးသပ်၊ အတည်ပြုရန် လုပ်ပိုင်ခွင့်အာဏာနှင့် စွမ်းဆောင်ရည်ကို မြှင့်တင်လုပ်ဆောင်ရမည်။ ပြည်နယ်/တိုင်းဒေသကြီး၏ သဘောတူချက်ရယူရာတွင် မြေယာလုပ်ပိုင်ခွင့်များ၊ နေရာသတ်မှတ်ခြင်း၊ ပြည်သူလူထု၏ သုံးသပ်မှုနှင့် သဘာဝပတ်ဝန်းကျင်အတွက် ဖြစ်နိုင်သည့်အကျိုးဆက်များကို ဆန်းစစ်ချက်များကဲ့သို့သော စီမံချက်များ၏ ဒေသဆိုင်ရာ အမြင်ရှုထောင့်များတွင်လည်း ထည့်သွင်းနိုင်သည်။ ဤအပြောင်းအလဲက လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာန၏ လျှပ်စစ်ဆိုင်ရာ မူဝါဒနှင့် စီမံကိန်းဌာနနှင့် သေချာစွာလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်သည်။ လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနသည် ပင်မဓာတ်အားလိုင်း၏ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များအပေါ် အခြေခံ၍ နောက်ဆုံးသဘောတူ ခွင့်ပြုခွင့်ကို ချုပ်ကိုင်ထားနိုင်သည်။

### ၄။ ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် စွမ်းအင်စီမံကိန်းများကို တက်ကြွစွာ မြှင့်တင်လုပ်ဆောင်ခြင်း

ပြည်ထောင်စုအစိုးရသည် ပင်မဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားသည့် အသေးစားနှင့် အလတ်စား (ခန့်မှန်းခြေအားဖြင့် ၁ - ၃၀ မဂ္ဂါဝပ်) စွမ်းအင်စီမံချက်များဆောက်လုပ်မှုကို အားပေးရန် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများကို ခွင့်ပြုသင့်သည်။ အပိုင်း ၄.၂ တွင်ဖော်ပြခဲ့သကဲ့သို့ ဤစနစ်များကို ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဖြင့် ငွေကြေးထောက်ပံ့ကူညီနိုင်ပြီး မြန်မာနိုင်ငံ၏ လျှပ်စစ်စနစ်ခံနိုင်ရည်ကို တိုးတက်မြင့်မားစေရန်နှင့် ဈေးနှုန်းလျှော့ချရန် အထောက်အကူဖြစ်စေနိုင်သည်။ ထိုင်းနိုင်ငံ၏ SPP စီမံချက်သည် အပိုင်း ၄.၂ တွင် စာဖော်ပြချက်အနေဖြင့် ဖော်ပြပါရှိသည့် လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာန အရာရှိများနှင့် ပြည်နယ်/တိုင်းဒေသကြီး စွမ်းအင်ဝန်ကြီးများအနေဖြင့် လေ့လာသင့်သည့် နမူနာတစ်ခုဖြစ်သည်။

### ၅။ နည်းပညာပိုင်းနှင့် ဘဏ္ဍာငွေကြေးပိုင်းဆိုင်ရာ နားလည်တတ်ကျွမ်းမှုတွင် စွမ်းအင်ကဏ္ဍဆိုင်ရာ ဝန်ကြီးများနှင့် အကြီးတန်းအရာရှိကြီးများအတွက် သင်တန်း

ပြည်နယ်/တိုင်းဒေသကြီးစွမ်းအင်ဝန်ကြီးများ၊ အကြံပေးများနှင့် လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနများမှ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအရာရှိကြီးများအနေဖြင့် စွမ်းအင်ကဏ္ဍစီမံချက်များ၏ နည်းပညာပိုင်းဆိုင်ရာနှင့် ဘဏ္ဍာငွေကြေးဆိုင်ရာပိုင်းတွင် သင်တန်းလိုအပ်သည်။ အစိုးရအရာရှိကြီးများအနေဖြင့် စီမံချက်၏ငွေကြေးပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် အဓိကအရေးပါသည့် အချက်အလက်များနှင့် ကျွမ်းကျင်မှုရှိရမည်။ စွမ်းအင်ထုတ်လုပ်ရန် ပျမ်းမျှကုန်ကျငွေကို နှိုင်းယှဉ်တွက်ချက်ခြင်း၊ နည်းလမ်းအသွယ်သွယ်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ကုန်ကျငွေများနှင့် ကုန်ကျငွေ ရရှိမည့် အကျိုးအမြတ်များကို ဆန်းစစ်မှုများကို ထည့်သွင်းလျက် စွမ်းအင်နည်းပညာအမျိုးမျိုး၏ အခြေခံကျသည့် အချက်အလက်လက္ခဏာများနှင့် ကုန်ကျငွေများ ပါဝင်ပါသည်။

### ၆။ ပြည်နယ်/တိုင်းဒေသကြီးအင်ဂျင်နီယာများ

အစောပိုင်းတွင် ဖော်ပြထားသကဲ့သို့ ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးများတွင် သူတို့ကိုယ်ပိုင် ဝန်ထမ်းများမရှိချေ။ ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် အလုပ်လုပ်နေသည့် အင်ဂျင်နီယာများသည် လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနများ လက်အောက်ရှိ လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာန၏ ဝန်ထမ်းများဖြစ်ကြသည်။ မေးမြန်းခဲ့သူများစွာက ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် စွမ်းအင်ဆိုင်ရာ စီမံချက်များကို လုပ်ဆောင်နေကြသည့် အင်ဂျင်နီယာများကို သင်တန်းပေးရန်အတွက် အကြံပြုခဲ့ကြသည်။ လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနအဆင့်မှ စတင်လုပ်ဆောင်သင့်ပြီး ပြည်နယ်များနှင့် တိုင်းဒေသကြီးများမှ သူတို့၏ဝန်ထမ်းများကို ပို့လွှတ်ရန် ဖိတ်ခေါ်သင့်သည်။ ထိုကဲ့သို့သင်တန်းမျိုးကိုပင်လျှင် အထူးသဖြင့် လျှပ်စစ်/ စွမ်းအင်ဝန်ကြီးဌာနများတွင် ပြည်ထောင်စုမှအရာရှိကြီးများက မကြာခဏ အလှည့်ကျ ပြောင်းရွှေ့ရသည့်အတွက် ပြည်နယ်/ တိုင်းဒေသကြီးအဆင့်တွင် မည်သူကစီစဉ်မည်နှင့် သတင်းအချက်အလက်စုဆောင်းမှု၊ ဆန်းစစ်မှု၊ ပုံစံထုတ်မှုစသဖြင့် လုပ်ငန်းစဉ်ကို မည်သူ "ပိုင်ဆိုင်သည်" မှာ မေးခွန်းထုတ်စရာပင်။ အခြားအကြံပြုချက်မှာ မြို့နယ်အဆင့်တွင် လုပ်ကိုင်နေကြသည့် လျှပ်စစ်ဖြန့်ဖြူးရေးအင်ဂျင်နီယာများအတွက် စွမ်းအင်စနစ်များတွင် နည်းပညာပိုင်းဆိုင်ရာ သင်တန်းပေးရန်ဖြစ်သည်။

## ဓာတ်အားလိုင်းပြင်ပ၊ ကျေးရွာအဆင့် စွမ်းအင်နှင့် အသေးစားဓာတ်အားလိုင်းများအတွက် အကြံပြုချက်များ

### ၁။ ဓာတ်အားလိုင်းပြင်ပစွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအဆင့် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ကျင့်သုံးခြင်း

အထက်တွင် ဖော်ပြပါရှိသကဲ့သို့ GIZ နှင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန (DRD) တို့သည် အသေးစားဓာတ်အားလိုင်း ဖွံ့ဖြိုးတိုးတက်မှုအတွက် စည်းမျဉ်းစည်းကမ်းမူကြမ်းများကို ချမှတ်ခဲ့ပြီး ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များစုများ၏ ကိုယ်စားလှယ်များနှင့် ထိုစည်းမျဉ်းစည်းကမ်းများကို ဆွေးနွေးခဲ့ပြီး လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနသို့ စဉ်းစားရန် တင်သွင်းခဲ့သည်။ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်များတွင် ချမှတ်ကျင့်သုံးခဲ့လျှင် ဤစည်းမျဉ်းစည်းကမ်းများက အသေးစားဓာတ်အားလိုင်းများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်လာစေရန်နှင့် ပြည်ထောင်စု၏ လျှပ်စစ်မီးလင်းရေးပန်းတိုင်များ အောင်မြင်စေရန် အထောက်အကူဖြစ်စေမည်။

ဇယား (၁၀)။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ကျေးရွာအဆင့် အသေးစားဓာတ်အားလိုင်းများ အရှိန်အဟုန်မြင့်လုပ်ဆောင်ရေးအတွက် မူဘောင်

| | | |
|---|---|---|
| ၁ | **အသေးစားဓာတ်အားလိုင်းတည်ဆောက်ရန် ကုန်ကျငွေလျှော့ချခြင်း** | လုပ်ငန်းစီစဉ်လည်ပတ်ရာတွင် ထိရောက်အကျိုးရှိစွာလုပ်ဆောင်နိုင်သည့်အတွက် တည်ဆောက်ရေးနှင့် တိုက်ရိုက်ကုန်ကျခြင်းမရှိသည့်ကုန်ကျငွေများ (soft costs) ကို လျှော့ချရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းများကိုလည်း အစိတ်အပိုင်းများတွင် ကုန်ကျငွေများကို လျှော့ချပြောင်းလဲရမည်။ |
| ၂ | **ဓာတ်အားရုံအသုံးချမှုကို တိုးမြှင့်ပြီး စပေါ်ငွေများကို ပြန်လည်ပေးချေရမည်။** | အသေးစားဓာတ်အားလိုင်းများ၏ အကျိုးအမြတ်ဖြစ်ထွန်းမှုနှင့် လျှပ်စစ်စွမ်းအင်ရရှိမှုကြောင့် စီးပွားရေးအကျိုးအမြတ်များသည် ဓာတ်အားရုံကို အသုံးချမှုအပေါ် များစွာမူတည်သည်။ လိုက်နာရမည့်စည်းကမ်းများကို ချမှတ်ခြင်းဖြင့် အသေးစားဓာတ်အားလိုင်းများအားလုံးသည် လုပ်ငန်းလည်ပတ်သည့် ပထမနှစ်အတွင်းတွင် ၇၀ - ၈၀% အထိ အသုံးပြုနိုင်မည်။ |
| ၃ | **စီမံချက်အကောင်အထည်ဖော်မှုကို တိုးတက်ခေတ်မီအောင် လုပ်ဆောင်ရမည်။** | ဒေသအပေါ် အခြေခံ၍ နေရာရွေးချယ်မှု၊ လုပ်ဆောင်နိုင်မှုအခြေအနေနှင့် လုပ်ငန်းပူးပေါင်းညှိနှိုင်းမှုကို ယနေ့ထက်များစွာပို၍ ခေတ်မီတိုးတက်အောင် လုပ်ဆောင်ရမည်။ |
| ၄ | **ဆုံးရှုံးမှုနည်းပါးအောင် ယန္တရားများကို ပြင်ဆင်ချမှတ်ပါ။** | ကူညီပံ့ပိုး၍ လျှော့ပေါ့ပေးပြီးလျှင်ပင် အသေးစားဓာတ်အားလိုင်းစီမံချက်များနှင့် ယင်းတို့ကို တည်ဆောက်သည့် စွမ်းအင်ဝန်ဆောင်မှုကုမ္ပဏီများ၏ ဆုံးရှုံးနိုင်မှု အလားအလာနှင့်ပတ်သက်၍ အမြင်သဘောထားများကို လျှော့ချရမည်။ |
| ၅ | **အသေးစားဓာတ်အားလိုင်းများအား ပံ့ပိုးကူညီမှုပုံစံ အမျိုးအစားအသစ်များကို ရေးဆွဲချမှတ်ပါ။** | လက်ရှိ DRD/ကမ္ဘာ့ဘဏ်တို့၏ ပံ့ပိုးကူညီမှုပုံစံသည် ယခုအချိန်တွင် နောက်ထပ်အရင်းအနှီးများကို မြှုပ်နှံရန်မဖြစ်နိုင်ဘဲ သူတို့ဘာသာလည်း ထိရောက်လုံလောက်သည့် အတိုင်းအတာသို့ ရရှိနိုင်လိမ့်မည်မဟုတ်ချေ။ |

ရင်းမြစ်။ *Smart Power Myanmar*

## ၂။ အသေးစားဓာတ်အားလိုင်းတည်ဆောက်သူများ၏ စိုးရိမ်ပူပန်မှုကို ကြိုတင်ကာကွယ်ခြင်း

အသေးစားဓာတ်အားလိုင်း တည်ဆောက်မှုနှင့် လိုင်စင်ချထားပေးခြင်း သို့မဟုတ် လုပ်ပိုင်ခွင့်ပေးသည့် သဘောတူညီ ချက်များအတွက် လမ်းညွှန် ချက်များအားလုံးတွင် ပြည်ထောင်စုဓာတ်အားလိုင်း ရောက်လာချိန်တွင် လျော်ကြေးပေးရန် အာမခံသည့် စာပိုဒ်တစ်ပိုဒ်ပါရှိရန် လိုအပ်သည်။ ထိုသို့သော အကာအကွယ်ပေးမှုမရှိဘဲ စီမံချက်လုပ်ဆောင်သူများနှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကျေးရွာအဆင့် ဓာတ်အားလိုင်းအသေးစား များကို ရင်းနှီးမြှုပ်နှံရန် တွန့်ဆုတ်နေလိမ့်မည်ဖြစ်ပြီး နိုင်ငံအနေဖြင့်လည်း ဓာတ်အားလိုင်းပြင်ပ တည်ဆောက်မှုဆိုင်ရာ ပန်းတိုင်များအောင်မြင်နိုင် လိမ့်မည်မဟုတ်ချေ။

## ၃။ ရှမ်းပြည်နယ်နှင့် အခြားလုပ်ဆောင်နိုင်သည့် ပြည်နယ်/ တိုင်းဒေသကြီးများတွင် အသေးစားရေအားလျှပ်စစ် တည်ဆောက်မှုကို ပံ့ပိုးကူညီပေးခြင်း

အခန်း ၄ တွင် ဖော်ပြထားသကဲ့သို့ HyCEM ၏လုပ်ငန်းများက အသေး စားရေအားလျှပ်စစ်တွင် ရင်းနှီးမြှုပ်နှံမှုကို တိုးချဲ့နိုင်ရန် မလုပ်ကိုင်ရသေး သည့် ကြီးမားသည့် အလားအလာကောင်းများစွာရှိနေပြီး ပြည်နယ် စည်းမျဉ်းစည်းကမ်းများဖြင့် အသေးစား ရေအားလျှပ်စစ်တည်ဆောက်မှုကို ပံ့ပိုးကူညီနိုင်ကြောင်း ညွှန်ပြလျက်ရှိသည်။ ၁ မဂ္ဂါဝပ်ထက်သေးငယ်သည့် အသေးစား ရေအားလျှပ်စစ် လုပ်ငန်းပေါင်း ၅၀၀ ကျော်ကို တည်ဆောက် ပြီးစီးပြီး ထပ်မံ၍လည်း လိုအပ်ပါသည်။ မူဝါဒချမှတ်သူများသည် ရပ်ရွာ ပြည်သူလူထုများအား လျှပ်စစ်မီးပေးနိုင်သည့် ဒေသတွင်းအသေးစား လျှပ်စစ်ဓာတ်အားလိုင်းများ ထပ်မံတည်ဆောက်နိုင်ရေးအတွက် ပံ့ပိုး ကူညီသင့်ပြီး ယင်းတို့သည် ပြည်ထောင်စုဓာတ်အားလိုင်းနှင့် ချိတ်ဆက် လုပ်ဆောင်ရန် မလိုအပ်ချေ။

## ၄။ မြန်မာနိုင်ငံရှိ ကျေးရွာအဆင့်မီးပေးနိုင်သည့် အသေးစား ဓာတ်အားလိုင်းများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်နိုင်သည့် အသေးစိတ်ရှင်းလင်းသည့် မူဘောင်တစ်ခု

အသေးစားဓာတ်အားလိုင်းများနှင့်ပတ်သက်၍ ADB ၏ စမ်းသပ်စီမံချက်နှင့် DRD ၏ ဆက်လက်လုပ်ဆောင်လျှက်ရှိ သည့် အသေးစားဓာတ်အားလိုင်း တိုးချဲ့မှုသည် လုပ်ငန်းနေရာများကို မည်သို့ရွေးချယ်နိုင်သည်၊ မည်သို့ ငွေကြေးပံ့ပိုးနိုင်သည်၊ မည်သို့တည်ဆောက် လည်ပတ်နိုင်သည်နှင့် ရပ်ရွာ များတွင် လက်တွေ့၌ မည်သို့လုပ်ဆောင်သည်စသည့် အသေးစားဓာတ် အားလိုင်းများနှင့်ပတ်သက်သည့် အတွေ့အကြုံများ ကြီးကြီးမားမားရရှိခဲ့ ပြီးဖြစ်သည်။ သို့ရာတွင် အတိုင်းအတာအားဖြင့် ကျေးလက်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် လိုအပ်သည့် အသေးစားဓာတ်အား လိုင်းများ စီစဉ်လုပ်ဆောင်မှုတွင် လုပ်ငန်းကုန်ကျငွေများ တိုင်းတာခြင်း၊ ကျေးရွာများ၏ လိုအပ်ချက်များကို စီစစ်တွက်ချက်ခြင်း၊ စီမံကိန်းအကောင် အထည်ဖော်မှုကို ပြန်လည်တည်ဆောက်ခြင်းနှင့် လုပ်ငန်းအတွက်ပံ့ပိုး ငွေကို ဆုံးဖြတ်ခြင်းကဲ့သို့သော အခြေခံအချက်များနှင့်ပတ်သက်၍ တူညီ သည့် လုပ်ကိုင်ပုံစနစ်တစ်ခုလိုအပ်ပါသည်။ Smart Power Myanmar လုပ်ငန်းမှရေးဆွဲချမှတ်ထားသည့် ဇယား ၁၀ က မြန်မာနိုင်ငံတွင် ကျေးရွာ အဆင့် အသေးစားဓာတ်အားလိုင်းများ တည်ဆောက်မှုကို ရင်းနှီးမြှုပ်နှံလာ စေရန်နှင့် အရှိန်အဟုန်မြှင့်တင်ရန်အတွက် တစ်ပြေးညီမူဘောင်တစ်ခုကို ဖော်ပြပေးထားသည်။

## ၅. ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအတွက် အသေးစားဓာတ်အားလိုင်းများတွင် နည်းပညာပိုင်းဆိုင်ရာ သင်တန်း

လာမည့်နှစ်အနည်းငယ်များအတွင်းတွင် ကျေးရွာအဆင့် အသေးစားဓာတ် အားလိုင်းများ အရေအတွက်များသည် ၂၀၂၁ ခုနှစ်တွင် အိမ်ထောင်စုပေါင်း ၃၅၀၀၀ ရှိရမည်ဆိုသည့် နိုင်ငံတော်အဆင့် မီးလင်းရေးစီမံကိန်းလျာထား ချက် (ကမ္ဘာ့ဘဏ် ၂၀၁၅) ကို ပြည့်မီစေရန် ဆက်လက်၍ များပြားလာ လိမ့်ဦးမည်ဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍတို့၏ စိတ်ဝင်စားမှုအနေအထားဖြင့် အသေးစားဓာတ်အားလိုင်း တည်ဆောက်မှုသည် ဤလျာထားချက်ကို ကောင်းစွာကျော်လွန်ပါလိမ့်မည်။ ထို့ကြောင့် ကျေးရွာအဆင့် အသေးစား ဓာတ်အားလိုင်းများနှင့် ပတ်သက်သည့် နည်းပညာပိုင်း၊ ငွေကြေးပိုင်းနှင့် လုပ်ငန်းလည်ပတ်မှုအပိုင်းတွင် ဌာနများကို ပံ့ပိုးပေးခြင်းအပါအဝင် စနစ် တကျ၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သင်တန်းကို ပြည်နယ်/တိုင်းဒေသ ကြီးအစိုးရများအားပေးရန် အရေးကြီးပေလိမ့်မည်။

# အချပ်ပို

## အချပ်ပို (က)
## အစီရင်ခံစာကို ပံ့ပိုးပေးသည့် တွေ့ဆုံမေးမြန်းမှုများ

ဇယား (၁၁)။ ဤသုတေသနအတွက် တွေ့ဆုံမေးမြန်းမှုများ အကျဉ်းဖော်ပြချက်

| ပြည်နယ်/တိုင်း ဒေသကြီး | သွားရောက် ခဲ့ချိန် | တွေ့ဆုံ မေးမြန်း ခဲ့သည့် အရေအတွက် | မေးမြန်းခဲ့သူ အရေအတွက် | ပြည်နယ်-တိုင်း ဒေသကြီးအစိုးရ | တွေ့ဆုံခဲ့သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | ပြည်နယ်-တိုင်း ဒေသကြီးအစိုးရ | ပြည်ထောင်စု အစိုးရ | အန်န်ဂျီအို | ပုဂ္ဂလိက ကဏ္ဍ | နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့များ |
| ရန်ကုန် | မေ၊ ဇူလိုင်နှင့် အောက်တိုဘာ ၂၀၁၈ | ၂၄ | ၃၈ | ၁ | ၆ | ၀ | ၉ | ၁၂ | ၁၀ |
| နေပြည်တော် | မေ ၁၈ | ၁၁ | ၂၀ | ၀ | ၀ | ၁၆ | ၀ | ၀ | ၃ |
| ပဲခူး | ဇူလိုင် ၁၈ | ၁ | ၃ | ၃ | ၀ | ၀ | ၀ | ၀ | ၀ |
| ရှမ်းပြည်နယ် | ဇူလိုင် ၁၈ | ၅ | ၁၂ | ၆ | ၂ | ၀ | ၃ | ၁ | ၀ |
| တနင်္သာရီ | ဇူလိုင်နှင့် အောက်တိုဘာ ၂၀၁၈ | ၄ | ၄ | ၁ | ၀ | ၀ | ၁ | ၂ | ၀ |
| ဘန်ကောက် | ဩဂုတ် ၁၈ | ၂ | ၂ | ၀ | ၀ | ၀ | ၁ | ၁ | ၀ |
| စုစုပေါင်း | | ၄၇ မေးမြန်းခဲ့ | ၇၈ ပတ်သက် ဆက်စပ် သူများ | ၁၁ | ၈ | ၁၆ | ၁၄ | ၁၆ | ၁၃ |

# အချပ်ပို (ခ)

## မြန်မာနိုင်ငံတွင် လျှပ်စစ်မီးလင်းရေးနှင့် ပျမ်းမျှလူတစ်ဦးချင်း အသုံးပြုသူ စွမ်းအင်ပမာဏ

### လျှပ်စစ်မီးလင်းရေးတွင် မြို့ပြ-ကျေးလက်ကွာဟမှုများ

ပုံ (၁၇) တွင်ဖော်ပြသကဲ့သို့ မြို့ပြအိမ်ထောင်စု ခြောက်စုတွင် ငါးစုထက်ပို၍ (၈၅ ရာခိုင်နှုန်း)မှာ မီးရရှိကြပြီး ကျေးလက်ဒေသတွင်မူ ချိတ်ဆက်မှုနှုန်းမှာ လေးအိမ်ထောင်စုတွင် တစ်စု (၂၀၁၇ စာရင်းအရ) ဖြစ်သည်။

ပုံ (၁၇)။ ပင်မလျှပ်စစ်ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားသည့် မြန်မာအိမ်ထောင်စုရာခိုင်နှုန်း

၂၀၀၅ မှ ၂၀၁၇ ခုနှစ်အတွင်း ပင်မဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားသည့် အိမ်ထောင်စုရာခိုင်နှုန်း




*ရင်းမြစ်။ CSO ၂၀၁၇*

ပုံ (၁၈)။ ပြည်ထောင်စုအဆင့် (ပင်မ) လျှပ်စစ်ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားသည့် အိမ်ထောင်စုရာခိုင်နှုန်း




*ရင်းမြစ်။ အာရှဖောင်ဒေးရှင်း၏ မြို့နယ်အဆင့် အချက်အလက်များ*

နိုင်ငံတစ်ဝှမ်းလုံးရှိ လျှပ်စစ်မီးလင်းမှုတွင်ကွာဟမှုအခြေအနေကို လျှပ်စစ်မီးရရှိမှုနှုန်းပြ မြေပုံဖြင့် ဖော်ပြပေးထားသည်။ အာရှဖောင်ဒေးရှင်း (The Asia Foundation) သည် လူမှု၊ စီးပွားနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ညွှန်းကိန်းအမျိုးမျိုးဖြင့် မြို့နယ်အဆင့်အချက်အလက်များကို စုစည်း၊ ခွဲခြမ်း စိတ်ဖြာပြခဲ့ပြီး နိုင်ငံတစ်ဝှမ်းရှိ တိုးတက်ဖွံ့ဖြိုးမှုအခြေအနေများနှင့် ကွာဟမှုများကို ပို၍ရှင်းလင်းစွာ ပြသနိုင်ရန်နှင့် နားလည်နိုင်ရန် မြို့နယ်အဆင့်မြေပုံများကို ရေးဆွဲထားသည်။ မြို့နယ်အဆင့်မြေပုံ တွင် လျှပ်စစ်မီးရရှိမှု သတင်းအချက်အလက်များကို ကြည့်ရှုရာတွင် ခြားနားကွာဟချက်များမှာ အလိုလိုပင် သိသာထင်ရှားနေသည်။ (ပုံ ၁၈ ကိုကြည့်ပါ။)

### ညအလင်းရောင်များ၊ ဂြိုဟ်တုများမှ လျှပ်စစ်မီးလင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ပုံဖော်ခြင်း

မြို့ကြီးများနှင့် မြို့များတွင် ညအချိန်လင်းသည့် မီးရောင်ကို ဂြိုဟ်တုတိုင်းတာမှုများ အသုံးပြုခြင်းဖြင့် "ညမီးရောင်များ" သည် လျှပ်စစ်မီးလင်းမှုနှင့် (စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု)ကို ခန့်မှန်းရန် နည်းလမ်း ကောင်းတစ်ခုပင်ဖြစ်သည်။ လေ့လာချက်များက နိုင်ငံပေါင်းများစွာတွင် ညအချိန်မီးအလင်းရောင်နှင့် ဂျီဒီပီအကြား ဆက်စပ်မှုရှိသည်ဟု အတည်ပြုခဲ့ကြသည်။ ဤနည်းလမ်းကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ သတင်းအချက်အလက် အကန့်အသတ်ရှိသည့် သို့မဟုတ် အချိန်အလိုက် မရရှိနိုင်သည့် နေရာများတွင် အသုံးပြုလေ့ရှိသည်။ ညမီးအချက်အလက်ကို အမျိုးသားသမုဒ္ဒရာနှင့် လေထုရပ်ဝန်း အုပ်ချုပ်စီမံမှုဌာနမှ စီမံအုပ်ချုပ်သည့် ကောင်းကင်ဂြိုဟ်တုများမှ အချက်အလက်များကို ခွဲခြမ်း၊ စိတ်ဖြာဆန်းစစ်သည့် ကာကွယ်ရေးမိုးလေဝသဂြိုဟ်တု စီမံကိန်းမှရရှိသည်။(Fox and Verrucci ၂၀၁၇)

ပုံ (၁၉)။ နိုင်ငံတော်အဆင့်လျှပ်စစ်မီးလင်းမှုတွင် အပြောင်းအလဲများ၊ ရန်ကုန်မီးအလင်းရောင်ရရှိမှုနှင့် နိုင်ငံ၏ဂျီဒီပီ (မှတ်ချက်၊ ၂၀၀၃ လျှပ်စစ်မီးလင်းမှု = ၁၀၀)




ရင်းမြစ်။ *Fox နှင့် Verrucci, ၂၀၁၇*

ပုံ ၁၉ တွင် ကာလအလိုက် ညမီးအလင်းရောင်နှင့် ဂျီဒီပီတို့အကြား ဆက်စပ်ပုံကို ဖော်ပြလျက်ရှိသည်။ ယူကေ (အင်္ဂလန်) နိုင်ငံမှ သုတေသနပညာရှင်များက မြန်မာတစ်နိုင်ငံလုံးအတွက် ညအချိန် မီးလင်းမှုနှင့်ပတ်သက်သည့် အချက်အလက်များနှင့် အထူးသဖြင့် ရန်ကုန်မြို့တွင် ၁၉၉၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ကာလအတွက် စုစည်းခဲ့သည်။ ၂၀၁၀ နှင့် ၂၀၁၁ ခုနှစ်များအတွက် တိုင်းတာမှုပိုင်းတွင် အမှားများရှိခဲ့သည့်အတွက် ထူးခြားသည့် သတင်းအချက်အလက်များဖြစ်သွားစေခဲ့သော်လည်း ဆက်စပ်မှုအပိုင်းမှာ အတော်ပင် အားကောင်းပါသည်။ သုတေသနပညာရှင်များက အချက်အလက်ကွဲပြားမှုရှိခြင်းမှာ ၂၀၀၈ ခုနှစ်မေလတွင် မြန်မာနိုင်ငံတွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်း နာဂစ်မုန်တိုင်းကြောင့် အခြေခံအဆောက်အအုံများ များစွာပျက်စီးသွားခဲ့သည့်အတွက် ဖြစ်နိုင်သည်ဟု တွေးထင်ကြပါသည်။ (Fox နှင့် Verrucci ၂၀၁၇)

အာရှဖောင်ဒေးရှင်းသည် မြို့နယ်အဆင့်အထိ မြန်မာတစ်နိုင်ငံလုံး၏ ညမီးအချက်အလက်ကိုလည်း သင်္ကေတအမှတ်အသားများလည်း ပြုလုပ်ခဲ့သည်။ တစ်နိုင်ငံလုံးအတွက် ထွက်ရှိလာသည့် ညမီးများ မြေပုံကို ပုံ ၂၀ တွင် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် ရင်ဆိုင်နေရသည့် စီးပွားရေးနှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများကို ဂရပ်ပုံဖြင့် ဖော်ပြထားပါသည်။

ပုံ (၂၀)။ မြန်မာနိုင်ငံရှိ ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် ညအချိန်မီးအလင်းရောင်များ




ရင်းမြစ်။ *National Oceanic and Atmospheric Administration, Defense Meteorological Satellite Program—operational Linexan System nighttime lights data, coded to township level by The Asia Foundation*

## လူတစ်ဦးချင်းအသုံးပြုနှုန်းနှင့် ဆက်လက်တိုးမြင့်လာနိုင်သည့်အနေအထား

မြန်မာနိုင်ငံ၏ လျှပ်စစ်လိုအပ်ချက်တိုးတက်လာမှုအခြေအနေကို နားလည်သဘောပေါက်ရန်အတွက် မြန်မာနိုင်ငံ၏ လျှပ်စစ်သုံးစွဲမှုကို နောက်ခံအခြေအနေအဖြစ်ထားကြည့်လျှင် များစွာအသုံးဝင်နိုင်ပါသည်။ အာဆီယံနိုင်ငံများတွင် အနိမ့်ဆုံး လျှပ်စစ်မီးရရှိသည့် နှုန်းထားရှိရုံမျှမက ၂၀၁၆ ခုနှစ်တွင် တစ်နှစ်လုံးတွင် ၂၃၅ ကီလိုဝပ်ဖြင့် အနိမ့်ဆုံး တစ်ဦးချင်း၏ လျှပ်စစ်မီးသုံးစွဲမှုနှုန်းထားသာရှိပါသည်။ (ပုံ ၂၁) တစ်နေ့လျှင် တစ်ကီလိုဝပ်၏ သုံးပုံနှစ်ပုံမျှသာ ပျမ်းမျှသုံးစွဲမှု နှုန်းထားရှိသည်။ ယင်း(ပမာဏ)သည် အောက်ပါလုပ်ငန်းများ အနက် တစ်ခုကိုသာ လုပ်ဆောင်နိုင်ရန် လုံလောက်ပါသည်။[51]

ပုံ (၂၁)။ ဒေသတွင်းတွင် မြန်မာနိုင်ငံ၏ လျှပ်စစ်မီးအသုံးပြုမှု၊ အာဆီယံနိုင်ငံများတွင် တစ်ဦးချင်းအသုံးပြုနှုန်း




ရင်းမြစ်။ *ASEAN Centre for Energy – 2018, based on 2016 data*

ပုံ (၂၂)။ မြန်မာ့လျှပ်စစ်အသုံးပြုမှု၊ ၂၀၁၀ - ၂၀၁၆ (ယူနစ်များ ကီလိုဝပ်/တစ်ဦးချင်း/တစ်နှစ်)




ရင်းမြစ်။ *MOEE*

ပုံ (၂၃)။ ပြည်နယ်/တိုင်းဒေသကြီး လူဦးရေနှင့် တစ်ဦးချင်း လျှပ်စစ်ဓာတ်အား သုံးစွဲမှု




*ရင်းမြစ်။ population data from CSO 2017; electricity consumption data from MOEE 2013.*

- ရေးစတိုင် တယ်လီဗေးရှင်း (ပလာစမာ) တစ်လုံးကို နှစ်နာရီမှ သုံးနာရီခန့် ကြည့်ရန် သို့မဟုတ် စတိုင်သစ် (LCD) တယ်လီဗေးရှင်းတစ်လုံးကြည့်ရန်
- မီးလုံးငယ် သုံးလုံးကို ၂၄ နာရီမီးပေးရန်
- လျှပ်စစ်ရေနွေးအိုးနှင့်ရေနွေးအိုး ခြောက်ကြိမ် သို့မဟုတ် ခုနစ်ကြိမ်မျှတည်ရန်
- ဒက်စ်ခ်စတော့ ကွန်ပျူတာတစ်လုံးကို ၁၀ နာရီမျှအသုံးပြုရန်

ဒေသတွင်း အခြေအနေများနှင့် ကြည့်လျှင် မြန်မာနိုင်ငံ၏ တစ်ဦးချင်း လျှပ်စစ်ဓာတ်အားအသုံးပြုမှုသည် လာအိုနိုင်ငံ သို့မဟုတ် အင်ဒိုနီးရှား နိုင်ငံထက် ၂.၅ ဆ လျော့နည်းပြီး အာဆီယံနိုင်ငံများအားလုံး ပျမ်းမျှ အသုံးပြုမှုထက် ၄ ဆနည်း၍ ထိုင်းနိုင်ငံထက် ၉ ဆနှင့် စင်ကာပူနိုင်ငံထက် ၂၈ ဆလျော့နည်းသည်။ သို့သော် အိမ်ထောင်စုများ လျှပ်စစ်မီးရရှိ၍ စီးပွားရေးများ တိုးတက်လာက သုံးစွဲသူများက လျှပ်စစ်ပစ္စည်းများပိုမို ဝယ်ယူသည်နှင့်အမျှ လျင်မြန်စွာပြောင်းလဲနိုင်သည်။ ပုံ ၂၂ တွင် တစ်ဦးချင်း လျှပ်စစ်အသုံးပြုမှု ၂၀၁၁ မှ ၂၀၁၆ ခုနှစ်အတွင်း နှစ်ဆမက တိုးတက်လာမှုကို ပြသနေသည်။

မြန်မာနိုင်ငံကို အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ခြင်းမှ မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်များနှင့် တိုင်းဒေသကြီးများနှင့် နှိုင်း ယှဉ်ကြီးလျှင် ကွာဟချက်များမှာ ပို၍ပင်ကြီးမားလှသည်။ ပုံ ၂၃ တွင် ပြည်နယ်များနှင့် တိုင်းဒေသကြီး ၁၄ ခုတို့တွင် တစ်ဦးချင်း လျှပ်စစ်အသုံးပြုမှုနှင့် လူဦးရေနှစ်ခုစလုံးကို ပြသထားသည်။ ပြည်နယ်/တိုင်းဒေသကြီး သုံးခုသာလျှင် ကီလိုဝပ် ၃၀၀/ လူတစ်ဦး/နှစ် ထက်ပိုသုံးကြပြီး ခုနစ်ပြည်နယ်/တိုင်းဒေသကြီးတို့တွင် ၁၀၀ ကီလိုဝပ်/လူတစ်ဦး/ နှစ် ထက်လျော့နည်းပြီး လေးပြည်နယ်/တိုင်း ဒေသကြီးများ(တနင်္သာရီ၊ ချင်း၊ ရခိုင်နှင့် ကချင်) မှာမူ ၅၀ ကီလိုဝပ်/ လူတစ်ဦး/နှစ်ထက်လျော့နည်း အသုံးပြုကြသည်။

# အချပ်ပို (ဂ)

## စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အစီအစဉ်များ

၂၀၃၀ ခုနှစ်တွင် ၁၀၀ ရာခိုင်နှုန်း လျှပ်စစ်မီးလင်းရေး ကတိကဝတ်နှင့် လျှပ်စစ်မီးလင်းသည့်နှုန်း လျော့နည်းနေသေးသည့် အခြေအနေတွင် မြန်မာအစိုးရအနေဖြင့် ထုတ်လုပ်မှုစွမ်းရည်သစ်နှင့် ထပ်မံလိုအပ်ချက်များကို ဖြည့်ဆည်းရမည့် စိန်ခေါ်မှုဖြင့် ရင်ဆိုင်ရပါလိမ့်မည်။

နိုင်ငံတော်အဆင့် စွမ်းအင်စီမံခန့်ခွဲမှုကော်မတီသည် နှစ်နှစ်တိုင်အောင် သုံးသပ်လေ့လာ၊ တိုင်ပင်ဆွေးနွေးပြီးနောက် မြန်မာနိုင်ငံအမျိုးသားအဆင့် စွမ်းအင်ဆိုင်ရာ မဟာဗျူဟာကို ၂၀၁၅ ခုနှစ်ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သည်။ စာမျက်နှာ ၉၄၃ မျက်နှာထူသည့် မြန်မာနိုင်ငံ၏ စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဘောင်တစ်ခုကို တင်ပြထားသည်။ အပိုင်း ၂.၅ ပုံ ၉ တွင် တွေ့မြင်ခဲ့ရသည့်အတိုင်း လိုအပ်ချက်နည်းပါး၊ အလယ်အလတ်နှင့် အမြင့်မားဆုံး အခြေအနေများအတွက် လိုအပ်ချက်ကို ခန့်မှန်းချက်လည်း ပါရှိသည်။ ၂၀၁၆ ခုနှစ်တွင် တပ်ဆင်ထုတ်လုပ်ခဲ့သည့် စွမ်းအင်နှင့်ပတ်သက်သည့် လျှပ်စစ်/ စွမ်းအင်ဝန်ကြီးဌာနမှ အချက်အလက်များကိုလည်း ပုံတွင် ဖော်ပြထားသည်။ လိုအပ်ချက်ကို ခန့်မှန်းရာတွင် အမှန်တကယ် ထုတ်လုတ်သည့်စွမ်းအင်ထက် များစွာနည်းပါးနေသည်မှာ ထင်ရှားပါသည်။ လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာန၏ အချက်အလက်များအရ ၂၀၁၅ နှင့် ၂၀၁၆ ခုနစ်ထုတ်လုပ်သည့် လျှပ်စစ်ပမာဏ၏ ၁၀ ရာခိုင်နှုန်းခန့်ကို နိုင်ငံခြားသို့ တင်ပို့ခဲ့သည်။ ထို့အပြင် ဓာတ်အားစက်ရုံများအတွက် ပုံမှန်ထိန်းသိမ်းရေးနှင့် ပြုပြင်ရေးများအတွက် အချိန်လိုအပ်သည့်အတွက် သိုမှီးထားသည့် စွမ်းအင် အချို့ စနစ်တွင် လိုအပ်သည်။

### စွမ်းအင်ထုတ်လုပ်မှု

မြန်မာနိုင်ငံတွင် ဓာတ်အားစက်ရုံစုစုပေါင်း ၈၃ ရုံရှိသည်။ (ပုံ ၂၄)

- ဓာတ်ငွေ့လောင်စာသုံးစက်ရုံ (၂၀)
- ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးတည်ရှိသည့် လည်ပတ်နေသည့် ရေအားလျှပ်စစ်စက်ရုံ (၆၂) ရုံ (ယင်းတို့အနက် ၃၅ ခုမှာအသေးစား လျှပ်စစ်စက်ရုံများဖြစ်သည်။)
- ရှမ်းပြည်နယ်တွင်တည်ရှိသည့် ကျောက်မီးသွေးလောင်စာသုံးစက်ရုံ တစ်ရုံတို့ဖြစ်သည်။

ဇယား ၁၂ သည် ၂၀၁၈ ခုနှစ် ဩဂုတ်လအထိ ကာလအတွင်း လျှပ်စစ်/ စွမ်းအင်ဝန်ကြီးဌာနမှ စီစဉ်လုပ်ဆောင်လျက်ရှိသည့် စွမ်းအင်စက်ရုံစီမံကိန်းများကို ဖော်ပြထားသည်။

ဇယား (၁၂)။ လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာနမှ စီစဉ်လုပ်ဆောင်လျက်ရှိသည့် စွမ်းအင်စက်ရုံစီမံကိန်းများ

| လုပ်ဆောင်လျက်ရှိသည့် စွမ်းအင်စက်ရုံစီမံကိန်းများ (ဩဂုတ်လ ၂၀၁၈) | | | | | | | |
|---|---|---|---|---|---|---|---|
| စဉ် | အပူစွမ်းအင်သုံးစက်ရုံ | လောင်စာ အမျိုးအစား | မဂ္ဂါဝပ် | ရေအားလျှပ်စစ် စီမံချက်များ | မဂ္ဂါဝပ် | နေစွမ်းအင်သုံး စီမံချက်များ | မဂ္ဂါဝပ် |
| ၁ | သထုံ CCGT(WB) | သဘာဝဓာတ်ငွေ့ | ၁၀၆ | ကျိုင်းတုံအထက်ပိုင်း | ၅၁ | မင်းဘူး (Green Earth) | ၁၇၀ |
| ၂ | မြင်းခြံ CCGT (Semcorp) | သဘာဝဓာတ်ငွေ့ | ၂၂၅ | ရဲရွာ အထက်ပိုင်း | ၂၈၀ | ဝမ်းတွင်း (ACO) | ၁၅၀ |
| ၃ | ဘီးလင်းဓာတ်ငွေ့အင်ဂျင် | သဘာဝဓာတ်ငွေ့ | ၁၁၀ | ပေါင်းလောင်းအလယ်ပိုင်း | ၁၅၂ | နဘူးအိုင် (ACO) | ၁၅၀ |
| ၄ | မြန်အောင်ဓာတ်ငွေ့အင်ဂျင် | သဘာဝဓာတ်ငွေ့ | ၂၀ | ဒီးဒုတ် | ၆၀ | | |
| ၅ | ရွာမ CCGT(WB) | သဘာဝဓာတ်ငွေ့ | ၂၂၅ | သူငွေး | ၁၁၁ | | |
| ၆ | အလုံ LNG (Toyothai) | သဘာဝဓာတ်ငွေ့ | ၃၅၆ | ရွှေလီ (၃) | ၆၇၁ | | |
| ၇ | ကန်ဘောက် LNG (Total & Siemens) | သဘာဝဓာတ်ငွေ့ | ၁၃၅၀ | မိုင်းဝ | ၆၆ | | |
| ၈ | မြင်းခြံဓာတ်ငွေ့အင်ဂျင် | သဘာဝဓာတ်ငွေ့ | ၉၀ | ဘီလူးချောင်း အထက်ပိုင်း | ၃၀ | | |
| ၉ | ကျောက်ဖြူ CCGT | သဘာဝဓာတ်ငွေ့ | ၁၃၅ | နန်းပေါ် | ၂၀ | | |
| ၁၀ | မီးလောင်ချိုင် LNG (Zhefu) | သဘာဝဓာတ်ငွေ့ | ၁၃၉၀ | | | | |
| ၁၁ | သထုံ (UREC Phase II) | သဘာဝဓာတ်ငွေ့ | ၁၀၆ | | | | |
| ၁၂ | ရွှေတောင် (Daewoo) | သဘာဝဓာတ်ငွေ့ | ၇၃ | | | | |
| ၁၃ | ဘီးလင်း CCGT (JICA) | သဘာဝဓာတ်ငွေ့ | ၃၀၀ | | | | |
| ၁၄ | ဘီးလင်းဓာတ်ငွေ့အင်ဂျင် | သဘာဝဓာတ်ငွေ့ | ၉၀ | | | | |
| စုစုပေါင်း | | | ၄၅၇၆ | | ၁၄၄၃ | | ၄၇၀ |

လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေကို ဆန်းစစ်လေ့လာလျက်ရှိသည့် စွမ်းအင်စက်ရုံစီမံကိန်းများ (ဩဂုတ်လ ၂၀၁၈)

| စဉ် | အပူစွမ်းအင်သုံးစက်ရုံ | လောင်စာ အမျိုးအစား | မဂ္ဂါဝပ် | ရေအားလျှပ်စစ် စီမံချက်များ | မဂ္ဂါဝပ် | နေစွမ်းအင်သုံး စီမံချက်များ | မဂ္ဂါဝပ် |
|---|---|---|---|---|---|---|---|
| ၁ | မြိတ် LBN (KPMI) | သဘာဝဓာတ်ငွေ့ | ၆၆၂ | ရွှေလီ(၂) | ၅၂၀ | ရွှေဘို (Quasar) | ၁၀၀ |
| ၂ | သီလဝါ LNG (ဂျပန်) | သဘာဝဓာတ်ငွေ့ | ၁၀၀၀ | | | ရွှေကျင် floating solar (Suneap) | ၅၀ |
| ၃ | ကွမ်းခြံကုန်း LNG (GS) | သဘာဝဓာတ်ငွေ့ | ၁၅၀၀ | | | | |
| ၄ | ကွမ်းခြံကုန်း Elephant Point (Exxon) | သဘာဝဓာတ်ငွေ့ | ၁၂၀၀ | | | | |
| ၅ | ဒေါ်ငြိမ်း CCGT (PTTEP) | သဘာဝဓာတ်ငွေ့ | ၁၂၀၀ | | | | |
| စုစုပေါင်း | | | ၅၅၆၂ | | ၅၂၀ | | ၁၅၀ |
| စုစုပေါင်း(အားလုံး) (အတည်ပြုပြီးနှင့် ဆန်းစစ်နေသည့်အဆင့်) | | | ၁၀၁၃၈ | | ၁၉၆၂ | | ၆၂၀ |

ရင်းမြစ်။ *MOEE 2018A*

ပုံ (၂၄)။ ဒေသအလိုက် ဓာတ်အားလိုင်းစက်ရုံများပြသသည့် မြန်မာနိုင်ငံမြေပုံ




H ရေအားလျှပ်စစ် Hydropower
C ကျောက်မီးသွေး Coal
G ဓာတ်ငွေ့ Gas
P ဓာတ်အားလိုင်းအရေအတွက်နှင့် အမျိုးအစား
MW တပ်ဆင်စွမ်းအင်ပမာဏ

ရင်းမြစ်။ *Eurocham Myanmar 2017*

## အချပ်ပို (ဃ)

# မြန်မာ့စွမ်းအင်ကဏ္ဍတွင် အလှူရှင်(အဖွဲ့အစည်း) များ၏ ပံ့ပိုးကူညီမှု

### အလှူရှင်း(အဖွဲ့အစည်း) များ၏ ပံ့ပိုးကူညီမှု ခြုံငုံဖော်ပြချက်

ဇယား (၁၃) သည် စွမ်းအင်မူဝါဒနှင့်စီမံကိန်းရေးဆွဲခြင်း၊ စည်းမျဉ်း၊စည်းကမ်းများ၊ ဘဏ္ဍာရေးပိုင်းဆိုင်ရာ ရေရှည်တည်တံ့ ခိုင်မြဲနိုင်မှုနှင့် ရင်းနှီးမြှုပ်နှံမှု စသည့် အဓိကနယ်ပယ်များတွင် ငွေကြေးပံ့ပိုးသူများ၏ ပံ့ပိုးကူညီမှုကို အသေးစိတ် ကျယ်ကျယ်ပြန့်ပြန့် ခြုံငုံသုံးသပ်ဖော်ပြထားသည်။ ထို့နောက် ပံ့ပိုးသူအသီးသီး၏ မကြာသေးမီကာလက အဓိကစွမ်းအင်ကဏ္ဍ လုပ်ငန်းများကိုလည်း အကျဉ်းချုပ်ဖော်ပြထားပါသည်။

ဇယား (၁၃)။ မြန်မာ့စွမ်းအင်ကဏ္ဍတွင် နိုင်ငံတကာငွေကြေးပံ့ပိုးသည့်(အလှူရှင်) အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုအပေါ် ခြုံငုံဖော်ပြချက်

| မူဝါဒနှင့် စီမံကိန်းရေးဆွဲခြင်း | အရင်းအမြစ်ဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်း |
|---|---|
| • စွမ်းအင်မူဝါဒများ၊ စွမ်းအင်ဆိုင်ရာ မဟာဗျူဟာ (ADB) | • ရေအားလျှပ်စစ်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာစံချိန်စံညွှန်းများ ကောင်းမွန်တိုးတက်စေရေး SEA (IFC)<br>• IHA လုပ်ထုံးလုပ်နည်း၊ ရေအားလျှပ်စစ်ဆိုင်ရာ စံချိန်စံညွှန်းများ၊ ရေအားလျှပ်စစ်လုပ်ငန်းဆိုင်ရာ ကွန်ရက်နှင့် သတင်းအချက်အလက်များ (NVE) |
| • လျှပ်စစ်ကဏ္ဍဖွံ့ဖြိုး တိုးတက်မှုအစီအစဉ်၊ လျှပ်စစ်ဆိုင်ရာ မဟာဗျူဟာ (JICA) | • ဓာတ်ငွေ့နှင့် သဘာဝဓာတ်ငွေ့ရည်ဆိုင်ရာ စီးပွားရေးဘောဂဗေဒနှင့် အစီအစဉ်ရေးဆွဲခြင်း (WB) |
| • နိုင်ငံတော်အဆင့်လျှပ်စစ်မီးလင်းရေးစီမံကိန်း၊ ပထဝီအနေအထား တိုင်းတာမှုဆိုင်ရာ (geospatial) အစီအစဉ်ရေးဆွဲခြင်း (WB) | • နေစွမ်းအင်သုံး အသေးစားဓာတ်အားလိုင်း (တည်ဆောက်ခြင်း)ဆိုင်ရာ စီးပွားရေးလုပ်ငန်းပုံစံ (ADB)<br>• လေအား (Wind) mesoscale လေ့လာချက် (DFID) |
| | • RE ၏ ဓာတ်အားလိုင်းပေါင်းစပ်မှု (USTDA, WB) |
| | • လျှပ်စစ်စွမ်းအင်ပြည်ပမှတင်သွင်းနိုင်မှုနည်းလမ်းအမျိုးမျိုး (ADB, WB) |

| စည်းမျဉ်း၊စည်းကမ်းများ | ဘဏ္ဍာရေးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲနိုင်မှု |
|---|---|
| • လျှပ်စစ်ဥပဒေများတွင်ပါရှိသည့် စည်းမျဉ်းစည်းကမ်းများ (ADB, WB) | • ဘဏ္ဍာရေးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရန် လုပ်ဆောင်မည့် လုပ်ငန်းအစီအစဉ် (WB) |
| • Grid code (NVE) | • အခကြေးငွေဆိုင်ရာ သုံးသပ်ချက်နှင့် ဘဏ္ဍာငွေကြေးပိုင်းဆိုင်ရာ အားကောင်းအောင်လုပ်ဆောင်ခြင်း (WB) |
| • PPP အတွက် အသုံးပြုရန် ပုံစံများ (template documents) (IFC, JICA) | |
| • ဓာတ်အားလိုင်းပြင်ပလျှပ်စစ်မီးပေးရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ခြင်း (GIZ, DFID) | |

| ထုတ်လုပ်မှုအတွက် ရင်းနှီးမြှုပ်နှံခြင်း | | |
|---|---|---|
| • ပြည်သူပိုင်၊ ရေအားအခြေခံ (AFD, JICA) | • ပြည်သူပိုင်၊ ဓာတ်ငွေ့အခြေခံ (JICA, WB) | • ပုဂ္ဂလိက၊ဓာတ်ငွေ့အခြေခံ (IFC, အလှူရှင်မျိုးစုံ) |
| **ပို့လွှတ်ခြင်းနှင့်ဖြန့်ဖြူးခြင်း(T&D)အတွက် ရင်းနှီးမြှုပ်နှံခြင်း** | | |
| • ၅၀၀ ကေဗွီ ပို့လွှတ်ခြင်း (JICA,Korea, others) | • 230 ကေဗွီ ပို့လွှတ်ခြင်း (ADB,JICA,WB) | • ဖြန့်ဖြူးခြင်း (ADB,JICA) |

| ကျေးလက်ဒေသမီးလင်းရေးတွင် ရင်းနှီးမြှုပ်နှံခြင်း | |
|---|---|
| • ပင်မဓာတ်အားလိုင်းမှလျှပ်စစ်မီးလင်းရေး (ADB, JICA, KfW, WB) | • ဓာတ်အားလိုင်းပြင်ပလိုင်းများမှ လျှပ်စစ်မီးလင်းရေး (DFID, KfW, KOICA, WB) |

ရင်းမြစ်။ *MOEE 2018*

# အချပ်ပို (င)

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်ဆန်းစစ်လေ့လာချက်များအတွက် စီမံချက်များကို အမျိုးအစားခွဲခြင်း။

ဤအပိုင်းသည် အချပ်ပို (၁)၊ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်ဆန်းစစ်လေ့လာချက်လုပ်ငန်းစဉ်များမှ ကောက်နုတ်တင်ပြထားခြင်းဖြစ်သည်။ (MECF ၂၀၁၅)

## ဆန်းစစ်လေ့လာချက်၏ ရည်ရွယ်ချက်များအတွက် စီးပွားရေးလုပ်ငန်းများကို အမျိုးအစားခွဲခြင်း။

က) ဤအချပ်ပိုသည် အဆိုပြုသည့် မည်သည့်စီမံချက် သို့မဟုတ် လုပ်ငန်းအတွက်မဆို IEE လိုအပ်မည်လား။ EIA လိုအပ်မည်လား ဆိုသည်ကို လမ်းညွှန်ပေးထားသည်။ အကယ်၍ IEE သို့မဟုတ် IEA လုပ်ဆောင်ရန် လိုအပ်သည်ဟု ဆုံးဖြတ်ခဲ့လျှင် ထိုဆုံးဖြတ်ချက်၏ အကျိုးဆက်အနေဖြင့် စီမံချက် သို့မဟုတ်လုပ်ငန်းကို အဆိုပြုသူအနေဖြင့် အဆိုပြုသည့် စီမံချက် သို့မဟုတ် လုပ်ငန်းနှင့်ပတ်သက်၍ သင့်တော်သည့် EMP တစ်ခုကို ပြင်ဆင်၊အတည်ပြုချက်ရယူ၍ အကောင်အထည်ဖော်ရန် တာဝန်ရှိပါသည်။ ထိုဆုံးဖြတ်ချက်ကို အယူခံဝင်ခြင်းကို EIA လုပ်ငန်းစဉ်အတိုင်း လုပ်ဆောင်ရမည်။

ခ) ရှိပြီးသားစီမံချက်တစ်ခု၏ စီမံချက်လုပ်ဆောင်သူတစ်ဦးသည် စီမံချက် သို့မဟုတ် လုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ရန် ရည်ရွယ်လျှင် ဌာနအနေဖြင့် ယင်းတိုးချဲ့လုပ်ဆောင်သည့် စီမံချက် သို့မဟုတ် လုပ်ငန်းအတွက် နောက်ထပ် ဆန်းစစ်လေ့လာရန် IEE ၊ EIA သို့မဟုတ် EMP ပုံစံတစ်ခုခုလိုအပ်ခြင်းရှိ၊ မရှိကို ဆုံးဖြတ်ရာတွင် အောက်တွင် ခွဲခြားသတ်မှတ်ထားသည့် အမျိုးအစားနှင့် အရွယ်အစားပမာဏကို အခြေခံ၍ စဉ်းစား၊ အသုံးပြုရမည်။

ဂ) အောက်ဖော်ပြပါ အမျိုးအစားခွဲခြားချက်တွင်ပါရှိသည့် ထုတ်လုပ်သည့် စွမ်းရည်ကို ထုတ်လုပ်သည့်စွမ်းရည်စုစုပေါင်း (ဥပမာ - စွမ်းအင်ထုတ်လုပ်မှုအတွက် တပ်ဆင်ထားသည့် စွမ်းရည်) အဖြစ် တိကျရှင်းလင်းစွာ မဖော်ပြထားလျှင် အကျုံးဝင်သည့် စွမ်းအင် (အနိမ့်ဆုံး)အဆင့်မှာ ပုံမှန်လုပ်ဆောင်လည်ပတ်ရာမှ စုစုပေါင်းထုတ်လုပ်သည့်ထွက်နှုန်းပင်ဖြစ်သည်။

ဃ) ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းစဉ်၏ အပိုဒ် ၃၀ အရ လိုအပ်လျှင် ဤအချပ်ပိုကို ရံဖန်ရံခါ အဓိပ္ပာယ်ဖွင့်ဆိုခွင့်၊ ရှင်းလင်းခွင့်နှင့် ပြင်ဆင်ခွင့်ရှိသည်။

ဇယား (၁၄)။ စွမ်းအင်ကဏ္ဍစီမံချက်များအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာချက်များလုပ်ဆောင်ရန် လိုအပ်သည့်လုပ်ငန်းများကို အမျိုးအစားခွဲခြားခြင်း

| စဉ် | စီးပွားရေးလုပ်ငန်းအမျိုးအစား | IEE ပုံစံ စီးပွားရေးလုပ်ဆောင်ချက်များ အတွက် သတ်မှတ်ချက်စံနှုန်း | IEE ပုံစံ စီးပွားရေးလုပ်ဆောင်ချက်များ အတွက် သတ်မှတ်ချက်စံနှုန်း |
|---|---|---|---|
| အထူးရင်းနှီးမြှုပ်နှံမှုစီမံချက်များ | | | |
| ၁ | အစိုးရအဖွဲ့ သို့မဟုတ် သမ္မတ သို့မဟုတ် လွှတ်တော်မှဆုံးဖြတ်ခဲ့သည့် ရင်းနှီးမြှုပ်နှံသည့် စီမံချက်များ | -- | အရွယ်အစားအားလုံး |
| စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု | | | |
| ၂ | ရေအားလျှပ်စစ်ထုတ်လုပ်မှုစက်ရုံများ | စက်တပ်ဆင်အား≥ ၁ မဂ္ဂါဝပ် သို့သော် < ၁၅ မဂ္ဂါဝပ်နှင့် ရေကာတာပမာဏ (အပြည့်အဝပေးနိုင်သည့် အတိုင်းအတာ) ၂၀,၀၀၀,၀၀၀ m3 နှင့် ရေလှောင်ကန် နယ်ပယ် (အပြည့်အဝပေးနိုင်သည့် အတိုင်းအတာ) <၄၀၀ ha | စက်တပ်ဆင်အား ≥ ၁၅ မဂ္ဂါဝပ် သို့မဟုတ် ရေကာတာပမာဏ (အပြည့်အဝပေးနိုင်သည့်အတိုင်းအတာ) ≥၂၀,၀၀၀,၀၀၀ m3 သို့ ရေလှောင်ကန်နယ်ပယ် (အပြည့်အဝပေးနိုင်သည့် အတိုင်းအတာ) <၄၀၀ ha |
| ၃ | နျူကလီးယားစွမ်းအင်စက်ရုံများ | -- | အရွယ်အစားအားလုံး |
| ၄ | သဘာဝဓာတ်ငွေ့ သို့မဟုတ် ဇီဝဓာတ်ငွေ့ စွမ်းအင်စက်ရုံများ | စက်တပ်ဆင်အား ≥ ၅ မဂ္ဂါဝပ် သို့ရာတွင် < ၅၀ မဂ္ဂါဝပ် | စက်တပ်ဆင်အား ≥ ၅ မဂ္ဂါဝပ် သို့သော် <၅၀မဂ္ဂါဝပ် |

| | | | |
|---|---|---|---|
| ၅ | ကျောက်မီးသွေး လောင်စာသုံး စွမ်းအင်စက်ရုံများ | စက်တပ်ဆင်အား ≥ ၁ မဂ္ဂါဝပ် သို့သော် <၁၀မဂ္ဂါဝပ် | စက်တပ်ဆင်အား ≥ ၁၀ မဂ္ဂါဝပ် |
| ၆ | စွန့်ပစ်ပစ္စည်းများမှစွမ်းအင်ထုတ်လုပ်သည့် စက်ရုံများ | စက်တပ်ဆင်အား ≥ ၅၀ မဂ္ဂါဝပ် | ဝန်ကြီးဌာနမှ စီမံချက်သည် EIA လုပ်ဆောင်ရန် လိုအပ်သည့် လုပ်ငန်းများအားလုံး |
| ၇ | ဘူမိအပူစွမ်းအင်သုံးစက်ရုံများ | စက်တပ်ဆင်အား ≥ ၅ မဂ္ဂါဝပ် သို့ရာတွင် <၅၀မဂ္ဂါဝပ် | စက်တပ်ဆင်အား ≥ ၅၀ မဂ္ဂါဝပ် |
| ၈ | ကွန်ဘိုင်းဆိုင်ကယ် (ပေါင်းစပ် လည်ပတ်သည့်) စွမ်းအင်စက်ရုံများ (ဓာတ်ငွေ့ နှင့် မြေစွမ်းအင်) | စက်တပ်ဆင်အား ≥ ၅ မဂ္ဂါဝပ် သို့ရာတွင် <၅၀မဂ္ဂါဝပ် | စက်တပ်ဆင်အား ≥ ၅၀ မဂ္ဂါဝပ် |
| ၉ | ဘူမိအပူစွမ်းအင်သုံးစက်ရုံများ (နံပါတ် ၄၊ ၅၊ ၆၊ ၇ နှင့် ၈ရှိ အမျိုးအစားများမဟုတ် သည့်) | စက်တပ်ဆင်အား ≥ ၅ မဂ္ဂါဝပ် သို့ရာတွင် <၅၀မဂ္ဂါဝပ် | စက်တပ်ဆင်အား ≥ ၅၀ မဂ္ဂါဝပ် |
| ၁၀ | လေစွမ်းအင်သုံး ဓာတ်အားစက်ရုံများ | စက်တပ်ဆင်အား ≥ ၅ မဂ္ဂါဝပ် သို့ရာတွင် <၅၀မဂ္ဂါဝပ် | စက်တပ်ဆင်အား ≥ ၅၀ မဂ္ဂါဝပ် |
| ၁၁ | နေစွမ်းအင်သုံး ဓာတ်အားစက်ရုံများ | စက်တပ်အား ≥ ၅၀ မဂ္ဂါဝပ် | ဝန်ကြီးဌာနမှ စီမံချက်သည် EIA လုပ်ဆောင်ရန် လိုအပ်သည့် လုပ်ငန်းများအားလုံး |
| ၁၂ | တုန်ခါမှုဖြင့် ကုန်းတွင်းရေနံနှင့်သဘာဝ ဓာတ်ငွေ့စမ်းသပ်ရှာဖွေခြင်းလုပ်ငန်း | အရွယ်အစားအားလုံး | |
| ၁၃ | ကုန်းတွင်းရေနံနှင့်သဘာဝဓာတ်ငွေ့ စမ်းသပ်တူးဖော်ခြင်းလုပ်ငန်း | -- | အရွယ်အစားအားလုံး |
| ၁၄ | ကုန်းတွင်းရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေး တွင်းများတူးဖော်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ပိုက်လိုင်းသွယ်တန်းခြင်းအပါအဝင် သယ်ယူ ပို့ဆောင်ခြင်းလုပ်ငန်းများ၊ မှတ်ထုတ်ခြင်းစခန်း၊ စုပ်တင်ခြင်းစခန်းနှင့် သိုလှောင်ခြင်းလုပ်ငန်းများ၊ အထောက်အကူပြုလုပ်ငန်းများနှင့် ရပ်ဆိုင်းခြင်း လုပ်ငန်းများ | -- | အရွယ်အစားအားလုံး |
| ၁၅ | တုန်ခါမှုဖြင့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ စမ်းသပ် ရှာဖွေခြင်းလုပ်ငန်း | အရွယ်အစားအားလုံး | -- |
| ၁၆ | ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ စမ်းသပ်တူးဖော်ခြင်းလုပ်ငန်း | -- | အရွယ်အစားအားလုံး |
| ၁၇ | ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေး တွင်းများတူးဖော်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ပိုက်လိုင်း သွယ်တန်းခြင်းအပါအဝင် သယ်ယူ ပို့ဆောင်ခြင်းလုပ်ငန်းများ၊ မှတ်ထုတ် ခြင်းစခန်း၊စုပ်တင်ခြင်း စခန်းနှင့်သိုလှောင် ခြင်းလုပ်ငန်းများ၊ အထောက်အကူပြု လုပ်ငန်းများနှင့်ရပ်ဆိုင်းခြင်းလုပ်ငန်းများ | -- | အရွယ်အစားအားလုံး |

| | | | |
|---|---|---|---|
| ၁၈ | ရေနံချက်စက်ရုံ သို့မဟုတ် သဘာဝ ဓာတ်ငွေ့စက်ရုံ (ရေနံဓာတ်ငွေ့ရည်(LPG) စက်မောင်းဆီ(Mo Gas)၊ ရေနံဆီ၊ ဒီဇယ်၊ မီးထိုးဆီ၊ ဓာတ်ဆီ၊ ကတ္တရာစေး၊ နိုင်လွန် ကတ္တရာ၊ ကန့်နှင့် intermediate products e.g. Propane/propylene mixtures, virginnaphtha, middle distillate and vacuum distillate for the petrochemical industry | -- | အရွယ်အစားအားလုံး |
| ၁၉ | သဘာဝဓာတ်ငွေ့ထုတ်ကုန်ပစ္စည်းများ ပြုပြင်သန့်စင်ထုတ်လုပ်ခြင်းလုပ်ငန်း (သဘာဝဓာတ်ငွေ့မှ မက်သနောနှင့် Naptha, gasoline, kerosene, disel fuel, waxes, lubes ကဲ့သို့သော ရေနံဓာတ်ငွေ့ ရည်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း) | -- | အရွယ်အစားအားလုံး |
| ၂၀ | သဘာဝဓာတ်ငွေ့ရည်ထုတ်လုပ်ခြင်း လုပ်ငန်း | -- | အရွယ်အစားအားလုံး |
| ၂၁ | ရေနံနှင့်သဘာဝဓာတ်ငွေ့ သယ်/ပို့စခန်း တည်ဆောက်ခြင်းလုပ်ငန်း | -- | အရွယ်အစားအားလုံး |
| ၂၂ | ရေနံသိုလှောင်ကန် သို့မဟုတ် သဘာဝဓာတ်ငွေ့လှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်း | ရေနံသိုလှောင်နိုင်မှု တန် ၁၀,၀၀၀ အောက် ဓာတ်ငွေ့သိုလှောင်နိုင်မှု တန်ချိန် ၂၅၀၀ အောက် | ရေနံသိုလှောင်နိုင်မှု တန် ၁၀,၀၀၀ နှင့်အထက် ဓာတ်ငွေ့သိုလှောင်နိုင်မှု တန် ၂၅၀၀ နှင့်အထက် |
| ၂၃ | ရေနံသို့မဟုတ်သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်း စနစ်တည်ဆောက်ခြင်းလုပ်ငန်း | < ၁၀ ကီလိုမီတာ | ≥ ၁၀ ကီလိုမီတာ |
| ၂၄ | ဓာတ်ငွေ့ရည်(LPG)၊ သဘာဝဓာတ်ငွေ့(CNG)အပါအဝင် စက်သုံးဆီအရောင်းဆိုင်လုပ်ငန်း | သိုလှောင်နိုင်မှု ၁၀ ကုဗမီတာ (လီတာ ၁၀,၀၀၀) နှင့်အထက် | ဝန်ကြီးဌာနက EIA ပြုလုပ်ရန် လိုအပ်သည်ဟု သတ်မှတ်သည့်စီမံကိန်းအားလုံး |
| ၂၅ | ရေနံအခြေပြုအော်ဂဲနစ်ဓာတုဗေဒပစ္စည်း များ ထုတ်လုပ်ခြင်းလုပ်ငန်း | -- | အရွယ်အစားအားလုံး |
| ၂၆ | လျှပ်စစ် ဓာတ်အားလိုင်းသွယ်တန်းခြင်း | ≥ ၁၁၅ ကေဗွီ သို့သော် < ၂၃၀ကေဗွီ | ဝန်ကြီးဌာနက EIA ပြုလုပ်ရန် လိုအပ်သည်ဟု သတ်မှတ်သည့် စီမံကိန်းအားလုံး |
| ၂၇ | လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်း | ≥ ၂၃၀ကေဗွီ | ဝန်ကြီးဌာနက EIA ပြုလုပ်ရန် လိုအပ်သည်ဟု သတ်မှတ်သည့် စီမံကိန်းအားလုံး |
| ၂၈ | ဗို့အားမြင့် (၂၃၀ကေဗွီနှင့် ၅၀၀ ကေဗွီ) ဓာတ်အားခွဲရုံများ | ≥ ၄ ဟက်တာ | ဝန်ကြီးဌာနက EIA ပြုလုပ်ရန် လိုအပ်သည်ဟု သတ်မှတ်သည့် စီမံကိန်းအားလုံး |

## အချပ်ပို (စ)

# ADB မြန်မာ၏ ပင်မဓာတ်အားလိုင်း ပြင်ပ ပြည့်မြဲစွမ်းအင် စမ်းသပ်လုပ်ကိုင်မှုစီမံချက်

### စီမံချက်ပုံစံ

ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန (DRD) နှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများနှင့်အတူပူးပေါင်း၍ အကောင်အထည်ဖော်ခဲ့သည့် ADB မြန်မာ၏ ပင်မဓာတ်အားလိုင်းပြင်ပ ပြန်ပြည့်မြဲစွမ်းအင် စမ်းသပ်လုပ်ကိုင်မှုစီမံချက်တွင် အဓိကအပိုင်း သုံးပိုင်းပါရှိပါသည်။ (၁) စမ်းသပ် အသေးစားဓာတ်အားလိုင်းများ (၂) ပထဝီဝင်အနေအထားနှင့် ဒေသအခြေအနေ ဆက်စပ်တိုင်းတာ အစီအစဉ်ရေးဆွဲခြင်း (geospatial planning) နှင့် ပင်မဓာတ်အားလိုင်းပြင်ပ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်နှင့် (၃) အသေးစားဓာတ်အားလိုင်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရ၏ စွမ်းဆောင်ရည်ကောင်းမွန်လာစေရေး စီမံကိန်းတို့ဖြစ်သည်။

ဤစီမံချက်သည် မြန်မာနိုင်ငံရှိ ရွာသူ/ရွာသားများအတွက် နေစွမ်းအင်သုံး အသေးစားဓာတ်အားလိုင်းများကို စနစ်တကျတည်ဆောက်ရန် လမ်းသစ်ထွင်အားထုတ်ခဲ့ခြင်းဖြစ်သည့်အတွက် မှတ်တမ်းတင်ဖော်ပြသင့်ပါသည်။ စီမံချက်သည် ပစ္စည်းဝယ်ယူရာတွင် တင်ဒါခေါ်ယူပြီး သုံးစွဲသူက ဝန်ဆောင်မှုအတွက် ကြိုတင်ပေးချေသည့် ပေးပြီးသွား (pay-as-you-go) ပုံစံကို အသုံးပြုခဲ့သည်။

၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ၊ စီမံချက်သည် နိုင်ငံ၏အလယ်ပိုင်းဒေသ (မကွေး၊မန္တလေးနှင့်စစ်ကိုင်းတိုင်းဒေသကြီးများ)ရှိ ရွာပေါင်း ၁၂ရွာတွင် နေစွမ်းအင်သုံး အသေးစား ဓာတ်အားလိုင်းများကို အောင်မြင်စွာတပ်ဆင်ပေးခဲ့သည်။ ယင်းတို့တွင် သီးခြားရပ်တည်သည့် (stand-alone) စီမံကိန်း ၁၀ခု၊ ဒီဇယ်နှင့် ရောစပ်ထုတ်လုပ်သည့်စနစ်ဖြင့် တစ်ခုနှင့် ရွာသို့ ပင်မဓာတ်အားလိုင်း ဝင်ရောက်လာလျှင် ချိတ်ဆက်နိုင်စေရန် ပင်မဓာတ်အားလိုင်း၏ စံချိန်စံညွှန်းများဖြင့် တည်ဆောက်ခဲ့သည့် စီမံချက်တစ်ခုတို့ပါဝင်သည်။ (ဇယား ၁၅ ကို ကြည့်ပါ။) ADB မှ စုစုပေါင်းလုပ်ငန်းကုန်ကျငွေ၏ ၈၀ ရာခိုင်နှုန်းကို ငွေကြေးထောက်ပံ့ပေးပြီး ကျေးလက်ရပ်ရွာလူမှုအသိုင်းအဝိုင်းမှ ၂၀ ရာခိုင်နှုန်း ထည့်ဝင်သည်။

ပုံ (၂၅)။ ဘယ်ဘက်ပုံ၊ ADB ၏ စမ်းသပ်နေစွမ်းအင်သုံး အသေးစားဓာတ်အားလိုင်းများ၏ အစိတ်အပိုင်းအဖြစ် တပ်ဆင်သည့် PV အသေးစား ဓာတ်အားလိုင်း ယာဘက်ပုံ၊ စွမ်းအင်ကို ဘက်ထရီအတွင်းထည့်သွင်းသိုမှီးသည့်နေရာ၊ စမ်းသပ်နေစွမ်းအင်သုံးအသေးစားဓာတ်အားလိုင်း၏ အစိတ်အပိုင်း





ရင်းမြစ်။ *ADB 2017B*

စီမံချက်၏ နောက်ထပ်အစိတ်အပိုင်းမှာ ပထဝီဝင်အနေအထားနှင့် ဒေသအခြေအနေဆက်စပ် အစီအစဉ်ရေးဆွဲခြင်း၊ မြန်မာနိုင်ငံရှိ ပြန်ပြည့်မြဲစွမ်းအင်သုံး ပင်မဓာတ်အားလိုင်းပြင်ပ လိုင်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်နှင့် မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများတွင် ပြန်ပြည့်မြဲစွမ်းအင်သုံး အသေးစားဓာတ်အားလိုင်းများအတွက် အခွင့်အလမ်းများကို စီမံချက် အကောင်အထည်ဖော်သူများအား ဖော်ထုတ်လုပ်ဆောင်ရာတွင် အထောက်အကူဖြစ်စေရန် အွန်လိုင်း ပထဝီအနေအထားဖြင့် ဝက်ဘ်ဆိုဒ်တွင်အသုံးပြုနိုင်သည့် မြေပုံနည်းစနစ်တစ်ခုတို့ ပါဝင်ပါသည်။ (ပုံ ၂၆) စီမံချက်မှ စီမံချက်၏ တတိယအစိတ်အပိုင်းတွင်ပါဝင်သည့် စွမ်းရည်မြှင့်တင်ရေးသင်တန်းအမျိုးမျိုးမှ သင်တန်းမှတ်စုများနှင့် ပြန်ပြည့်မြဲစွမ်းအင် အသုံးပြုသည့် အသေးစားဓာတ်အားလိုင်း ၁၂ ခု၏ အတွေ့အကြုံများနှင့် သင်ခန်းစာများကို မှတ်တမ်းတင်ထားသည့် လမ်းညွှန်စာအုပ်တစ်အုပ်ကိုလည်း ထုတ်ဝေခဲ့သည်။ (ADB 2017B) ဤလမ်းညွှန်သည် အစိုးရဝန်ထမ်းများ၊ RE အကောင်အထည်ဖော်သူများနှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်သူများကို အထောက်အကူဖြစ်စေရန်နှင့် မြန်မာနိုင်ငံတွင် အသေးစားဓာတ်အားလိုင်းစီမံချက်များ အကောင်အထည်ဖော်လုပ်ဆောင်မှုအတွက် လေ့လာသင်ယူစရာ သင်ခန်းစာအချို့ကို ဝေမျှပေးရန် ရည်ရွယ်ပါသည်။

ဇယား (၁၅) ADB ၏ ပံ့ပိုးမှုဖြင့် ပြည့်မြဲစွမ်းအင်သုံး အသေးစားဓာတ်အားလိုင်း စမ်းသပ်စီမံချက်များ

| မြို့နယ် | ရွာ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | PV စွမ်းအင် (ကီလိုဝပ်) | ဘက်ထရီ စွမ်းအင် (ကီလိုဝပ်) | စုစုပေါင်း ကုန်ကျငွေ ($) | အမျိုးအစား |
|---|---|---|---|---|---|---|---|
| **မကွေးတိုင်းဒေသကြီး** | | | | | | | |
| သရက် | ဂုံမဂျီ | ၁၉၇ | ၉၃၂ | ၇.၂ | ၅၇.၆ | ၇၃,၃၅၀ | သီးခြားရပ်တည် |
| ဆင်ပေါင်ဝဲ | ကုန်းသာ | ၂၇၀ | ၂၁၇၀ | ၈.၇ | ၆၃.၃ | ၈၂,၃၆၈ | သီးခြားရပ်တည် |
| မင်းဘူး | ပေါက်လေးပင် | ၈၉ | ၃၃၆ | ၄.၉ | ၅၇.၆ | ၄၄,၁၀၀ | ဒီဇယ်ပေါင်းစပ် |
| ရေနံချောင်း | ကုက္ကိုဂွ | ၃၃၀ | ၁၆၅၄ | ၁၃ | ၉၂.၂ | ၁၀၂,၃၀၀ | သီးခြားရပ်တည် |
| စလင်း | ကုန်းသာ | ၁၄၃ | ၆၂၅ | ၆.၅ | ၃၈.၄ | ၅၀,၈၃၂ | သီးခြားရပ်တည် |
| ပေါက် | မုန်းကုန်း | ၁၅၇ | ၈၃၆ | ၆.၀ | ၄၆.၁ | ၅၀,၈၅၆ | သီးခြားရပ်တည် |
| **မန္တလေးတိုင်းဒေသကြီး** | | | | | | | |
| ကျောက်ဆည် | မြင်းချည်နိုင် | ၃၁၇ | ၉၂၅ | ၁၀.၈ | ၈၆.၄ | ၉၈,၅၈၀ | ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ရန်အသင့် |
| ညောင်ဦး | စံကန် | ၂၀၀ | ၉၇၇ | ၉.၈ | ၁၁၅.၂ | ၇၅,၀၀၀ | သီးခြားရပ်တည် |
| ကျောက်ပန်းတောင်း | ကြက်ဆူတော | ၁၀၃ | ၄၈၄ | ၄.၉ | ၅၇.၆ | ၈၇,၉၈၀ | သီးခြားရပ်တည် |
| တောင်သာ | စွန်းလွန်း | ၁၁၀ | ၆၅၄ | ၄.၉ | ၅၇.၆ | | သီးခြားရပ်တည် |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | | |
| စစ်ကိုင်း | ဦးအိုင်ကျွန်း | ၁၇၀ | ၅၆၉ | ၆.၀ | ၄၆.၁ | ၁၀၂,၇၇၀ | သီးခြားရပ်တည် |
| ခင်ဦး | ရောက်သစ်ကန် | ၁၆၅ | ၆၆၈ | ၇.၀ | ၆၁.၄ | | သီးခြားရပ်တည် |

ရင်းမြစ်၊ *ADB 2017A*

## စီမံချက်များမှ ရရှိသည့်သင်ခန်းစာများ

အထက်တွင် အသေးစားဓာတ်အားလိုင်း စမ်းသပ်စီမံချက် ၁၂ ခု အကောင်အထည်ဖော်ရာတွင် ရရှိခဲ့သည့် အဓိကသင်ခန်းစာများကို အကျဉ်းချုပ်ဖော်ပြထားသည်။

ရပ်ရွာပြည်သူလူထု ပူးပေါင်းပါဝင်မှုနှင့် စည်းရုံးခြင်း၊ ဆွေးနွေးပွဲများကို အကြိမ်ကြိမ်ပြုလုပ်မှုများ ပါဝင်သည့် ရပ်ရွာပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံခြင်းသည် အောင်မြင်သည့် အသေးစားဓာတ်အားလိုင်း စမ်းသပ်စီမံချက်များ၏ အရေးပါသည့်အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့သည်။ ဤထိတွေ့ဆက်ဆံမှုသည် ကာလကြာရှည်စွာ ဆက်ထိန်းထားရန် ခက်ခဲသည့်အတွက် နောင်လုပ်ကိုင်မည့် အသေးစားဓာတ်အားလိုင်းစီမံချက်များကို လုပ်ဆောင်ရာတွင် ရွာမှစိတ်ဝင်စားသည် ဟုဆိုသည်နှင့်တစ်ပြိုက်နက်တည်း ချက်ခြင်းတပ်ဆင်လုပ်ဆောင်မှုကို စတင်သင့်သည်။ ရွာသူရွာသားများသည် ညအချိန်တွင် လုံခြုံရေးအတွက် အားကောင်းစေသည့် လမ်းမီးများတပ်ဆင်မှုကို အထူးသဖြင့် သဘောကျကြပြီး ယင်းအတွက် ငွေပေးရမည်ဆိုပါကလည်း ပေးလိုကြသည်။ ငွေပေးသည့်စနစ်များကိုလည်း ပြင်ဆင်ပြောင်းလဲလွယ်သည့် ပုံစံမျိုးဖြစ်သင့်ပြီး ရွာသားများ၏ဝင်ငွေရရှိသည့် ရာသီအလိုက်အခြေအနေ၊အနေအထားကို ထည့်သွင်းစဉ်းစားသင့်သည်။ အစိုးရအနေဖြင့် အနာဂတ်တွင် အသေးစားဓာတ်အားလိုင်းတည်ဆောက်မှုအတွက် ပြင်ဆင်ရာတွင် သင်တန်းအစီအစဉ်တစ်ခုတွင် ယင်းသင်ခန်းစာများကို ထည့်သွင်းသင့်သည်။

**ပုံ (၂၆)။ မကွေး၊မန္တလေးနှင့်စစ်ကိုင်းတိုင်းဒေသကြီးများရှိ အသေးစားဓာတ်အားလိုင်းအသစ်များ စီမံကိန်းရေးဆွဲရန်အတွက် ပထဝီအနေအထားဖြင့် ဝက်ဘ်ဆိုဒ်တွင် မြေပုံဆွဲသည့် နည်းစနစ် (Geospatial web-mapping tool)**




ရင်းမြစ်။ *Cader 2018 and http://adb-myanmar.integration.org*

အစိုးရ၏ စွမ်းဆောင်ရည်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနသည် အချို့နယ်ပယ်များ အထူးသဖြင့် GIS တွင် အလွန်ပင်ကျွမ်းကျင်ကြပါသည်။ သို့သော် အချို့နေရာများ တစ်နည်းအားဖြင့် နည်းပညာပိုင်းဆိုင်ရာ အသေးစိတ် အချက်အလက်များနှင့် ဝယ်ယူရေး၊ ကျွမ်းကျင်ပညာရှင်များကို သင်တန်းပေးခြင်း၊ အသေးစားဓာတ်အားလိုင်း နည်းပညာနှင့် ဒီဇိုင်း၊ ဦးတည်နေရာများကို ဆန်းစစ်ချက်နှင့် မီတာခများနှင့် ငွေပေးမှုစနစ်များ အပါအဝင် အသေးစားဓာတ်အားလိုင်းများအတွက် စီးပွားရေးလုပ်ဆောင်မှုပုံစံများတွင်မူ စွမ်းရည်မြှင့်တင်ပေးရန် လိုအပ်ပါသည်။ DRD နှင့် MOEE အတွက် နောက်ထပ်သင်တန်းတစ်ခုမှာ နေစွမ်းအင်အပြင် အခြား ပြန်ပြည့်မြဲစွမ်းအင်နည်းပညာများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်အတွက် အကြံပြုလိုပါသည်။ သို့မှသာ အခြားနည်းပညာများကို အသုံးပြုထားသည့် ရှိပြီးသား အသေးစားဓာတ်အားလိုင်းများကို ကျေးလက်မီးလင်းရေးအစီအစဉ်တွင် ထည့်သွင်းနိုင်မည် ဖြစ်သည်။

ကျေးလက်မီးလင်းရေးတွင် ပတ်သက်ဆက်စပ်နေသည့် ဝန်ကြီးဌာနများ အကြား ပူးပေါင်းလုပ်ဆောင်မှု၊ သင်တန်းများ ပေးရာတွင် ကျေးလက်မီးလင်းရေးတွင် ပတ်သက်ဆက်စပ်နေသည့် အနည်းဆုံး ဝန်ကြီးဌာန ငါးခုနှင့် ဌာနများစွာအကြား ပူးပေါင်းလုပ်ဆောင်သင့်သည်။

ပထဝီအနေအထားဆိုင်ရာ ဝက်ဘ်ဆိုဒ်တွင် မြေပုံဖြင့်ဖော်ပြသည့်နည်းစနစ်၏ အကျိုးကျေးဇူးများ၊ မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွက် ရေးဆွဲခဲ့သည့် အခမဲ့အသုံးပြုနိုင်သည့် နည်းစနစ်မှာ အသေးစားဓာတ်အားလိုင်းအသစ် များ အကောင်အထည်ဖော်ရန် စီစဉ်သည့်သူများအတွက် များစွာအထောက်အကူဖြစ်စေခဲ့သည်။ ထိုလုပ်ဆောင်နိုင်မှုကို အခြားနေရာများသို့ တိုးချဲ့ခြင်းဖြင့် အလွန်အသုံးဝင်သည့် အစီအစဉ်ရေးဆွဲသော နည်းစနစ်တစ်ခု ဖြစ်စေနိုင်သည်။

စည်းကမ်းချမှတ်ခြင်းဆိုင်ရာ/မူဝါဒစိန်ခေါ် မှုများ၊ ပြည့်မြဲစွမ်းအင်သုံး အသေးစားဓာတ်အားလိုင်းများကို အသုံးပြုသည့် လျှပ်စစ်မီးလင်းရေးစီမံချက်များသည် မဟာဓာတ်အားလိုင်းရောက်ရှိလာလျှင် ဈေးပိုပေါ၍ များစွာလျှော့ပေါ့သည့် နှုန်းထားဖြင့် လျှပ်စစ်ဓာတ်အားများရရှိလာမည့်အတွက် လက်ရှိစနစ်များနှင့် ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးနိုင်သည့် စည်းမျဉ်းဥပဒေများမရှိခြင်းသည် ဆက်၍ အန္တရာယ်ရှိနိုင်သည့်အခြေအနေတွင် ရှိနေပါလိမ့်ဦးမည်။

# အချပ်ပို (ဆ)

## မြန်မာနိုင်ငံရှိ အသေးစားဓာတ်အားလိုင်းများ

### စမာ့တ်ပါဝါမြန်မာ (Smart Power Myanmar)၊ ကျေးလက်မီးလင်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အသေးစားဓာတ်အားလိုင်းများ တည်ဆောက်ခြင်း

၂၀၁၈ ခုနှစ်မေလတွင် စတင်ခဲ့သည့် Smart Power Myanmar သည် သုံးစွဲသူအခြေပြုဖြေရှင်းချက်များ၊ ရေရှည် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြီးပြည့်စုံသည့် ပြောင်းလဲမှုကို ဗဟိုပြု၍ အလိုအပ်ဆုံးသူများအား လျှပ်စစ်မီးရရှိစေမည့် မူဝါဒများနှင့် မှန်ကန်သည့် မက်လုံးများ ဆောင်ကြဉ်းပေးခြင်းဖြင့် လက်တွေ့ကျပြီး ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ပြည့်မြဲစွမ်းအင်ဖြင့် ဂေဟစနစ်ကိုတည်ဆောက်နေသည်။ Smart Power Myanmar အနေဖြင့် အသေးစားဓာတ်အား လိုင်းထောင်ပေါင်းများစွာနှင့် အခြားကျေးလက်ဒေသ မီးလင်းရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန် ဒေါ်လာသန်းပေါင်းရာချီ၍ စုစည်းလုပ်ဆောင်ရန် ရည်ရွယ်ပါသည်။ Smart Power Myanmar ကို တည်ထောင်သည့်အဖွဲ့ဝင်များတွင် ရော့ခ်ဖဲလားဖောင်ဒေးရှင်း၊ ကမ္ဘာ့ဘဏ်၊ USAID နှင့် ရိုးမ (Yoma) Strategic Holdings တို့ပါဝင်ပါသည်။

၂၀၁၉ ခုနှစ် ပထမသုံးလပတ်အတွင်း ထုတ်ဝေမည့် Smart Power ၏ "ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် စွမ်းအင်ဈေးကွက် ဆန်းစစ်လေ့လာချက်" တွင် မှန်ကန်သည့် မက်လုံးများ (အကျိုးအမြတ်များ) နှင့် စည်းမျဉ်းစည်းကမ်းချမှတ်မှု များဖြင့် ပင်မဓာတ်အားလိုင်းပြင်ပရှိ လူဦးရေ၏ ၈၈ ရာခိုင်နှုန်းကျော်ကို လွှမ်းခြုံပေးလျက် ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံတွင် အမြတ်အစွန်းရရှိနိုင်သည့် အသေးစား ဓာတ်အားလိုင်းပေါင်း ၂၄,၀၀၀ ကို တည်ဆောက်နိုင်လိမ့်မည်ဟု အကြံပြုထားသည်။

သို့ရာတွင် အသေးစားဓာတ်အားလိုင်းများကို မြန်မာပြည်သူ၊ ပြည်သားများအား ခေတ်မီစွမ်းအင်ဆိုင်ရာ ဝန်ဆောင်မှုများ၏ အကျိုးကျေးဇူးများကို အပြည့်အဝဆောင်ကြဉ်းပေးနိုင်ရန်နှင့် အကောင်အထည်ဖော်သူများ၏ ဘဏ္ဍာငွေကြေး တည်တံ့မှုနှစ်ခုစလုံးအတွက် အပြည့်အဝအသုံးချခြင်းမျိုးဖြစ်ရန် အရေးကြီးလှသည်။ စမာတ့်ပါဝါမြန်မာ၏ စီအီးအိုဖြစ်သည့် ရစ်ချတ်ဟယ်ရီဆန်က ပြဿနာကို အောက်ပါအတိုင်း ပြောကြားခဲ့သည်။

> *ယနေ့အထိ တည်ဆောက်ခဲ့တဲ့ အသေးစားဓာတ်အားလိုင်းတွေနဲ့ လျှပ်စစ်မီးရတဲ့သူတွေဟာ စွမ်းအင်ကို ထိထိရောက်ရောက် အသုံးပြုတဲ့ ပစ္စည်းတွေနဲ့ စွမ်းအင်ကို တကယ်သုံးအောင် ကြိုးပမ်းတာမျိုးမရှိသလို အလုပ်အကိုင်နဲ့ ဝင်ငွေတွေရရှိနိုင်တဲ့ အသေးစား စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့လုပ်ငန်းလိုမျိုး ကုန်ထုတ်လုပ်မှုအတွက် အသုံးချတာမျိုးလဲ မရှိသလောက်ဘဲ။ ကျယ်ပြန့်တဲ့ စီးပွားရေးဂေဟစနစ် ဒါမှမဟုတ် ကုန်ကြမ်းကနေကုန်ချောရောင်းတဲ့အထိ လုပ်ဆောင်မှုတွေနဲ့ အခြား စီးပွားရေးလုပ်ငန်းတွေနဲ့ ချိတ်ဆက်၊ဆက်စပ်တာမရှိဘူး။ "ဆောက်လိုက်... ပြီးရင်ဖြစ်လာလိမ့်မယ်"ဆိုတာဘဲ။ ဒါပေမဲ့ ဒီလိုဖြစ်မနေ တာတော့ ကံဆိုးတာဘဲ။ ကျေးလက်မီးလင်းရေးမှာ သုံးစွဲသူတွေကို စက်ပစ္စည်းတွေနဲ့ပတ်သက်ပြီး ပညာပေးတာနဲ့ ဒီလိုပစ္စည်းကိရိယာတွေဝယ်ရင် အတိုးနှုန်းနည်းနည်းလေးနဲ့ ဝယ်လိုရတဲ့စနစ်တွေကို သေချာစီမံကိန်းထဲမှာ ထည့်ဆွဲဖို့ လိုတယ်ဆိုတာ သမိုင်းက သက်သေခံနေတယ်။*

Smart Power Myanmar သည် ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့် စွမ်းအင်ကို စီးပွားရေးလုပ်ငန်းများလုပ်ကိုင်၍ ဝင်ငွေရရှိနိုင်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တည်ထောင်ရန်နှင့် အပြန်အလှန်အားဖြင့် အသုံးပြုမှုကို တိုးမြှင့်ခြင်း ဖြင့် အသေးစားဓာတ်အားလိုင်း များ၏ စီးပွားရေးအခြေအနေများတိုးတက်လာစေရန် လုပ်ကိုင်လျက်ရှိသည်။

ဟာရီဆန်က ဆက်လက်ပြောကြားရာတွင် -

> *လက်တွေ့ကျတဲ့ ကုန်ထုတ်လုပ်ငန်းတွေကိုဖော်ထုတ်ဖို့ Smart Power Myanmar က ချိတ်ဆက်လုပ်ဆောင်ဖို့၊ ပစ္စည်း ကိရိယာတွေနဲ့မိတ်ဆက်ပေးဖို့၊ အသေးစားစီးပွားရေးလုပ်ငန်းတွေ တည်ထောင်တဲ့ နေရာမှာပံ့ပိုးကူညီဖို့ ကုန်ကြမ်းကနေ ကုန်ချောထုတ်လုပ်ရောင်းချတဲ့လုပ်ငန်းစဉ်မှာ ကြုံတွေ့ရတဲ့အခက်အခဲတွေကို ဖြေရှင်းဖို့အတွက် ရပ်ရွာလူမှုအဖွဲ့အစည်းတွေ စွမ်းအင်ဝန်ဆောင်မှုကုမ္ပဏီတွေနဲ့ တိုက်ရိုက်အလုပ်လုပ်မဲ့ အဖွဲ့တစ်ဖွဲ့ကို စီစဉ်ခဲ့တယ်။ နောက်ထပ် အရေးပါတဲ့ ကျွန်တော် တို့ ကိုင်တွယ်ဖို့လုပ်နေတဲ့ကိစ္စကတော့ သုံးစွဲသူတွေအတွက် အထူးဒီဇိုင်းရေးဆွဲထားတဲ့ ငွေကြေးပံ့ပိုးတဲ့ပုံစံနဲ့ ဈေးနှုန်း သက်သာအကျိုးများတဲ့ ပစ္စည်းကိရိယာတွေကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ဖို့ပါဘဲ။*

Smart Power Myanmar အနေဖြင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် စက်ယန္တရားများ၊ စီးပွားဖြစ်သုံး စက်ပစ္စည်းကိရိယာများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ လျှပ်စစ်မီးချိတ်ဆက်မှုများအတွက် ငွေကြေးရယူရာတွင် အထောက်အကူဖြစ်စေသည့် Energy Impact Fund ကို စတင်လုပ်ဆောင်နေပြီဖြစ်သည်။ Smart Power Myanmar မှဖွဲ့စည်းခဲ့ သည့် ကျေးရွာမီးလင်းရေးကော်မတီများ(VECs) ဟု လူသိများသည့် အုပ်ချုပ်စီမံမှုဆိုင်ရာ ဖွဲ့စည်းပုံတစ်ခုမှတဆင့် ချေးငွေများကို ချေးယူရရှိနိုင်သည်။ ဤကော်မတီများကို Pact ၏ အသေးစားချေးငွေနှင့် ရပ်ရွာလူမှုအဖွဲ့အစည်းများ အားကောင်းခိုင်မာလာစေရေး စနစ်များကို နမူနာယူခဲ့သည်။ VECs များကို

ငွေကြေးပံ့ပိုးပြီး သူတို့က အိမ်ထောင်စုများ သို့မဟုတ် ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းများကို ငွေပြန်ချေးပြီး ရရှိသည့်အတိုးများကို ထိန်းသိမ်းထားသည်။ အရင်းငွေကို Smart Power သို့ပြန်ပေးပြီး ထိုရန်ပုံငွေဖြင့် အခြားရပ်ရွာအဖွဲ့အစည်းများအနေဖြင့် ပြန်လည်လည်ပတ်သုံးစွဲနိုင်သည်။ (လှည့်ပတ်သုံးစွဲနိုင်သည်။) တဖြည်းဖြည်းအရှိန်ရလာပြီး ရေရှည်ဖြေရှင်းနိုင်မည့် နည်းလမ်းများ လိုအပ်လာသည်နှင့်အမျှ ထိုနည်းစနစ်များသည် နောင်တွင် စီးပွားဖြစ်ပုံစံများအဖြစ်သို့ ပြောင်းလဲလာနိုင်သည်။

## ဆယ်လူလာ မျှော်စင်ပုံစံ၊ ရိုးမ မိုက်ခရိုပါဝါ

လျင်မြန်စွာတိုးတက်လာသည့် နည်းပညာများနှင့်အတူ မြန်မာနိုင်ငံသည် ထိရောက်အကျိုးရှိမှုနည်းပြီး ဈေးကြီး၍ လေထုညစ်ညမ်းသည့် နည်းပညာများကို ခုန်ပျံကျော်လွှားကာ ပို၍ခေတ်မီသည့် နည်းပညာများသို့ ဖားခုန်ခုန်ပြီး ကျော်လွှားနိုင်သည့် အခွင့်အလမ်းများရှိနေသည်။

ဖုန်းဝန်ဆောင်မှု ကျယ်ပြန့်လာမှုကို နမူနာတစ်ခုအနေဖြင့် ကြိုးဖြင့်သွယ်တန်းသည်စနစ်များကို မသုံးတော့ဘဲ ဆယ်လူလာဖုန်းတာဝါတိုင်များသို့ တန်း၍သွားခဲ့ကြသည်။ အထောက်အကူဖြစ်စေသော စည်းမျဉ်းဥပဒေများနှင့် မူဝါဒဝန်းကျင်တွင် မိုဘိုင်းဖုန်းလုပ်ငန်းသည် ၁၀ရာခိုင်နှုန်းမျှကိုသာ လွှမ်းခြုံနိုင်ခဲ့သည့် ဆယ်လူလာကွန်ရက်သည် လေးနှစ်တာကာလအတွင်း ၈၀ ရာခိုင်နှုန်းအထိ တိုးချဲ့နိုင်ခဲ့သည်။[52]

စွမ်းအင်ကဏ္ဍတွင်လည်း အလားတူနည်းလမ်းမျိုးသည် ဖြစ်နိုင်ခြေရှိသည်။ စိတ်ဝင်စားစရာကောင်းသည်မှာ မိုဘိုင်းဖုန်းလုပ်ငန်းသည် အတုယူစရာပုံစံတစ်ခုဖြစ်ရုံမျှမကဘဲ လျှပ်စစ်မီးလင်းရေးအတွက် ဖားခုန်ခုန်ရာတွင် အဓိကပူးပေါင်းဆောင်ရွက်သူ ဖြစ်နိုင်သည့် အလားအလာများလည်း ရှိပါသည်။ နည်းပညာပိုင်းဆိုင်ရာ တိုးတက်မှုများဖြင့် ပြန်ပြည့်မြဲစွမ်းအင် ကုန်ကျငွေများမှာ ကျဆင်းလာသည်နှင့်အမျှ မိုဘိုင်းဖုန်းလုပ်ငန်းလုပ်ကိုင်သူများနှင့် အသေးစားဓာတ်အားလိုင်းရင်းနှီး မြှုပ်နှံသူများအကြား အတူပူးပေါင်း၍ တီထွင်ဆန်းသစ်သည့် ပုံစံမျိုးဖြင့် မြန်မာပြည်သူလူထုအား ဖုန်းဆက်သွယ်မှုနှင့် လျှပ်စစ်နှစ်ခုလုံးကို အကျိုးရှိထိရောက်စွာနှင့် အကုန်အကျသက်သာစွာ ဆောင်ကြဉ်းပေးနိုင်သည်။

နေစွမ်းအင်နှင့် ဒီဇယ်ပေါင်းစပ်အသုံးပြုထုတ်လုပ်မှုကို မြန်မာနိုင်ငံရှိ ဝေးလံခေါင်ဖျားသည့်ဒေသအချို့တွင် ဆယ်လူလာတာဝါတိုင်များအတွက်လိုအပ်သည့် စွမ်းအင်အတွက် ရွေးချယ်သည့် နည်းပညာတစ်ခုဖြစ်နေခဲ့သည်။ မိုဘိုင်းဖုန်းလုပ်ငန်း လည်ပတ်လုပ်ကိုင်သူများနှင့် အသေးစားဓာတ်အားလိုင်းရင်းနှီးမြှုပ်နှံသူများအကြား မဟာမိတ်များအဖြစ်ပူးပေါင်းလုပ်ကိုင် နိုင်ခဲ့ပြီး အထောက်အကူဖြစ်စေသည့် စည်းမျဉ်းဥပဒေပိုင်းဆိုင်ရာ အခြေအနေဝန်းကျင်ကို ဖန်တီးပေးနိုင်ခဲ့လျှင် ကျေးရွာပေါင်း ၄၀၀၀ ကို လျှပ်စစ်မီးပေးနိုင်သည့် နေစွမ်းအင်နှင့်ဒီဇယ်ပေါင်းစပ်ထားသည့် သို့မဟုတ် အခြား ပြည့်မြဲစွမ်းအင်သုံး အသေးစားဓာတ်အားလိုင်းများက စီစဉ်ထားရှိပြီး ဆဲလ်ဖုန်းတာဝါတိုင် ၂၀၀ ကို မီးပေးနိုင်လိမ့်မည်။ နိုင်ငံတွင် လျှပ်စစ်မီးမရရှိသေးသည့် ရွာပေါင်း ၂၄,၀၀၀ ရှိသည်။

ရိုးမ အသေးစားစွမ်းအင်ကုမ္ပဏီ (Yoma Micro Power Co.) သည် နိုင်ငံတကာဘဏ္ဍာငွေကြေးဆိုင်ရာကော်ပိုရေးရှင်း (IFC)နှင့်အတူ "ဆက်သွယ်ရေးတာဝါတိုင်များနှင့် ကျေးလက်ရပ်ရွာအဖွဲ့အစည်း ရာပေါင်းများစွာ"ကို လျှပ်စစ်မီးပေးနိုင်ရန်အတွက် အရင်းအနှီးများရရှိအောင်လုပ်ဆောင်ရန် အစီအစဉ်များရှိပြီး ပို၍တိုးချဲ့လုပ်ဆောင်နိုင်သည့် အလားအလာများလည်း ရှိသည်။ (ထွေး 2018A) ၂၀၁၈ ခုနှစ်ဧပြီလတွင် ရိုးမအသေးစားစွမ်းအင်သည် IFC ၏ ရင်းနှီးမြှုပ်နှံမှုများ (အမေရိကန်ဒေါ်လာ ၁၃ သန်း) နှင့် Norfund (အမေရိကန်ဒေါ်လာ xx သန်း) တို့နှင့်အတူ ကနေဒါအစိုးရထံမှ ချေးငွေ (အမေရိကန်ဒေါ်လာ ၆ သန်း)တို့နှင့် ရောနှောပေါင်းစပ်ထားသည့် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေကို ကြေညာခဲ့သည်။

၂၀၁၉ ခုနှစ်ကုန်အထိ ကနဦး ၁၈ လ စမ်းသပ်ကာလအတွင်းတွင် စီစဉ်ထားရှိသည့် ဆက်သွယ်ရေး တာဝါတိုင် ၂၅၀ တိုင်သည် နေစွမ်းအင်နှင့်ရောနှောထုတ်လုပ်သည့်ဓာတ်အားစနစ်များဖြင့် စွမ်းအင်ကိုရရှိပြီး ယင်းတို့အနက်မှ အနည်းဆုံး ၁၀ ရာခိုင်နှုန်းကို ဒေသခံရပ်ရွာများအား စွမ်းအင်ပေးနိုင်ရန် တိုးချဲ့လုပ်ဆောင်မည်။

အနာဂတ်တွင် "မိုဘိုင်းပိုက်ဆံ"အသုံးပြုမှု - မိုဘိုင်းဖုန်းအသုံးပြု၍ ငွေပေးခြင်းသည် ဓာတ်အားလိုင်းပြင်ပစွမ်းအင် အပါအဝင် ဝေးလံသည့်ဒေသများမှ ရပ်ရွာအဖွဲ့အစည်းများအတွက် ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန် အဓိကအခွင့် အလမ်းတစ်ခုဖြစ်နိုင်သည်။ အထက်ပါ ဆယ်လူလာတာဝါတိုင် စီမံချက်နှင့်ပတ်သက်၍ တယ်လီနော၊ FMI နှင့် ရိုးမဘဏ်တို့ အကျိုးတူပူးပေါင်းလုပ်ဆောင်သည့်လုပ်ငန်း (Joint venture) တစ်ခုဖြစ်သည့် Wave Money ကို မြန်မာနိုင်ငံတွင် မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများလုပ်ဆောင်ရန် အစပျိုးသည့်လုပ်ငန်းတစ်ခုအဖြစ်ဖြင့် စတင်ခဲ့သည်။ Wave Money သည် မြန်မာနိုင်ငံဗဟိုဘဏ်မှ ထုတ်ပြန်သည့် စည်းမျဉ်းဥပဒေအသစ်ဖြင့် လိုင်စင်ရခဲ့ သည့်ပထမဆုံးကုမ္ပဏီဖြစ်ခဲ့သည်။

ဤအပြောင်းအလဲ၏ တွန်းအားတစ်ခုမှာ တယ်လီနောသည် ဆဲလ်တာဝါတိုင်လုပ်ဆောင်သူများအားလုံးကို နေစွမ်းအင်အသုံးပြုရန် လိုအပ်သည့်အချက်ပင်ဖြစ်သည်။ ၂၀၁၈ ခုနှစ်အလယ်ပိုင်းတွင် တယ်လီနောတွင် ဆဲလ်တာဝါတိုင်ပေါင်း ၁၃,၀၀၀ ရှိပြီး လာမည့် ငါးနှစ်တာကာလအတွင်းတွင် ၂၀,၀၀၀ ထပ်မံတည်ဆောက်ရန် အစီအစဉ်ရှိသည်။ နောက်ဆုံးတွင် မြန်မာနိုင်ငံရှိ ၂ သန်းခန့်မျှအထိ များပြားသော လူဦးရေအတွက် ဤလုပ်ဆောင်မှုဖြင့် ရပ်ရွာမီးများ ရရှိစေနိုင်ပါလိမ့်မည်။ (Chetia 2018)

# အဆုံးသတ်မှတ်စုများ

1. မကြာသေးမီက နမူနာများစွာအနက် တစ်ခုမှာ ဟာဝိုင်အီလျှပ်စစ်ကုမ္ပဏီမှ ဈေးနှုန်းနှင့် အရွယ်အစားနှစ်ခုစလုံးတွင် မှတ်တမ်းတင်လောက်သည့် နေစွမ်းအင်သိုမှီးသည့် ကန်ထရိုက်အသစ်ခုနစ်ခုကို ဇန်နဝါရီလအစောပိုင်းတွင်ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းစီမံချက်များအနက် ခြောက်ခုမှာ အမေရိကန်ဒေါ်လာ ၁၀ ဆင့်/ကီလိုဝပ် အောက်ဖြင့် ပြည်နယ်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစာချုပ်ဈေးနှုန်းဖြင့် အနည်းဆုံးဈေးနှုန်းဖြင့် ဖြစ်သည်။ (Merchant 2019).

2. Engie က သုံးနှစ်တာကာလ (၂၀၁၆ - ၂၀၁၈) အတွင်း ယင်းတို့၏ အမေရိကန်ဒေါ်လာ ၁၅.၁ ဘီလီယံတန်ဖိုးရှိ ကျောက်မီးသွေးဖြစ်ရပ်ကြွင်း အခြေပြုပိုင်ဆိုင်မှုကို ပြောင်းလဲ၍ ကာဗွန်နည်းပါးသည့် ဖြန့်ဖြူးနိုင်သည့် ပြည့်ဖြိုးမြဲစွမ်းအင်များတွင် ပြန်လည်ရင်းနှီးမြှုပ်နှံရန် ကတိပြုခဲ့သည်။ Engie သည် CO2 လျော့နည်းသည့် ကမ္ဘာလုံးဆိုင်ရာ ဂတ်စ်နှင့် စွမ်းအင်ကွန်ရက်များနှင့် ကုန်ကျစရိတ်လျော့ချပြီး အမြတ်အစွန်းများများရမည့်ဘက်သို့ ရွှေ့လျားလာခဲ့သည်။ (Baker 2016).

3. စွမ်းအင်ကဏ္ဍသည် စွမ်းအင်ပို့လွှတ်မှုတွင် သဘာဝအရ လက်ဝါးကြီးအုပ်မှုနှင့် စွမ်းအင်ထုတ်လုပ်ရာတွင် များများထုတ်လေ၊ စရိတ်လျော့လေဖြစ်သည့်အတွက် ဗဟိုမှအစီအစဉ်ရေးဆွဲခြင်းနှင့် ဗဟိုချုပ်ကိုင်မှုလျော့ချသည့် လုပ်ပိုင်ခွင့်တို့အကြား အထူးသဖြင့် တင်းမာမှုများ ဖြစ်နိုင်သည့်ပုံစံရှိသည်။

4. သဘာဝဓာတ်ငွေ့သည် ၂၀၁၂ ခုနှစ်တွင် မြန်မာ့စွမ်းအင်ပို့ကုန်၏ ၇၈.၈ ရာခိုင်နှုန်းရှိပြီး ဘဏ္ဍာနှစ် ၂၀၁၄ နှစ်ဝက်တွင် ပို့ကုန်မှ ရရှိငွေ အမေရိကန်ဒေါ်လာ ၂.၁ ဘီလျံရရှိခဲ့သည်။ (ADB 2015)

5. www.worldometers.info. မှ

6. OneMap သည် သစ်တောဝန်ကြီးဌာနမှစတင်လုပ်ဆောင်ခဲ့မှုဖြစ်သည်။ MIMU—the Myanmar Information Management Unit နှင့်အတူပူးပေါင်း၍ ရေးဆွဲသည့် အွန်လိုင်း၊ အားလုံးကြည့်ရှုနိုင်သည့် မြေပြင်ဆိုင်ရာအချက်အလက်ပလက်ဖောင်းတစ်ခုဖြစ်သည်။ အချက်အလက်များကို စုစည်း၍ မြေအသုံးချမှု၊ သစ်တောဖုံးလွှမ်းမှုနှင့် မြေငှားရမ်းမှုတို့နှင့် ပတ်သက်သည့် အစိုးရအချက်အလက်များနှင့်အတူ ပါဝင်လုပ်ဆောင်နိုင်သည့် မြေပုံများနှင့်အတူ ပူးပေါင်းသည့် ရပ်ရွာအဖွဲ့အစည်းများက ရေးဆွဲပြီး အများပိုင်းဝန်းရေးသားသည့် OneMap platform တွင်ကြည့်ရှုနိုင်သည်။ http://www.cde.unibe.ch/research/projects/onemap_myanmar/index_eng. html နှင့် https://themimu.info/about-us တွင်ကြည့်ပါ။

7. Eurocham Myanmar 2017 နှင့် နိုင်ငံတကာအလှူရှင်များနှင့် တွေ့ဆုံမေးမြန်းခြင်းအပေါ် အခြေခံသည်။

8. Shin 2018 နှင့် Venderbruggen 2018 တွင်အသေးစိတ်အချက်အလက်များကို ကြည့်ပါ။ စီမံချက်လေးခုမှာ (၁) တနင်္သာရီတိုင်းဒေသကြီးရှိ ကန်ဘောက်တွင် Total နှင့် Siemens လုပ်ငန်းစုတစ်ခုမှတည်ဆောက်သည့် ၁၂၃၀ မဂ္ဂါဝပ်ဓာတ်ငွေ့လောင်စာသုံး စွမ်းအင်စက်ရုံ (၂) ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်တွင် မြန်မာနိုင်ငံမှ Supreme အုပ်စုကုမ္ပဏီနှင့် ဆွစ်ဇာလန်နိုင်ငံမှ Gunvor အုပ်စု၊ ဟောင်ကောင်အခြေစိုက် Zhefu အုပ်စု လုပ်ငန်းစုမှတည်ဆောက်သည့် ၁၃၉၀ မဂ္ဂါဝပ် ဓာတ်ငွေ့လောင်စာသုံးစွမ်းအင်စက်ရုံ (၃) ရန်ကုန်မြို့ရှိ အီတလီ-ထိုင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုယိုအင်ဂျင်နီးယားရင်း ကော်ပိုရေးရှင်းတို့၏ ဖက်စပ် TTCL ဟုခေါ်သည့် လုပ်ငန်းစုတစ်ခုက တည်ဆောက်ခဲ့သည့် ၃၅၆ မဂ္ဂါဝပ်ဓာတ်ငွေ့လောင်စာသုံး စွမ်းအင်စက်ရုံနှင့် (၄) ရခိုင်ပြည်နယ် ကျောက်ဖြူရှိ အထူးစီးပွားရေးဇုံတွင် Sinohydro နှင့် Supreme Trading တို့မှတည်ဆောက်မည့် ၁၃၅ မဂ္ဂါဝပ်ဓာတ်ငွေ့လောင်စာသုံး ဓာတ်အားစက်ရုံ

9. ဖြေဆိုသူတစ်ဦးက LNG စီမံချက်များသည် USD ၆ ဘီလီယံမျှ ကုန်ကျနိုင်ပြီး စီမံချက်များကို သဘောတူအတည်ပြုခဲ့ချိန်တွင် ငွေကြေးမရှိဟု မှတ်ချက်ပြုခဲ့သည်။ တင်ဒါခေါ်ယူမှုမရှိဘဲ ဈေးနှုန်းနှင့် ငွေကြေးအပေါ် အာမခံမှုတို့တွင် ပွင့်လင်းမြင်သာမှုမရှိဟု မှတ်ချက်ပြုခဲ့ကြသည်။ လက်ရှိ စွမ်းအင်ကဏ္ဍ ထောက်ပံ့ပေးငွေ USD သန်း ၅၀၀ ခန့်ရှိပြီး တစ်နှစ်တွင် USD တစ်ဘီလီယံခန့်အထိ မြင့်တက်လာမည်ဟု ခန့်မှန်းခဲ့သည်။ (အပိုင်း ၂.၇ ကိုကြည့်ပါ။) LNG စီမံချက်လေးခုမှ စွမ်းအင်များကို ဝယ်ယူရန် ကတိကဝတ်ပြုခဲ့လျှင် အစိုးရ၏ဘတ်ဂျက်မှာ ထပ်၍ဝန်ထုပ်ဝန်ပိုးဖြစ်စေမည်။

10. MOEE မှ ၂၀၁၈ ခုနှစ်ဩဂုတ်လတွင် တင်ပြခဲ့မှုကို ဇယားတွင် တင်ပြထားသည်။ (MOEE 2018A) ယင်းတွင် မစတင်ရသေးသည့် စွမ်းအင်စက်ရုံစီမံချက်များကို ကျယ်ပြန့်သည့် အုပ်စုနှစ်စုခွဲခြားထားသည်။ “ဓာတ်အားစက်ရုံစီမံချက်စာရင်း” and “လုပ်ဆောင်နိုင်မှုရှိ မရှိ ဆန်းစစ်လေ့လာချက်လုပ်ဆောင်နေသည့် ဓာတ်အားစက်ရုံစီမံချက်များ”

11. ဖြေဆိုသူက မည်သည့်ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပြောင်းလဲရန်လိုအပ်သည်ဟု မဖြေခဲ့ချေ။

12. အသေးစိတ်အချက်အလက်များကို Batcheler (2018) တွင်ကြည့်ပါ။

13. ပြည်ထောင်စုလွှတ်တော် ၂၀၁၄ [RICHARD: is there a better reference?]

14. မူဝါဒကို ၂၀၁၅ခုနှစ်ဒီဇင်ဘာလတွင် ထုတ်ဝေခဲ့သည့် အမျိုးသားစွမ်းအင်ဆိုင်ရာ မဟာဗျူဟာတွင် ပါရှိသည်။ NEMC (National Energy Management Committee) ၂၀၁၅ ကိုကြည့်ပါ။ မူဝါဒအကျဉ်းချုပ်ဖော်ပြချက်ကို မြန်မာအစိုးရ၏ အကြီးတန်း အကြံပေးတစ်ဦးနှင့် တွေ့ဆုံမေးမြန်းချက်ကို အခြေခံဖော်ပြသည်။

15. အမျိုးသားလျှပ်စစ်ဆိုင်ရာ မဟာဗျူဟာ (နောက်ဆုံးမူကြမ်း ၂) ကို JICA မှ ရေးသားပြီး ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ဝန်ကြီးဌာနသို့ ပေးပို့ခဲ့သည်။

16. ဤတုံ့ပြန်ချက်သည် ဓာတ်အားလိုင်းတိုးချဲ့လုပ်ဆောင်မှုများနှင့် MOEE ကိုပံ့ပိုးကူညီရာတွင်ပါဝင်နေပြီး NEP နှင့် ရင်းနှီး ကျွမ်းဝင်မှုရှိသည့် ကျွမ်းကျင်သူများနှင့် အကြံပေးပုဂ္ဂိုလ်များ၏ ပြောကြားချက်များအပေါ် အခြေခံသည်။

17. ဤလုပ်ထုံးလုပ်နည်းများကို ၂၀၁၅ ခုနှစ်ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ချမှတ်ခဲ့သည်။ (MECF 2015)

18. ၂၀၁၈ ခုနှစ် ဇူလိုင် ၂၆ ရက်နေ့တွင် ECD ဝန်ထမ်းများနှင့် တွေ့ဆုံမှု

19. EIAs အတွက် ပြည်သူလူထုနှင့် တိုင်ပင်ဆွေးနွေးသည့်လုပ်ငန်းစဉ်သည် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအတွက် အဓိကစိမ်ခေါ်မှုလုပ်ငန်းတစ်ရပ်ဖြစ်သည်။ ECD ကို Vermont Law School ၏ ပံ့ပိုးကူညီမှုဖြင့် ပြည်သူလူထုနှင့် ဆွေးနွေးတိုင်ပင်မှုလမ်းညွှန်များကို ရေးဆွဲပြင်ဆင်ခဲ့သည်။ JICA နှင့် ADB အပါအဝင်အခြားအလှူရှင်များ သည် ပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့်အချက်များကို လိုက်နာမှုနှင့် EIA ကိစ္စရပ်များတွင် ပံ့ပိုးကူညီမှုများလုပ်ခဲ့သည်။

20. ဤလေ့လာမှုကို စွမ်းအင်ကဏ္ဍကျွမ်းကျင်သူများနှင့် မြန်မာအစိုးရတာဝန်ရှိသူများနှင့် ၂၀၁၈ ခုနှစ် ဇူလိုင်နှင့်အောက်တိုဘာလ များတွင် တွေ့ဆုံခဲ့သည်များအပေါ် အခြေခံသည်။

21. IFC ၂၀၁၈ မှ ဤစာဖော်ပြချက်သည် ဗျူဟာကျသည့် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာချက်အကျဉ်းချုပ်မှဖြစ်သည်။ GIZ က DRD နှင့် MOEE တို့မှတာဝန်ရှိပုဂ္ဂိုလ်များအား ၂၀၁၇ ခုနှစ်စက်တင်ဘာလတွင် ထိုင်းနိုင်ငံသို့ လေ့လာရေးခရီး တစ်ခုပြုလုပ်ပေးခဲ့သည်။ ရည်ရွယ်ချက်မှာ SPPs မှ စွမ်းအင်ဝယ်ယူမှုလုပ်ငန်းစဉ်ကို သိရှိသဘောပေါက်နားလည်စေရန် ဖြစ်သည်။ ထိုင်းနိုင်ငံသည် ၁၉၉၀ ခုနှစ်နှောင်းပိုင်းများတွင် ဝယ်ယူရေးစည်းမျဉ်းများကို မိတ်ဆက်ကတည်းက ဤနယ်ပယ်တွင် အတွေ့အကြုံရှိခဲ့သည်။

22. GIZ က DRD နှင့် MOEE တို့မှတာဝန်ရှိပုဂ္ဂိုလ်များအား ၂၀၁၇ ခုနှစ်စက်တင်ဘာလတွင် ထိုင်းနိုင်ငံသို့ လေ့လာရေးခရီး တစ်ခုပြုလုပ်ပေးခဲ့သည်။ ရည်ရွယ်ချက်မှာ SPPs မှ စွမ်းအင်ဝယ်ယူမှုလုပ်ငန်းစဉ်ကို သိရှိသဘောပေါက်နားလည်စေရန် ဖြစ်သည်။ ထိုင်းနိုင်ငံသည် ၁၉၉၀ ခုနှစ်နှောင်းပိုင်းများတွင် ဝယ်ယူရေးစည်းမျဉ်းများကို မိတ်ဆက်ကတည်းက ဤနယ်ပယ် တွင် အတွေ့အကြုံရှိခဲ့သည်။

23. သတ္တုတွင်းဦးစီးဌာနတွင် ပြည်နယ်များနှင့် တိုင်းဒေသကြီးများအားလုံးတွင် ရုံးမရှိချေ။ သတ္တုတူးဖော်မှုရှိသည့် နေရာများတွင် ရုံး ၈ ရုံးထားရှိသည်။ ရုံးများသည် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ထားရှိသည်။

24. ဂျာမန်အစိုးရသည် သတ္တုတွင်းလုံခြုံရေး၊ သတ္တုတူးဖော်ရာတွင် လေရရှိစေခြင်းနှင့် သတ္တုတူးဖော်ရာတွင် တည်ငြိမ်မှုဆိုင်ရာ နည်းပညာသင်တန်းများကို ပေးခဲ့သည်။ သတ္တုတွင်းဦးစီးဌာနမှအရာရှိများအနေဖြင့် ဓာတ်ငွေ့ရှာဖွေခြင်းနှင့် အခြားလုံခြုံရေး နှင့် ပတ်ဝန်းကျင်ဆိုင်ရာ စစ်ဆေးသည့်ကိရိယာနှင့် ကျောက်များ၊ သတ္တုများ၊ နန်းများနှင့် အရည်များ၏ မပျက်စီးနိုင်သည့် ဓာတုဆန်းစစ်လေ့လာချက်အတွက် သယ်ယူနိုင်သည့် အိတ်စရေးဖလော့ရ်စ်တိုင်းတာမှုများနှင့် ရွှေ့လျားနိုင်သည့် ဓာတ်ခွဲ ခန်းများလည်း ပို၍လိုအပ်သည်ဟုဆိုပါသည်။

25. ဓာတ်အားလိုင်းမှ မီးမရရှိမီ လျှပ်စစ်မီးလင်းရေးဆိုသည့်အသုံးအနှုန်းမှာ နေစွမ်းအင်အိမ်သုံးမီးစနစ်များ သို့မဟုတ် အသေးစား ဓာတ်အားလိုင်းများသည် ဓာတ်အားလိုင်းမရောက်မီ ယာယီအသုံးပြုသည့်နည်းလမ်းများဟု ဆိုလိုသည်။ အမှန်တွင် အသေးစားဓာတ်အားလိုင်း ကုန်ကျစရိတ်များသည် လျင်မြန်စွာကျဆင်းနေပြီး ဝန်ဆောင်မှု များမှာလည်း တိုးတက်ကောင်းမွန် လာစည်။ ကမ္ဘာအနှံ့တွင် ဓာတ်အားလိုင်းများတိုးချဲ့မည့်အစား အသေးစားဓာတ်အားလိုင်းများသည် ကမ္ဘာပေါ်ရှိ ဓာတ်အား လိုင်းမချိတ်ဆက်ရသေးသည့် အိမ်ထောင်စုများ မီးရရှိရေးအတွက် အကုန်အကျသက်သာအထိရောက်ဆုံးနည်းဖြစ်လိမ့် မည်။ (IEA 2017)

26. ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးများကို သတင်းပို့ရသည့် စည်ပင်သာယာဌာနသည် ဤစံနှုန်း သတ်မှတ်ချက်နှင့်ကိုက်ညီသည့် တစ်ခုတည်းသော ဌာနဖြစ်သည်။

27. ဤဦးစားပေးများသည် NLD ၏ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ဦးစားပေးများဖြစ်သည့် လမ်းများ၊ ရေ၊ စွမ်းအင်နှင့် ပညာရေး တို့အတွင်း ကျုံးဝင်သည်။

28. တနင်္သာရီသည် ဓာတ်အားလိုင်းနှင့် မချိတ်ဆက်သည့်အတွက် ခြွင်းချက်ဖြစ်သည်။ ဒေသဆိုင်ရာ စွမ်းအင်ဝန်ကြီးဌာန၏ အခန်းကဏ္ဍမှာ အသေးစားဓာတ်အား လိုင်းများအတွက် သဘောတူညီချက်များကို ကြပ်မတ်ကွပ်ကဲ၊ စီမံခန့်ခွဲရန်ဖြစ်သည်။

29. ဤအကဲဖြတ်လေ့လာမှုသည် ပတ်သက်ဆက်စပ်သူများထံမှ ဝေဖန်ချက်များအပေါ် အခြေခံသည်။

30. MOEE ၏ သတင်းအချက်အလက်များအရ တနင်္သာရီဒေသ၏ လျှပ်စစ်မီးလင်းသည့်နှုန်းမှာ ၁၀ ရာခိုင်နှုန်းခန့်ရှိသည်။ ထားဝယ်မှာ ၃၅ %နှင့်အမြင့်ဆုံး၊ မြိတ်မှာ ၂၇ % ဖြင့်နောက်မှလိုက်၍ ကော့သောင်းမှာ ၂၀ %ဖြစ်သည်။

31. တနင်္သာရီသည် လျှပ်စစ်ဖြန့်ဖြူးမှုစနစ်များနှင့်ပတ်သက်၍ အသေးစားဓာတ်အားလိုင်း လုပ်ငန်းလုပ်ဆောင်သူများနှင့် ဒေသအစိုးရမှ ဝယ်ယူရေးစာချုပ်များတိုက်ရိုက်ချုပ်ဆိုသည့် တိုင်းဒေသကြီးဖြစ်သည်။

32. ပြည်ထောင်စုအစိုးရသည် ဒေသန္တရအစိုးရများအား နည်းပညာပိုင်းဆိုင်ရာ စံချိန်စံညွှန်းများသာမက ဓာတ်အားလိုင်းတိုးချဲ့သည့်အစီအစဉ်ရေးဆွဲမှုကိုလည်း ပံ့ပိုးသည်။ ဤအစီရင်ခံစာအတွက် အင်တာဗျူးများတွင် ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဝန်ထမ်းများသည် ဒေသန္တရအဆင့်တွင် ပြည်ထောင်စုဝန်ကြီးဌာန၏ ဝန်ထမ်းများကို အားထားရပြီး စီမံကိန်းအစည်းအဝေးများသို့ မကြာခဏ ဖိတ်ခေါ်လေ့ရှိသည်။

33. ၂၀၁၄ လျှပ်စစ်ဥပဒေအရပြောရလျှင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေများသည် သူတို့၏ နေရာများတွင် လုပ်ပိုင်ခွင့်အာဏာရှိကြသည်။ ဥပဒေ၏ အပိုဒ် ၉ (က) အရ "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခုနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေတစ်ခု၏ သက်ဆိုင်ရာ ဦးဆောင်အဖွဲ့သည် တည်ဆဲဥပဒေများအရ သက်ဆိုင်ရာတိုင်းဒေသ သို့မဟုတ် ပြည်နယ်အစိုးရနှင့် ပူးပေါင်းပြီး နယ်မြေအသီးသီးအတွင်းရှိ သက်ဆိုင်သည့်မြို့နှင့် ကျေးရွာများနှင့် ဆက်စပ်သည့် လျှပ်စစ်ရရှိရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပြည်တွင်းသို့မဟုတ် ပြည်ပအဖွဲ့အစည်းများအား လုပ်ပိုင်ခွင့်များ ပေးနိုင်သည်။ (Electricity Law, Section 15)

34. မေးမြန်းခဲ့သူများက ပြည်ထောင်စုဥပဒေများနှင့် ပြည်နယ်ဥပဒေများနှင့် စည်းမျဉ်းများတွင် စီမံချက်လုပ်ဆောင်သူများအား လျော်ကြေးပေးသည့် အပိုဒ်ကို ထည့်သွင်းရန် အရေးကြီးမှုကို ပြောကြားကြသည်။ အသေးစားဓာတ်အားလိုင်းများ လုပ်ကိုင်နေသည့် ကျေးရွာတစ်ရွာကို ဓာတ်အားလိုင်းနှင့်ချိတ်ဆက်လျှင် အသေးစား သို့မဟုတ် အလတ်စားစွမ်းအင်လုပ်ငန်း၏ ထုတ်လုပ်မှုဆိုင်ရာ ပိုင်ဆိုင်မှုကို ရယူလျှင် ပြည်ထောင်စုအစိုးရအနေဖြင့် လျော်ကြေးပေးရမည်။ ယင်းအပိုဒ်မပါဘဲ စီမံချက် လုပ်ဆောင်သူများအနေဖြင့် အသေးစားဓာတ်အားလိုင်းများ သို့မဟုတ် အသေးစားစွမ်းအင် စီမံချက်များအတွက် ရင်းနှီးမြှုပ်နှံရန် လုံခြုံမှုရှိနိုင်မည်မဟုတ်ချေ။

35. မေးမြန်းချက်များအရ ပြည်နယ်အချို့ရှိ လူနည်းစုများ၊ အများစုမှာ တိုင်းရင်းသားများအနေဖြင့် ဖက်ဒရယ်အစိုးရကို ယုံကြည်လျက် ယင်းအတွက်တိုက်ပွဲဝင်နေပြီး လျှပ်စစ်ဥပဒေက အကန့်အသတ်မဖြစ်စေချင်ပေ။

36. Dickensen-Jones 2015, 7–8 တွင် ပြည်နယ်/တိုင်းဒေသကြီးများ၏ ဘတ်ဂျက်ရေးဆွဲသည့် လုပ်ငန်းစဉ်ကို အသေးစိတ် ဖော်ပြထားသည်။

37. ကျေးရွာမီးလင်းရေးကော်မတီများ (VECs) သည် မြန်မာနိုင်ငံတွင် ဆယ်စုနှစ်အနည်းဆုံးနှစ်ခုခန့်မျှ လုပ်ကိုင်ဆောင်ရွက်လျက် ရှိသည်။ ရန်ပုံငွေရှာဖွေခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းအပါအဝင် မီးလင်းရေးလုပ်ငန်းစဉ်များကို စီမံခန့်ခွဲရန် ကျေးရွာများက ဖွဲ့စည်းခဲ့ကြသည်။ အင်တာဗျူးများနှင့် desk research တို့တွင် VECs အတွက် ရန်ပုံငွေနှင့်ပတ်သက်သည့် စိန်ခေါ်မှုကို တွေ့ရသည်။ 400 V စနစ်သစ်များကို ခြောက်လထက်မပိုသည့် ကာလတိုအတွင်းပြန်ပေးရသည်။ (Castalia 2014, 11)

38. အလွန်အကြမ်းဖျင်းဆန်သည့် USD နှုန်းဖြစ်ပြီး ၂၀၀၀ ခုနှစ်လယ်များအတွင်း USD တစ်ဒေါ်လာမှာ မြန်မာကျပ်ငွေ ၈၀၀ ကျပ်မျှ လမ်းဘေးဈေးကွက်တွင် ပေါက်သည်ကို အခြေခံထားသည်။ https://en.wikipedia.org/wiki/Burmese_kyat ကိုကြည့်ပါ။

39. http://hycem.weebly.com/

40. Pico-hydro ဆိုသည်မှာ ၁၀ kW စွမ်းအင်ထွက်သည့် တာဘိုင်များဖြစ်ပြီး micro-hydro မှာ ၁၀ - ၁၀၀ kW နှင့် mini-hydro သည် အကြမ်းဖျဉ်း ၁၀၀ kW မှ ၁ မဂ္ဂါဝပ်ဖြစ်သည်။ https://energypedia. info/wiki/ Hydro_Power_Basics#By_Size ကိုကြည့်ပါ။

41. ရှမ်းပြည်နယ် လွှတ်တော်အမတ်များနှင့် ၂၀၁၈ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် တွေ့ဆုံမေးမြန်းချက်

42. ရင်းမြစ်များ Thailand Energy Regulatory Commission (ERC), SPP/VSPP Database, at http://www.erc.or.th/ERCSPP/MPagePowerPlantType.aspx; Electricity Generating Authority of Thailand (EGAT), at https://www.egat.co.th/index.php?option=com_ content&view=article&id=355&Itemid=116 and https://www.egat.co.th/index. php?option=com_content&view=article&id=452&Itemid=116; EGAT Power Development Plans 2007, 2010, and 2010 revision 2

43. World Bank ၂၀၁၅၊ ၂၀၂၁ ခုနှစ်တွင်နောက်ထပ် အိမ်ထောင်စုပေါင်း ၇၅၀,၀၀၀ ကို ၁.၂၄ သန်း NEP မီးလင်းသည့် အိမ်ထောင်စုလျာထားချက်ပြည့်မီစေရန် ဓာတ်အားလိုင်းနှင့် လျှပ်စစ်ချိတ်ဆက်မည်။

44. သေးငယ်သည့် ရွာဓာတ်အားလိုင်းများကို မိုက်ခရိုဓာတ်အားလိုင်းများဟုခေါ်ပြီး ပမာဏအားဖြင့် ၁ - ၁၀ ကီလိုဝပ်မျှရှိသည်။ သို့သော် ယင်းအသုံးအနှုန်းမှာ အတည်မဟုတ်ဘဲ ပြည်ထောင်စုဓာတ်အားလိုင်းနှင့် မချိတ်ဆက်ဘဲ လွတ်လပ်စွာမီးပေးနိုင်သည့် (သီးခြားစနစ်) စက်ရုံသို့မဟုတ် စီးပွားရေးလုပ်ငန်းများအတွက် စွမ်းအင်စနစ်များကိုလည်း မိုက်ခရိုစနစ်များဟု ခေါ် ဆိုနိုင်သည်။

45. ADB သည် MOEEနှင့် ကျေးလက်ဒေသမီးလင်းရေးဥပဒေရေးဆွဲရန် အကြံပေးပုဂ္ဂိုလ်များအား ငှားရမ်းခဲ့သည်ဟု အင်တာဗျူးများစွာမှဖော်ပြခဲ့ကြသည်။ သို့သော် ဥပဒေမှာ မပြီးဆုံးခဲ့ဘဲ နောက်ဆုံးတွင် အားထုတ်လုပ်ဆောင်မှုကို လက်လျှော့ခဲ့သည်။

46. GIZ ၂၀၁၈ အဆိုပြုခဲ့သည့် လမ်းညွှန်ချက်များကို PowerPoint presentations ဖြင့် Greacen (2018) and Reindahl (2018) တို့က သေချာစွာအကျဉ်းချုပ် တင်ပြခဲ့သည်။

47. ရပ်ရွာအရွယ်အစားနှင့် လုပ်ငန်းများ၊ စီးပွားရေးများအပေါ် အခြေခံ၍ ကျေးရွာအဆင့် အသေးစားဓာတ်အားလိုင်း တစ်ခုမှာ ပုံမှန်အားဖြင့် ၁၀ kW မှ ၅၀၀ kW အထိ သို့မဟုတ် ထို့ထက်ပို၍ကြီးနိုင်သည်။ ယင်း ၁ – ၃၀ မဂ္ဂါဝပ်စီမံချက်များသည် စက်မှုလုပ်ငန်းနယ်မြေ၊ စီးပွားရေးလုပ်ဆောင်သည့်နေရာ သို့မဟုတ် အပန်းဖြေနေရာ တစ်ခုကဲ့သို့သော ကြီးမားသည့်လျှပ်စစ်ပမာဏနှင့် စီးပွားရေးတစ်ခုသို့မဟုတ် စီးပွားရေးလုပ်ငန်းစုများအတွက် ဖြစ်နိုင်သည်။

48. "ထိုင်းနိုင်ငံ၏ အသေးစား စွမ်းအင်ထုတ်လုပ်သူစီမံကိန်း" တွင်ကြည့်ပါ။

49. အောင်ကျော်မိုး၊ ကိုယ်ရေးကိုယ်တာဆက်သွယ်ရေး ၂၀၁၈ ဇူလိုင်လ ၂၅ ရက် အသေးစိတ်အချက်အလက်များ အတွက် Environmental Justice Atlas 2019, Sway 2016, and SourceWatch.org 2019 ကိုကြည့်ပါ။

50. ငွေလုံးငွေရင်းများစွာကို အနီးအနားရှိရွာများအား လျှပ်စစ်ပေးရန် အသေးစားဓာတ်အားလိုင်းများနှင့်ချိတ်ဆက်နိုင်သည့် ဆက်သွယ်ရေးတာတိုင်များအတွက် နေစွမ်းအင်နှင့် နေစွမ်းအင်နှင့် ရောစပ်စနစ်များတွင် ရင်းနှီးမြှုပ်နှံလျှက်ရှိသည်။ သို့သော် ဤနည်းလမ်း၏ အကျိုးဆက်ဖြစ်သည့် ကျေးလက်မီးလင်းရေးကိုမူ ဆက်လက်ကြည့်ရှုရန်လိုအပ်သည်။ (အချပ်ပို - ဆ တွင်ကြည့်ပါ။)

51. Assumptions include approximately 200–300 W for a Plasma TV တစ်လုံးအတွက် ၂၀၀ - ၃၀၀ ဝပ် ခန့်မှန်းချက်၊ LCD TV တစ်လုံး ၃၀ ဝပ်၊ LED မီးအိမ် ၁၀ ဝပ်၊ ရေနွေးအိုး ၁၀၀၀ ဝပ်၊ desktop computer တစ်လုံး ၇၀ ဝပ်မျှ၊

52. ၂၀၁၄ ခုနှစ်တွင် Source: https://www.cleantech.com/power-to-the-people-remote- microgrids-across-southeast-asia/.

# ကိုးကား


ACORE (American Council on Renewable Energy). 2018. *The Role of Renewable Energy in National Security.* ACORE Issue Brief. Washington, DC: ACORE. https://acore.org/wp-content/uploads/2018/10/ACORE_Issue-Brief_-The-Role-of-Renewable-Energy-in-National-Security.pdf.

ADB (Asian Development Bank). 2016. *Republic of the Union of Myanmar: Enhancing the Power Sector's Legal and Regulatory Framework–Final Report.* Report No. TA-8469 MYA. Thailand: ADB. https://www.adb.org/sites/default/files/project-document/190260/46486-001-tacr-01.pdf.

———. 2017A. *Republic of the Union of Myanmar: Off-grid Renewable Energy Demonstration Project–Final Report.* Report No. TA 8657-MYA. Thailand: ADB. https://www.adb.org/projects/documents/mya-47128-001-tacr.

———. 2017B. *Developing Renewable Energy Mini-grids in Myanmar: A Guidebook.* Manilla: ADB. https://www.adb.org/sites/default/files/institutional-document/391606/developing-renewable-mini-grids-myanmar-guidebook.pdf.

Aung, Nay. 2017. "Tunnel mishap kills 8 miners in Magwe.*"Myanmar Times,* November 29. https://www.mmtimes.com/news/tunnel-mishap-kills-8-miners-magwe.html.

Baker, Andrew. 2016. "Engie to accelerate divestment from coal, merchant plants." BN America website, February 25. http://www.bnamericas.com/en/news/electricpower/engie-to-accelerate-divestment-from-coal-merchant-plants/.

Baksheev, Viacheslav, and James Finch. 2015. "Myanmar's New Electricity Law." Myanmar Business Today, January 22. https://www.mmbiztoday.com/articles/myanmar-s-new-electricity-law.

Batcheler, Richard. 2018. *State and Region Governments in Myanmar*. Yangon: The Asia Foundation. https://asiafoundation.org/publication/state-and-region-governments-in-myanmar-new-edition-2018/.

Cader, Catherina. 2018. Personal communication and development of map based on GIS data from ADB Myanmar Off-Grid Renewable Energy Demonstration Project. Accessed December 5. http://adb-myanmar.integration.org.

Castalia Strategic Advisors. 2014. *Myanmar National Electrification Program (NEP): Roadmap and Investment Prospectus.* Draft Final Road Map and Investment Prospectus. Castalia Strategic Advisors. https://www.seforall.org/sites/default/files/Myanmar_IP_EN_Released.pdf.

Chetia, Alakesh. 2018. Interview with Alakesh Chetia, Yoma Micro Power. May 8.

Connected Society. 2018. *Rural Connectivity: Innovation Case Study: Cellcard Cambodia and Solar* Power. GSMA. https://www.gsma.com/mobilefordevelopment/wp-content/uploads/2018/11/M4D_Case_Study_Cellcard_Cambodia_2018.pdf.

CSO (Central Statistical Organization), UNDP, and World Bank. 2018. *Myanmar Living Conditions Survey 2017: Key Indicators Report.* 2nd Edition. Nay Pyi Taw and Yangon, Myanmar: Ministry of Planning and Finance, UNDP, and WB: 35–44. http://documents.worldbank.org/curated/en/739461530021973802/pdf/127618-REVISED-14-12-2018-18-51-31-KIMLCSEnglishFinalOctlowresolution.pdf.

de Langre, Guillaume. 2018. "The Real Cost of Myanmar's Electricity." *Myanmar Times*, May 31. https://www.mmtimes.com/news/real-cost-myanmars-electricity.html.

Development Donors. 2018. Presentation at the 3rd Meeting of the Energy and Electric Power Sector Coordination Group. August 8.

DFDL. 2016. "Electrifying Myanmar: A Law, Tax, and Investment Master Class." Presentation from training session, Bangkok, March 10. https://www.dfdl.com/wp-content/uploads/2016/03/DFDL_Presentation_Electrifying_Myanmar-a_law_and_tax_masterclass_by_DFDL_100316_Final.pdf.

Dickenson-Jones, Giles, S Kanay De, and Andrea Smurra. 2015. *State and Region Public Finances in Myanmar.* Discussion Paper No. 8. The Asia Foundation. https://asiafoundation.org/publication/state-and-region-public-finances-in-myanmar/.

Environmental Justice Atlas website. 2019. "Tigyit coal mine and power plant, Shan State, Myanmar." Accessed March 15, https://ejatlas.org/conflict/tigyit-coal-power-plant-shan-state-myanmar.

Eurocham Myanmar. 2017. Energy Guide 2018. Yangon: Eurocham Myanmar. https://www.eurocham-myanmar.org/elements/download_pdf/1e1a2-eurocham_energy_guide_2018.pdf/59.

Fox, Sean, and Enrica Verrucci. 2017. *Estimating GDP growth in Greater Yangon using nightlights data.* International Growth Center. https://www.theigc.org/publication/estimating-gdp-growth-yangon-nightlights/.

GIZ. 2018. Draft regulations for off-grid electrification: "Isolated Small Scale Electric Power Enterprise Regulations," prepared for states and regions; and "Grid-Connected Small Scale Electric Power Enterprise Regulations," prepared for the Union government.

Greacen, Chris. 2004. "The Marginalization of 'Small is Beautiful': Micro-Hydroelectricity, Common Property, and the Politics of Rural Electricity Provision in Thailand." PhD diss., University of California, Berkeley. ProQuest (UMI 3183808). Chapter 5. https://search.proquest.com/docview/305213973.

———. 2017. Role of Mini-grids for Electrification in Myanmar: SWOT Analysis and Road Map for Scale Up. Energy Sector Management Assistance Program (ESMAP), World Bank. https://palangthai.files.wordpress.com/2013/04/swot-and-roadmap-for-scale-up-workshop-draft_jan-2017_formatted.pdf.

———. 2018. "Summary of Draft Grid-Connected Small Scale Electric Power Enterprise Regulations." Presented to Myanmar government officials, mini-grid developers, and development partners. Nay Pyi Taw, Myanmar. March 6 and 9.

Greacen, Chuenchom S., and Chris Greacen. 2004. "Thailand's Electricity Reforms: Privatization of Benefits and Socialization of Costs and Risks." Pacific Affairs 77 (3): 403–9. https://www.jstor.org/stable/i40001260?refreqid=excelsior%3A12e02d995a271cfa0d527f179d15f781.

Han, Naw Betty. 2018. "Kayin residents fear coal plant may go ahead." *Myanmar Times,* April 9. https://www.mmtimes.com/news/kayin-residents-fear-coal-plant-may-go-ahead.html.

Hlaing, Kyi. 2018. Minister of Electricity and Industry, Thanintharyi Region, personal communication. July 30.

Htwe, Chan Mya. 2018A. "Yoma Strategic–backed outfit to produce and supply power in rural Myanmar." *Myanmar Times*, April 4. https://www.mmtimes.com/news/yoma-strategic-backed-outfit-produce-and-supply-power-rural-myanmar.html.

———. 2018B. "Domestic natural gas to be made available by 2023: MOEE." *Myanmar Times*. May 23. https://www.mmtimes.com/news/domestic-natural-gas-be-made-available-2023-moee.html.

IEA (International Energy Agency). 2017. Energy Access Outlook 2017: From Poverty to Prosperity. IEA. https://www.iea.org/publications/freepublications/publication/WEO2017SpecialReport_EnergyAccessOutlook.pdf.

IFC (International Finance Corporation). 2018. *Strategic Environmental Assessment of The Myanmar Hydropower Sector: Final Report.* Washington, DC: IFC. https://www.ifc.org/wps/wcm/connect/2f7c35f4-e509-48b2-9fd8-b7cbc0501171/SEA_Final_Report_English_web.pdf?MOD=AJPERES.

Jarvis, Andrew, Adarsh Varma, and Justin Ram. 2011. *Assessing Green Jobs Potential in Developing Countries: A Practitioner's Guide.* Geneva: International Labour Organization (ILO). https://www.ilo.org/wcmsp5/groups/public/---dgreports/---dcomm/---publ/documents/publication/wcms_153458.pdf.

Jamasmie, Cecilia. 2016. "Landslide at jade mine in Myanmar leaves at least 13 dead." *Mining.com*, May 6. http://www.mining.com/at-least-13-dead-after-landslide-at-jade-mine-in-myanmar/.

Kean, Thomas. 2018. "China advising on hydro policy as govt backs away from IFC assessment." *Frontier Myanmar*, February 8. https://frontiermyanmar.net/en/china-advising-on-hydro-policy-as-govt-backs-away-from-ifc-assessment.

Lwin, Nan. 2018. “Parliament Approves $300M ADB Loan to Upgrade Power Grid.” *Irawaddy*, September 19. https://www.irrawaddy.com/news/parliament-approves-300m-adb-loan-upgrade-power-grid.html.

MECF (Ministry of Environmental Conservation and Forestry). 2015. *Environmental Impact Assessment Procedure.* Notification No. 616/2015. Unofficial English translation. Nay Pyi Taw: MECF. http://www.myanmar-responsiblebusiness.org/resources/environmental-impact-assessment-procedures.html.

Merchant, Emma Foehringer. 2019. “Hawaiian Electric Announces ‘Mind-Blowing’ Solar-Plus-Storage Contracts.” Greentech Media website. https://www.greentechmedia.com/articles/read/hawaiian-electric-industries-announces-mind-blowing-solar-plus-storage-cont#gs.fhonnc6Q.

Min, Zaw. 2018. Personal communication. Zaw Min is Managing Director of Mega Myanmar Energy Company and Coordinator of the Hydro for Community Empowerment and Myanmar (HyCEM) network. July 30.

MOEE (Ministry of Electricity and Energy). 2017A. “Current Status of Oil and Gas Sector.” Presentation by the Oil and Gas Planning Department. July.

———. 2017B. “Current Status of Myanmar’s Energy Statistics.” Presentation at the Workshop on Energy Statistics for ASEAN Countries. November 21–23.

———. 2018A. “Power Sector Overview.” Presentation at the 3rd Meeting of Energy and Electric Power Sector Coordination Group. August 8.

———. 2018B. “Overview of International Donor Support in the Myanmar Power Sector.” Presentation at the 3rd Meeting of Energy and Electric Power Sector Coordination Group. August 8.

Mon, Su Myat. 2018. “Power games over Kayin coal-fired plant.” *Frontier Myanmar*, April 26. https://frontiermyanmar.net/en/power-games-over-kayin-coal-fired-plant.

Myanmar Times. 2018. “Nay Pyi Taw scraps Hpa-An coal power plant, communities urge Kayin govt to follow suit.” *Myanmar Times*, April 5. https://www.mmtimes.com/news/nay-pyi-taw-scraps-hpa-coal-power-plant-communities-urge-kayin-govt-follow-suit.html.

NEMC (National Energy Management Committee). 2015. *Myanmar Energy Master Plan*. Prepared for NEMC of the Government of the Republic of the Union of Myanmar with support from the Asian Development Bank (ADB), Intelligent Energy Systems (IES), and MMIC (Myanmar International Consultants). Nay Pyi Taw.

Pyidaungsu Hluttaw (Assembly of the Union) . 2014. Electricity Law (Pyidaungsu Hluttaw Law 44/2014). English translation. October 27.

RECP (Africa-EU Renewable Energy Cooperation Program). 2014. Mini-grid Policy Toolkit: Policy and Business Frameworks for Successful Mini-grid Roll-outs. Recp, EU Energy Initiative, the Alliance for Rural electrification, and REN21. http://www.euei-pdf.org/sites/default/files/field_publication_file/RECP_MiniGrid_Policy_Toolkit_1pageview_%28pdf%2C_17.6MB%2C_EN_0.pdf.

Reindahl, Jakob Schmidt. 2018. Discussion of Isolated Small Scale Electrical Power Enterprise Regulations. Presented to Myanmar government officials, mini-grid developers, and development partners. Nay Pyi Taw, Myanmar. March 6 and 9.

Reiner Lemoine Institute. 2017. *Mission report: Aggregation and gap analysis of existing electrification data in Myanmar* . January.

S3IDF. 2018. “Driving Investments towards Sustainable Production of and Affordable Access to Clean Energy Solutions in Myanmar.” Draft report shared by Russell DeLucia. November.

Shin, Aung. 2018. “Total to Develop LNG Project, Continue Offshore Production Work in Myanmar.” *Myanmar Times*, February 7. https://www.mmtimes.com/news/total-develop-lng-project-continue-offshore-production-work-myanmar.html.

SLORC (State Law and Order Restoration Council). 1989. State-Owned Economic Enterprises Law. SLORC Law No. 9/89. English translation. http://www.burmalibrary.org/docs15/1989-SLORC_Law1989-09-State-Owned_Enterprise_Act-en.pdf.

SourceWatch.org. 2019. Data on Tigyit coal power plant. Accessed January, https://www.

sourcewatch.org/index.php/Tigyit_power_plant.

Sway, Kyi Kyi. 2016. “Official speaks out against coal power.” Myanmar Times, November 10. https://www.mmtimes.com/national-news/23574-official-speaks-out-against-coal-power.html.

Thant, Htoo. 2017. “Ministry plans to raise electricity rates with minimal impact on citizens.” Myanmar Times, April 7. https://www.mmtimes.com/national-news/25615-ministry-plans-to-raise-electricity-rates-with-minimal-impact-on-citizens.html.

———. 2018A. “Electricity Sector Could Lose K630 billion in 2018–19.” *Myanmar Times*, July 27. https://www.mmtimes.com/news/electricity-sector-could-lose-k630billion-2018-19.html.

———. 2018B. “US$300m ADB loan to expand national grid.” *Myanmar Times*, September 13. https://www.mmtimes.com/news/us300m-adb-loan-expand-national-grid.html.

Thiha. 2018. “Myanmar Vows to Improve Company Registry, Cut Red Tape.” Consult-Myanmar website. February 7. https://consult-myanmar.com/2018/02/07/myanmar-vows-to-improve-company-registry-cut-red-tape/.

Tongsopit, Sopitsuda, and Chris Greacen. 2013. “An Assessment of Thailand’s Feed-in Tariff Program.” *Renewable Energy* 60: 439–445. https://www.sciencedirect.com/science/article/pii/S0960148113002826?via%3Dihub.

Topf, Andrew. 2016. “At least 12 dead after coal mine collapse in India, Myanmar jade mine landslide.” *Mining.com*, December 30. http://www.mining.com/least-12-dead-coal-mine-collapse-india-myanmar-jade-mine-landslide/.

Tuerk, Miriam. 2018. “The Future of Power is Wireless: Here’s Why.” Forbes, December 4. https://www.forbes.com/sites/miriamtuerk/2018/12/04/the-future-of-power-is-wireless-heres-why/#35fe2f665781.

Venderbruggen, Edward. 2018. “Myanmar Approves 4 LNG Gas to Power Projects.” LinkedIn posting on February 5. https://www.linkedin.com/pulse/myanmar-approves-4-lng-gas-power-projects-edwin-vanderbruggen/.

Vermont Law School (VLS). 2017. *Draft Guideline on Public Participation in Myanmar’s EIA Process.* Guideline prepared by VLS with support from USAID for the benefit of Myanmar’s Ministry of Natural Resources, Environment, and Conservation. Vermont Law School. https://www.vermontlaw.edu/sites/default/files/2017-08/Final_Draft_Guideline_Public_Participation_Myanmar_EIA.pdf.

World Bank. 2015. *International Development Association Project Appraisal Document on a Proposed Credit in the Amount of SDR 286.9 million (US$400 million equivalent) to the Republic of the Union of Myanmar for a National Electrification Project.* Report PAD1410. World Bank. http://documents.worldbank.org/curated/en/149061468191334165/pdf/PAD1410-CORRIGENDUM-IDA-R2015-0237-2-Box393200B-OUO-9.pdf.

———. 2016 . “Toward Universal Access to Electricity by 2030: Geospatial, Least-Cost Electrification Planning in Myanmar.” Presentation by Xiaoping Wang at the Myanmar Spatial Data Platform Conference, May 16. https://themimu.info/sites/themimu.info/files/suzeeyar-presentations/P03_Dr_Xiaoping_Wang_National_Electrification_Plan_EN.pdf.

Zaw, U Khant. 2015. Author’s personal communication with the director general of the Department of Rural Development, MOALI, in initial meetings on the ADB Myanmar Renewable Energy Off-Grid Demonstration Project. February.

**The Asia Foundation**

အာရှဖောင်ဒေးရှင်း (The Asia Foundation) သည် အကျိုးအမြတ်မယူသည့် နိုင်ငံတကာ ဖွံ့ဖြိုးရေး အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အရှိန်အဟုတ်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် အာရှဒေသနေ ပြည်သူများ၏ လူနေမှုဘဝ မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများအား နိုင်ငံပေါင်း ၁၈ နိုင်ငံတွင် လုပ်ဆောင်နေပြီး ဆယ်စုနှစ်ခြောက်ခုကြာ ကာလအတွင်း ရရှိထားသည့် လုပ်ငန်းနှင့် ဒေသတွင်း အတွေ့အကြုံများအပေါ်အခြေခံ၍ ၂၁ ရာစုတွင် အာရှဒေသတွင်း တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် စီမံအုပ်ချုပ်မှု အားကောင်းစေရေး၊ စီးပွားရေး အခွင့်အလမ်းများ ကျယ်ပြန့်စေရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခံနိုင်ရည်မြှင့်တင်ရေး၊ အမျိုးသမီးစွမ်းဆောင်ရည် မြင့်မားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့အတွက် လုပ်ဆောင်ပေးလျက် ရှိပါသည်။

ယခုသုတေသနစာတမ်းကို ရယူလိုပါက country.myanmar.general@asiafoundation.org သို့ဆက်သွယ်နိုင်ပါသည်။ အကြံပြုသဘောထား မှတ်ချက်များကိုလည်း လှိုက်လှဲစွာ ကြိုဆိုပါသည်။

အမှတ် (၁၁)၊ ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်း၊
အနောက်ငါးထပ်ကြီးရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

©2018 The Asia Foundation
အာရှဖောင်ဒေးရှင်း၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမပါဘဲ ဤစာအုပ်၏ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ၊ တစ်အုပ်လုံးကိုဖြစ်စေ ပြန်လည်ဖြန့်ဖြူး ထုတ်ဝေခြင်း အလျဉ်းမပြုလုပ်ရ။

www.asiafoundation.org